
http://mmteashop.com

# သင်္ဘောသား သုံးယောက်
# ဟာသဝတ္ထုတိုများ

ဒေါ်တာဆွေ

Typing - ပုံ့ပုံ့

http://mmteashop.com

မှ

တင်ဆက်သည်

9/27/2011

# မာတိကာ


| စဉ် | အကြောင်းအရာ |
|---|---|
| | ဝီလီယန်ဝီးမတ် -ဂျက်ကော့စ် |
| | ဘာသာပြန်သူ၏ အမှာစာ |
| 1. | ဖဲသုံးချပ်လိမ် |
| 2. | သူတို့သုံးဦးစပ် |
| 3. | ပါးပါးလိုးတယ် |
| 4. | ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့် |
| 5. | ဘိုနီယိုကျွန်းက လူရိုင်း |
| 6. | မြင်းပိန်ထူ လူကိုက် |
| 7. | လူမိုက်နှင့်ငွေ |
| 8. | သောက်ပဟေ့ဆိုတော့ |
| 9. | အမှုပွေတဲ့ သူ့ငွေ |
| 10. | သူငယ်ချင်းတစ္ဆေ |


* * *

http://mmteashop.com

## ဝီလီယန်ဝီးမတ် - ဂျက်ကော့စ်

## (၁၈၆၅-၁၉၄၃)

ကမ္ဘာ့ စာပေလောကတွင် ဟာသစာရေးဆရာသည် ရာခိုင်နှုန်း အနည်းဆုံး ဖြစ်သည်။ ထို အနည်းဆုံး ရာခိုင်နှုန်းတွင် William Wymark Jacobs ပါဝင်ခဲ့သည်။

ဂျက်ကော့စ်သည် (၁၈၆၅) ခုနှစ်၌ လန်ဒန်အရှေ့ပိုင်း ဝက်ပင်းရပ်တွင် ဖွားမြင်ခဲ့သည်။ သူ့ဖခင်မှာ သဘော်ဆိပ်ကမ်း အရာရှိတစ်ယောက် ဖြစ်ခဲ့၍ သူ၏ ငယ်စဉ်ဘဝသည် ဆိပ်ကမ်းအလုပ်သမားများနှင့် သဘော်သားများ အကြားတွင် ကြီးပြင်းခဲ့ရသည် ဖြစ်သောကြောင့် သူရေးသော ဝတ္ထုများထဲတွင် ထိုလူတန်းစား အများအပြား ပါဝင်လေသည်။

သူသည် စာရေးဆရာ မဖြစ်မီ (၁၈၈၃) ခုနှစ်၌ အစိုးရဘဏ် တစ်ခုမှာ စာရေးအဖြစ် အမှုထမ်းသည်။ ထိုစဉ်အတွင်း ဟာသစာရေး ဆရာကြီး Jerome K Jerome ဂျရုန်းကေဂျရုန်း၏ နည်းနာနိသယဖြင့် ဟာသဝတ္ထုများကို စတင်ရေးခဲ့ရာ (၁၈၉၆) ခုနှစ်တွင် သူ၏ ပထမဦးဆုံးသော ဟာသဝတ္ထုတိုပေါင်းချုပ် တစ်အုပ် စတင် ထွက်ခဲ့သည်။ ထို့နောက် သူ၏ တတိယမြောက်စာအုပ် မထွက်ရမီပင် (၁၈၉၉) ခုနှစ်မှာ စာရေးခြင်းဖြင့် အသက်မွေးတော့မည်ဟု အလုပ်မှ ထွက်ခဲ့၍ သူ၏ ရည်ရွယ်ချက် အောင်မြင်ပေသည်။ (၁၉၄၃) ခုနှစ် သူသေသည်အထိ ဝတ္ထုများ အဆက်မပြတ် ရေးခဲ့ရာ စာအုပ်ပေါင်း (၂၀) ကျော် ထွက်ခဲ့သည်။

* * *

http://mmteashop.com

## ဘာသာပြန်သူ၏ အမှာစာ

ကျွန်တော်သည် ဟာသစာရေးဆရာ ဖြစ်သည့်အားလျော်စွာ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ရုရှ၊ ဂျပန်၊ အမေရိကန်၊ ပြင်သစ်၊ အင်္ဂလိပ် ဟာသဝတ္ထုများကို ဖတ်ခဲ့ဖူးပေရာ များစွာသော ဝတ္ထုတို့သည် (လူမျိုးတစ်မျိုးနှင့် တစ်မျိုး ရယ်စရာချင်း တူကြသည် မဟုတ်မူ၍) မြန်မာလို တိုက်ရိုက်ဘာသာပြန်၍ မဖြစ်။ မြန်မာပရိသတ် မကြိုက်ကြ။ သူတို့ဟာသကို နားမလည်။ ယခု အင်္ဂလိပ်ဟာသစာရေး ဆရာ ဂျက်ကော့စ်၏ ဝတ္ထုများကျတော့မှ တိုက်ရိုက်ပြန်ရာ၌ မြန်မာစာဖတ်ပရိသတ် ကြိုက်နှစ်သက်သည်ကို တွေ့ရသည်။

စစ်ပြန်မဂ္ဂဇင်း တစ်နှစ်မြောက် မိတ်ဆုံညှိနှိုင်းပွဲတွင် ထိုမဂ္ဂဇင်းအဖွဲ့ ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးကြီး အုန်းကြည်က သူ့မိန့်ခွန်းထဲ၌ "တစ်ညဗျာ ကျုပ်အိမ်က ကလေးတွေ ညကြီးမင်းကြီး တဟီးဟီး တဟားဟား နေကြလို့ ကျုပ် အိပ်ရာကနိုးပြီး 'ဟဲ့ ဘာကြောင့် ဒီလောက်တောင် ရယ်နေကြတာလဲ' မေးတော့ 'ဟောဒီမှာ ဖေဖေ.. သော်တာဆွေ ဘာသာပြန်တဲ့ဝတ္ထု သိပ်ရယ်ရတာပဲ' ဆိုလို့ ကျုပ်လည်း အိပ်မရတော့တာနဲ့ 'ကဲ.. အားလုံးကြားအောင် ဖတ်ပြစမ်းကွာ' ဆိုပြီး ခိုင်းလို့ သူဖတ်ပြတော့၊ ဟုတ်ပ့ါဗျာ ရယ်လိုက်ရတာ အိမ်သားအားလုံး အိပ်ရာကထပြီး ညလည်စာ ကော်ဖီဖျော်သောက်ရင်း ဒီဝတ္ထု စမြုံ့ပြန်ကြရတယ်ဗျ။ အနုပညာမြောက်တဲ့ စာပေဟာ ဒီလောက်အထိ ဆွဲဆောင်မှုရှိတယ် " စသည်ဖြင့် ပြောသွားပါသည်။

ယင်းဝတ္ထုကို ဗိုလ်မှူးကြီးအုန်းကြည်က ဇာတ်လမ်းကလေးပါ ထည့်ပြောသဖြင့် ယခု ဤစာအုပ်၌ပါသော 'အမှုပွေတဲ့ သူ့ငွေ' ဝတ္ထု ဖြစ်ပါသည်။ ဂျက်ကော့စ်၏ ဝတ္ထုတို့သည် အားလုံး ယင်းသို့ပင် ကောင်းမွန်ကြပါကြောင်း။

**သော်တာဆွေ**

* * *

http://mmteashop.com



http://mmteashop.com

## ဖဲသုံးချပ်လိမ်

ဒီမယ် ကိုယ့်လူရဲ့ ကျုပ်ပြောချင်တယ်၊ လောင်းကစား ဝါသနာ ပါတာဟာ တကယ် မကောင်းတဲ့ အလုပ်တစ်ခုပဲ၊ လောကကြီးမှာ ကစားသမား အမျိုးမျိုး ရှိတယ်ပေါ့၊ အချိန်ကုန်အောင်လို့ အပျင်းပြေ ကစားတာ၊ အသက်မွေးဝမ်းကျောင်းအဖြစ် တရင်းတနှီး ကစားတာ၊ ဘာရယ်လို့ မဟုတ်ဘဲ ကျုပ်တို့လို သူများယောင်လို့ အမောင် တောင်မှန်း မြောက်မှန်း မသိ၊ ကမြင်းကြောထတဲ့ လူစားတွေလည်း ရှိသပေါ့။ ဥပမာ ပြရမယ်ဆိုရင် ကျုပ် ခပ်ငယ်ငယ်က သင်္ဘောသားအဖြစ်နဲ့ နာမည်ကျော် ကွင်းမေရီ သင်္ဘောကြီးနဲ့ လိုက်သွားတုန်းက ပါးသိုင်းမွေးဝါဝါ၊ မျက်စိ စွေစောင်းစောင်းနဲ့ သင်္ဘောပထမအရာရှိဟာ အားတိုင်းယားတိုင်း ကျုပ်ကိုပဲ ပင်တိုင်ခေါ်ပြီး၊ ဖဲသုံးချပ် အရိုက်လေ့ကျင့်ခဲ့သဗျ၊ အဲဒီတုန်းက ကုန်ခဲ့တဲ့ အချိန်တွေကို စာရိတ္တမဏ္ဍိုင် တိုးတက်ရေးမှာသာ လေ့ကျင့်ခဲ့မယ် ဆိုရင် ကျုပ်တို့ နှစ်ယောက်ဟာ ဘုရားသခင်ရဲ့ သူတော်စင်တွေ ဖြစ်နေရော့မယ်ဗျ၊ အဲဒီလောက် မဖြစ်သည့်တိုင်တောင်မှ ကျုပ်က ဖဲရှုံးလို့ အကြွေးပတ်လည် ဝိုင်းတဲ့ ဒုက္ခကင်းမယ်လေ၊ ဒါတင် ဘယ်ကဦးမလဲ၊ တစ်ခါတော့ သင်္ဘောပေါ် မလိုက်ရသေးတာနဲ့ ကျုပ် ခပ်ပျင်းပျင်းရှိလို့ ညနေစောင်းလေး သစ်ပင်ရိပ်တစ်ခုအောက်မှာ ကျားကွက်တစ်ခုနဲ့ ကျားထိုးဖက် စောင့်နေတုန်း မကြာခင်ဘဲ အူတူတူပုံသဏ္ဍာန်ရှိတဲ့ လူတစ်ယောက် မယောင်မလည်နဲ့ ရောက်လာတော့ သူ့ပဲ အမဲသဘောထား၊ ဆွယ်တရားဟောပြီး တစ်လှည့်ကို ပဲနိဝက်ကြေးက စထိုးလိုက်ကြတာ နေလည်းဝင်ရော ကျုပ်မှာရှိတဲ့ ငွေ (၇) ပေါင်ကျော် ချောပါရောလား၊ နောက်မှ သိရတာက ဒီငနာက ကျားဝိဇ္ဇာ ဆိုပဲဗျ၊ ကဲ… မှတ်ကရောဗျ ကျုပ်လိုအကောင်။

အထက်ပါ စကားများကို ရှေးယခင်က သင်္ဘောသား၊ ယခု အသက်ကြီးတော့ သင်္ဘောဆိပ် ညစောင့်ကင်းသမားကြီးက ပြောပြနေခြင်း ဖြစ်ပါသည်။ ပြီးတော့ သူက ဆက်လက်၍ …

လောင်းကစားရာမှာ ဣန္ဒြေမရဘဲ ပျာယာခတ်တတ်တဲ့ နေရာမှာတော့ ကျုပ်တို့ သင်္ဘောသားတွေ အဆိုးဆုံးဗျ၊ လက်လှမ်းမီရာ ပြောရမယ်ဆိုရင် ကျုပ်မိတ်ဆွေ ငနာတစ်ကောင်ဟာ ကုန်းပေါ်ရောက်ရင် မြင်းမလောင်းရ မနေနိုင်ဘူး၊ ရှုံးလိုက်ရင် အတုံးလိုက် အတစ်လိုက်ပဲ၊ သူလောင်းတဲ့မြင်း နိုင်တယ်ဆိုရင် သူ့ကို ဘုတ်ကီဒိုင်မှာ

မတွေ့တော့ဘူး၊ နိုင်လည်း နိုင်ခဲပါတယ်လေ၊ မှတ်မှတ်ရရ တစ်ခါ နိုင်ဖူးပါတယ်ဗျာ၊ အပျော်လွန်ပြီး ရမ်းကားမှုနဲ့ ထောင်ဒဏ် သီတင်းနှစ်ပတ် ကျသွားသဗျ။

တကယ်တော့ သင်္ဘောသားတွေဟာ ရေမှာ ကျွမ်းကျင်တဲ့ ရေသတ္တဝါပဲဗျ၊ ကုန်းပေါ်ရောက်ရင် အူတူတူ ကြောင်တောင်တောင် ကောင်တွေပဲ။

မှတ်မိသေးတယ်၊ ကျုပ်သူငယ်ချင်း 'ဆမ်စမောလ်' ဆိုတာဟာ စိတ်ရူးထပြီး ဖဲသမား လုပ်ချင်တဲ့စိတ် ပေါ်ရောဗျို့၊ သူ့ အကြံအစည်ကတော့ လွယ်လွယ်နဲ့ ငွေရတဲ့နည်း ဖဲရိုက်ပြီး အိုစာမင်းစာ စဆောင်းမယ်ပေါ့၊ နို့မို့ဆိုရင် သူ့ငွေလေးတွေဟာ သူနဲ့တွဲဖက် အပေါင်းအသင်းတွေဖြစ်တဲ့ 'ဂျင်ဂျာဒစ်၊ ပီတာရပ်ဆက်' တို့နဲ့ သုံးတာဖြုန်းတာနဲ့ အလဟဿ ဖြစ်ကုန်မယ်ပေါ့၊ ဒါကြောင့် 'မှဆိုးမသုံးယောက်' အရက်ဆိုင်မှာ တွေ့လာတဲ့ ဖဲဉာဏ်သမား လူလည်တစ်ယောက်ကို သူ့အခန်းထဲ ခေါ်လာပြီး၊ ဖဲသုံးချပ် ကစားနည်း သင်ပါရောဗျို့။

ရက်တော်တော်ကြာတော့ တစ်ညနေခင်းမှာ ကျုပ်ဆီရောက်လာပြီး၊ သူ ဖဲပညာတတ်ပြီ၊ မယုံ စမ်းကြည့်ဆိုပြီး၊ ကျုပ်နဲ့ အစတော့ တစ်ပဲနိုကြေး ကစားကြတာ တစ်ခဏအတွင်းမှာ ကျုပ် ပေါင်ဝက်လောက် ချောသွားတယ်၊ အဲဒီတော့ ဖဲသမားထုံးစံအတိုင်း ရှုံးမဲ မဲပြီး ကြေးထပ်တိုး ကစားကြတော့၊ လား.. လား.. ကျုပ်ကချည်း နိုင်တော့တာပဲဗျို့၊ ဆမ် မျက်ခွက်ကြီး အံ့အားသင့်နေပုံဖြင့် မပြောနဲ့တော့၊ နောက်တော့ သူက ဖဲတွေကို စိတ်ပျက်လက်ပျက် ပစ်ချပြီး သူကစားပုံ မှားသွားလို့ ရှုံးတာပါ၊ အချင်းချင်းတွေပဲ၊ သူ့ပိုက်ဆံတွေ ပြန်ပေးပါလို့ တောင်းနေသေးတယ်၊ ဟင်း... ကျုပ်က ဘယ်ပြန်ပေးမှာတုန်း၊ သူလည်းနိုင်ရင် တကယ်ယူမှာပဲ မဟုတ်လား၊ လူကြီးဖဲရိုက်တာ၊ ကလေး ကစားတာမှ မဟုတ်ဘဲ၊ သင်းက ကျုပ်ကို ဖဲသုံးချပ် လိမ်ရိုက်နေတာ မသိတာမှ မဟုတ်ဘဲ၊ ပြောခဲ့ပြီကောဗျ၊ ကွင်းမေရီ သင်္ဘောကြီးမှာတုန်းက မှတ်ဆိတ်ဝါဝါ သင်္ဘောအရာရှိနဲ့ ကျုပ်က ဒီနည်းကစားခဲ့ဖူးလို့ သူ့ထက် အလျင်စောပြီး နောကေနော ကျောနေတာပဲ။

ဒီတော့ ငနဲ ကျုပ်နဲ့လာပြီး ဖဲမရိုက်တော့ဘူး၊ တခြား လူစိမ်းတွေနဲ့ပဲ ကစားတော့တယ်ဗျ၊ လူ (၃-၄) ယောက်လောက် သူတို့အခန်း ခေါ်လာ၊ ဂျင်ဂျာ့ ခုတင်နဲ့ သူ့ခုတင် နှစ်ခုပေါင်းပြီး တစ်ညလုံး ဖဲရိုက်ကြ၊ အရက်တွေ သောက်ကြ၊ ဆူကြ ပူကြနဲ့ ဂျင်ဂျာခမျာမှာ အိပ်ကောင်းခြင်း မအိပ်ရရှာဘူး၊ ဒါနဲ့ နောက်တစ်နေ့ကျတော့ ဂျင်ဂျာက



http://mmteashop.com

သူတို့ကို နေရာ ဖယ်မပေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ လူချင်း စိတ်ဆိုးချင်လည်း ဆိုးပစေတော့ပေါ့။

ဒါပေမဲ့ ဆမ်ဟာ အဲဒီညက တစ်ညလုံး ပြန်မလာဘူး၊ နောက်တစ်နေ့မနက် သူတို့ မနက်စာစားပြီးလည်း ပြန်မရောက်သေးဘူး။ ဒါနဲ့ ဂျင်ဂျာနဲ့ ပီတာဟာ ဆမ်အတွက် စိတ်ပူလာကြပြီး …

"ဒီအကောင်ကြီး တစ်နေရာရာမှာ ဒုက္ခရောက်နေပြီ ထင်တယ်" လို့ ဂျင်ဂျာက ပြောလိုက်တော့ ပီတာက …

"သေချာတာပေါ့ကွ၊ ဒီအရူးလုပ်ပုံ ကိုယ့်မသာ ကိုယ်ချမယ့် ပုံပဲ။ သူ့ဆီ ငွေဘယ်လောက် ပါသွားသလဲ။ ဟိုညက သူ ဖဲနိုင်လို့ မင်းဆီ အပ်ထားတဲ့ငွေ (၈) ပေါင် ပေးလိုက်သေးသလား"

ဂျင်ဂျာက ခေါင်းခါပြီး..

"မပေးလိုက်ဘူးကွ၊ ပေးလိုက်ရင် ကုန်မှာပဲဆိုတာသိလို့ သူ့အတွက် ခြေစောင့်လက်စောင့် ချန်ထားတာ။ ဒီကောင်ဟာ သူ့ကိုယ်သူ ဖဲဂျင်လို့ ထင်နေတာ။ ခု ဘယ်လို ဖြစ်နေပြီလဲ မသိဘူး"

"ဒါဖြင့် ဒီ သူ့ငွေ (၈) ပေါင်က ငါ့ကို တစ်ဝက်ပေးထားပါလားကွ။ မတော် မင်း ခါးပိုက်နှိုက်ခံရရင် တစ်ချို့တစ်ဝက် ကျန်နေအောင်လေ"

ပီတာက ဆမ် အပြီးပြန်မလာတော့ဘူးဆိုရင် အမွေတစ်ဝက် ရအောင် ပြောသော်လည်း ဂျင်ဂျာက မကြားချင်ယောင်ဆောင်နေပြီး စဉ်းစားခန်း ဝင်နေဟန်ဖြင့် အခန်းထဲ လူးလားခေါက်တုံ့ လျှောက်နေ၏။

ထိုနေ့ည မိုးချုပ်သည့်တိုင်အောင် ဆမ် ပြန်မလာသေးတော့ ဆမ် တစ်ခုခုတော့ သေချာပေါက် ဖြစ်နေပြီလို့ နှစ်ယောက်သား စိတ်နှလုံးတုံးတုံး ချလိုက်ကြသည်။ တစ်ညလုံး ဆမ်အတွက် နောက်ဆံတင်း၍ စိတ်ချလက်ချ မအိပ်နိုင်ကြဘဲ သူတို့သုံးယောက် အရင်တုန်းက ပျော်ပျော်ရွှင်ရွှင် ရှိခဲ့ကြပုံကို ပြန်ပြောရင်း စိတ်မကောင်း ဖြစ်နေကြ၏။

မနက်လင်းသည်၌ ဂျင်ဂျာက မျက်နှာ မသာမယာဖြင့် ပီတာအား …



http://mmteashop.com

"ဒီကောင်ကိုချည်း တို့ထိုင်စောင့်နေလို့ မဖြစ်သေးဘူး၊ တို့ဝမ်းလည်း တို့ ဂရုစိုက်ဖြည့်ဦးမှပဲ"

ဒီတော့ ပီတာက…

"အေး… မင်းဆီမှာရှိတဲ့ သူ့ငွေနဲ့ တို့ ဟိုတယ်ကောင်းကောင်း သွားပြီး ဟဲကြရအောင်ကွာ၊ တို့ သူ့အတွက် အအိပ်ပျက် အစားပျက် ဖြစ်ရတာပဲကွ"

"ဒီလိုတော့ မလုပ်ပါနဲ့လေ၊ စိတ်ကောင်းကောင်း ထားစမ်းပါကွာ"

ဟု ဂျင်ဂျာက ပီတာကို ဆုံးမဩဝါဒစကား ပြောရင်း နှစ်ယောက်သား လှေကားမှ ဆင်းကြပြီး တံခါးကို ဖွင့်လိုက်သည်နှင့် ဆမ်ကို ဖဲသုံးချပ် ကစားနည်း သင်ပေးသော လူရွယ်အား တံခါးခေါက်အံ့ဆဲဆဲ လက်ရွယ်နေသည်ကို တွေ့ရလေသည်။ ထိုလူသည် စီးကရက်ကို ပါးစောင်မှာခဲပြီး မျက်လုံးများမေးကာ ဂျင်ဂျာတို့အား မထီလေးစား ကြည့်လျက်…

"ဟဲလို.. ကျုပ်မိတ်ဆွေများ…"

"ဘာလဲကွ"

ဂျင်ဂျာက နှာခေါင်းကို ပွစိပွစိလုပ်ရင်း ထိုလူကို သဘောမကျဟန်နှင့် မေးလိုက်တော့ ၎င်းလူက သူ့လက်ထဲရှိ စာတစ်စောင်ကို ပေးလျက်…

"ဟောဒီမှာ ဆမ်က ခင်ဗျားတို့ကို စာပေးလိုက်တယ်" ဂျင်ဂျာက လှမ်းယူပြီး ဖွင့်ဖတ်လိုက်သောအခါ သူ့မျက်လုံးသူ မယုံသလို ဖြစ်သွားလေ၏။ ပြီးတော့မှ ပီတာက…

"ထင်တဲ့အတိုင်းပါပဲ၊ သူ့မှာပါတဲ့ ငွေအကုန် ဖဲရှုံးလိုက်ပြီလေ၊ ဒါကြောင့် သူ့ငွေ (၅) ပေါင်ကို ပေးလိုက်ပါတဲ့"

"အကြွေးရစရာရှိတာ တောင်းခိုင်းတာပါ"

လူရွယ်က ဝင်ပြောရာ ဂျင်ဂျာက ဒေါပွပွနှင့်…



http://mmteashop.com

"ဒါဖြင့် သူ့ကြွေး ငါမဆပ်နိုင်ဘူးကွာ၊ ဘာဖြစ်လဲ၊ သူ့ငွေလိုချင်ရင် သူ့ဘာသာ လာတောင်းပစေ"

"မလာနိုင်လို့ပေါ့ဗျ"

ဂျင်ဂျာက မသင်္ကာဟန်ဖြစ်ပြီး မျက်မှောင်ကုတ်ကြည့်၍ လူရွယ်ကို စေ့စေ့ကြည့်ကာ...

"မလာနိုင်ဘူး ဟုတ်စ ဘာကြောင့်လဲ"

"ဘာကြောင့်ဆိုတော့ သူက ငွေတင် ရှုံးတာ မဟုတ်ဘူးဗျ၊ ဒီ့ပြင်ဟာတွေပါ ပါသေးတယ်၊ နောက်ဆုံးနစ်လက်မှာ ကုတ်အင်္ကျီရော ဦးထုပ်ရော ပြောင်တာပဲ၊ ဒီကောင် ချမ်းအေးပြီး ဆီးနှင်းတွေကျနေတာ အင်္ကျီမပါ ဦးထုပ်မရှိဘဲ အပြင်ထွက်နိုင်မလားဗျ၊ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ကြပါဦး"

ဂျင်ဂျာက မျက်လုံးပြူး မျက်ဆံပြူးနှင့်...

"ယော်... အင်္ကျီရော ဦးထုပ်ရော ဟုတ်လား"

"ကျွန်တော် လာခါနီး တံခါးပေါက်ရောက်ခါနီးမှ လှည့်ကြည့်လိုက်တော့ သူ့ခါးမှာ တဘက်ဟောင်းတစ်ထည် ပတ်ထားတာ မြင်ခဲ့ရသေးတယ်၊ ဒီတော့ ဘောင်းဘီရှိဟန် မတူတော့ဘူး၊ အဲဒီတဘက်လည်း ခပ်သေးသေးဆိုတော့ မလုံ့တလုံပါဘဲ၊ ဘာမှမရှိတာနဲ့ စာတော့ တော်သေးတာပေါ့လေ"

ဒီတော့ ဂျင်ဂျာနဲ့ ပီတာဟာ ခေါင်းချင်းဆိုင်ပြီး တိုးတိုးတိုးတိုးနဲ့ ပြောပြီးနောက် ဂျင်ဂျာက လူရွယ်အား ..

"ကောင်းပြီ၊ ဒီလိုဆို သူ့ကို အကျဉ်းအကျပ်ထဲက ဆွဲထုတ်ရအောင် ငါတို့နစ်ယောက် လိုက်ခဲ့မယ်၊ သူက ဘယ်မလဲ ပြောစမ်းပါဦး"

"သိချင်ရင် ခင်ဗျားတို့ဘာသာ ရှာကြပါလား၊ သူက ခင်ဗျားတို့ကို ခေါ်ခဲ့ဖို့ ပြောတာမှ မဟုတ်ဘဲ၊ ငွေပေးလိုက်ဖို့သာ ပြောတာ၊ အလကား အချိန်ကုန်အောင် လေရှည်နေကြတယ်၊ ပိုက်ဆံပေးလိုက် ပြီးရောဟာကို သူ မနေ့မနက်ကတည်းက ဘာမှ မစားရသေးဘူး၊ ဆာလှရော့မယ်၊ ခင်ဗျားတို့ မိတ်ဆွေကို ငတ်ပြီး သေစေချင်သလား"



http://mmteashop.com

ဂျင်ဂျာက ပီတာကို ခပ်လှမ်းလှမ်း ဆွဲခေါ်သွားပြီး တိုင်ပင်ကြပြန်တယ်။ သူက လေသံသဲ့သဲ့ဖြင့် သူတို့နှစ်ယောက်ကြားရုံ ...

"ဒီမှာ ပီတာ ဒီကောင့်နောက်ကို တို့ နောက်ယောင်ခံလိုက်ရအောင်ကွာ၊ ဒီလိုဆို ဆမ် ဘယ်မှာရှိတယ်ဆိုတာ သိရမှာပေါ့"

"ဒါဖြင့် တို့မနက်စာ ဘယ့်နယ်လုပ်မလဲ၊ ငါတော့ဆာလှပြီ"

"ဟာ... မင်းကလည်း အချိန်တွေအများကြီး ရှိပါတယ်ကွ၊ ဆမ်ကို မသနားဘူးလား၊ မင်းထက် သူက ပိုဆာနေမှာပေါ့၊ မနေ့ကတည်းက မစားရသေးဘူးတဲ့"

ဂျင်ဂျာက ဤသို့ပြောပြီး ပလက်ဖောင်းပေါ်တွင် ခြေတရှပ်ရှပ် လှုပ်ကာ ဘောင်းဘီအိတ်နှစ်ဖက်ကို နှိုက်လျက် မီးခိုးခေါင်းတိုင်ကို ဟန်ပါပါကြည့်နေသော လူရွှယ်အား ခပ်ထန်ထန် အသံဖြင့်...

"သူ ဘယ်မှာရှိတယ်ဆိုတာ မင်းက ဘာလို့ မပြောချင်ရတာလဲကွ၊ ဟင်..."

လူရွှယ်က စီးကရက်ကို ဖွာနေရာမှ သူ့ဘက်မကြည့်ဘဲ ...

"စဉ်းစားကြည့်ပေါ့ဗျာ"

"ဒါဖြင့်လည်း ငါ့ဆီက ငွေ (၅) ပေါင် မမျှော်လင့်နဲ့တော့၊ လာကွာ ပီတာ၊ တို့အိမ်ပေါ် ပြန်တက်ကြစို့၊ တို့ ဒီကနေပဲ ဆမ်ကို စောင့်ကြတာပေါ့"

ဆိုပြီး လူရွှယ်ဘက်သို့ လှည့်ကာ...

"ငါက ဒီလိုပဲ ပြောလိုက်တယ်လို့ ဆမ်ကို ပြောလိုက်ပေ့"

လူရွှယ်က ခနဲ့တဲ့တဲ့ လေသံဖြင့် ...

"စောင့်ပေါ့ဗျာ၊ စောင့်ပေါ့"

ဟု ပြောပြီး ချာခနဲ လှည့်ထွက်သွားတော့၏။



http://mmteashop.com

ဂျင်ဂျာတို့နှစ်ယောက်သား အပေါ်ထပ် မှန်ပြတင်းမှနေ၍ လူရွှယ် လမ်းချိုးတစ်ခုတွင် ပျောက်ကွယ်သွားသည့်တိုင်အောင် ချောင်းကြည့်နေပြီးမှ နောက်ကဆင်းလိုက်သွားကြလေသည်။ လူရွှယ်သည် နောက်သို့ တစ်ချက်မျှ ပြန်လှည့်ကြည့်ခြင်းမပြုဘဲ ဟိုလမ်းဝင် သည်လမ်းထွက်နှင့် သွားနေသည်။ မနက်စာ မစားရသေးဘဲ နောက်ကဝမ်းဟာဟာနှင့် လိုက်နေရသော ပီတာက ဂျင်ဂျာအား…

"ရှေ့က --- လေးက ဒီမလာခင်တည်းက မနက်စာကို တဝတပြဲ မျိုဆို့ထားပြီးနဲ့တူတယ်ကွ၊ ဒီကောင်ကြည့်ရတာ အိမ်ပြန်မယ့်ပုံ မပေါ်ဘူး၊ ကြည့်ပါလား၊ ဟောဒီလမ်းကိုချည်း လှည့်ပတ်ဝင်နေတာ ခုဟာပါနဲ့ဆိုရင် သုံးခါတောင် ရှိပြီ"

ထိုမှ နောက်တစ်လမ်းထဲသို့ ရောက်ပြန်သောအခါ လူရွှယ်က အရက်ဆိုင်တစ်ခုထဲသို့ ဝင်သွားသည်ကို တွေ့ရသဖြင့် နောက်ယောင်ခံ လိုက်နေသော သူတို့နှစ်ယောက်လည်း ဝမ်းမြောက်ဝမ်းသာစွာ ဝင်လိုက်သွားကြပြီး၊ ချောင်တစ်ခုတွင် ထိုင်၍ စားပွဲထိုးအား ဟိုလူရွှယ်မကြားအောင် ဘီယာနှစ်ခွက်ကို တီးတိုးမှာလိုက်သည်။ သူတို့ ဘီယာရောက်လာခါစ ရှိသေး၊ လူရွှယ်က သူ့ခွက်သူ ယူမော့ပြီး ပြန်ထွက်သွားလေတော့ ဂျင်ဂျာ ခမျာမှာ သူ့ခွက်ကို မထိလိုက်ရဘဲ မျက်ခြည်မပြတ် လိုက်သွားရပြန်သည်။ ပီတာကတော့ သူ့ခွက်ကို ကမန်းကတန်း မော့လေရာ လည်ချောင်းထဲ လမ်းလွဲပြီး သီးသွားသဖြင့် သူ့ရင်ဘတ်သူ တဒုန်းဒုန်းထုရင်း ဂျင်ဂျာနောက် အပြေးအလွှားလိုက်သွားရ၏။ ဂျင်ဂျာကို မီတော့မှ…

"ဒီ ငနဲ ငါတို့ သူ့နောက်ယောင်ခံနေတာကို သိပုံ ပေါ်တယ်ကွ "

သူတို့ နောက်ထပ် နာရီဝက်လောက် လိုက်ကြသော် လူရွှယ်သည် ဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်လျက် အတန်ကြာ တွေးနေပြီးမှ ဆိုင်ထဲသို့ ဝင်သွားလေ၏။ ဂျင်ဂျာနှင့် ပီတာတို့ ထိုဆိုင်ရှေ့ရောက်၍ အတွင်းဘက် ကြည့်လိုက်လျှင် စားသောက်ဆိုင်ဖြစ်နေသဖြင့် ပီတာ ဝမ်းမြောက်ဝမ်းသာ…

"အား… ဒီငနဲ လမ်းလျှောက်ရလွန်းလို့ ဝမ်းဟာသွားပြီနဲ့ တူရဲ့၊ ကဲ… ဂျင်ဂျာတို့လည်းပဲ ဒင်းအထဲရှိနေတုန်း ပေါင်မုန့်၊ ချိစ်နဲ့ ဘီယာ တစ်ခွက်စီလောက် ကြိတ်လိုက်ကြရအောင် "

"တို့ စားနေတုန်း ဒီကောင် လစ်သွားရင် ဘယ့်နယ်လုပ်မလဲကွ "



http://mmteashop.com

ဂျင်ဂျာက စိုးရိမ်စွာပြောရာ ပီတာက သူ့ဝမ်းဗိုက်ကို လက်ဖြင့် ပွတ်ရင်း....

"ဒီလိုဆိုလည်း တစ်ယောက်တစ်လဲ စားမယ်ကွာ၊ ငါတော့ ဘယ်လိုမှ မနေနိုင်တော့ဘူး"

"ဟာ... စားမနေပါနဲ့တော့ကွာ၊ ဒီလောက် ဒုက္ခခံ လိုက်လာပြီးတော့မှ မျက်ခြည်ပြတ်သွားရင် ဘယ်ဖြစ်မလဲကွ၊ မင်းစားနေတုန်း ငါတစ်ယောက်တည်း ဒီကောင့်နောက် လိုက်သွားပါပြီတဲ့။ ဟိုရောက်လို့ ချစရာရှိရင် ငါတစ်ယောက်တည်း ဖြစ်နေမှာပေါ့ကွ..."

သို့နှင့် သူတို့သည် ဆိုင်ပြင်ဘက် မလှမ်းမကမ်းတွင် ရပ်စောင့်နေကြကာ တစ်နာရီလောက်ကြာမှ လူရွယ်က နှုတ်ခမ်းပါးနား သုတ်၍ ထွက်လာသည်။ လမ်းကို အထက်အောက်စုန်ဆန် မျက်စိကစားလိုက်ရာမှ တစ်ယောက်နောက် တစ်ယောက် ပုန်းကွယ်ရန် ကြိုးစားနေကြသော ဂျင်ဂျာတို့နှစ်ယောက်ကို မြင်သွားသော် သူတို့ဆီ တန်းတန်းမတ်မတ် လျှောက်လာပြီး...

"ဟဲလို... ဘယ်လိုလဲ အညောင်းပြေ လမ်းလျှောက်ကြတာလား"

သူတို့ကို ရိမှန်းသိသည်နှင့် ဂျင်ဂျာက မျက်နှာထား သုန်သုန်နှင့်...

"ဒါပေါ့ကွ၊ လျှောက်လို့ မပြီးသေးဘူး၊ ဆက်လျှောက်ရဦးမယ်"

"ဒါဖြင့် ကျွန်တော်ပါ လိုက်ခဲ့မယ်လေ၊ အဖော်ရအောင်ပေါ့..."

"ဟေ့ တို့မှာ အဖော်လိုရင် တို့ဘာသာ ကိုယ်ကြိုက်တဲ့လူ ကိုယ်ခေါ်မယ်ကွ"

ပီတာက မျက်နှာထားဆိုးဆိုးနှင့် ဘုဆတ်ဆတ် ပြောလိုက်ရာ လူရွယ်က ကြက်သီးမွေးညင်း ထဟန်ပြုလျက်....

"အမယ်လေး၊ မခြောက်ကြပါနဲ့ဗျာ၊ ကျွန်တော်က ကြောက်တတ်လွန်းလို့ပါ"

ထိုသို့ပြောပြီး လူရွယ်က စီးကရက်တစ်လိပ်ကို မီးညှိကာ သူ့ပင်ကိုစတိုင်အတိုင်း မျက်လုံးမှေး၍ ဆေးလိပ်ကို မှန်မှန် ဖွာနေ၏။ နေရာက ဘယ်မရွေ့။ ဂျင်ဂျာတို့



http://mmteashop.com

နှစ်ယောက်မှာလည်း သူ စီးကရက်နှစ်လိပ် ကုန်သည်အထိ အနီးတွင် မတုန်မလှုပ် ရပ်နေကြ၏။ လူရွှယ်သည် တတိယစီးကရက်ကို မီးညှိပြီးသောအခါ ဂျင်ဂျာတို့အား…

"ခင်ဗျားတို့ လမ်းလျှောက်ကြတာဆို၊ ဘာလို့ ဒီမှာ ကျွန်တော့်အနား ရပ်ပြီး နေကြတာလဲ"

ဒီတော့ ပီတာက….

"မင်းကော ဘာဖြစ်လို့ ဆမ်ရှိတဲ့အိမ်ကို မပြန်သေးတာလဲ"

"ခင်ဗျားတို့ဆီက ပိုက်ဆံမရဘဲနဲ့ ပြန်တော့ ဘာလုပ်ရမှာလဲဗျ၊ ဟိုမှာ တဘက်စုတ် ပတ်ပြီး ဆာလောင်နေရှာတဲ့ ခင်ဗျားတို့ မိတ်ဆွေကြီးကို ခင်ဗျားတို့က သေသေကြေကြေ ဥပေက္ခာ ပြုထားလိုက်ကြပြီလို့ ကျွန်တော် မပြောရက်ဘူးဗျ"

"ဒီလိုဆို မင်း တို့ကို သူ့ဆီ ဘာလို့ ခေါ်မသွားနိုင်တာလဲ"

"သူက ဘယ်လိုနည်းနဲ့မှ မခေါ်ခဲ့နဲ့လို့ မှာလိုက်တာကိုးဗျ၊ နောက်တစ်ခုကလည်း ခင်ဗျားတို့ ဟိုရောက်ရင် သူ့ဖဲကြွေးမဆပ်ဘဲ ဆမ်ကို အတင်းအကျပ် ခေါ်သွားကြမှာလည်း ဟိုကစားသမားတွေက စိုးရိမ်ကြတယ်ဗျ"

ထိုအခါ ဂျင်ဂျာက သူ့ အိတ်ထဲက ငွေကိုထုတ်၍…

"ဒီလိုဆိုရင် ရော့ ယူသွား-ပိုက်ဆံ၊ ငါတို့လည်းအတူ မင်းနဲ့လိုက်မယ်၊ ဒါပေမဲ့ ငါတို့ အခု ဗိုက်ဆာနေလို့ တစ်ခုခု စားဦးမယ်ကွာ၊ လာကွာ၊ မင်းလည်း ငါတို့နဲ့အတူ လိုက်ခဲ့"

ဆိုပြီး သူတို့နှစ်ယောက်က စားသောက်ဆိုင်ရှိရာသို့ လူရွှယ်ကို ပြန်ခေါ် သွားကြ၏။ လူရွှယ်ကလည်း ကြည်ကြည်ဖြူဖြူပါပဲ။

"ကျွန်တော်လည်း ဘီယာတစ်ခွက်လောက် သောက်ချင်နေတာနဲ့ အဆင်သင့် ပါပဲ"

ဆိုပြီး ပါသွား၏။



http://mmteashop.com

ဆိုင်ထဲရောက်သော် ဂျင်ဂျာနှင့် ပီတာက ပေါင်မုန့်၊ ဒိန်ခဲနှင့် ဘီယာမှာ၍ စားသောက်ကြ၏။

ထိုစဉ် လူရွယ်က အလန့်တကြား အော်လိုက်ပြီး ပီတာ့ ဘီယာခွက်ထဲသို့ လက်ညှိုးထိုးပြကာ…

"ပင့်ကူတစ်ကောင် အပေါ်ကနေပြီး ခင်ဗျားခွက်ထဲ ကျသွားတယ်ဗျ"

ပီတာနှင့် ဂျင်ဂျာသည် နှစ်ယောက်သား ဘီယာခွက်ထဲ လက်နှိုက်၍ ပင့်ကူကို ရှာကြလေရာ နောက်ဆုံး၌ ဘာကောင်မျှ မတွေ့၍ ခေါင်းမော့လိုက်ကြတော့ လူရွယ် မရှိတော့ပြီ၊ သည်တော့ ပီတာက ဂျင်ဂျာအား..

"ဒါ မင့်အပြစ်ပဲ၊ မင်း လက်ချောင်း ညစ်ပတ်ပတ်ကြီးတွေနဲ့ ငါ့ဘီယာခွက်ထဲ လျှောက်ရှာနေမယ့်အစား ဒီကောင့်ကို မျက်ခြည်မပြတ် ကြည့်နေရမှာကို၊ မလိုတာ ငါ့ကူနေရတာနဲ့ ဟိုကောင် လစ်သွားပြီ"

နှစ်ယောက်သား ရန်ဖြစ်ပြီး အိမ်သို့ ပြန်ခဲ့ကြရတော့သည်။ ထို့နောက် တစ်ညနေလုံး ပိုက်ဆံပေးလိုက်ပြီမို့ ဆမ် ပြန်လာလေမလားဟု တငုတ်ငုတ် ထိုင်စောင့်နေကြသည်။ ပြန်လာရင်တော့ ကောင်းကောင်း ဆူလိုက်ကြမယ်ပေါ့။ သူတို့ ည (၁၀) နာရီထိအောင် ထိုင်စောင့်ကြသော်လည်း ဆမ် ပေါ်မလာသဖြင့် တစ်နေ့လုံးလည်း ပင်ပန်းထားသောကြောင့် အိပ်လိုက်ကြတော့သည်။ နောက်တစ်နေ့ ရောက်သည့် တိုင်အောင် ဆမ်၏ အရိပ်အယောင်ကို မမြင်ရသောအခါ သူတို့စိတ်ထဲမှာ ဆမ်ဟာ အသက်နဲ့ ကိုယ်နဲ့မှ ရှိသေးရဲ့လားဆိုသော သံသယ ဝင်စပြုလာပြီး၊ ဂျင်ဂျာ စိတ်ထဲတွင် ဆမ်ဟာ သေကိုသေပြီဟု ယူဆပြီး ပီတာအား နှစ်သိမ့်စကား ပြောကြား၏။

"တို့လည်း တစ်နေ့ ဒီလမ်းသွားရမှာပဲကွာ၊ လူမုန် သေမျိုးချည်းပဲကို သူငယ်ချင်းရဲ့"

"အာ… ဒီကောင့်ကိုက အသေစောချင်လို့ ဖဲကစားသင်ပြီး လျှောက်ကစား နေတာကိုးကွ။ ဟိုကောင်လည်း ငွေငါးပေါင် ဖြောင်သွားတာနေမှာပဲ၊ သူ့စကားမှန်ရင် ဆမ် ပြန်လာဖို့သင့်ပြီကွ"



http://mmteashop.com

"ဩော်... သေတော့ ဘယ်ပြန်လာနိုင်မလဲလေ၊ တစ္ဆေဖြစ်ပြီး တို့ လာမခြောက်တာဘဲ တော်သေးတာပေါ့"

ထို့နောက် သူတို့နှစ်ယောက် မနက်စာစားရန် အောက်ထပ်သို့ ဆင်းခဲ့ကြပြီး၊ တံခါးဖွင့်လိုက်သည်နှင့် မနေ့က နေရာမှာပင် ထိုလူရွယ်ကို စီးကရက်ခဲလျက်သား တွေ့ရပြန်သည်။ ဒီကောင်က စပ်ဖြီးဖြီး မျက်နှာနဲ့...

"ဟဲလို... မနေ့က ပင့်ကူ တွေ့ကြရဲ့လားဗျ"

ဂျင်ဂျာက သူ့အား တစ္ဆေသရဲတစ်ကောင် တွေ့ရဘိသို့ ပြူးပြူးပြဲပြဲ ကြည့်ရင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပြီးမှ မကျေမချမ်း အသံကြီးနှင့်...

"မင်း... မနေ့က ဘာလို့ လစ်ထွက်သွားရတာလဲကွ "

"ခင်ဗျားတို့ရှာတဲ့ ပင့်ကူတွေ့အောင်သာ စောင့်နေရရင် ဆံပင်ကြီးခများ အူပြတ်သေမှာစိုးလို့ အလျင်စလို သွားလိုက်ရတာပါ"

"သူ... အသက်ရှင်နေသေးရက်ပဲလား "

ဂျင်ဂျာက မေးရာ...

"ဟာ... ရှင်နေလိုက်တာမှ ဒေါင်ဒေါင်မြည်လို့ ဟောဒီမှာ သူ နောက်ထပ်စာတစ်စောင် ပေးလိုက်သေးတယ်"

လူရွယ်က သူ့အိတ်ထဲမှ စာတစ်စောင်ကို ဂျင်ဂျာအား ပေးပြီး သွားကြားလေ တရှုတ်ရှုတ်စုပ်ရင်း ဂျင်ဂျာ့နောက်ကျောဘက်က တံခါးပေါက်ကို ငေးကြည့်ဟန် ပြုနေ၏။ ဂျင်ဂျာက စာကို နှစ်ခေါက် သုံးခေါက်ဖတ်ပြီး ပီတာအား လှမ်းပေးကာ ပါးစပ်က ပျစ်ပျစ်နစ်နစ် ဆဲလိုက်၏။ ဆံပ် စာထဲမှာက ခုထက်ထိ ကံမလိုက်သေး၍ မနေ့ကပေးလိုက်သော ငွေငါးပေါင် ကုန်ပြီဖြစ်သဖြင့် ကျန်ငွေ (၃) ပေါင်ကို ယခုစာနှင့် လူသာ ဆစ်အား ပေးလိုက်ရန်၊ ဆစ်နောက်သို့လည်း မနေ့ကလို နောက်ယောင်ခံလိုက်ဖို့ ကြိုးစားလျှင် သူတို့နှစ်ယောက်ကို တစ်သက်လုံး အပြတ်ပဲဟု ကြုံးဝါးထားသည်။ သူတို့လည်း လူချင်း အမြဲတွဲနေကျဖြစ်၍ ဤသို့ ဆံပ်က စာရေးထားသည်မှာ မနေ့ကနှင့်



http://mmteashop.com

ယနေ့ နှစ်ခါသာ စာရေးသေး၏။ ဆမ် စာရေးပုံ မိုက်ရိုင်းသည်ဟု ဗီတာက ပြောသောအခါ ဤစာလာပို့သော ဆစ်ဆိုသော လူရွယ်က မချိုမချဉ် မျက်နှာနှင့်…

"ခင်ဗျားတို့ သူငယ်ချင်းက တော်တော် ချစ်စရာကောင်းတာပဲနော် "

ဂျင်ဂျာက ဒေါသထွက်နေသော မျက်နှာ၊ မျက်လုံးများဖြင့်…

"လူကောင်း သူကောင်းတွေနဲ့ ပေါင်းနေတာကိုးကွ "

"ဒါဖြင့် ခင်ဗျားတို့နဲ့ ကျွန်တော် ပူးပေါင်းပြီး ကယ်ဆယ်ကြရအောင်၊ ခင်ဗျားတို့က ငွေစိုက်၊ ကျွန်တော်က လူစိုက်ပေ့ါ"

ဟု ဆစ်က ပြောလိုက်တော့ ဂျင်ဂျာက ဗီတာထံမှ စာကို ပြန်ယူ၍ တစ်ကျော့ ထပ်ဖတ်လိုက်ပြီး ဆစ်အား သူ့အိမ်ထဲဝင်၍ ငွေယူမည် ခဏစောင့်ပါဟု မှာကြားပြီး ဗီတာကို အသာ လက်တို့ခေါ်ခဲ့သည်။ သူတို့အိမ်ထဲရောက်၍ အိမ်ရှင် အဒေါ်ကြီး၏ (၁၀) နှစ် အရွယ် သမီးငယ်ကို မုန့်ဖိုးပေး ချော့မော့ပြီး ဆစ်သွားလျှင် နောက်ယောင်ခံလိုက်ကာ သူ ဝင်သွားသော အိမ်ကို မှတ်ခဲ့နိုင်းရာ ကလေးက ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်၏။ ထိုကလေးမှာ ပန်းနာရောဂါရှိ၍ ကျောင်းမနေရသူလေး ဖြစ်၏။

ဂျင်ဂျာတို့ အိမ်ပေါ်မှ ပြန်ဆင်းလာပြီး ဆစ်အား ငွေပေးရင်း…

"ရော့… ဒီမှာ သုံးပေါင် ဆမ်နဲ့ ကျုပ်နဲ့ ရှင်းပြီ၊ မင်းလည်း သွားတော့ "

"ခင်ဗျားတို့ ကျွန်တော့်ကို မနေ့ကလို လိုက်ပို့ကြဦးမှာလား "

"သွားစမ်းပါကွာ၊ မင်းမျက်နှာ မကြည့်ချင်တော့ပါဘူး "

"ဟဲ… ဟဲ… ဒီလောက်တောင်ပဲလားဗျ "

ဟု မချိုမချဉ် မျက်နှာထားနှင့် ပြောပြီး ချဲရိယို တာ့တာ လုပ်သွား၏။ သူ လမ်းချိုးမကွေ့မီပင် ဂျင်ဂျာမှာထားသော ကောင်မလေးက နောက်ယောင်ခံ လိုက်သွား၏။ ထို့နောက် ဂျင်ဂျာတို့ အပြင်ထွက်၍ နံနက်စာစားပြီး ပြန်လာသောအခါ ကောင်မလေးက အိမ်ရောက်နှင့်နေလျက် ဆစ် ဝင်သွားသောအိမ်ကို အတိအကျ ပြောပြ၏။ ဂျင်ဂျာက သူ့အကြံဉာဏ် ဘယ်လောက်ကောင်းသလဲဟု ဝမ်းသာအားရဖြစ်လျက် ထိုနေ့တစ်နေ့လုံး



http://mmteashop.com

ဆမ်ပြန်အလာကို စောင့်ကြမည်။ ည (၈) နာရီထိုးသည့်တိုင် ပြန်မလာလျှင်ဖြင့် ထိုအိမ်သို့ သွား၍ အတင်းဆွဲခေါ်မည်ဟု ဆိုရာ ပီတာက ...

"တို့ သွားခေါ်တာက ဟုတ်ပါရဲ့၊ သင်းတို့က ပြန်လွှတ်ဦးမှကိုး"

"အေးကွ... တော်ကြာ တို့ခုနပေးလိုက်တဲ့ ငွေသုံးပေါင်ပါ ထပ်ရှုံးပြီး ဘောင်းဘီပါ မရှိတော့ပြန်ဘူးဆိုရင် တို့ သူ့ကို ဘယ့်နယ်လုပ် ခေါ်မလဲ"

ဂျင်ဂျာ ထိုသို့ပြောပြီး တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ့မျက်နှာ ပြုံးရွှင်သွားကာ..

"အား ... ဒီလိုလုပ်မယ်ကွာ၊ တို့ ဘောင်းဘီ အပိုတစ်ထည် ယူသွားမယ်၊ နို့ပြီး လိုရမယ်ရ လူအဖော်နှစ်ယောက်လည်း ခေါ်သွားမယ်ကွာ၊ မကောင်းဘူးလား"

အေး.. အေး.. ကောင်းတယ် "

ပီတာက သဘောတူလိုက်၏။ နေ့လယ် ထမင်းစားစဉ်က ဆိုင်မှာ တွေ့ခဲ့ကြသော မီးသတ်ရဲဘော် ထောင်ထောင်မောင်းမောင်းကြီး နှစ်ယောက်။ ခေါ်ဖို့လူကလည်း သူတို့စိတ်ထဲ အဆင်သင့်ရှိပြီးသား။ ထိုရဲဘော်များမှာ အိုင်းရစ်သွေးပါ၍ မဟုတ်လျှင် မခံတတ်။ မတရားတာဆိုလျှင် မှန်ရာဘက်က ကူညီတတ်သည်ဟု ပြောသည်။

ဆမ်သည် ညမှောင်သည့်တိုင်အောင် ပြန်မရောက်သေး။ အဆင်သင့်ပင် ထိုမီးသတ်ရဲဘော်ကြီး နှစ်ယောက်ကို ထိုထမင်းဆိုင်မှာပဲ ညစာစားစဉ် တွေ့ရ၍ အရက်တော်တော်များများတိုက်ပြီး အကူအညီခေါ်ခဲ့၏။ တစ်ယောက်နာမည်က ဘော့မေးလ်စ် ဖြစ်၍ ကျန်တစ်ယောက် နာမည်ကိုတော့ မမေးမိ။ သို့နှင့် သူတို့ လေးယောက်ပေါင်း ကလေးမလေး လမ်းညွှန်သည့်အတိုင်း သွားကြရာ မကြာမီ၌ ဆင်ခြေဖုံးရပ်ကွက်ရှိ ညစ်ညစ်ပတ်ပတ် အိမ်မြင့်မြင့်ကြီး တစ်လုံးရှေ့သို့ ရောက်ကြ၏။ အိမ်နံပါတ်ရော ပုံသဏ္ဍာန်ရော ကလေးမလေး ပြောလိုက်သည့် အတိုင်းပါပဲ။ ထိုအိမ်ထဲ ဝင်မည်ပြုကြတော့ ဂျင်ဂျာက သူ့လူများအား ဆမ်ကို အသာတကြည် ခေါ်ဖို့နှင့် အကြမ်းမဖက်ဖို့ ပြောရသေး၏။ ဒါကို မီးသတ်ရဲဘော်ကြီးကတော့ သိပ်ပြီး မကျေနပ်။ သူက အိမ်ကြီးတစ်လုံးကို မီးနဲ့ရှို့ပြီး သူလာ၍ မီးသတ်နေတာပါဟု ဆိုလျှင် ဖြစ်နိုင်ကြောင်း ပြော၏။

ထိုအိမ်ကြီးရှေ့တွင် ညစ်ပတ်စုတ်ပြတ်သော ကလေးများ ကစားနေကြသည်။ ပီတာက ထိုခဏ တံတွေးထွေးလိုက်ပြီး ..



http://mmteashop.com

"အမယ်လေး ပျားအုံ ကျနေတာပဲ၊ ဒီကောင် ညစ်ပတ်စုတ်ပွဲတဲ့ နေရာမျိုး သူမို့လို့ နေနိုင်ပလေလေတယ်၊ ဆမ်တစ်ယောက်ဖြင့် အံ့ရောကွာ၊ နို့ပြီး ဒီအသိုက်အအုံမျိုးထဲ သင်းကို တွေ့အောင်ရှာဖို့ကလည်း မလွယ်ဘူးကွ"

မီးသတ်ရဲဘော်ကြီး ဘော့က သူ့ လက်ဝါးနစ်ဖက်ကို ပွတ်ရင်း...

"ငါ... တွေ့အောင် ရှာပြမယ်ကွာ၊ စောင့်သာကြည့်နေ"

ဟုပြောပြီး လှေကားပေါ်သို့ မီးလောင်လျှင် တက်နေကျ ခြေလှမ်းများဖြင့် ဆောင့်၍ တက်သွားသည်။ အထပ်မှာ လူငှားမျိုးစုံနေကြသော ဘယ်ညာနစ်ဖက် အခန်းများရှိရာ ပထမဦးဆုံးတွေ့ရသော ဘယ်ဘက်က အခန်းတံခါး တွန်းဖွင့်၍ ခေါင်းသွင်း ကြည့်လိုက်လျှင် ဇလုံတစ်ခုထဲတွင် အခါလည် သားငယ်ကို ထည့်ကာ ရေချိုးပေးနေသော မိခင်တစ်ယောက်အား ...

"ဒီမယ် အမျိုးသမီး တို့ ဆမ်ကြီးတစ်ယောက် ဘယ်မှာလဲကွယ့်၊ မင်းတို့ သူ့ကို ဘာတွေ လုပ်လိုက်ကြသလဲ"

အမျိုးသမီးက ပြူးတူးပြဲတဲ ကြည့်ရင်း...

"ဘာ... ဘာ... ဘာပြောတယ်"

ဂျင်ဂျာက ပခုံးပေါ် ကျော်ကြည့်ရင်း..

"ကျုပ်တို့ မိတ်ဆွေကြီး ဆမ်စမောလ်ကို မေးတာပါ၊ သူဒီမှာ စက်ကျနေတယ် မဟုတ်လားလို့"

"ဘာ... နင်တို့က ငါ့ကို မုဆိုးမမို့ စော်ကားတာလားဟဲ့"

ဟုဆိုပြီး အမျိုးသမီးသည် ကလေးကို ဇလုံထဲမှထုတ် ကြမ်းပေါ်ချ ရေဇလုံကို မပြီး ပက်မည်ပြုသည့်၌ ဘော့သည် အခန်းတံခါးကို ဆောင့်ပိတ်ကာ သူ့ကိုယ်ကြီး ချာခနဲ လှည့်လိုက်ရသည်။ သူကသာ မီးကို ရေနှင့် ပက်နေကျ၊ ယခု သူက ရေပက်ခံရတော့မလို အဖြစ်မျိုး ကြုံရ၍...



http://mmteashop.com

"မိန်းမများ အကြောင်းမေးလို့ မေးမှန်းမသိဘူး၊ ရန်လုပ်ဖို့ပဲ တတ်တယ်၊ တို့က သူ့ဒါလောက်ကလေး မေးတာနဲ့ ဘာစိတ်ဆိုးစရာလဲ၊ သူမှဆိုးမမှန်းကော တို့က သိလို့လား"

ဂျင်ဂျာက ခေါင်းကို ယမ်းလိုက်ပြီး..

"မိန်းမဆိုတာ ဒီလိုပဲကိုယ့်လူ၊ ဦးနှောက် သိပ်ရှိကြတာ မဟုတ်ဘူး၊ သူ့မေးမရကော ဘာအရေးလဲ၊ ဒို့ပြင်အခန်းတွေ အပုံ... လာကြ... လာကြ..."

ဟုခေါ်သွားပြီး လက်ယာဘက် အခန်းတံခါးကို တွန်းဖွင့်လိုက်ပြန်သည်။ ထိုအခန်းတွင်ကား လူကြီးသူကြီးမရှိ။ (၁၀) နှစ်အရွယ် မိန်းကလေးက သုံးခါလည် ကလေးကို ချော့သိပ်နေခြင်းဖြစ်ပေရာ ကလေးငယ်သည် သူတို့ မျက်နှာတွေ မြင်သည်နှင့် အလန့်တကြား အော်ငိုလေရကား ကောင်မလေးက...

"အမယ်လေ.. ဘယ့်နယ် သရဲသဘက်တွေ လာခြောက်နေကြတာတုန်း .."

ဂျင်ဂျာက..

"တို့ သရဲမဟုတ်ပါဘူး၊ ငါတို့သူငယ်ချင်း ဆမ်ကို လာရှာကြတာပါ"

"သွား.. သွား... ဒီအခန်းမှာ ကျွန်မတို့အပြင် ဘယ်သူမှ မရှိဘူး"

ဆိုပြီး တံခါးကို တအား တွန်းပိတ်လိုက်သဖြင့် ဂျင်ဂျာမှာ သူ့မျက်နှာလွတ်အောင် မနည်းရှောင်လိုက်ရ၏။

"အမယ်လေ.. ကံသီပေလို့ ငါ့နှာခေါင်း ပြားမသွားတယ်၊ ကဲ.. ဒီအထပ်မှာ မရှိရင် ဒုတိယအထပ် တက်ကြရအောင်"

ဤအထက်ထပ်တွင် နေကြသူများကို ကြည့်ရသည်မှာ ရှိင်းရှိင်းစိုင်းစိုင်း ကြမ်းကြမ်း တမ်းတမ်းတွေ၊ ပညာဗဟုသုတကလည်း ရှိပုံမပေါ်ချေ။ အခန်းပေါက်ဝ တစ်ခုရှေ့ ရပ်လျက် ဘော့က သူ့မေးခွန်းများ မေးနေစဉ် တစ်ဖက်အခန်းမှ လူများက သူတို့အခန်းဝရပ်လျက် နားထောင်နေကြသည်။ တစ်ယောက်တစ်ပေါက်လည်း ဆူဆူညံညံ ပြောဆိုနေကြသည်။ သူစိမ်းတစ်ရံဆံများ လာရောက် မေးမြန်းကြသည်ကို ကြိုက်ပုံမပေါ်။ တတိယထပ်သို့ ဘော့နှင့် သူ့အဖော် တက်သွားသောအခါ အောက်ရှိ လူများအားလုံး



http://mmteashop.com

စုရုံးပြီး ၎င်းတို့အခန်းသို့ ဒုတိယအကြိမ် ချဉ်းကပ်လျှင် ဝိုင်းအော်ရန် ဟန်ပြင်နေသဖြင့် ဂျင်ဂျာနှင့် ပီတာက အပေါ်ထပ် လိုက်မသွားဘဲ အောက်ထပ် လှေကားဝလောက်မှာ အစောင့်အဖြစ်နှင့် ကျန်နေခဲ့ကြ၏။

ထိုစဉ် ဒုတိယထပ် လူအုပ်ထဲမှ လက်သည်းရှည်ရှည် မိန်းမတစ်ယောက်၏ လက်တစ်ဖက် ထွက်လာပြီး၊ ဂျင်ဂျာ၏ ပေါင်ကို တအား လိမ်ဆွဲစဉ်၊ အခြား မိန်းမတစ်ယောက်က ပီတာ၏ နားရွက်တစ်ဖက်ကို ဆွဲလိမ်သဖြင့် သူတို့ ရုတ်ရုတ်ရုတ်ရုတ် ဖြစ်နေခိုက်မှာ ဘော့တို့ တက်သွားသော တတိယထပ်မှာ ဆူညံ အော်ဟစ်သံများ ကြားရပြီး တကယ်မကြာပါချေ။ ဘော့နှင့် သူ့အဖော်သည် အိမ်ပေါ်မှ ပစ္စည်း ဆွဲချနေကျ မီးသတ်ရဲဘော်များပီပီ စောင်ထုပ်ရှည်ကြီးတစ်ခုကို သူတို့နှစ်ယောက် ဦးပွဲ မပြီး ယူလာကြ၏။ စောင်ထုပ်ကလည်း တလှုပ်လှုပ်နှင့် ရုန်းကန်နေသည်။ နှစ်ယောက်သား ချုပ်ကိုင်လျက် ဘော့က မောဟိုက်သံကြီးနှင့် ဂျင်ဂျာတို့အား ...

"ခင်ဗျားတို့လူက ခုတင်ပေါ်မှာ အဆန့်သား အိပ်နေတာဗျ၊ ကြည့်ပါလား"

ဟုပြောပြီး စောင်ထုပ်ထဲမှ ကန်ထွက်လာသော ခြေချောင်းကို လွတ်အောင် ရှောင်လိုက်ပြီး၊ သူ့အဖော်အား ..

"ဟေ့ ... ဂျိုး... မင်းဘက်က ခေါင်းကွ၊ စောင်လှပ်ပြီး ဂျင်ဂျာတို့ကို ပြလိုက်ပါဦး"

ထိုစဉ် မိန်းမတစ်ယောက် စူးစူးရှရှအသံနှင့် ...

"ဟဲ့.. သူက နင်တို့ကို ဘာလုပ်လို့လဲ .. ဟဲ့"

ဘော့ ထိုမိန်းမဘက် လှည့်ပြီး..

"သူက လုပ်တာမဟုတ်ဘူး၊ အလုပ်ခံရတာ ပြန်ပေးဆွဲခံရတာဟ၊ နားလည်ပလား၊ သူတို့ကပဲ သဟောက်သဟမ်းရှိသေး၊ ဟင်း... ဟင်း... "

"ပြန်ပေးဆွဲခံရရုံတင် ဘယ်ကမလဲ၊ ဓားပြတိုက်လည်း ခံရသေးတယ်၊ သူ့မှာ ပါသွားတဲ့ ဘောင်းဘီတောင် မကျန်တော့ဘူး"

ဂျင်ဂျာက ပြောလိုက်သေး၏။ ပီတာက ခေါင်းရင်းဘက်က စောင်ကိုလှန်ရင်း ..

http://mmteashop.com

"ကိစ္စမရှိတော့ပါဘူး သူငယ်ချင်းရယ်.. မင်း မိတ်ဆွေတွေ လက်ထဲ ပြန်ရောက်ပါပြီ၊ အလို.. အလို.. ဘုရားရေ၊ ဒါ ဆမ် မဟုတ်ပါပဲလား"

သူတို့အားလုံး လန့်ပြီး အံ့အားသင့်သွားကြသည်။ ဘော့မိတ်ဆွေ ဂျီးက ရုတ်တရက် သူ့လက်များကို လွှတ်လိုက်မိရာ သူတို့ မလာခဲ့သော စောင်ထုပ်ထဲက လူမှာ သမံတလင်းပေါ် ဇောက်ထိုးကျ၍ ငယ်ထိပ်ကြီး ဖူးရောင်သွားလျက် ကပျာကယာ လူးလဲထပြီး သူ့ရှေ့ ငေးငိုင်နေသော ဘော့ကို တအား ကျုံးထိုးလိုက်တော့သည်။

ထိုမှ တပြီးကား၊ သူတို့လေးယောက်အား ဒုတိယထပ်နှင့် တတိယထပ်ရှိ လူများအားလုံး ယောက်ျားရော၊ မိန်းမပါ ဝိုင်းဘောကြရာ သူတို့ ကိုယ်လွတ်ရုန်းပြေးခဲ့ရပြီး၊ အိမ်ရှေ့လမ်းမပေါ် ပြန်ရောက်ကြသည်၌ လူတွေမှာ အတော် စုတ်ပြတ် ဖူးရောင်နီရဲ၍ နေချေပြီ။ သို့တိုင် နောက်ကြောင်း မလုံသေးဘဲ ခပ်သုတ်သုတ် လျှောက်လာခဲ့ရာ နှစ်လမ်းကျော်လောက် ရောက်မှ အသက်ဝဝရှူနိုင်ပြီး သက်တောင့်သက်သာ ရှိတော့မည် ဆဲဆဲ၌ ပတ္တရောင် ပုလိပ်တစ်ယောက်နှင့် ရင်ဆိုင်တိုးမိ၍ မသင်္ကာသော မျက်စိဖြင့်..

"ခင်ဗျားတို့ ဘာဖြစ်လာကြတာလဲ၊ တစ်ယောက်မျက်နှာ တစ်ယောက် တက်နင်းလာကြတာလား"

ဘော့က ဒေါသနှင့် ပြန်ဖြေအံ့ဆဲဆဲတွင် ဂျင်ဂျာက ကမန်းကတန်း သူ့ပါးစပ်ကို ပိတ်လိုက်ပြီး ပုလိပ်ကို မျက်နှာချိုသွေး၍...

"ဟဲ.. ဟဲ... ကျွန်တော်တို့ ပျော်လို့ပါးလို့ သောက်စားလာကြတာ နည်းနည်းပါးပါး လွန်သွားလို့ပါဗျာ"

ဟု ပြောပြီး ဘော့ကို အတင်းဆွဲခေါ်လာသည်။ နောက်လမ်းထောင့် ရောက်သောအခါ ဘော့က သူ့ကို ဆွဲထားသော ဂျင်ဂျာအား တံတောင်နှင့် တွန်းထုတ်ပြီး..

"နောက်နောင် မင်းတို့နဲ့ ဘယ်တော့မှ မတွေ့ချင်တော့ပါဘူး"

ဟုဆိုကာ သူ့လူသူ ဆွဲခေါ်၍ လမ်းခွဲသွားတော့၏။

ဂျင်ဂျာနှင့် ပီတာတို့မှာ နာလည်း နာကျင်၏။ ဆာလည်း ဆာလောင်၍ ဝမ်းဗိုက်ဟာနေ၏။ သို့သော် သူတို့ ယခုဖြစ်လာသော ပုံသဏ္ဍာန်ကြည့်၍ ရာဇဝတ်

http://mmteashop.com

ကောင်များနှင့် တူနေသဖြင့် ဘယ်အရက်ဆိုင်ကမှ လက်မခံသဖြင့် လမ်းမှာ တွေ့သော လူတစ်ယောက်အား အဖိုးအခပေး၍ ဝီစကီတစ်လုံး ဝယ်ခိုင်းပြီး အိမ်သို့ ပြန်ခဲ့ရ၏။

အခန်းထဲ ရောက်လျှင် ရေမပါဘဲ တစ်ခွက်စီ 'နီ' သောက်လိုက်ကြပြီး ရေဇလုံတစ်လုံး အဝတ်တစ်စစီဖြင့် ကိုယ့်ဒဏ်ရာကိုယ် ပြုစုကြရ၏။

ဂျင်ဂျာက...

"ဒီဟာတွေ ဆမ်ကြောင့် ဖြစ်ရတာ"

ဟု ဒေါသနှင့် ပြောရင်း အံကြိတ်မိရာ သွားတွေယိုင်နဲ့နေသည် ဖြစ်၍ နာကျင်လှသဖြင့် 'အမယ်လေး' တလိုက်ရ၏။ ပီတာလည်း ဆမ်ကိုပဲ စိတ်ဆိုး၍ တောက်ခေါက်လိုက်ရာ သူ့လျှာနှင့် သွားဖုံးမှာ ဖူးရောင်၍ အသံမပြည်ဘဲ နာရှုံသာ ရှိတော့၏။

ပြီးတော့မှ သူတို့ ပါးစပ်တွေ သိပ်မလှုပ်ရှားဖို့ သတိထားပြီး တိုးတိုး ညင်သာသော အသံဖြင့် ပီတာက...

"တို့ ရှာဖွေရကျိုးလည်း မနပ်ဘူး၊ ငါတော့ ဆမ်ဟာ လောကကြီးမှာတောင် မရှိတော့ဘူးလို့ ထင်နေတာကွ၊ တို့ သူငယ်ချင်းကို နောက်ဆို တွေ့ရတော့မှာ မဟုတ်ဘူးလို့ ငါ့ အတွင်းစိတ်က ပြောနေတာကွ"

"ဒီကောင့်ကို တွေ့လည်း မတွေ့ချင်တော့ပါဘူးကွာ၊ ဒီလောက် ဒုက္ခပေးတာ"

ဂျင်ဂျာက အက်ကွဲနေသော သူ့နှုတ်ခမ်းကို စုလျက် မပွင့်တပွင့် ပြောပြီး ဝီစကီသုံးခွက်ကို ဆက်တိုက် မော့လိုက်သည်။ ထို့နောက် အိပ်တော့မည်ဟု အိပ်ရာပေါ် လှဲမည်ပြုစဉ် ပီတာက သူ့လက်တစ်ဖက် ထောင်ပြရင်း..

"ဟိတ်.. နားထောင်စမ်း၊ အိမ်ပေါ် တစ်ယောက်ယောက် တက်လာနေတယ်ကွ"

ဂျင်ဂျာက ပလုပ်သံဖြင့်...

"လာချင်တဲ့ကောင် လာပစေကွာ၊ ငါတော့ မထင်တော့ဘူး"



http://mmteashop.com

"ဆမ်များ ဖြစ်နေမလားပဲ"

ပီတာက ပြောလေရာ ဂျင်ဂျာက မျက်နှာတစ်ခြမ်းစောင်းကာ နားစွင့်လိုက်ပြီး..

"အင်း.. ခြေသံတော့ တူတာပဲ၊ လူသား ပကတိပဲလား တစ္ဆေအဖြစ်နဲ့ပဲလား.."

ထိုအခိုက် သူတို့နှစ်ယောက်လုံး နားလည်ကြသော ဆမ် သီချင်းဆိုသည်ဟု ပြောရသော ခိုညည်းသံမျိုးကို ကြားရပြီး အခန်းတံခါးပွင့်လာကာ ဆမ်က အင်မတန် ဝမ်းသာရွှင်မြူးစွာဖြင့် အခန်းထဲဝင်လာ၏။

"ဟဲလို.. ချစ်ဆွေတို့"

ဟု နှုတ်ဆက်၍ မပြီးမီ ဂျင်ဂျာနှင့် ပီတာတို့၏ ပုံပျက်ပန်းပျက် မျက်နှာတွေ မြင်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားပြီးမှ မျက်မှောင်ကုတ်လျက် ...

"တစ်ယောက်နဲ့ တစ်ယောက် သတ်ကြပြန်ပြီ မဟုတ်လား။ ငါ့မှာ တစ်ရက် တန်သည် နှစ်ရက်တန်သည်မှ အေးအေးချမ်းချမ်း ခရီးမသွားရပါပဲလားကရို့၊ တယ်မိုက်ကြပါလား၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့၊ အချင်းချင်း ရန်ဖြစ်ရတယ်လို့ လူအရှိအသေတန်အောင် နေကွ"

ဂျင်ဂျာက မနည်းကြီး ချုပ်တည်းထားရသော အသံဖြင့်...

"ဩော်.. ငါတို့ အချင်းချင်း ရန်ဖြစ်လို့ လူအရှိအသေ တန်တယ်၊ မင်းက ဘောင်းဘီပါမကျန် ဖဲရှုံးပစ်လိုက်တာကတော့ အင်မတန် ကြည်ညိုစရာ ကောင်းရောလား ဟေ့ ပြောစမ်းပါဦး"

"နို့ပြီး မိန်းမသုတ်တဲ့ တဘက်စုတ် ကောက်ပတ်ထားရတာကော တယ်ပြီး ဘုန်းနဲ့ကံနဲ့ ပြည့်စုံတော့တာပေါ့လေ"

ပီတာကပါ ဝင်တောလေရာ ဆမ်မှာ သူတို့စကားတွေ မည်သို့မျှ နားလည်ဟန် မရှိဘဲ..

"ဟေ့.. မင်းတို့ဘာတွေ ပြောနေကြတာလဲ၊ နှစ်ယောက်စလုံး အမူးလွန်နေကြပြီ ထင်တယ်"



http://mmteashop.com

ဂျင်ဂျာက ပီတာကို ဖျတ်ခနဲ ကြည့်ပြီး ဆမ်ဘက်လှည့်၍ မျက်နှာထား တင်းတင်းဖြင့် တစ်လုံးချင်းမေး၏။

"နို့ နေပါဦး မင်းက ဘယ်ကိုသွားနေတာလဲ "

ဆမ်က ခပ်အေးအေးပဲ ဝီစကီကို ဖန်ခွက်ထဲ ထည့်ရင်း...

"စထရက်ဖို့မှာရှိတဲ့ လူတစ်ယောက်ဆီ သွားနေရတာပေါ့ကွ၊ မင်းတို့က မသိဘူး၊ ငါ ဖဲသုံးချပ်လိမ်ကစားတာ နာမည်ကြီးနေလို့ ပုလိပ်က လိုက်ရှာနေတယ်တဲ့၊ အဲဒါ ငါ့ဖဲသုံးချပ်ဆရာ ဆစ်က ခဏရှောင်နေဖို့ သတိပေးလို့ သူ ပို့ပေးတဲ့နေရာကို သွားနေရတာကွ "

"ဒါဖြင့် မင်း အဲဒီကနေ ငါတို့ဆီ စာရေးတယ်ပေါ့" ဂျင်ဂျာက မေးရာ ဆမ်က ရှုံ့မဲ့လျက်..

"အောင်မာ၊ မင်းဆီ ငါက စာရေးရအောင် မင်းက ငါ့ရည်းစားလား"

"ငွေမှာတဲ့ စာလေ"

ဂျင်ဂျာက စေ့စေ့ကြည့်ပြီး ပြောသောအခါ ဆမ်က ခေါင်းကို တွင်တွင်ခါပြီး..

"မမှာရပေါင်ကွာ၊ ငါ့မှာ အပြည့်အစုံ ရှိပါတယ်၊ ဟိုမှာ မလိုလို့ဘဲ ငါမင်းဆီမှာ (၈) ပေါင်တောင် ထားပစ်ခဲ့တယ် မဟုတ်လား "

"အဲဒီ (၈) ပေါင် ထားခဲ့တာကို မင်းဖဲသုံးချပ်ဆရာ ဆစ်ကို ပြောတယ်ပေါ့ "

"သူသင်ပေးထားတဲ့ ဖဲလိမ်ပညာနဲ့ ငါငွေနိုင်တာကို ပြောမိတာပေါ့ကွ "

"အဲဒါ ပြောလိုက်တော့မှပဲ မင်းကို ဖဲလိမ်မှန်း ပုလိပ်က လိုက်ရှာနေလို့ တခြားသွားရှောင်နေဖို့ သူက ညွှန်ကြားတာ မဟုတ်လား"

"အေး.. မှန်လိုက်လေ ဂျင်ဂျာရာ၊ မင်းမှန်းဆချက် တယ်တော်ပါလား "

http://mmteashop.com


သို့သော် ဂျင်ဂျာမျက်နှာမှာ မဲ့ရွဲ့သွားလျက် ဆမ်အား စိတ်ဆိုးလှ၍ တောက်ခေါက်လိုက်ရာ တောက်ခေါက်သံ မထွက်ဘဲ လျှာနှင့် သွားဖုံးသာ နာကျင်လွန်းလှသဖြင့် "အမယ်လေး.. သွပ်သွပ်.. သွပ်သွပ်" ဟု မြည်တမ်းရလေ၏။

စာစောက ခံထားရတဲ့ ဒဏ်ရာတွေက မနည်းပါပဲကို။

* * *

http://mmteashop.com

# သူတို့သုံးဦးစပ်



http://mmteashop.com

## သူတို့သုံးဦးစပ်

သဘော်သား ဆိုတာမျိုးဟာ ....

(ဆိပ်ကမ်း ညစောင့်ကင်းသမားကြီးက ပြုံးစိစိနှင့် ပြောသည် )

ကျုပ် ပြောခဲ့ဖူးပြီ ထင်ပါရဲ့လေ၊ သဘော်သားနဲ့ ငါးဟာ အတူတူပဲဗျ၊ ရေထဲကနေ ကုန်းပေါ် ရောက်တာနဲ့ ဒုက္ခတွေ့တာ တစ်ချက်တည်းပဲ၊ စကားစပ်မိတုန်း ကျုပ်အသိ သဘော်သား တစ်ယောက်အကြောင်း ပြောရဦးမယ်၊ ဒီငတိက ရောက်လေရာမှာ အိမ်ထောင်ကျတဲ့ ကောင်မျိုးဗျ၊ ဒါနဲ့ တစ်နေ့တော့ သူ့မြို့က တရားရုံးတော်မှာ သူ့မယားတွေ ကလေးစရိတ် တောင်းကြတာ တစ်ပြိုင်နက် မိန်းမ (၆) ယောက်တောင်မှပဲ။ ဒီတော့ ရုံးတော်က သင်းကို ဆင့်ခေါ်ပြီး မကျေးနိုင်ပါဘဲလျက် ဒီလောက်တောင် မိန်းမတွေများစွာ ယူရပါသလဲလို့ ရုံးမင်းက မေးတော့ ဒီကောင်က ခပ်ကြောင်ကြောင်ပဲ ပြန်ဖြေတယ်လေ၊ ဆော်လ်မုန်မင်းကြီးရဲ့ စံချိန်များ မီမလားလို့ စမ်းကြည့်တာပါတဲ့ဗျား၊ တရားသူကြီးကို ဖင်ခေါင့် သွားတာပဲ၊ စိတ်ဆိုးလွန်းအားကြီးလို့။

ဒီသဘော်သားတွေကို ဒုက္ခတွင်း သက်ဆင်းစေတဲ့ အချက်က ငွေပဲဗျ၊ သူတို့က တစ်နှစ်တန်သည်၊ နှစ်နှစ်တန်သည် ပင်လယ်ထဲ ခရီးထွက်နေရာကပြန်၊ သဘော်ပေါ်မှာလည်း သုံးစရာ စွဲစရာက မရှိလေတော့ ရတဲ့ လခတွေ အသားတင် စုဆောင်းမိပါလေရော။ ဒီတော့ ကုန်းပေါ် ပြန်ရောက်လာတယ် ဆိုရင်ပဲ ဒီငွေတွေကို သုံးဖို့ဖြုန်းဖို့ အပေါက်အစ ရှာတော့တာပဲ။ သူတို့ဟာ နမြောရကောင်းမှန်း မသိ။ တွန့်တိုရကောင်းမှန်း မသိ။ သူဌေးဂိုက်နဲ့ မိုက်မိုက်ကန်းကန်း အရမ်း သုံးတတ်ကြတယ်။ ဒီငွေယားလေး ကုန်တော့ကော ဘာအရေးတုန်း။ အဆင်သင့်ရာသဘော်နဲ့ ပင်လယ်ထဲ ပါသွားကြပြန်ရော။ အနေကြာတော့ သူတို့ဟာ ရေသတ္တဝါဖြစ်ပြီး ကုန်းပေါ်မှာ မနေတတ် မထိုင်တတ် ဖြစ်လာကြထင်ပါရဲ့ဗျာ။ ဒီလို သဘော်သားတွေထဲမှာ ရှားရှားပါးပါး ငွေကြေး စုဆောင်းဖို့ သတိရတာ တစ်ယောက်တော့ ကျုပ်ကြုံဖူးတယ်။ သူဟာ ရေကြောင်းခရီးရှည် တစ်ခေါက်ထွက်ရာက ပြန်ရောက်ရင် လခငွေတွေ တစ်ပွေ့တစ်ပိုက်နဲ့ပေါ့လေ။ အဲဒီငွေထဲက နောင်ရေး အကြောင်းရှိရင် သုံးဖို့ဆိုပြီး (၁၆) ပေါင်ကို သေသေချာချာ ထုပ်ပိုးပြီး ဘယ်သူမှ ရှာမတွေ့နိုင်မယ့် နေရာမှ ကျကျနန ဝှက်ထားသတဲ့။ ဘယ်လောက်



http://mmteashop.com

အဝက်ကောင်းလည်း ဆိုရင် သူ့ ငွေထုပ်ကို နောင်အခါမှာ သူကိုယ်တိုင်တောင် ရှာမတွေ့တော့ဘူးဗျ။

ဒါမျိုးက ကျုပ်ကိုယ်တိုင်လည်း ဖြစ်ဖူးတယ်။ တစ်ခါက ကျုပ် ကောက်ရတဲ့ ငွေနှစ်ပေါင်ကို မယားမသိအောင် မွေ့ရာအောက် ဝှက်ထားပါတယ်။ နောက်တစ်နေ့မှာ ကျုပ်မိန်းမက မွေ့ရာနဲ့ ခေါင်းအုံးတွေ အိမ်ရှေ့ချ ထုတ်လှန်းသတဲ့။ တကတည်း ငွေကို အစအန ရှာမတွေ့တော့ဘူး။

အဲသလိုနဲ့ ကုန်းပေါ်ရောက်ရင် ဒုက္ခရောက်တတ်တဲ့ သဘော်သားတွေထဲမှာ ဆမ်စမောလ်ဟာ အဆိုးဆုံးပါပဲဗျာ။ သူ့ဒုက္ခဟာ သူရှာမတွေ့ရင် သူ့ရောင်းရင်းကြီး နှစ်ယောက်ဖြစ်တဲ့ ဂျင်ဂျာဒစ်နဲ့ ပီတာရပ်ဆက်က ရှာဖွေပေးမှာ သေချာတယ်။ ဒါပေမဲ့ ဒီဒုက္ခတွေကို ဆမ်စမောလ်ဟာ ရှာဖွေမနေရပါဘူး။ သူ့ခြေရင်းမှာ လက်ငင်း အဆင်သင့် တွေ့တာချည်းပဲ။

တစ်ခါတုန်းကပေါ့ သူတို့သုံးယောက်ဟာ ပင်လယ်ထဲ တစ်နှစ်လောက် ထွက်နေကြရာက ပြန်ရောက်လာတော့ တစ်နှစ်စာ လခတွေ အိတ်ထောင်ထဲ ထည့်ပြီး၊ ရွှေတွင်းရှာတွေ့တဲ့ မျက်နှာမျိုးနဲ့ သောက်လိုက်၊ စားလိုက်၊ ပျော်လိုက် ပါးလိုက်နဲ့ (၃) ရက်တိတိပဲ။ လေးရက်မြောက်တော့ ဆမ်က ပီတာနဲ့ ဂျင်ဂျာကို မကြည့်တော့ဘူး။ ပုလိပ်ကိုသာ မကြောက်ရဘူးဆိုရင် သင်းတို့နှစ်ယောက်ကို အရှင်လတ်လတ် အရေခွံခွာ ချင်တယ်၊ ဘာညာနဲ့ ပြောပြီး စိတ်ကောက်ကောက်နဲ့ ထွက်သွားတယ်။ ဟိုဟိုသည်သည် သွားရင်း အတော်လေးကြာတော့ စိတ်ဆိုးတာတွေ ပြေသွားပေမယ့် တစ်ယောက်တည်း အိတ်ထဲက ငွေယားကလေးနဲ့ ဘယ်သွားပြီး ဘာလုပ်ရမှန်း မသိလို့ နေကလေးသာတာနဲ့ ဓာတ်ရထားနဲ့ပဲ မြို့ပတ်ပြီး လျှောက်စီးနေခဲ့တယ်။ ညနေစောင်းတော့မှ ဗိုက်ဆာဆာ ရှိတာနဲ့ သူ စားသောက်နေကျ ကဖီးဆိုင်ထဲ ဝင်ခဲ့တယ်။

သူ ထိုင်တဲ့စားပွဲမှာ အင်မတန် ယဉ်ကျေးဖွယ်ရာတဲ့ လူတစ်ဦး ရောက်လာတယ်။ အဲဒီလူဟာ သူနဲ့ မျက်နှာချင်းဆိုင် ထိုင်စားရင်း စားပွဲပေါ်မှာ သူစားတဲ့ခွက်က ဟင်းရည်နည်းနည်း ဖိတ်သွားတာနဲ့ ဆမ်ကို လေးလေးစားစား တောင်းပန်စကား ပြောတော့ ဆမ်ဟာ အဲဒီလူကို ချက်ချင်းပဲ ခင်မင်တဲ့စိတ် ဖြစ်သွားပြီး၊ ဂရုတစိုက် ကြည့်မိတယ်။ ဒီလူက တကယ့် ဆွေကောင်းမျိုးသန့် ပုံသဏ္ဍာန်ပဲ။ အဝတ်အစား သေသေသပ်သပ်နဲ့ လည်စည်းမှာ ရွှေရင်ထိုးနဲ့၊ ကုတ်အကျႌ အပေါ်အိတ်မှာ ရွှေနာရီကြိုးနဲ့၊



http://mmteashop.com

ဖွန်း ခက်ရင်း ကိုင်ပုံတွယ်ပုံကလည်း သာမည အိမ်ထောင်စုက ပေါက်ဖွားလာတာ မဟုတ်ဘူးဆိုတာ ပြနေတယ်။

အဲဒီလူကလည်း စားသောက်ရင်းနဲ့ ဆမ်ကို စဉ်းစဉ်းစားစား အကဲခတ်နေတယ်။ ပြီးတော့မှ…

"ဒီနေ့ သိပ်သာယာတာပဲနော် "

လို့ စကားချီလာပြီးတဲ့နောက် မကြာမီဘဲ ဆမ်နဲ့ သူဟာ တကယ့် မိတ်ဟောင်း ဆွေဟောင်းလို ဖြစ်သွားပြီး သူ့အကြောင်း ကိုယ့်အကြောင်း အပြန်အလှန် ပြောကြတယ်။

အဲဒီလူဟာ တောမြို့တစ်ခုက သင်းအုပ်ဆရာရဲ့သားတဲ့။ ဆမ်ကလည်း သူ့အဖေဟာ တစ်နှစ်ကို ပေါင်(၃၀၀) ရတဲ့ ပင်စင်စားကြီးလို့ ပြောလိုက်တော့ ဟိုလူက..

"အား.. ငွေဆိုတာ အင်မတန် အသုံးဝင်တဲ့ ပစ္စည်းပဲဗျာ၊ ခင်ဗျားအဖေ ချမ်းသာတော့ ခင်ဗျား ကံကောင်းတာပေ့ါ "

ဆိုတော့ ဆမ်က-

"ငွေဟာ နေရာတိုင်းတော့ မဟုတ်ပါဘူးဗျာ၊ ကျုပ်ဟာ ဒီငွေကြောင့် ဒုက္ခရောက်ဖူးပေါင်း များလှပြီ၊ ဒါကြောင့် နေရာတိုင်းမှာ အောင်မြင်တယ် ဆိုတဲ့ စကားကို ကျုပ် လက်မခံဘူး "

လို့ အထွန့်တက်လိုက်တော့ ဟိုလူက ဆမ်ကို မျက်စပစ်ရင်း ပြန်ပြောလိုက်တယ်။

"ဒါပေမဲ့ ခင်ဗျားကတော့ ငွေထောမယ့်ပုံ ပေါက်ပါတယ် "

ဆမ်က သဘောကျကျနဲ့ အားရပါးရ ရယ်လိုက်ပြီး၊ သူ့အိတ်ကို တဖြန်းဖြန်းနဲ့ ပုတ်ပြရင်း…

"ဟောဒီအိတ်ထဲမှာ လုံလုံလောက်လောက် ရှိပါတယ်၊ ကျုပ်ဆိုတဲ့ ကျုပ်က အိတ်ထဲမှာ ငွေအနည်းဆုံး တစ်ဆယ်၊ ကိုးပေါင်လောက် မရှိရင် မနေတတ်ဘူးဗျ"

ဒီတော့ ဟိုလူက သူ့ကို စူးစူးစိုက်စိုက် ကြည့်ပြီး..

http://mmteashop.com

"ခင်ဗျား သင်္ဘောက ဆင်းလာတာ မကြာသေးဘူး ထင်တယ်"

လို့ မေးသတဲ့။ ဒီတော့ ဆမ်က..

"ဟုတ်ပ့ါ.. ပင်လယ်ထဲမှာ ဆယ်လကျော် တစ်နှစ်နီးပါးတောင် ကြာခဲ့တယ်၊ ဒါကြောင့် ကျုပ်ရှိတဲ့ ငွေတွေကို နောက်အပတ် သင်္ဘောပေါ် မတက်မီ ကုန်အောင် သုံးနေတယ်" လို့ ခပ်ကြွားကြွား ပြန်ပြောလိုက်တော့ ဟိုလူက ခေါင်းတဆတ်ဆတ် ညိတ်ပြီး..

"ဒါပေ့ါ.. ဒါပေ့ါ.. ငွေဆိုတာ သုံးဖို့ ရှာကြတာပဲ မဟုတ်လား"

သူတို့နှစ်ယောက် အဲဒီလို လေပေးဖြောင့်ဖြောင့်နဲ့ စားသောက်ပြီး ဆိုင်ထဲက ထွက်လာခဲ့ကြတယ်၊ အဲဒီအခါမှ ဆမ်က ဟိုလူ့အပေါ် စေတနာတွေ ဝေဖြာပြီး ထမင်းစားပြီး အစာပိတ် အရက်ကလေး တစ်ခွက်လောက် တိုက်ပါရစေဆိုတော့၊ ဟိုလူက...

"ဒီအနားမှာ ခင်ဗျားသောက်နေကျဆိုင် ရှိသလား"

လို့မေးတယ်၊ ဆမ်က ခေါင်းခါပြီး.."

"ကျုပ်က ကုန်းပေါ် အနေနည်းတော့ သောက်နေကျရယ် မဟုတ်ပါဘူးဗျာ၊ ကြုံရာဆိုင်ထဲ ဝင်ကြိတ်လိုက်တာပဲ"

ဆိုတော့ ဟိုလူက-

"ဒါဖြင့်လာ အေးအေးဆေးဆေး စကားပြောရင်း သောက်ရမယ့်ဆိုင် ကျွန်တော် သိတယ်၊ အဲဒီဘားမှာ ပေ့ါတဝိုင် သိပ်ကောင်းတာပဲ"

ဆိုပြီး လမ်းနှစ်ခုလောက် ဟိုချိုးဒီချိုးနဲ့ ချောင်ကျကျ အရက်ဆိုင်လေးကို ခေါ်သွားတယ်၊ အဲဒီဆိုင်ထဲမှာက လူမရှိသလောက် ရှင်းနေတယ်။ ဟိုလူပြောတဲ့ ပေ့ါတဝိုင်ကို ဆမ်က ခံတွင်းတွေ့လို့ ပုလင်းကြီးတစ်လုံး ကုန်အောင် သောက်လိုက်တယ်၊ ဟိုလူကတော့ တစ်ခွက်တည်းပဲ ဖိမ်နဲ့ ဆွဲသောက်ရင်း အရက်ရောင်းတဲ့ ကောင်တာ နောက်နားက နံရံမှာ သံနဲ့ ရိုက်ထားတဲ့ ကတ်ပြားကစာကို မြင်တော့ ကိုယ်ကို ရှေ့ကိုင်းပြီး အသံထွက်အောင် ဖတ်လိုက်တယ်၊ စာက ဘယ်လိုလဲ ဆိုတော့ ခေါင်းစဉ်က..



http://mmteashop.com

## ဆုငွေပေါင်သုံးဆယ်

မင်းတဲ အဆောက်အအုံ အနီးအနားနှင့် တာဝါလေးလ် မျှော်စင်အကြားတွင် ရွှေနှင့် စိန်ဖြင့် ပြုလုပ်ထားသော လော့ကတ်သီးတစ်ခု ကျပျောက်သွားသည်။ တွေ့ရှိ ကောက်ရသူများ အောက်ပါ လိပ်စာအတိုင်း ပို့ပေးပါ၊ ပေါင် (၃၀) တိတိ ကျေးဇူးဆပ်ပါမည်။

**(ပုံ) မစ္စတာစမစ်**

**အော်ရိန်းချ်ဗီလား**

**ဘားနက်မြို့။**

ဆမ်က ဆတ်ခနဲ မော့ကြည့်လိုက်ပြီး ...

"ဘယ်လောက် "

"ပေါင်သုံးဆယ်တဲ့၊ ဒီလောက် ပေးပုံထောက်တော့၊ တော်တော် အဖိုးတန်မယ့် လော့ကတ်သီးနဲ့တူတယ် "

လို့ပြောပြီး အရက်ရောင်းတဲ့ မိန်းကလေးဘက် တစ်ဆက်တည်း မေးလိုက်တယ်။

"ဒီကြော်ငြာစာရွက် ဘယ်က ရတာလဲ "

ဒီတော့ ကောင်မလေးက ..

"လွန်ခဲ့တဲ့ တစ်နာရီလောက်က လူတစ်ယောက် သားသားနားနားပါပဲ၊ ဒီမှာ အရက်တစ်ခွက် နှစ်ခွက်လောက် ဝင်သောက်ရင်း သူ့ သေသွားတဲ့ မိန်းမရဲ့ လော့ကက်သီး ကျပျောက်သွားလို့ ဆိုပြီး၊ ငိုမဲ့မဲ့မျက်နှာနဲ့ အဲဒီ စာရွက်ရေးပြီး ကျွန်မတို့ဆိုင်ရှင်ကို ငွေတစ်ပေါင်ပေးပြီး အဲဒီနံရံမှာ ကပ်ခိုင်းတာပဲ "

အဲသလို ပြောပြီး ကောင်မလေးက ဖောက်သည်တစ်ယောက် ဝင်လာတာနဲ့ အရက် သွားရောင်းနေလိုက်တယ်၊ ဟိုလူက အဲဒီ ကြော်ငြာကိစ္စဖြတ်ပြီး မြင်းပွဲအကြောင်း



http://mmteashop.com

ဆက်ပြောနေပေမယ့် ဆမ်က စိတ်မဝင်စားတော့ဘူး၊ လော့ကက်သီးနဲ့ ပေါင်သုံးဆယ် အကြောင်းပဲ တွေးနေမိတော့တယ်၊ ဒီတော့ ဟိုလူက ဝိုင်ပုလင်းကို ဆမ်ဘက် ထိုးပေးနေရင်း...

"တစ်ခွက်ချလိုက်ဦး မိတ်ဆွေ၊ အဲဒီ လော့ကက်သီးကို ခင်ဗျား ကောက်ရချင် ရမှာပေါ့၊ ဘယ်သူ ပြောနိုင်မလဲ"

လို့ နောက်သလို ပြောင်သလို ပြောလိုက်သေးသတဲ့၊ ဆမ်က သူ့စကားအတိုင်း တစ်ခွက် ထပ်မော့လိုက်ရပေမယ့် စိတ်ထဲမှာတော့ တာဝါဟေးလ်မျှော်စင် ရှိတဲ့ တောင်ကုန်းနဲ့ ဒီအရက်ဆိုင်ကြားမှာ လူတွေက တကုန်းကုန်းနဲ့ လော့ကက်သီး ရှာနေကြမှာကိုပဲ မြင်ယောင်နေပြီး သူသာ ကောက်ရလိုက်ရရင် ဆုငွေ ပေါင်သုံးဆယ်ကြီးကို ဘယ်လို သုံးရပ့ါမလဲ တွေးနေတော့တယ်။

ဒီတော့ သူ အကဲခတ်နေတဲ့ ဟိုလူက သူ့အကြိုက်လိုက်ပြီး ..

"ခင်ဗျား ရှာချင် ရှာကြည့်ပါလား၊ ကံကောင်းရင် တွေ့မှာပေါ့၊ ဒါမျိုးဆိုတာ ကုသိုလ်ကံကောင်းတဲ့လူ တွေ့စမြဲပဲဗျ"

ဆမ်က အစတော့ ခေါင်းခါပြီး ငြင်းသေးတယ်။ ဒါပေမဲ့ ခဏကြာတော့ ကြော်ငြာ စာရွက် လိပ်စာကူးယူပြီး အလကားနေရင်း ကံစမ်းသဘောနဲ့ ရှာကြည့်ဦးမယ် ဆိုပြီး ဆိုင်ထဲက ထွက်ခဲ့တယ်၊ ဟိုလူက သူနဲ့အတူ လိုက်လာခဲ့ရင်း...

"ကျုပ်စိတ်ထဲမှာ တွေ့ရမယ်လို့ချည်း ထင်နေတာဗျ၊ ကျုပ်ဒီလို ထင်ရင် ဖြစ်တတ်တယ်၊ တစ်ခါတုန်းက အဲသလိုပဲ၊ ငါ တစ်နေရာရာက ငွေရတော့မယ်လို့ စိတ်ထဲ ထင်လာတာ တယ်မကြာပါဘူးဗျာ၊ ကျုပ် အဒေါ်တစ်ယောက် သူ့စိုက်သွားတစ်ကပ်လုံးကို ယောင်ပြီး မျိုချမိတာနဲ့ မာလက ရှာန်ကြွသွားတော့ သူ့လက်ကျန်ငွေ ပေါင် (၅၀၀) တိတိ အမွေရလိုက်တယ်ဗျ"

ဤတွင် ဆမ်က သက်ပြင်းတစ်ချက် မှုတ်ထုတ်ပြီး...

"ဟာ.. ကျုပ်မှာရှိတဲ့ အဒေါ်ကတော့ သူ့ စိုက်သွားတွေ ယောင်ပြီး မျိုချပစ်ရင် ကျုပ်ကို အသစ်ထပ်ပြီး လုပ်ပေးခိုင်းမယ့် ဟာကြီးဗျ၊ ဘာပစ္စည်းမှ ရှိတာ မဟုတ်ဘူး"

http://mmteashop.com

ဒီတော့ ဟိုလူက ဆမ်ကို သနားကရုဏာသက်စွာနဲ့ ဆမ့်ပခုံးကို ညင်ညင် သာသာလေး ပုတ်လိုက်ပြီး -

"ဒီမယ် မိတ်ဆွေ မတော်လို့များ အဲဒီ လော့ကက်သီးကို ကျုပ်တို့ တွေ့ကြမယ်ဆိုရင် ခင်ဗျားပဲယူဗျာ၊ ကျုပ်အဖို့တော့ မလိုပါဘူး၊ ပြည့်ပြည့်စုံစုံ ရှိပါတယ်"

လို့ ပြောရှာတယ်။

ဒီနောက်ပိုင်းတော့ သူတို့ဟာ အင်မတန်ချစ်တဲ့ သူငယ်ချင်းတွေလို ပခုံးချင်း ယှဉ်ပြီး လျှောက်သွားကြတယ်။ မင်းတဲ အဆောက်အအုံ ရောက်တော့ ခြေလှမ်းတွေကို နှေးလိုက်ကြပြီး တာဝါဟေးလ် ရောက်သည်အထိ မျက်စိတွေကို အနားမပေးဘဲ လမ်းတစ်လျှောက်လုံး ရှာသွားကြတယ်။ ရှာတယ်ဆိုပေမယ့် ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် တငံ့ငံ့လည်း မလုပ်ဝံ့ဘူးလေ၊ ဆမ်ဆိုတာ အံ့းလွဲနေတဲ့ လူလိုပဲ၊ လည်ပင်း စောင်းကန်း စောင်းကန်းနဲ့ တောင်လှည့်မြောက်လှည့် သူ့ကို အဝေးက ကြည့်မယ်ဆိုရင် ရုပ်ကြီးစင်က မင်းသားကြည့်ရသလိုပဲ။

အဲသလိုနဲ့ တာဝါဟေးလ် လေ့ကားရင်းရောက်တော့ ဘာမှ မတွေ့ကြတာနဲ့ လမ်းဖြတ်ကူးပြီး ဟိုဘက် ပလက်ဖောင်းရောက်တော့ လာခဲ့တဲ့ဘက် ပြန်လျှောက် ခဲ့ကြတယ်။ အဲဒီအချိန်မှာ စုတ်စုတ်ပြတ်ပြတ်နဲ့ ဆိပ်ကမ်းဂျပိုးလို လူတစ်ယောက်ဟာ သူတို့အနား ကပ်လာပြီး ဆမ့်အဖော်ရဲ့ လက်မောင်းအင်္ကျီစကို လှမ်းဆွဲလိုက်တော့ အဲဟိုလူက လက်ကို ပုတ်ထုတ်လိုက်ပြီး ...။

"ဘာလဲ ကိုယ့်လူ၊ ငါ့မှာ မင်းပေးစရာ ပိုက်ဆံအကြွေ မရှိဘူး"

ဒါပေမဲ့ ဂျပိုးလိုလူက နောက်က ကပ်လိုက်မြဲ လိုက်လာပြီး။

"ကျွန်တော် ပိုက်ဆံတောင်းတာ မဟုတ်ပါဘူး ဆရာကြီးရယ်၊ ရောင်းစရာ ပစ္စည်းလေးတစ်ခု ပြချင်လို့ပါ"

ဒီတော့ ဆမ့်မိတ်ဆွေက တုံ့ခနဲ ရပ်လိုက်ပြီး ..

"ဘာရောင်းမှာလဲ"



http://mmteashop.com

လို့ ခပ်ထန်ထန် မေးလိုက်တော့ ဂျပိုးလိုလူက လမ်းအထက်အောက်ကို မျက်စိကစားရင်း ဆမ်တို့ဘက် မျက်နှာကပ်လိုက်ပြီး ခပ်တိုးတိုး ပြောလိုက်တယ်။ သူ့အသံက မသဲကွဲတော့ ဆမ့်အဖော်က အော်လိုက်တယ်။

"ဟေ့.. ကျယ်ကျယ်ပြောပါကွ "

ဂျပိုးလိုလူက စောစောကထက် ပို၍ကျယ်တဲ့ အသံနဲ့..

"ကျွန်တော် ကောက်ရထားတဲ့ ပစ္စည်းလေးတစ်ခု ရောင်းချင်လို့ပါဗျာ "

ဒီတော့ ဆမ့် လက်မောင်းကို သူ့မိတ်ဆွေက အချက်ပေးတဲ့ အနေနဲ့ ဆွဲဆိတ်လိုက်တာ ဆမ့်ခမျာ နာလွန်းလို့ အသံထွက်အောင် အော်မိမတတ် ဖြစ်သွားတယ်။ ပြီးတော့ နှစ်ယောက်သား ဂျပိုးလိုလူကို မျက်လုံးပြူး မျက်ဆံပြူးနဲ့ စိုက်ကြည့်နေကြတယ်။ တော်တော်ကြာမှ ဆမ်က 'ဂလု' ခနဲ မြည်အောင် တံတွေးကို မျိုချလိုက်ပြီး။

"ဘာပစ္စည်းလဲ၊ ပြစမ်းပါ"

ဒီတော့ ဂျပိုးလိုလူက သူ့ကျောဘက် လှည့်ပြန်ကြည့်ပြီး ဘောင်းဘီအိတ်ကပ်ထဲက လက်နှိုက်ထုတ်လိုက်တော့ သူ့လက်ဝါးထဲမှာ ပြောင်ပြောင်ဝင်းဝင်းနဲ့ လော့ကက်သီးကြီး၊ ပြီးတော့ ဂျပိုးလိုလူက ဆမ်တို့ကိုတောင် မယုံသလိုနဲ့ ဖျတ်ခနဲ လက်ဝါးကို ပြန်ဆုပ်လိုက်ပြီး လော့ကက်သီးကို သူ့ ဘောင်းဘီအိတ်ထဲ ပြန်ထည့်လိုက်တယ်။

အဲဒီအခါမှာတော့ ဆမ့်မိတ်ဆွေက သူ့လက်မောင်းကို ဒုတိယမ္ပိ စောစောကထက် နာအောင် ဆိတ်ပြန်တယ်။ ပြီး.. ဆမ် နားနားကပ်ပြီး တိုးတိုးကလေး...

"ဟုတ်ပြီ၊ ဟိုဟာမှ အစစ်ပဲ"

ဆိုပြီး ဂျပိုးလိုလူအား..

"ထပ်ပြစမ်းပါဦး၊ မင်းဟာကို တို့ဖြင့် ဘာမှန်း သဲသဲကွဲကွဲ မမြင်ရသေးဘူး"

ဒီတော့ ဂျပိုးလိုလူက နောက်တစ်ခါထုတ်ပြီး လက်ဝါးပေါ် ဖြန့်ပြပြန်တယ်။ ဆမ့်မိတ်ဆွေက ဩဇာတိက္ကမ ရှိတဲ့ အသံနဲ့...



http://mmteashop.com

"ဒါကို မင်း ဘယ်က တွေ့လာတာလဲ "

ဂျပိုးလိုလူက အားနေတဲ့ လက်ညှိုးနဲ့ ညွှန်ပြရင်း..

"ဟော့ဟို မင်းတဲ တိုက်နားက "

ဒီတော့ ဆမ့်အဖော်က..

"ဒါကို မင်း ဘယ်လောက်နဲ့ ရောင်းမှာလဲ "

"ရနိုင်သလောက် ပိုက်ဆံများများနဲ့ ရောင်းမှာပေါ့၊ ဘယ်လောက်တန်မှန်း ကျွန်တော် မသိတာ ခက်တာပေါ့၊ ဒါပေမဲ့ ပေါင်နှစ်ဆယ်လောက် ရရင် ရောင်းမယ်ဗျာ၊ ကျွန်တော် လိုနေတဲ့ ငွေပဲ"

ဒီတော့ ဆမ်က ကြားရတဲ့သူ ဆွဲထိုးချင်စရာကောင်းတဲ့ အသံနဲ့ မရယ်ချင့် ရယ်ချင် ရယ်လိုက်ပြီး။

"ဟိုးဟိုး.. ပေါင်နှစ်ဆယ်တဲ့၊ မင်းရူးများ နေသလား နှစ်ပေါင်လောက်တော့ ပေးနိုင်မယ်"

"ဒါဖြင့်လည်း ကိစ္စမရှိဘူး၊ ကပ္ပတိန် ကျွန်တော် ဒီပြင်မှာ သွားရောင်းတော့မယ်၊ စိတ်မရှိပါနဲ့နော်၊ ဒါဟာ အောက်ထစ် ပေါင်တစ်ရာမကတော့ တန်မယ် ထင်တာပဲ၊ ပစ္စည်းရှင်ကို ပြန်ပေးရင်တောင် ရေအဆုံး ကုန်းတစ်ဝက်ဆိုတာလို တန်ဖိုးတစ်ဝက် လောက်တော့ ရဦးမှာပဲ"

ဂျပိုးလိုလူက အဲသလို ပြောပြီး ထွက်သွားတော့မယ် လုပ်တော့ ဆမ့်မိတ်ဆွေက ဂျပိုးရဲ့ လက်ကို ဖမ်းဆွဲထားပြီး ပစ္စည်းကို တစ်ခါ ထပ်ပြခိုင်းပြန်တယ်။

ထို့နောက် ဆမ်ကို ခပ်လှမ်းလှမ်း ဆွဲခေါ်သွားပြီး နှစ်ကိုယ်ကြား လေသံနဲ့..

"တန်တာတော့ တန်တယ်ဗျာ၊ ပိုင်ရှင် ပြန်မပေးချင်တောင် ခဏလောက် လျှို့ထားပြီး ပြန်ရောင်းရင် ပေါင်တစ်ရာလောက်တော့ အေးအေးလေး ရမှာပဲ"

"တန်တယ်ထားတော့ ဒါပေမဲ့ ကျုပ်မှာ ပေါင်နှစ်ဆယ် ပြည့်အောင်မှ မရှိတာ"



http://mmteashop.com

လို့ ဆမ်က ပြောတော့ သူ့မိတ်ဆွေက..

"ကဲ ပေါင်နှစ်ဆယ် မပြည့်တော့ ဘယ်လောက်ရှိနေလို့လဲ "

အဲဒီမှာ ဆမ်က သူ့ ရှိသမျှ အိတ်သွန်ဖာမှောက် ထုတ်ပြီး ရေတွက်ကြည့်လိုက်တော့ စုစုပေါင်း (၉) ပေါင်၊ (၁၄) သျှီလင်နဲ့ (၁၀) ပဲနိပဲ။

ဒီတော့ သူ့မိတ်ဆွေက-

"ခင်ဗျား အိမ်မှာတော့ ရှိဦးမှာပေါ့နော်"

"ပိုင်စေ့တစ်စေ့တောင် မရှိဘူးဗျာ၊ ဒါအကုန်ပဲ"

လို့ ဆမ်က ပြန်ပြောတယ်။ တကယ်လည်း မရှိတာ အမှန်ဘဲ။

သို့သော် သူ့မိတ်ဆွေက ဆမ်ကို ရစေချင်လွန်းလို့ ထင်ပါရဲ့၊ အားပေးအားမြှောက်ပြုရှာတယ်။

"ဒါဖြင့် ခင်ဗျား မိတ်ဆွေသူငယ်ချင်းတွေ ဆီကကော ချေးလို့ ငှားလို့ မရနိုင်ဘူးလားဗျာ၊ တောက်.. ကျုပ်မှာလည်း ပါမလာလို့ဗျာ၊ နို့မဟုတ်ရင် ချေးတောင် မနေဘူး။ ဒီငွေလေး တစ်ဆယ်၊ ကိုးပေါင်လောက်ကို အလကား ပေးပါတယ်"

ဆမ်က ခေါင်းခါပြတယ်။ ဂျပိုးလိုလူကလည်း သူ့ဟာကို ပေါင်နှစ်ဆယ်အောက် လျှော့ပြီး မရောင်းနိုင်ဘူးလို့ ခေါင်းမာနေတော့ နောက်ဆုံးမှာ ဆမ့်မိတ်ဆွေရဲ့ အပြောအဆိုလည်ပတ်မှုကြောင့် ရှိသမျှငွေရယ်၊ ဆမ့် ငွေနာရီကြိုးရယ်၊ ဆေးပြင်းလိပ် နှစ်လိပ်ရယ်၊ ခဲတံချွန်တဲ့ မောင်းချဓား တစ်လက်ရယ်နဲ့ပဲ ဈေးတည့်သွားတော့တယ်။ အရောင်းအဝယ်ပြီးတော့ ဂျပိုးက လော့ကက်သီးကို ပေးရင်း..

"အိတ်ထောင်ထဲမှာ သေသေချာချာ ထည့်ထားနော်၊ ဒို့ပြင်လိုတွေ မြင်သွားဦးမယ်၊ ကျွန်တော့် အဖို့တော့ဗျာ၊ ဒီပစ္စည်းကို ခင်ဗျား အလကားပေးရသလိုပဲ၊ နစ်နာလှပါတယ်၊ ပိုက်ဆံမရှိတော့လည်း ခံရတာပဲဗျ၊ ဘယ်တတ်နိုင်မလဲ "



http://mmteashop.com

ဝမ်းပန်းတနည်း ပြောပြီး ခေါင်းခါခါ လည်ခါခါနဲ့ တာဝါပေးလ်ဘက် ထွက်သွားတော့တယ်။ ဆမ်မိတ်ဆွေက ဂျပိုးလိုလူရဲ့ ကျောပြင်ကို ခဏငေးကြည့် နေရင်းက တစ်စုံတစ်ခုကို သတိရလာသလို ဆမ်ကို ကပျာကယာ နှုတ်ဆက်ပြီး..

"ကဲ မိတ်ဆွေ၊ ခင်ဗျားကိစ္စ ဟန်ကျသွားတာ ဝမ်းသာသဗျာ၊ ကျွန်တော် ဟိုကောင့်နောက်လိုက်ပြီး နှုတ်ပိတ်လိုက်ဦးမယ်၊ နို့မဟုတ်ရင် ဒီကောင်မျိုးတွေ ပါးစပ်ဖွာပါဘိသနဲ့၊ နောက်တွေ့ရင် ခေါ်ပေ့ါဗျာ"

လို့ နှုတ်ဆက်ပြီး သုတ်သုတ်ပါအောင် ထွက်သွားလေရဲ့။

ဆမ်ကတော့ အိမ်ကို ဝမ်းမြောက်ဝမ်းသာနဲ့ ပြန်ခဲ့တယ်။ လမ်းမှာ စန္ဒရားတီးသံကြားတော့ က များတောင် က လိုက်မိသေးသတဲ့။ သူ အိမ်ပြန်ရောက်တော့ ဂျင်ဂျာနဲ့ ပီတာတို့ မရှိကြဘူး။ အပြင်ထွက်နေကြတယ်။ သူ ငွေအချို့အပ်ထားတဲ့ အိမ်ရှင်အဒေါ်ကြီးလည်း မရှိဘူး။ ဒါနဲ့ အိမ်ရှင်ရဲ့ ဆယ့်တစ်နှစ် သမီးလေးဆီ ပိုက်ဆံနည်းနည်း ချေးကြည့်တယ်။ ဒါပေမဲ့ မရပါဘူး။ ကောင်မလေးကတောင် သူ့ကို 'ပိုက်ဆံတွေ သုံးလှဖြုန်းလှချည်လား' လို့ ပြောဆိုတာ ခံလိုက်ရသေးသတဲ့။

အဲ... ည (၈) နာရီကျမှ အိမ်ရှင်အဒေါ်ကြီး ပြန်လာလို့ ကိုယ်အပ်ထားတဲ့ငွေ ကိုယ်ပြန်တောင်းတာပဲ၊ တယ် ကြည်ကြည်ဖြူဖြူ မဟုတ်လှဘူး။ 'သိပ် စာရင်းရှုပ်တဲ့ ဟာတွေပဲ' လို့ အပြောအဆိုခံရပြီးမှ ပိုက်ဆံကို ကြမ်းပြင်ပေါ်က ကောက်ယူခဲ့ရတယ်။ 'ကျေးဇူးတင်ပါတယ်' လို့လည်း ပြောခဲ့ရသေးတယ်။ အဲဒီနောက် ဂျင်ဂျာနဲ့ပီတာ ပြန်မလာခင် ညစာသွားကြိတ်ပြီး အိမ်ပြန်လာတာတောင် ဟိုနှစ်ကောင် မရောက်သေးဘူး။ ဒါနဲ့ ဆမ်တစ်ယောက် အိပ်ရာထဲဝင်ခဲ့တယ်။ ဒါပေမဲ့ အိပ်လို့တော့ မပျော်ပါဘူး။ ဒီလော့ကက်သီး ရောင်းရမယ့် ငွေတွေကို ဘယ်လို သုံးရမယ်ဆိုတာ စဉ်းစားရင်း ပီတိတွေ ဖြစ်နေတယ်။ သူ့ ခေါင်းအုံးအောက်ထားတဲ့ လော့ကက်သီးကိုလည်း လက်နဲ့ မကြာခဏ စမ်းစမ်းကြည့်မိရတာ အမော။ ပီတာနဲ့ ဂျင်ဂျာ ပြန်ရောက်လာတော့မှ သူ အိပ်ချင်ဟန် ဆောင်နေတယ်လေ။ ဟိုနှစ်ကောင်ကလည်း အိပ်ရာထဲဝင်ပြီး မကြာမီဘဲ ဟောက်သံကြားရတော့တယ်။ ဆမ်က ခဏလောက် စောင့်ကြည့်နေပြီး သင်းတို့နှစ်ယောက် တကယ် အိပ်အိပ် သေချာအောင် ချောင်းတစ်ချက်ဟန့်ပြီး သူတို့နာမည်တွေ လှမ်းခေါ်ကြည့် သေးတယ်။ ထူးသံ မကြားတော့မှ အိပ်ရာက အသာထထိုင်ပြီး ဖယောင်းတိုင်မီးနဲ့



http://mmteashop.com

လော့ကက်သီးကို လက်ဝါးထဲ ထည့်ကြည့်ပြန်တယ်။ မီးရောင်ထဲမှာ ပြိုးပြိုးပြက်ပြက်နဲ့ လှနေတဲ့ လော့ကက်သီးထဲ စိတ်ဝင်စားနေတုန်း အောက်ကလီအာသံ တစ်ခုက..

"ဟဲလို ဆမ် မင်းလက်ထဲက ဘာလဲကွ"

ဆမ်ဟာ တအားလန့်သွားပြီး အိပ်ရာပေါ်တောင် ပက်လက်လန် ကျသွား မတတ်ဘဲ ကမန်းကတန်း သူ့ လက်ထဲက ဖယောင်းတိုင်မီးကို မှုတ်လိုက်ပြီး လော့ကက်သီးကို ခေါင်းအုံးအောက်ထဲ ပြန်ထားရင်း အသာ အိပ်ချင်ယောင် ပြန်ဆောင် နေလိုက်တယ်။ ဒါပေမဲ့ ဂျင်ဂျာက..

"မင်းကို အဲဒါ ဘယ်သူပေးတာလဲ"

ဆမ်က မကျေမချမ်းနှင့် အံသွားတွေကို တဂျွမ်းဂျွမ်းမြည်အောင် ကြိတ်ရင်း..

"မင်းဘာသာမင်း အေးအေးဆေးဆေး ပြန်အိပ်နေစမ်းပါကွာ"

သို့သော် ဂျင်ဂျာက ပြန်အိပ်ဖို့ စိတ်မကူးဘဲ ပီတာကိုပါ မရမက နှိုးတော့တယ်။ အစကတော့ ပီတာက သူအိပ်ကောင်းနေတုန်း နှိုးရပ်ပါ့မလားလို့ ဂျင်ဂျာကို ဒေါပွပေမယ့် ဆမ့်လက်ထဲက ဝင်းဝင်းပပ လော့ကက်သီး အကြောင်း ကြားလိုက်ရရင်ပဲ စိတ်ပြေသွားကာ ငေါက်ခနဲ ထထိုင်ပြီး-

"ဘယ်မလဲ ပြစမ်း ပြစမ်း"

အဲဒီအခါမှ ဆမ်ဟာ ရင်တုန်ပန်းတုန်နဲ့-

"အလကား ဂျင်ဂျာ အိပ်မက်မက်ပြီး တွေ့ကရာ လျှောက်ပြောတာ၊ ယုံမနေစမ်းပါနဲ့ကွာ၊ ငါက မိန်းမမှ မဟုတ်ဘဲ၊ လော့ကက်သီး ဘာလုပ်ဖို့လဲ"

ဆိုတော့ ဂျင်ဂျာ အိပ်ရာထဲကထပြီး ဖယောင်းတိုင်တစ်တိုင် မီးညှိလိုက်တယ်။ ပြီးတော့ ဆမ်ဆီ လျှောက်သွားပြီး -

"ဟိတ် ပြပါကွ၊ ဟော့ကောင် ငါ အိပ်မက်မက်နေတာ မဟုတ်ပါဘူး၊ မင်း ဘာလုပ်နေသလဲဆိုတာ တစ်ချိန်လုံး အိပ်ချင်ယောင်ဆောင်ပြီး ချောင်းကြည့်နေတာကွ သိပါတယ်"



http://mmteashop.com

ဒါပေမဲ့ ဆမ်က သူတို့ဘက် ကျောခိုင်းပြီး အိပ်ချင်ပြုနေလိုက်တယ်။ ဘာမှပြန်ပြီး ရှင်းလင်းချက် ထုတ်မနေတော့ဘူး။ ဒီတော့ ဂျင်ဂျာက ပီတာကို -

"ပီတာရေ ဆမ်တော့ ပြန်အိပ်သွားရှာပြီ၊ လာ လာ တို့ သူ့ကို မနှိုးတော့ဘဲ သူ့ ခေါင်းအုံးအောက်က လော့ကက်သီးကို ယူကြည့်ရအောင်၊ မင်း ဟိုဘက်က သွား၊ ငါ ဒီဘက်ကနေ နှိုက်မယ်၊ သတိထား၊ သူ မနိုးစေနဲ့နော်"

လို့ ပြောပြီး ခေါင်းအုံးအောက် လက်လျှိုထည့်ကာ ဟိုနှိုက် သည်နှိုက် လုပ်တော့တာပဲ၊ ပီတာကလည်း ဟိုဘက်ကနေ သည်အတိုင်းလုပ်။

ဆမ်ဟာ ငါးမိနစ်လောက်တော့ အောင့်အည်းနေနိုင်ပေမယ့် သူ့ ကိုယ်ထည် အောက်က တရွရွ လျှောက်စမ်းနေတဲ့ လက်အချောင်းနှစ်ဆယ် ဒဏ်ကို ကြာရှည် မခံနိုင်တော့ဘဲ လက်တွေခြေတွေ တောင်ယမ်း မြောက်ယမ်းနဲ့ လူစင်စစ်က လေရဟတ် ဘဝ ရောက်ရှာရတော့တယ်။ ဒီတော့ ဂျင်ဂျာက ပီတာကို -

"သူ့လက်တွေ ဖမ်းချုပ်ထားစမ်းကွာ"

ပီတာက သူ့နှာဖျားမှာ ဟီးလေးခိုနေတဲ့ ချွေးသီးချွေးပေါက်ကို သူ့အင်္ကျီလက်နဲ့ သုတ်ရင်း..

"ငါ့ခြီးတဲ့မှပဲ ပင်ပန်းလိုက်တာ မင်းဘာသာမင်း ချုပ်ပါလားကွ"

ဒီတော့ ဂျင်ဂျာက ဆမ့်ကို မကျေမချမ်းနဲ့ ကြည့်ရင်း..

"ဟေ့... မင်း အေးအေးသက်သာနဲ့ ပြမလား မပြဘူးလား ဆမ်၊ ကောင်းကောင်းမွန်မွန် တောင်းပန်လို့မရရင် တစ်အိမ်လုံးကြားအောင် အော်မယ်ကွာ "

လို့ ဆိုပြီး သူ့အသံပြဲကြီးနဲ့..

"မင်း ခိုးလာတဲ့ ရွှေလော့ကက်သီးကြီးကို ပြစမ်းပါ ဆမ်"

ပြီးတော့ ပီတာက တစ်ခါ..

"ဟုတ်တယ် စိန်စီထားတဲ့ လော့ကက်သီးကြီးကို ပြပါ"



http://mmteashop.com

ဒီနောက် ပီတာနဲ့ ဂျင်ဂျာ တိုင်ပင်ထားသလို တစ်ပြိုင်တည်း -

"တစ်.. နှစ်.. သုံး တို့ကို လော့ကက်သီးပြပါ"

အဲဒီအခါမှာ ဆမ့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာပြီး ဒေါသနဲ့

"ဟိတ်..... အရှုးနှစ်ကောင် တိတ်စမ်း၊ တိတ်ရင် ပြမယ်"

စသည်ဖြင့် ဆဲဆိုမြည်တွန်ရင်း ခေါင်းအုံးအောက် လက်နှိုက်ရင်း သင်းတို့ နှစ်ကောင် မျက်နှာတွေ နောက်ထပ် မမြင်ချင်ကြောင်း၊ ဂျင်ဂျာ ဆိုတဲ့အကောင်ကို မွေးမွေးချင်း သူ့အမေက ရေနစ်သတ်ပစ်သင့်ကြောင်း၊ ပီတာ အမေကတော့ သင်းကို အချင်းမဖြတ်ရသေးခင် သင်းမျက်ခွက် မြင်လိုက်ရတဲ့အတွက် သင်းအမေက သွေးတက်ပြီး သေသွားတယ်လို့ သူ ယုံကြည်ကြောင်း၊ စိတ်ပေါက်ပေါက်နဲ့ လျှောက်ပြောနေတော့ ဂျင်ဂျာက...

"တော်လောက်ပြီ ဆမ်၊ လော့ကက်သီး ပြမှာသာပြ၊ နို့မဟုတ်ရင် ငါတို့ အော်ဦးမယ်"

ဆိုတော့မှ ဆမ်က သက်ပြင်းကြီး ချလိုက်ပြီး သူ့လက်ဝါးကို ဖြန့်ပြတော့တယ်။ ပီတာက ဆမ့်လက်ဝါးကို ဟိုဘက်သည်ဘက် လှဲ့ခိုင်းတယ်၊ ဒါမှ စိန်ရောင်ခြည် တလက်လက်နဲ့ မြင်ရမှာလို့ ဆိုတယ်။ ဂျင်ဂျာက ဖယောင်းတိုင်မီးနဲ့ နီးနီးကပ်ကပ်ကြည့်မှ မြင်ရမှာဆိုပြီး ဖယောင်းတိုင်မီးကို ဆမ်အနားတိုးကပ်တော့ ဆမ်ရဲ့ နှုတ်ခမ်းမွေး အဖျားလေးတွေကိုတောင် ဖျစ်ခနဲ မီးစွဲသွားသေးတယ်။

သူတို့ဟာ ဆမ့်ကို လော့ကက်သီးရလာပုံ အစအဆုံး ပြောခိုင်းတယ်။ ပြီးတော့ ဒီလော့ကက်သီးကို ပိုင်ရှင်ထံ ပေါင် (၃၀) နဲ့ ပြန်အပ်မယ့်အစား ပေါင်တစ်ရာနဲ့သာ ရောင်းဖို့ အကြံဉာဏ်ပေးတယ်။ ဒီတော့ ဆမ်က သွားကြားတွေကို တပွတ်ပွတ်စုပ်ရင်း -

"ငါ့ပစ္စည်း ငါ့ဟာငါ ကြိုက်သလို လုပ်မယ်ကွ၊ မင်းတို့ အကြံဉာဏ် အစုတ်အနုတ်တွေကို ငါလိုချင်တဲ့ အချိန်မှ ပြောမယ်ကွ"

လို့ ဆိုလိုက်တော့ ဟိုနှစ်ကောင်စလုံးကပဲ ပြိုင်တူ -



http://mmteashop.com

"ဟ.. တို့ပြောနေတာက မင်းအတွက်ချည်း မဟုတ်ဘူး၊ ငါတို့ အားလုံးအတွက်ကွ သိရဲ့လား"

ဆိုလိုက်ကြတော့ ဆမ် အလန့်တကြားနဲ့ မော့ကြည့်လိုက်ပြီး -

"ဟော.. မင်းတို့အတွက်လည်း ပါတယ်၊ ဟုတ်တယ် ဘာဆိုင်လို့တုန်း"

"တို့လည်း ဒီထဲမှာ ရှယ်ယာပါတယ်ဆိုတာ သိထားဖို့ပေါ့"

ဂျင်ဂျာက ပြောပြီး ပီတာက ဆက်ပြန်တယ်။

"ငွေများများနဲ့ ဒီလော့ကက်သီးကို ရောင်းရရင် တို့ရှယ်ယာ များများ ရမယ် မဟုတ်လား၊ ဒါကြောင့် ပေါင် (၃၈) လောက်နဲ့တော့ ပိုင်ရှင်ကို ပြန်မအပ်စေချင်တာပေါ့ကွ၊ သွားရောင်းရင် ပေါင်နှစ်ရာလောက်တောင် ရချင်ရမှာ၊ ဒါကြောင့် ပြောနေတာပေါ့"

အဲဒီအခါမှာ ဆမ်ဟာ အိပ်ရာပေါ် ငူငူကြီးထိုင်ပြီး ကြောင် အရိုးနင်သည့် တဂတ်ဂတ်အသံပဲ ထွက်နိုင်တော့တယ်။ ပြီးတော့မှ စိတ်ဆိုးမာန်ဆိုးနဲ့ အိပ်ရာက ရုန်းကန်ထပြီး ထွက်သွားတော့တယ်။

ဒီတော့ ဂျင်ဂျာက ပီတာကို -

"မတားနဲ့ကွ၊ သွားပစေ၊ တော်ကြာ တို့ပြောတာတွေ သူ လက်ခံလာမှာပါ၊ ဒီကောင် ဒီလောက် စိတ်ရင်းမဆိုးပါဘူး"

"အေးလေကွာ၊ တို့ကလည်း မတရားတောင်းနေတာမှ မဟုတ်ဘဲ၊ သူ လော့ကက်သီးဖိုး မပြည့်လို့ ဖြည့်ပေးလိုက်ရတဲ့ မောင်းချဓားဟာ မင်း ကောက်ရတာ မင်း ဓားပဲဟာ ငါသာဆိုရင် ဒီဓားကို သူ့ လော့ကက် သီးမျိုး နှစ်ဆယ်နဲ့တောင် မလဲသေးဘူး"

"အေးလေကွာ၊ တို့အပေါ် သင်းပတ်လို့ မရပါဘူး၊ ကိုယ့်အခွင့်အရေး ကိုယ်တောင်းကြတာ လွန်တာမှ မဟုတ်ဘဲ"

ဒီတော့မှ ဆမ်က တံခါးပေါက်ရောက်မှ ပြန်လှည့်ပြီး ဒေါကြီးမောကြီးနဲ့ -

"ဘာအခွင့်အရေးလဲ၊ မင်းတို့ ကောက်ရတာလား"



http://mmteashop.com

"တို့သုံးယောက်ဟာ ကောင်းတူဆိုးဖက်၊ ဘာပဲရရ ညီတူမျှတူ ဆိုတဲ့ ကတိစကား မင်းမေ့ပြီလား"

"ဒါ ငါကောက်ရတာမှ မဟုတ်တာ"

ဂျင်ဂျာစကားကို ဆမ်က ပြန်ပက်လိုက်တော့ ပီတာက -

"အေး မင်း ကောက်ရတာ မဟုတ်ဘူး၊ ဝယ်တာ ဒါကြောင့် မင်း တို့ကို ရှယ်ယာမပေးရင် သူများပစ္စည်း ခိုးရာပါလက်ခံမှုနဲ့ တို့က ဖော်ကောင်လုပ်မယ်။ ဒီတော့မှ မင်းဆုငွေ ပေါင် (၃၀) တောင်မရဘဲ ထောင်ထဲ ကွိနေဦးမယ်။ အောရိန်းချ်ဗီလားကို မင်းထက်အရင် ရောက်အောင် သွားတိုင်ပြောမယ် သိလား"

"အစစ်ပဲ၊ ရှယ်ယာမရရင်တော့ မနက်လင်းလင်းချင်း ပုလိပ်ဌာနကို သွားမယ်"

ဟု ဂျင်ဂျာက ပြောလိုက်တော့ ဆမ်က ခါးခါးသီးသီး -

"ဂါတ်တဲနဲ့ မင်းကတော့ အိမ်ဦး ကြမ်းပြင်လိုနေတာ အဆန်း မဟုတ်ပါဘူးကွာ"

"အောင်မာ၊ ဟေ့ ငါတို့ကို ပြန်ပြောမနေနဲ့၊ ရှယ်ယာ ပေးမလား မပေးဘူးလားသာ တစ်ခွန်းတည်းပြော"

ဒီတော့ ဆမ်က -

"ဟေ့ မင်းတို့ ရှယ်ယာ ရှယ်ယာနဲ့သာ ပြောနေကြ၊ ငါဒီဥစ္စာရအောင် စိုက်ခဲ့ရတဲ့ ငွေတို့ ကြေးတို့ ဒုက္ခတို့တော့ ထည့်မတွက်ကြဘူးလား"

အဲဒီတော့မှ ဂျင်ဂျာနဲ့ ပီတာဟာ ခုတင်ပေါ်မှာ နစ်ယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြတယ်။ အတော်ကြာတော့မှ သူတို့ကိုယ်ကို သူတစ်ပါးအပေါ် သနားတတ်တဲ့စိတ် ရှိတာ မကောင်းကြောင်း အပြစ်တင်စကား ပြောကြပြီး ဆမ်အား ငွေ (၅) ပေါင်စီပေးပြီး ရှယ်ယာဝင်ဖို့ သဘောတူကြတယ်။ ပြီးတော့ ဆမ်ကို ရှုတည်တည်နဲ့ ကြည့်ရင်း ဂျင်ဂျာက -

"ကဲ ဒီလိုဆိုရင်တော့ မင်းဆီက တို့မတရားလိုချင်တာ မဟုတ်ဘူးဆိုတာ သိလောက်ရောပေါ့"



http://mmteashop.com

ပြီး ပီတာက -

"တို့ မို့လို့ပေါ့ကွာ၊ သည့်ပြင်လူဆို တစ်ပြားမှ ပေးမှာမဟုတ်ဘူး။ တို့ကို ရှယ်ယာပေးမလား၊ မပေးရင် ဂါတ်တဲသွားတိုင်မယ် ပြောလိုက်မှာပဲ "

ဆမ်က ဘာမှ ပြန်မပြောတော့ဘူး။ အဲသည်အခါမှာ ဂျင်ဂျာက လော့ကက်သီးကို သုံးယောက်အညီအမျှ ပိုင်တဲ့အကြောင်း စာရွက်ပေါ်မှာ စာချုပ်ရေးတော့တယ်။ သူတို့ အိပ်ရာထဲ ပြန်ရောက်ကြတော့ နံနက်လင်းရောင်ခြည် သမ်းနေပြီ။ မနက် နိုးနိုးချင်း ဂျင်ဂျာက ဆမ်ကို အတင်းနှိုးပြီး လက်ဆွဲနှုတ်ဆက်ခိုင်းတယ်။ သူတို့ အသံဗလံတွေကြောင့် ပီတာလည်း နိုးလာပေမယ့် ဆမ်က သင်းတို့နှစ်ယောက်စလုံးကို လက်ဆွဲနှုတ်ဆက်ဖို့ ငြင်းဆန်တဲ့အတွက် သူတို့က ဆမ်ရဲ့ကျောကို တစ်ယောက်တစ်လှည့်စီ ပွတ်သပ်ပေးကြတယ်။ ပြီးတော့ ဆမ်ကို သူကြော်ငြာစာတွေ့ခဲ့တဲ့ စားသောက်ဆိုင်မှာ သွားပြီး မနက်စာစားရင်း ကြော်ငြာကို ထပ်ကြည့်ဖို့ ခေါ်ကြတယ်။ ဒါကိုတော့ ဆမ်က မငြင်းပါဘူး။ ဟိုမှာ သူ့ရဲ့ မနေ့ကမိတ်ဆွေကြီးနဲ့ တွေ့ချင်တွေ့မှာ၊ တွေ့ရင် လောလောဆယ် သူတွေ့ရတဲ့ ဒုက္ခတွေကို ဖောက်သည် ချလိုက်ဦးမယ်ပေါ့လေ။

ဒါပေမဲ့ အဲဒီဆိုင်မှာ သူ့မိတ်ဆွေကြီးကို မတွေ့ရပါဘူး။ ဂျင်ဂျာနဲ့ ပီတာကလည်း ဆမ်အနားက တစ်ဖဝါးမှ မခွာဘူး။ ဒီတော့ ဆမ်က သင်းတို့ နှစ်ယောက်နဲ့အတူ သွားလာနေမယ့်အစား လူဆိုးခါးပိုက်နှိုက်တွေနဲ့ သွားလိုက်ချင်သေးတယ်နဲ့ ပြောတယ်။ ဒီတော့ ဂျင်ဂျာက ဆမ်ရဲ့ ကုတ်အင်္ကျီ အတွင်းအိတ်ထဲမယ် လော့ကက်သီး ရှိမရှိ စမ်းကြည့်ရင်း ရှိမှန်းသိတော့ ဆမ်ကို လေချိုသွေးတယ်။

"ဒါ စိတ်ဆိုးစရာလား သူငယ်ချင်းရာ၊ တို့အတူပိုင် ပစ္စည်းကို တစ်ယောက်တည်း သိမ်းထားတာထက် သုံးယောက်အတူတကွ ဆိုတာက ပိုပြီး စိတ်ချရတယ် မဟုတ်လား "

ဒီတော့ ပီတာကလည်း -

"ဟိတ် ဂျင်ဂျာ၊ တို့များ သူ့ကို ပိုက်ဆံအိတ်ပါတဲ့ သားရေခါးပတ်ပြားကြီး တစ်ခု ဝယ်ပေးထားရင် မကောင်းဘူးလား"

"အေး.. ဟုတ်သကွ၊ အဲဒီ ခါးပတ်ကို အင်္ကျီအောက်ကခံပြီး ပတ်ထားရင် တို့အတွက် နေသာထိုင်သာ ရှိသွားမှာ"



http://mmteashop.com

လို့ ဂျင်ဂျာက ထောက်ခံတော့ ဆမ်က ဘုကျကျအသံနဲ့

"အေး မင်းတို့ပဲ နေသာထိုင်သာရှိကြ၊ ငါ့မှာတော့ ခါးပတ်ကြီး ခွေးလည်ပင်းကြိုး တပ်ထားသလို နေမှာတော့ မစဉ်းစားကြဘူး"

"ကိစ္စမရှိဘူး၊ ဒီခါးပတ်ကို တစ်ယောက်တစ်လဲစီ ပတ်ကြတာပေါ့၊ ဒီနေ့ မင်းဆိုရင် မနက်ဖြန် ပီတာ၊ သဘက်ခါ ငါပေါ့ကွာ"

ဆမ်က နောက်ဆုံးတော့ ထုံးစံအတိုင်းပဲ သဘောတူရတယ်။ ဒါနဲ့ ခါးပတ်ကိုဝယ် အိမ်ပြန်ပြီး အဝတ်ကိုချွတ်၊ ခါးပတ်ပတ်ပြီးမှ ဘောင်းဘီ အကျႌကိုဝတ်၊ အဲဒီလို လုပ်ပြီးတော့မှ ညနေစာ စားရအောင် ထွက်ခဲ့ကြတယ်။ စားတော့လည်း ဆမ်က အရက်သုံးခွက်ပဲ သောက်နိုင်ပြီး အစားလည်း များများမစားနိုင်ဘူး။ ခါးပတ်ကြောင့် ဗိုက်အင့်တယ်ဆိုလို့ အားလုံး စောစောပြန်ခဲ့ကြတယ်။

နောက်တစ်နေ့ ဂျင်ဂျာ ခါးပတ်ပတ်ရတဲ့ အလှည့်မှာ သူဟာ အိမ်ကို ငါးခါတိတိ ပြန်တယ်။ ဆမ်တို့ နှစ်ယောက်ကလည်း သူပြန်တိုင်းလိုက်တယ်။ မလိုက်လို့ မဖြစ်ဘူးလေ။ မတော် ဒီကောင်က စိန်လော့ကက်သီးကြီးနဲ့ လစ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ သူတို့ အစုရှယ်ယာဝယ်ထားတဲ့ မျက်နှာလိမ်းခရင်၊ အလှဆီဘူးလည်း ဂျင်ဂျာက သူ့ အသားပွန်းတယ်ဆိုပြီး ခါးကို ယူလိမ်းတာ ကုန်လုနေပြီ။ ဒါတောင် ဂျင်ဂျာက ညည်းသေးတယ်။ ဒီလော့ကက်သီး အရောင်းအဝယ်ပြီးရင် ဒီခါးပတ်ကို ကော်ပတ်အဖြစ်နဲ့ အသုံးချဖို့ သိမ်းထားရမယ်တဲ့။ ပြောလည်း ပြောစရာပေပဲ။ သူတို့ခါးပတ်က အပေါ်စား ကျွဲသားရေနဲ့ လုပ်ထားတာမို့ အချောမကိုင်ဘူး။ ကျွဲမွေးငုတ်တွေ ရှုရှနဲ့ ကျားလျှာကျနေတာပဲ။ ပီတာ အလှည့်ရောက်တော့ ပိုဆိုးသေးတယ်။ သူက ယားတတ်သမို့ လမ်းပေါ် လူရှေ့သူရှေ့မှာ ဣန္ဒြေမဆောင်နိုင်ဘူး။ သူ့ခါးက ငါးမြွေလိမ် ငါးရှဉ့်လိမ် ကွေးကွေး ကောက်ကောက်နေတဲ့အတွက် နံဘေးလူတွေ အထင်လွဲခံရမှာစိုးလို့ တစ်နေကုန် ဆမ်နဲ့ဂျင်ဂျာက ကြိတ်ပြီး တဖွဖွ ဆူရပူရတာ အမောပဲ၊ အဲဒီနောက်မှာတော့ ဒီခါးပတ်ကို အကျႌနဲ့ဖုံးရုံပဲ ရှပ်အကျႌအပေါ်မှာ ပတ်ဖို့ စည်းဝေး ဆုံးဖြတ်ကြပြန်တယ်။

ဒီလိုနဲ့ တစ်နေ့ပြီးတစ်နေ့ ကြာလာတော့ သူတို့ရဲ့ အစုရှယ်ယာ ရတနာ ခါးပတ်ထဲမှာ စိုးရိမ်တွကြီး ပွေ့ပိုက်ထားမယ့်အစား ရောင်းချပြီး ရငွေကို ပျော်ပျော်ပါးပါး သုံးစားကြဖို့ စိတ်ကူးပေါ်လာကြတယ်။ ဒါပေမဲ့ ဆမ်က ဒီလောက် မြန်မြန်ရောင်းဖို့ကို သဘောမတူဘူး။



http://mmteashop.com

"တို့ ကြာကြာသိမ်းထားနိုင်လေ စိတ်ချရလေပဲကွ၊ လောလောဆယ်မှာ ပျောက်တဲ့လူကလည်း သွေးပူနေတုန်း ပုလိပ်ကို တိုင်လားတောလား လုပ်ထားရင် ခက်နေဦးမယ်"

ဒီတော့ ဂျင်ဂျာက မကျေနပ်ဘဲ -

"ဘယ်တော့မှ ရောင်းရမှာလဲ၊ ငါ့အသက် (၆၀) ကျော်မှလား"

"အဲဒီလိုဆို ပိုကောင်းတာပေါ့။ အဲဒီကောင် ဆမ်က ဒါလောက် အသက်ရှည်မှာ မဟုတ်ဘူး။ ဒီတော့ တို့နှစ်ယောက်တည်း ရမှာကွ"

လို့ ပီတာက အရွဲ့တိုက်တယ်လေ။ ဆမ်က သူတို့ကို ပြန်တွယ်မယ်လို့ကြံတုန်း ဖြုန်းခနဲ ရပ်ပြီး ရှေ့တည့်တည့်ကို ပြူးပြီး ကြည့်နေတယ်။ တခြားဟာကို မဟုတ်ပါဘူး။ သူတို့နဲ့ မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းက ကဖီးဆိုင်ရှေ့မှာ ဒီလော့ကက်သီးရအောင် ဖန်တီးပေးတဲ့ သူ့ မိတ်ဆွေကြီးကိုပါပဲ။ အခြား အဖော်တစ်ယောက်လည်း ပါရဲ့။ အလို တဖြည်းဖြည်းနီးလာတော့ အဲဒီအဖော်က ဟိုနေ့က ဂျပိုးလို ဝတ်ထားတဲ့ လော့ကတ်သီး ကောက်ရတယ်ဆိုတဲ့ ငတိ ဖြစ်နေတော့ ဆမ် ပါးစပ်အဟောင်းသားဖြစ်အသွား၊ အဲဒီလူနှစ်ယောက်ကလည်း ဆမ့်ကိုမြင်တယ်ဆိုပဲ နောက်ဘက် ပြန်လှည့်ပြီး တစ်ချိုးတည်း လစ်သွားကြတော့တယ်။ ဒါကို ဂျင်ဂျာက မြင်တော့ ..

"ဟေ့ ဘာတွေ ဖြစ်ကြတာလဲကွ"

ဆမ်က ရုတ်တရက် ဘာမှ ပြန်မပြောနိုင်ဘူး။ ဖြစ်ပုံပျက်ပုံတွေက သူ့အတွက် စဉ်းစားစရာ ဖြစ်နေပါပြီ။ အဲဒီတုန်း ပီတာက -

"မင်း သူတို့ကို သိသလား၊ ဆမ်"

ဆမ်က စဉ်းစားကောင်းနေတုန်းမို့ ချက်ချင်း ဘာပြန်ဖြေရမှန်း မသိဘူး။ နောက်ပြီးတော့မှ ...

"ဟိုတစ်ညက ငါနဲ့ ရန်ဖြစ်ဖူးတဲ့ ကောင်တွေပါကွာ၊ အခု ငါ့မြင်တော့ လန့်သွားကြတာနဲ့ တူပါတယ်"

လို့ ရုတ်တရက် ဉာဏ်ရပြီး ပြန်ပြောလိုက်တယ်။ ဒါပေမဲ့ ဆမ်ဟာ လမ်းတစ်လျှောက်လုံး နောက်ထပ် ဘာစကားမှ မပြောနိုင်တော့ဘူး။ တွေတွေငိုင်ငိုင်နဲ့


http://mmteashop.com

မျက်နှာမသာဘူး။ ဒါကြောင့် သူနေမကောင်းတာ ဖြစ်ရမယ်လို့ ဂျင်ဂျာနဲ့ပီတာက ထင်ပြီး ဘရန်ဒီဖြစ်ဖြစ် ဝီစကီဖြစ်ဖြစ် အိမ်ပြန်မရောက်ခင် ဆိုင်တစ်ဆိုင်ဆိုင်မှာ ဝင်သောက်လိုက်ကြရင် ကောင်းမယ်လို့ အကြံပေးတာကို ဆမ်က ရှောရှောရှူရှူပဲ လက်ခံလိုက်တယ်။

နောက်တစ်နေ့ မနက်မှာ ဂျင်ဂျာက ခါးပတ်ပတ် အလှည့်ဖြစ်တာမို့ ဆမ်ဟာ သူတို့နှစ်ယောက် အလစ်တွင် အသာလစ်ခဲ့ ထွက်ခဲ့တယ်။

မီးရထား ဘူတာရုံကိုသွား၊ ဘားနက်မြို့ကိုသွားတဲ့ ရထားလက်မှတ်ကိုဝယ် -

အောင်မယ်၊ ဒီမြို့က တော်တော်ကြီးသားပါလား၊ အောရိန်းချ်ပီလားတွေ နှစ်ဒါဇင်လောက် ရှိနိုင်မယ့် မြို့ပါပဲ။ ဒါပေမဲ့ ဆမ် ရှာမတွေ့ခဲ့ပါဘူး။ "မစ္စတာစမစ် အောရိန်းချ်ပီလား၊ ဘားနက်မြို့" ဆိုတဲ့ လိပ်စာကို စာတိုက်မှာ သွားမေးတယ်။ ဂါတ်တဲ သွားမေးတယ်။ ဒီလူနဲ့ ဒီအိမ်နာမည် မကြားဖူးကြပါဘူးတဲ့။

အဲ.. သူလော့ကက်သီးအကြောင်းကို ကိုရွှေဆမ် ရိပ်မိပါပြီ။ ဒါကြောင့် ခြေမသယ်နိုင်၊ လက်မသယ်နိုင်ဘဲ ညနေရထားနဲ့ လန်ဒန် ပြန်ခဲ့တော့တယ်။ သူနေတဲ့ ရပ်ကွက်ရောက်တော့ ညစာကို ဝက်အူချောင်းရယ် စကောက်တေးလ် တစ်လုံးရယ် ကြိတ်ပြီး အိမ်ပြန်ခဲ့တယ်။

လမ်းမှာ ဗိုက်ပြည့်ပြည့်နဲ့ စဉ်းစားလိုက်တော့ ဒီလော့ကက်သီး ဇာတ်လမ်းမှာ ဂျင်ဂျာနဲ့ပီတာက သက်သက် (၅) ပေါင်စီ သူများဓားခုတ်ရာ လက်ဝင်လျှို ခံခဲ့ကြရတဲ့ အတွက် သူအရှုံးကြီးမရှုံး၊ ငွေကြေးနဲ့ နာရီဟောင်းတစ်လုံးပဲလို့ စိတ်ဖြေသာ မိတယ်။ အိမ်ပြန်ရောက်တော့ သူ့ မျက်နှာတစ်ခုလုံး အပြုံးပန်းတွေ ဝေဝေဆာနေတော့ ဂျင်ဂျာက ဆီးဟောက်တယ်။

"မင်းက တစ်နေကုန် ဘယ်ရောက်နေတာလဲ "

ဒီတော့ ဆမ်က မာမာပဲ -

"ဟ ငါအရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်ပဲကွ၊ သွားချင်ရာ လျှောက်သွားနေမှာပေါ့ "

ဒီတော့ ပီတာက -



http://mmteashop.com

"အောင်မယ် မခန့်လေးစားနဲ့ ဟုတ်ဟုတ်သေးတော့၊ မင်း မရှိတုန်း ငါတို့က ဒီလော့ကက်သီးကို ရောင်းစားပစ်ရင် ဘယ့်နှယ်လုပ်မလဲ"

"အဲဒီတော့ လျှောက်သွားချင်ရာ မသွားနိုင်ဘဲ ငုံနေရမှာပေါ့ ဟင်း ဟင်း"

လို့ ဂျင်ဂျာက ပွက်ပြန်တယ်။ ဆမ်ဘာမှ ပြန်ပြောမနေတော့ဘူး။ သူ့အိပ်ရာပေါ် ထိုင်ချလိုက်ပြီး တသိမ့်သိမ့် ရယ်လေတော့ ဂျင်ဂျာက စိတ်မရှည်နိုင်တော့ဘဲ ဆမ့်ကျောပြင်ကို ပြောတင်တော့ ဆမ်က ကျောကော့သွားပြီး -

"အေး ငါ့ကို ဒီလိုနှိပ်စက်နေရင် နင်တို့ရှယ်ယာကို မပေးတော့ဘူး"

ဆိုတော့ ဂျင်ဂျာက မပြုံးဘဲ ဝါးလုံးကွဲ ရယ်လိုက်ပြီး -

"ဟ မပေးဘဲနေလို့ ဘယ့်နှယ်ရမလဲ"

ဒီတော့ ပီတာက -

"ဒီလော့ကက်သီးဟာ တို့ဆီမှာဆိုတာလည်း သတိထားစမ်းပါဦး"

ဂျင်ဂျာက -

"ဟော့ ဒီလော့ကက်သီးကို ရောင်းသည့်အထိ တို့ဆီမှာပဲ ထားတော့မယ်။ မင်းကို တို့စိတ်မချဘူး"

ဆမ်က ဘာမှပြန်မပြောတော့ဘဲ တိတ်တဆိတ်ပင် အဝတ်အစားများချွတ်၍ အိပ်ရာထဲ ဝင်အိပ်တော့တယ်။ ပြီး နဖူးပေါ်လက်တင်ရင်း တစ်ယောက်တည်း ကျိတ်ရယ်တယ်။ ညသန်းခေါင်ကျော်တိတိမှာ တစ်ရေးနိုးတော့လည်း ရယ်ရသေးတာပဲတဲ့။ ဒါပေမဲ့ ဒီအချိန်မှာ ဂျင်ဂျာကလည်း နိုးနေပြီး သူ့ဆီ ထလာသံကြားရတော့ ကမန်းကတန်း ပြန်အိပ်လိုက်ရတယ်။

နောက်တစ်နေ့မနက် ဂျင်ဂျာနဲ့ ပီတာက သူ့ကို စကားမပြောဘဲ နှုတ်မဆက်ဘဲ အပြင်ထွက်သွားကြတဲ့အထိ သူအိပ်ရာက မထသေးဘူး။ ရယ်ရလွန်းလို့ ဗိုက်ကြောတွေ နာနေတယ် မဟုတ်လား။ ဒါပေမဲ့ အဲဒီညနေ ဂျင်ဂျာနဲ့ ပီတာတို့ ပြန်လာတော့ ဆမ်ရော သူ့



http://mmteashop.com

ပစ္စည်းတွေရော အခန်းထဲမှာ မတွေ့ရတော့ဘူး။ အိမ်ရှင်အဘွားကြီးနဲ့လည်း အပြတ်ရှင်းသွားသတဲ့၊ ဆမ်ကို သူတို့ နားမလည်နိုင်ဘူး ဖြစ်နေကြသတဲ့။

ဒါပေမဲ့ နောက်တစ်ပတ်လောက် ကြာတော့ အပေါင်ဆိုင်တစ်ခုကနေ ဂျင်ဂျာကို ပီတာက တွဲထုတ်လာရတဲ့အခါမှာ (အတုကို လိမ်လည်ပေါင်နှံမှုနဲ့ တရားစွဲခံချင်သလား) လို့ အဟောက်ခံခဲ့ရတဲ့ ဂျင်ဂျာဟာ ဆမ်ကို ခဏလေးပြန်တွေ့ရမယ်ဆိုရင် လော့ကက်သီး အတွက် ရှယ်ယာစုအဖြစ် ပေးလိုက်ရတဲ့ ငွေဆယ်ဆ ထပ်ပေးပါ့မယ်လို့ တဖျစ်တောက်တောက် ရေရွတ်နေလေရဲ့။

* * *

http://mmteashop.com

# ပါးပါး ပါးပါး လှိုးတယ်



ဗညာရွှေတောင်စာအုပ်တိုက်

http://mmteashop.com

## ပါးပါး ပါးပါး လှီးတယ်

အသက် (၂၀) ခန့် လူငယ်တစ်ယောက် ကမ်းနားဇောတံတားထိပ်တွင် ဆိုက်ကပ်ထားသော 'ဂျိန်း' အမည်ရှိ သင်္ဘောကြီးပေါ်မှ ဆင်းလာကာ တံတားပေါ်တွင် ရယ်ရယ်ရွှင်ရွှင် ကလေးနှင့် အသင့်စောင့်နေသော မိန်းမငယ်ကို ဖက်ယမ်း နမ်းရှုပ်ပြီး သကာလ တူနှစ်ကိုယ် လက်ချင်းတွဲကာ ပျော်ရွှင်စွာ ထွက်ခွာသွားကြသည်ကို အရိပ်တစ်ခု အောက်၌ ဆေးတံကိုင် မှိန်းနေသည့် ဆိပ်ကမ်းစောင့် ညဒရဝမ် အဘိုးကြီးက ခေါင်းတညိတ်ညိတ်နှင့် လှမ်းမျှော်ကြည့်ရင်း သူ့ဘာသာသူ တွေးတောနေမိသည်မှာ -

အင်း... ဒီကောင်လေး ဆယ်လတန်သည် တစ်နှစ်တန်သည် ပင်လယ်ရပ်ခြား ခရီးသွားပြီး ရှာဖွေစုဆောင်းခဲ့တာလေးတွေဟာ ဒီအတိုင်းဆိုရင် မကြာမီ ခါလီဖြစ်မှာ မြင်ယောင်သေး တော့တယ်။ သင်္ဘောသားတွေဟာ အားလုံးအတူတူပဲ။ တစ်ယောက်ယောက်နဲ့ မရခင် လက်ထဲ ပိုက်ဆံကလေးများ ထောနေရင် မိုးမမြင် လေမမြင် သုံးလိုက် ဖြုန်းလိုက်ကြ။ အဲ ရပြီး (၃-၄) လ လောက်လည်း ရှိရော၊ ရှိတဲ့ ပိုက်ဆံလေးလည်း ချောရော၊ ကောင်မကလည်း ဂျစ်ကန်ကန်လုပ်ရော ဆိုရင်တော့ ဒီကောင်မ ငါ့ ဘာမက်လို့ ယူမိပါလိမ့် ဖြစ်ကရော၊ ဒါက သူတို့ သဘာဝပဲလေ။ ဘာများ တတ်နိုင်မှာ၊ ငါတော့ ဒီအရွယ်လေး တစ်ရှဉ်းကြည့်ပြီး တို့များ ငယ်စဉ်က ရောင်းရင်းကြီး ဆမ်စမောလ်ရဲ့ တူတော်မောင် တစ်ယောက်အကြောင်း သတိရမိသေးတော့တယ်။ သူ့အကြောင်း ကျုပ်မကြာခဏ ပြောပြောပြနေတာပဲ။

သူ့ နဂိုဇီဇအရတော့ ဆမ်ဟာ သူ့ဆွေမျိုးအကြောင်းတွေ ပြောခဲသားပဲ။ ဒါပေမဲ့ တောမှာရှိတဲ့ သူ့နမဝမ်းကွဲ တစ်ယောက်ကိုတော့ သူတော်တော် သံယောဇဉ်ရှိတယ်။ မတွေ့ရတာလည်း နှစ် (၂၀) လောက်တောင် ရှိသွားပြီတဲ့၊ နည်းရှော့လား၊ အဲဒီနမမှာ သားတစ်ယောက် ရှိတယ်။ နာမည်က 'ဂျိုး' တဲ့။ အသက်က (၂၀) လောက်၊ လန်ဒန်မြို့ပေါ်မှာ အလုပ်လုပ်နေတယ်။ ဒါနဲ့ တစ်နေ့တော့ ဆမ့်ဆီကို သူ့နမက စာရေးလိုက်တယ်။ သူ့သား လူမမယ်လေးကို မြို့ကြီးသူ အလည်မတွေက ခုတ်မှာထစ်မှာ ပါးပါးလှီးမှာကို စိုးရိမ်တယ်။ ဒါကြောင့် ဦးရီးဖြစ်သူ ဆမ်က တူတောင်မောင်ဂျိုးကို အတိမ်းအစောင်း မရှိရအောင် ကြည့်ရှုစောင့်ရှောက်ပေးဖို့ပေါ့လေ။



http://mmteashop.com

ဒီစာကို ရတဲ့အချိန်မှာ ဆမ်ဟာ သင်္ဘောပေါ်က ဆင်းစ တရုတ်ပြည်က ပြန်ရောက်ခါစ ရှိသေးတယ်။ ထုံးစံအတိုင်း ဆမ်စမောလ်ရယ်၊ ပီတာရပ်ဆက်ရယ်၊ ဂျင်ဂျာဒစ်ရယ်၊ သူတို့ ရဲဘော်သုံးယောက် လန်ဒန်မြို့ပေါ်မှာ အခန်းတစ်ခု ငှားနေကြတယ်။ ဆမ်က သူ့နှမစာထဲက သူ့တူ အတိမ်းအစောင်း မရှိရအောင်ဆိုတာ ဘာသဘောလဲလို့ ဟိုနှစ်ကောင်ကို မေးကြည့်တော့ ပီတာနဲ့ဂျင်ဂျာက ခေါင်းနှစ်လုံးကို သွက်သွက်ခါ ယမ်းပြရင်း မသိဘူးလို့ ပြောကြတယ်။ တစ်အောင့်လောက် ကြာတော့မှ ဂျင်ဂျာက..

"မင်းတူက အသက် (၂၀) လောက်ရှိသေးတယ် ဆိုတော့ ကောင်မလေး အလည်လေးတွေက ပိုင်းသွားမှာစိုးလို့နဲ့ တူပါတယ်ကွာ"

ဒီတော့ ပီတာကလည်း -

"အေး ဟုတ်တယ်ကွ၊ အဲဒီအရွယ်မှာ ဘာဆိုဘာမှ ဆိုးမှန်းကောင်းမှန်း သိသေးတာမဟုတ်ဘူး။ တော်ကြာ အရူး အမဲသားကျွေးမိသလိုဖြစ်မှာ မင်းနမက စိုးရိမ်ဟန် တူပါတယ်ကွာ၊ ငါငယ်ငယ်တုန်းကလည်း ကောင်မလေးတစ်ယောက်ကို အရူးအမူး စွဲဖူးတယ်ကွ၊ ဘုရင့်တပ်မဟာကြီး တစ်ခုလုံး ဝင်ဖျက်အောင် မပျက်ဘူး အောင့်မေ့ခဲ့တာ"

"နို့ ဘာကဖျက်မှ ပျက်တော့သတုန်း"

ဆမ်က မေးလိုက်တော့ -

"ဟာ သူ့ထက်လှတဲ့ ဒို့ပြင် ဇယ်ကလေး တစ်ယောက်တွေ့မှ ပျက်သွားတော့တာ ပေါ့ကွာ"

ပီတာစကားဆုံးလျှင် ဂျင်ဂျာကလည်း သူ့မေးစေ့ကို လက်နှင့်ပွတ်သပ်ရင်း အဝေးသို့ မျှော်ငေးကာ ဆွေးမြည့်နေဟန်ဖြင့် -

"အေးကွာ၊ ငါ့အသက် (၂၀) လောက်တုန်းကလည်း ချောပေ့လှပေ့ ဆိုတာလေး တစ်ယောက်နဲ့ ငြိဖူးတယ်။ သူက သူ့ဌေးသမီးကွ၊ သေသွားတဲ့ သူ့အဒေါ်တစ်ယောက်က တစ်နှစ်ကို ပေါင်တစ်ရာ မှန်မှန် အမွေလွှဲသွားခဲ့သေးသကွ၊ ဒီအမျိုးသမီးက ငါ့ကို မျက်စိအောက်က အပျောက်မခံနိုင်၊ ဟေ့ ဆမ် မင်း ချောင်းခြောက်ကြီးက ရင်ဘတ် တစ်ချက်လောက် ထုပေးလိုက်ရင် သက်သာမယ်ထင်တယ်၊ ငါ ထုပေးရမလား"



http://mmteashop.com

သူစကားပြောနေသည်ကို ပျက်အောင် တမင် ချောင်းဝင်ဆိုးသော ဆမ်အနားသို့ လက်သီးဆုပ်ရွယ်ရင်း တိုးသွားတော့ ပီတာက လက်ကာ၍

"ဟော့.. ဂျင်ဂျာ၊ ဒီကောင်ကို ဂရုမစိုက်စမ်းပါနဲ့ကွာ၊ ဒါနဲ့ ပြောစမ်းပါဦး၊ ဒီကောင်မလေးကို မင်းဘာကြောင့် မယူဖြစ်တာလဲ"

"ငါ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကို ငွေမက်တဲ့ကောင် အထင်မခံနိုင်လို့ပေါ့ကွာ"

ဆိုရင်း သူ့မျက်နှာကို မလုံမလဲနဲ့ ဆမ်အနား တိုးသွားပြန်တယ်။ လက်က ထုမယ်ရွယ်ရင်း ဒီလိုနဲ့ ပီတာနဲ့ ဂျင်ဂျာဟာ ဆမ်ကို အလယ်မှာထားပြီး သူတို့ အသည်းစွဲခဲ့ရတဲ့ မိန်းကလေးတွေ အကြောင်းကို တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကြွားဝါနေလိုက်ကြတာ ကြာတော့ ဆမ်က အော့ကြောလန်လာပြီး -

"ကဲ မင်းတို့နှစ်ယောက်တည်း တစ်ယောက်နဲ့တစ်ယောက် ဟာဒယရှင်ဆေး တိုက်ကျွေးနေကြပေရော့၊ ငါတော့ ငါ့တူကို သွားရှာချေဦးမယ်။ တွေ့ရင် နက်ဖြန် ဒီကိုလာဖို့ ခေါ်ခဲ့မယ်။ ဒီတော့ မင်းတို့နှစ်ယောက်ကလည်း ကောင်လေးကို မိန်းကလေးနဲ့ ပတ်သက်ပြီး မမှားမယွင်းအောင် တရားပြကြတာပေါ့ကွာ ဟုတ်လား"

နောက်တစ်နေ့ကျတော့ ဆမ်ရဲ့တူ လာတယ်လေ။ ကောင်လေးက သဘောကောင်း မနောကောင်း ကလေးပဲ။ ပီတာနဲ့ ဂျင်ဂျာတို့ ပြောဆို ဆုံးမကြတာတွေကို တပြုံးပြုံးနဲ့ လက်ခံ နားထောင်ရှာပါတယ်။ ပီတာက မိန်းမမာယာ သဲကိုးဖြာ ပလီအခရာတွေ ဘယ်သို့ဘယ်ပုံ ဆိုတာတွေ ဒေါက်ခနဲ ဒေါက်ခနဲ ပြောပြသလို ဂျင်ဂျာကလည်း ယောကျ်ားဆိုတာ အသက် (၅၀) မပြည့်ခင် မိန်းမ မယူသင့်ကြောင်း နားချတော့ (သူကိုယ်တိုင် (၄၀) ကျော်လို့မှ မရကြသေးဘဲကိုး) ကောင်လေးက (၅၅) နှစ်ကျမှ ယူသင့်တယ်လို့ ပြင်ပြောလိုက်တယ်။ ဒီတော့ ဂျင်ဂျာက -

"အေး မင်း ဒီလိုအသိဉာဏ်ရှိတာ ငါဝမ်းသာပါတယ်ကွာ"

လို့ပြောပြီး ပီတာကလည်း သူလည်း အတူတူပါပဲတဲ့။ အဲဒီတော့ ဆမ်က -

"ကဲ.. ကြည့်၊ ငါ့တူဟာ ငါနဲ့ ဘယ်လောက်တူသလဲ၊ ငါ့နှမက တကယ်တော့ အစိုးရိမ်ကြီးပြီး မရောင်ရာ ဆီလူးနေတာပါကွာ။ ဒါပေမဲ့ သူစိတ်အေးသွားရအောင် ငါ ပြန်စာ ရေးလိုက်ပါဦးမယ်"



http://mmteashop.com

ဒီတော့ ဆမ်၏ တူက..

"ဟုတ်ပါရဲ့ဗျာ၊ ကျွန်တော့် ပတ်ဝန်းကျင်က လူတွေ မိန်းမယူကြတာမြင်တော့ ကျွန်တော် တော်တော့်ကို အံ့သြမိတယ်။ သူတို့ မိန်းမတွေမှာ ဘာများ မက်စရာရှိပါလိမ့်လို့ ပြောပြောပြီး ကျွန်တော်နဲ့ ကျွန်တော့်ကောင်မလေးဟာ တခစ်ခစ် ရယ်ကြရတယ်"

ဒီတော့ ဆမ် ရုတ်တရက် အံ့သြသွားပြီး..

"မင်းရဲ့ ဘယ်သူကွ"

"ကျွန်တော့် ကောင်မလေးပါဆို ဦးလေးကလည်း"

ဆမ်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး -

"ဟင်း မင်းမှာ ဒီလိုကောင်မလေးရှိမှန်း ငါမသိရပါလား"

"ဟာ ရှိပြီလားဗျာ၊ ကျွန်တော်တို့ ခရစ္စမတ်မှာ လက်ထပ်တော့မလို့"

"ဟ... မင်းအသက် (၅၅) နှစ်မှ မရှိသေးတာ"

လို့ ဂျင်ဂျာက ဝင်ပြောလိုက်တယ်။ ဒီတော့ ဆမ့်တူ ဂျိုးက -

"ကျွန်တော် (၂၁) နှစ်ထဲ ရောက်ပြီဗျ။ ကျွန်တော်တို့ အချစ်ကိစ္စကိုတော့ ဒို့ပြင်လူတွေနဲ့ နှိုင်းလို့မဖြစ်ဘူးလေ။ ကျွန်တော့်ကောင်မလေးက တစ်ကမ္ဘာမှာ တစ်ယောက်ဆိုရလောက်အောင် ရုပ်ရည်ရော၊ အသိဉာဏ်ရော ရှာမှရှားဗျ၊ ဒီတော့ လက်နေးနေလို့ ဘယ်ဖြစ်ပါ့မလဲ၊ (၅၅) နှစ် မပြောနဲ့ ခုလာမယ့် ခရစ္စမတ်ထိအောင်တောင် ကျွန်တော် ဘယ်လိုစောင့်ရမလဲ မတွေးတတ်အောင်ပဲဗျာ၊ တကယ်ဗျာ.. တကယ်၊ ခင်ဗျားတို့ မြင်စေချင်လှတယ်၊ သိပ်ချော သိပ်လှ သိပ်ချစ်စရာကောင်း၊ သူ့ရယ်သံလေးတွေဟာ ဂီတသံစုံလိုပဲ တစ်ခါကြားမိရင် နားထဲက မထွက်တော့ဘူး"

ဂျင်ဂျာက စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကိုယမ်းရင်း -

"နှစ်ဆယ့်တစ်နှစ်ဆိုတာ မင်းအသက် သိပ်ငယ်လွန်းပါသေးတယ်ကွာ၊ ဒါနဲ့ အဲဒီမိန်းကလေးနဲ့ မင်းသိကြတာ ဘယ်လောက်ကြာပြီလဲ"



http://mmteashop.com

"(၃) လရှိပြီ၊ ကျွန်တော်နဲ့ တစ်လမ်းတည်းမှာနေတာ၊ ရည်းစားဆိုလို့ တစ်ခါမှ မထားဖူးသေးဘူး၊ ကျွန်တော်ဟာ သူ့အချစ်ဦးပဲတဲ့"

"အောင်မယ်လေးကွာ၊ ဒါကတော့ သူတို့ပြောနေကျစကားပါ"

"မင်းက ဒီစကားမျိုး ဒီတစ်ခါသာ ကြားဖူးတာ ဖြစ်ပါလိမ့်မယ်၊ ငါတို့ကတော့ အခါနှစ်ဆယ်မက ကြားဖူးခဲ့ပြီကွ"

ပီတာက ဝင်ပြောတော့ ဆမ်က မျက်မှောင်ကြီးကုပ်ပြီး သူ့တူကို -

"ဒီလိုစကားတွေ ပြောပြောပြီး မင်းကို ပင့်နေတာမောင်၊ မင်း ငါ့အသက်အရွယ်လောက် ရောက်ရင် နားလည်လာလိမ့်မယ် ဂျိုးရာ၊ ငါသာ အဲဒီလို မိန်းကလေးတွေ ပြောတာ ယုံစားမိခဲ့ရင် အကြိမ်ပေါင်း တစ်ဒါဇင်လောက်မက အိမ်ထောင်ကျခဲ့ပြီပေါ့၊ သတိထားနိုင်လွန်းလို့သာ မင်းဦးလေးကို မင်းခုလို လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် တွေ့ရတာကွ"

"ဒါကတော့ နှစ်ဖက်စလုံး သတိထားကြတာ ဖြစ်မှာပေါ့ ဦးလေးရာ၊ ထားပါတော့လေ၊ ဒါပေမဲ့ ကျွန်တော့် မိန်းကလေးကို မြင်ရင် ဦးလေးတို့ ဒီစကားမျိုးတွေ ပြောထွက်မှာ မဟုတ်ကြပါဘူး၊ သူ့မျက်လုံး ညိုညိုကြီးတွေကို ကြည့်လိုက်ရင် ဘယ်လောက် ရိုးသားတယ်၊ ဖြူစင်တယ် ဆိုတာ တွေ့ရပါလိမ့်မယ်၊ နောက်ပြီး အဲဒီ မျက်လုံးကြီးတွေက အမြဲတမ်း ရယ်နေတယ်"

ဂျင်ဂျာက တစ်ဆိတ်လောက်တော့ လွန်လွန်းနေပြီလို့ အမြင်ကပ်ကပ်နှင့် -

"ဘာလဲ မျက်လုံးနဲ့ ရယ်ပြနေရအောင် ပါးစပ်မရှိလို့လားကွ"

ဒီတော့ ဂျိုးကလည်း အညှံ့မခံဘဲ ဂျင်ဂျာကို စူးစူးဝါးဝါးကြည့်ပြီး...

"ဦးလေးတို့လို မိန်းမပျက်တွေရဲ့ နောက်ကောက်ချခံခဲ့ရတဲ့ ဘူတာကြီးတွေက တကယ့် ချစ်စရာကောင်းသူရဲ့ တကယ့် အချစ်အရသာကို ခံစားဖူးတာမှ မဟုတ်တာဘဲဗျာ၊ ဒီလိုပြောတာ မဆန်းပါဘူး"



http://mmteashop.com

ဂျင်ဂျာက ဒေါပွပြီး ဝုန်းခနဲ ထရပ်လိုက်တော့ ဆမ်က မျက်နှာထိ မျက်နှာထားနဲ့ ကြည့်နေတာနဲ့ ပြန်ထိုင်ပြီး ဆမ့်ရဲ့တူ အချစ်ဒေဝသနာ ဟောတာကို အောင့်သက်သက်နဲ့ နားသောတ ဆင်နေကြရရှာတယ်။ နောက်ဆုံးကျတော့မှ ဆမ်က -

"မင်း ဒီလောက် အပြောအဆို ပိုင်လှတာ မင်းကောင်မလေးကို ငါ တွေ့ချင်ပါသေးတယ်ကွာ"

"ဒါဖြင့် ဦးလေး နက်ဖြန်ည (၇) နာရီလောက် ကျွန်တော့်ဆီ လာပါလား၊ သူတို့အိမ်သွားပြီး မိတ်ဆက်ပေးတာပေါ့ဗျာ"

ဒီတော့ ဂျင်ဂျာနဲ့ ပီတာက သူတို့ပါ လိုက်မည့်အကြောင်း မျက်လုံးချင်း စကားပြောလိုက်ကြရာ ဆမ်က -

"အေး ဒါဖြင့် တို့သုံးယောက် လာခဲ့မယ်၊ မင်းစောင့်နေ၊ တို့မှာ ဒ္ဒီပြင်သွားစရာတွေ ရှိသေးတော့ အဲဒီတွေ သွားပြီး အပြန်မှာ ဝင်ခဲ့မယ် ဟုတ်လား"

"ကောင်းပါလေ့ဗျာ၊ လူများလေ ပျော်စရာကောင်းလေပေါ့၊ ကဲ ဒါဖြင့် ကျွန်တော် သွားမယ်နော်၊ ကောင်မလေးက ကျွန်တော့် မျှော်နေမှာ"

ဂျိုး ပြန်သွားတော့ ရဲဘော်သုံးယောက်ဟာ ခေါင်းချင်းဆိုင်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလို အချစ်နတ်ဖမ်းစားခြင်း ခရတာဟာ သနားဖို့ကောင်းကြောင်း ဂျင်ဂျာက ပြောတော့ ပီတာကလည်း မိန်းမတွေနယ် ဒီလိုနပ်ချေး မစင်သေးတဲ့ ငယ်ငယ်ရွယ်ရွယ်လေးတွေမှ ဖြားယောင်းတတ်ကြတာ လူငယ်တော့ ခံရရှာမှာပေါ့၊ ဘာညာနဲ့ ညည်းညူကြတယ်။

နောက်တစ်နေ့ ညနေရောက်တော့ သူတို့သုံးယောက်စလုံး ဂျိုးဆီ သွားကြတယ်။ တကယ်တော့ ဂျင်ဂျာရဲ့ နာရီအရ အချိန်က တစ်နာရီလောက် စောနေပေမယ့် သူတို့ သဘောအရ ဂျိုးရဲ့ အိပ်ရာပေါ်မှာ ဝတ်ကောင်းစားလှတွေနဲ့ တန်းစီထိုင်ပြီး ဂျိုး အဝတ်အစားလဲတာကို ကြည့်နေကြတယ်။ ဂျိုးကတော့ ဒီနေ့ ဗုဒ္ဓဟူးနေ့ ဖြစ်ပေမယ့် တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်း သွားတော့မလား အောင့်မေ့ရအောင် ကျကျနန ဝတ်စားဆင်ယင်တယ်။

အဲဒီလိုနဲ့ ဂျိုးရဲ့ ရည်းစား 'ဂျေးလ်' တို့ အိမ်ရောက်ကြတော့ ဆမ်တို့ သုံးယောက်စလုံးဟာ ကောင်မလေးကို မြင်ကြတဲ့အခါ ရင်သပ်ရှုမော အံ့သြကြတယ်။



http://mmteashop.com

ဂျင်ဂျာက ဒီလောက်ချောပြီး ချစ်စရာကောင်းတဲ့ ကောင်မလေးမျိုးဟာ ဆမ့်တူ ဂျိုးလို ကောင်လေးမျိုးကို ဘာကြောင့် ကြိုက်ရပါလိမ့်လို့ ခနဲ့ပြောလိုက်မိတော့ ပီတာက သူ့နံကြားထဲ တံတောင်နဲ့ တွက်ထည့်ပြီး ကျိတ်မာန်လိုက်ရတယ်။ ဧည့်ခန်းထဲ ထိုင်မိကြလို့ ကောင်မလေးအမေကြီးနဲ့ပါ မိတ်ဆက်ပြီးလို့ ဆယ်မိနစ်လောက်ကြာတော့ ဂျိုးက နာရီကို ခဏကြည့်ကာ သူတို့ကို ပြန်စေချင်တဲ့ အရိပ်အခြည်ပြတော့ ဂျင်ဂျာက..

"တို့တစ်တွေအားလုံး အတူတူသွားကြရင် မကောင်းဘူးလား"

လို့ အကြံပေးလိုက်တော့ ဂျေးလ်ရဲ့ အမေကြီးက..

"ဘယ်ကောင်းမလဲ ရှင့်၊ သူတို့က နှစ်ယောက်တည်း သွားချင်ကြမှာပေါ့၊ ရှင်တို့ကလည်း ငယ်ရာက ကြီးလာတဲ့ လူတွေပဲ ဥစ္စာ..."

ဒီအခါ ဂျေးလ်က ဂျင်ဂျာကို ကြင်နာစွာ ပြုံးလိုက်ပြီး..

"သူလည်း ခု ငယ်ပါသေးတယ် မေမေရဲ့"

ဆိုလိုက်တော့ မအေကြီးက သူ့နဖူးသူ လက်ညှိုးနဲ့ထောက်ပြီး စဉ်းစားဟန် ပြုရင်း..

"ကဲ ဒါဆို ဒီလိုလုပ်၊ သမီးနဲ့ ဂျိုးက သပ်သပ်သွားကြတာပေါ့၊ ဟောဒီ မိတ်ဆွေသုံးယောက်နဲ့ မေမေက တခြားသွားမယ်၊ မေမေလည်း အပြင်မထွက်ရတာ ကြာပြီ၊ အညောင်းပြေ အညာပြေပေါ့"

အဲဒီအခါ ဒီလိုနေရာမျိုးမှာ အင်မတန် အာရော၊ လျှာရော၊ နှုတ်ရော အင်မတန်သွက်တဲ့ ဂျင်ဂျာက -

"ညီမ ဆန္ဒရှိတယ်ဆိုရင်ဖြင့် အတိုင်းထက် အလွန်ပေါ့"

လို့ ပြောလိုက်တယ်ဆိုရင်ပဲ ဂျေးလ်ရဲ့ အမေဟာ (၁၆) နှစ် သမီးလေးလိုပဲ ခုန်ပေါက်ပြီး အိမ်အပေါ်ထပ်ကို အဝတ်အစားလဲရအောင် တက်သွားတော့တယ်။ သူတို့ချည်း ကျန်ခဲ့တော့ ဆမ်နဲ့ ပီတာက ဂျင်ဂျာကို ဒီလိုအဘွားကြီး ခေါ်ထုတ်ရမလားလို့ ကောင်းကောင်းဆဲကြတယ်။ ဒီတော့ ဂျင်ဂျာက..

http://mmteashop.com

"ငါ ဘာကြောင့် ဒီလို လွှတ်ခနဲ ပြောလိုက်မိတယ် မသိပါဘူးကွာ"

ဆမ်က..

"မင်း ပါးစပ်အကျင့်ပေါ့ကွာ၊ မင်းပါးစပ်အကျင့်၊ ဒါနဲ့ ငါတို့ ဒီတစ်ညနေခင်းတော့ ပျက်စီးပါပြီကွာ၊ ဒီမိန်းမကြီး ကန့်လန့်နဲ့ တို့ရည်ရွယ်ချက်ဟာ ခုတ်ရာတလွဲ ရှရာတခြား ဖြစ်ပြီး..

"ဒါတော့ ဘယ်ပြောနိုင်ဦးမလဲလေ၊ ဒီမိန်းမကြီးနဲ့ တို့အဆင်ပြေသွားရင် နောင်ငါတို့ ဒီအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်မယ်။ ဒီလိုဆိုရင် မင်းတူအတွက် မပူနဲ့တော့ ဆမ်ရေ၊ ကောင်မလေးကို ငါ့ရှိသေအောင်ပေါင်းပြီး ဒီအရွယ်မှာ အချစ်ရေး စိတ်မကူးသင့်သေးကြောင်း ဘာညာနဲ့ ဆုံးမဩဝါဒပေးပြီး မင်းတူနဲ့ ပြတ်အောင် ငါဖြတ်ပေးမယ်ကွ၊ သိလား"

ဒီလိုပြောတော့ ဆမ်နဲ့ပီတာက ပထမသူ့ကို တွေကြည့်နေကြသေးတယ်။ နောက်တော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဝါးလုံးကွဲ ရယ်ကြတယ်။ ဒီတော့ ဂျင်ဂျာ အူကြောင်ကြောင်ဖြစ်နေပြီးမှ ရှက်ရမှန်းသိလာပြီး အရယ် ရပ်ရင်ရပ်၊ မရပ်ရင် နှစ်ကောင်စလုံးကို ပြတင်းပေါက်က ပစ်ချမယ် ဘာညာကြိမ်းနေတုန်းမှာ အဒေါ်ကြီးဟာ စမတ်ကျကျ အပေါ်က ဆင်းလာလေတော့ သုံးယောက်သာ ဘာမှ မတတ်နိုင်တော့ဘဲ လမ်းပေါ်အတူတူ ထွက်ခဲ့ကြရတော့တယ်။

သူတို့စိတ်ထဲမယ် တစ်လမ်းလုံးက ဝိုင်းကြည့်နေကြရော့လား အောက်မေ့ပြီး ရှက်နေကြတယ်။ အဒေါ်ကြီးကို သူတို့ တစ်ခုကျေးဇူးတင်ရတာက အဒေါ်ကြီးဟာ တစ်ညနေလုံး မြို့ပတ်ရထား လျှောက်စီးလိုက်၊ နို့အေးချောင်း ဝယ်စားလိုက်၊ တိရစ္ဆာန်ရုံထဲရောက်၊ ဆင်စီးလိုက်၊ ဒန်းစီးလိုက်နဲ့ ကျောင်းသူမလေးတစ်ယောက်လို နေပြီး သူတို့ သက်တူရွယ်တူတွေ ကျက်စားကြတဲ့ ပျော်ပွဲစားရုံ၊ ကပွဲရုံတွေသွားဖို့ မပူဆာတာဘဲ တွေးပြီး စိတ်သက်သာရာ ရနေကြတယ်။

နောက်ပိတ်ဆုံးမှာတော့ အဒေါ်ကြီးဟာ ဆပ်ကပ်ပွဲ တစ်ခုဝင်ပြီး သေနတ် လက်တည့်စမ်းတဲ့ နေရာမှာ ပစ်ကွင်းကိုထိအောင် မပစ်နိုင်ဘဲနဲ့ တောင်ချော်မြောက်ချော် ပစ်လွှန်းလို့ ပိုင်ရှင်က တော်ရင်တော်၊ မတော်ရင် ပုလိပ်ခေါ်လိုက်မယ် ပြောတော့မှ (၄)



http://mmteashop.com

ယောက်သား မောမောနဲ့ အိမ်ပြန်ခဲ့ကြတော့တယ်။ ဆမ်တို့လည်း တော်တော် ဘတ်ဂျက် ထိခိုက်သွားကြတယ်။ ဒါပေမဲ့ ဂျင်ဂျာက..

"ဒါပေမဲ့ ငွေကုန်ရကျိုး နပ်ပါတယ်၊ အခုဆိုရင် အဘွားကြီး တို့ကို သဘောကျသွားပြီ မဟုတ်လား၊ ဒီတော့ နောက်တစ်ရက်နှစ်ရက်အတွင်း ဂျိုးရဲ့ ကောင်မလေး ဂျေးလ်ကို အပြင်ခေါ်ထုတ်မယ်"

ဒီစကားကြားတော့ ပီတာက မဲ့တာပေါ့။ ဒီတော့ ဂျင်ဂျာက..

"ဟေ့ ကောင်မလေးကို ငါ ခေါ်ထုတ်လို့ ရ မရ၊ မင်းနဲ့ငါ တစ်ပေါင်ကြေး လောင်းမယ်ကွ"

ပီတာက -

"ကောင်းပြီ၊ စိန်လိုက်"

နောက်တစ်နေ့မှာ ဂျင်ဂျာဟာ ဂျေးလ်တို့အိမ်သွားပြီး အာလာပ သလ္လာပ ပြောတယ်။ မအေကြီးနဲ့ ဂျေးလ်ကလည်း ကောင်းကောင်းမွန်မွန်ပဲ ဧည့်ထောက်ခံပါတယ်။ (၃) ရက်မြောက်နေ့မှာတော့ ဂျင်ဂျာက အခြေအနေကို ကြည့်ပြီး ဂျေးလ်ကို တိရစ္ဆာန်ရုံ လိုက်ပို့မယ်ပြောတော့ ပထမ ကောင်မလေးက ငြင်းသေးတယ်။ ဒါပေမဲ့ အဒေါ်ကြီးက -

"လိုက်သွားပါလားအေ့၊ ဂျိုးဦးလေးရဲ့ သူငယ်ချင်းတွေပဲ၊ ညည်းဦးလေးလိုပဲပေါ့၊ ရှက်မနေပါနဲ့အေ၊ ဂျိုးကလည်း ဘာမှပြောမှာ မဟုတ်ပါဘူး၊ သူကိုယ်တိုင်မှ လိုက်မပို့နိုင်တဲ့ ဥစ္စာကြီး"

ဒီတော့ ကောင်မလေးဟာ အတော်ကြာ တွေဝေ စဉ်းစားနေပြီးတဲ့ နောက်မှ အဝတ်အစားလဲပြီး လိုက်ခဲ့တော့တယ်။ သူ့ရင်ဘတ်မှာတော့ ဂျင်ဂျာက ပထမဦးဆုံး တစ်ယောက်တည်းလာစဉ်က ပံ့ပိုးထားတဲ့ ငွေရင်ထိုးကလေး ထိုးလို့၊ ကောင်မလေး သူ့ကိုယ်သူ ပြင်ဆင်နေတာ (၃) နာရီလောက် ကြာပေမယ့်လို့ စောင့်ရပေကျိုးနပ်တယ်လို့ ဂျင်ဂျာက ယူဆတယ်။ သူတို့နှစ်ယောက် ဘတ်စ်ကားကြီး ဘေးချင်းယှဉ် စီးသွားကြတုန်း ဂျင်ဂျာ့မျက်စိတွေဟာ ကောင်မလေးဆီက မခွာနိုင်ဘဲ ဖြစ်နေတယ်လေ။ ပြီးတော့ ကောင်မလေးနားနား တိုးတိုး ကပ်ပြောလိုက်တယ်။



http://mmteashop.com

"ပင်လယ်ထဲ သင်္ဘောစီးရတာနဲ့တော့ ကွာပ့ါကွယ် "

ဒီတော့ ကောင်မလေးက -

"ဘာပြုလို့လဲဟင်၊ လှိုင်းမူးလို့လား၊ ကျွန်မတော့ သင်္ဘောသိပ်စီးချင်တာပဲ "

"ဩော် ကိုယ်ကတော့ မင်းနဲ့သာ အတူဆိုရင် ဘာကိုပဲ စီးရစီးရ"

"အို ဒီလို စကားမျိုးတွေ မပြောပါနဲ့ရှင်၊ ဒါပေမဲ့.."

ဆိုပြီး စကားဖြတ်ထားလိုက်တော့ ..

"ဒါပေမဲ့ ... ဘာဖြစ်လဲ"

ဂျင်ဂျာက ကောင်မလေးဆံပင်ကို သူ့နှာခေါင်းနဲ့ အသာထိရင်း မပွင့်တပွင့် မေးလိုက်တယ်။

ဒီတော့ ကောင်မလေးက ...

"ဘာမှ မဖြစ်ပါဘူး။ ကျွန်မ ပြောချင်တာက ပင်လယ်ထဲ သင်္ဘောစီးသွားရင် ခုလို မိတ်ဆွေတစ်ယောက်ပါတော့ ပိုကောင်းမှာပေ့ါလို့၊ ရှင် လေမုန်တိုင်းတွေ ဘာတွေ မိမှာ ကြောက်တတ်သလား "

"မကြောက်ပါဘူးဗျာ "

ကောင်မလေးက မခို့တရို့လေး မျက်လုံးလှန်ကြည့်ရင်း..

"ရှင့် ပုံသဏ္ဍာန်က ဘာမှ ကြောက်ဟန် မတူပါဘူးလေ၊ ကျွန်မလည်း ရှင့်လို ကျားကျားလျားလျား ယောကျာ်းတစ်ယောက် သိပ်ဖြစ်ချင်တာပဲ"

"ကျုပ်ကတော့ မင်းကို ယောကျာ်းတစ်ယောက် မဖြစ်စေချင်ပါဘူးဗျာ၊ ခုလို လှလှလေးပဲ မြင်နေချင်တယ် "

http://mmteashop.com

လို့ ပြောပြီး ကောင်မလေးရဲ့ တံတောင်ဆစ်ကို အသာလေးဖျစ်လိုက်တယ်။ ကောင်မလေးက ချက်ချင်းပဲ ရှန်းကန်ပြီး လူချင်းခွဲလိုက်တယ်။ ဒီတော့မှ ဂျင်ဂျာက စကားရော ဖောရောနဲ့ ပြောမိပြောရာ ...

"ပင်လယ်ထဲသွားရတာ အိမ်ထောင်သည်တွေ အဖို့တော့ မဟန်ဘူးကွယ့်"

ဒီတော့ ကောင်မလေးက မျက်လုံးလေးလှန်ကြည့်ပြီး ပြောပြန်တယ်။

"ဟုတ်မှာပေ့ါ၊ မိန်းမတွေအတွက် လင်နဲ့သားနဲ့ ခွဲနေရတာ ဘယ်ဟန်ကျမလဲ၊ ဒါပေမဲ့..."

ဂျင်ဂျာက ကောင်မလေး လက်မောင်းကို မနာအောင် ဆိတ်လိုက်ပြန်တယ်။ ဒီတစ်ခါတော့ ကလေးမက မသိဟန်ဆောင်နေပြီး သူ့စကားသူ ဆက်တယ်။

"ဒါပေမဲ့ သူတို့ ကုန်းပေါ်မှာ အလုပ်လုပ်နိုင်သားပဲ၊ ဒါမှ သားမယားတွေနဲ့ နေ့တိုင်း နှစ်ထပ် ဘတ်စ်ကားကြီးတွေ စီးနိုင်မှာပေ့ါ"

ဂျင်ဂျာနဲ့ ဧရာလ်ဟာ ဘတ်စ်ကားတွေ တော်တော်ပဲ လျှောက်စီးကြတယ်။ နောက်တော့မှ တိရစ္ဆာန်ရုံမှာ ခြင်္သေ့လှောင်အိမ်နား ရောက်လို့ ခြင်္သေ့ကြီးတွေက ဟိန်းလား ဟောက်လားလုပ်တယ်ဆိုရင် ကောင်မလေးက လန့်ဖျပ်ပြီး ဂျင်ဂျာရဲ့ လက်မောင်းကို ဆုပ်ထားတတ်တယ်။ ဆင်စီးကြပြီ ဆိုတော့လည်း လိမ့်ကျမှာ ကြောက်လို့ ဂျင်ဂျာရဲ့ကိုယ်ကို လက်နစ်ဖက်နဲ့ ကိုင်ပြီး လိုက်တယ်။ ဆင်စီးပြီးတော့ စားသောက်ဆိုင်မှာ လိမ္မော်ရည် တစ်ပုလင်းစီနဲ့ ဗန်းမုန့်ကြော်ပူပူတွေ စားပြီး ဆိုင်ထဲက ပြန်အထွက်မှာ ကောင်မလေးက ငှက်ပျောခွံ တက်နင်းမိလို့ ချော်လဲမယ်အလုပ်မှာ ဂျင်ဂျာက ပွေ့ဖမ်းလိုက်ရသေးတယ်။

အိမ်ပြန်မှာတော့ ကောင်မလေးက စကားသိပ်မပြောတော့ဘဲ ငေးမောပြီးတော့ လိုက်ခဲ့တယ်။ ဒီတော့ ဂျင်ဂျာက မနေသာဘဲ...

"တို့များနဲ့ သွားရ လည်ရတာ သိပ်ပင်ပန်းသွားသလားဟင် .."

လို့ တိုးတိုးလေးမေးတော့ ကောင်မလေးက ခေါင်းခါပြီး..

"ဟင့်အင်း.. မပင်ပန်းပါဘူးရှင်"



http://mmteashop.com

"ဒါပေမဲ့ မင်းကြည့်ရတာ နွမ်းနယ်နေသလိုပဲ"

ဒီတော့ ကောင်မလေးက မပြုံးချင့်ပြုံးချင် ပြုံးရင်..

"လူမနွမ်းပါဘူး၊ စိတ်နည်းနည်း ပူနေတာပါ"

"အို.. စိတ်ပူနေတယ်၊ ဟုတ်လား ဘာများ စိတ်ပူစရာရှိလို့လဲကွယ် "

"အို.. အလကားပါ၊ မေ့ထားတာ ကောင်းပါတယ်၊ ဒီနေ့ သိပ်ပျော်ရတယ်နော်၊ ကျွန်မတော့ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး သိလား"

ဂျင်ဂျာက စိတ်ပိုင်းဖြတ်ထားသည့် လေသံနှင့် ..

"ပြောစမ်းပါကွယ်၊ မင်းမှာ ဘာစိတ်ပူစရာရှိလဲလို့ တို့နှစ်ယောက် အေးအတူ ပူအမျှပေါ့"

"အို.. ပြောမဖြစ်လို့ပါရှင်၊ တော်ကြာ ရှင့်ကို ကျွန်မကိစ္စထဲ ဆွဲထည့်သလို ဖြစ်နေပါဦးမယ်"

"မဟုတ်တာ၊ ပြောသာပြောပါ၊ အားမနာပါနဲ့"

ကောင်မလေးက သူ့လက်ကိုင်ပဝါလေးကို လိမ်ညှစ်နေပြီး ခေါင်းတွင်တွင် ခါယမ်းရင်း...

"မပြောပါရစေနဲ့ ရှင်ရယ်"

ဆိုကာ စကားပြောင်းပြီး၊ ရာသီဥတုအကြောင်း၊ တိရစ္ဆာန်ရုံက မျောက်တွေ အကြောင်း၊ သူတို့လမ်းထဲက တစ်နေ့တည်း ဆံပင်ရောင် နှစ်မျိုးသုံးမျိုး ပြောင်းဆိုးတဲ့ ကောင်မလေးတွေအကြောင်း သောင်းပြောင်းထွေလာ လျှောက်ပြောနေပေမယ့် ဂျင်ဂျာကတော့ ဖွဲကြီးနပဲကြီးနဲ့ လက်မလျှော့ဘဲ လောကကြီးမှာ အရေးကြီးဆုံးသော သူ၏ တာဝန်ကြီးတွေလို အဲဒီကလေးမရဲ့ အပူဆိုတာကိုသာ မရမက သဲကြီးမဲကြီး ကပ်မေးနေတယ်။ ဒီတော့မှ ကောင်မလေးက သက်ပြင်းချပြီး...



http://mmteashop.com

"ကိုင်း.. ရှင် ဒီလောက်သိချင်နေမှ ပြောရတော့မှာပေါ့လေ၊ ကျွန်မမှာ အရေးတကြီး ငွေသုံးပေါင်လိုနေတယ် မရရင် မဖြစ်ဘူး၊ ကဲ.. ဒါပါပဲ သိပြီလား၊ နောက်ထပ် မမေးနဲ့တော့"

ဂျင်ဂျာက စူးစမ်းတဲ့ မျက်နှာနဲ့...

"ကြွေးပေးစရာ ရှိလို့လားဟင်"

"အို.. ထပ်မမေးပါနဲ့ဆိုနေ၊ အစတည်းက ရှင့်ကို အပူမကူးစေချင်လို့ မပြောဘဲနေတာ"

"ဟာ.. ငွေလေး သုံးပေါင်များ အရေးလုပ်လို့ဗျာ၊ ကျုပ်မှာ သဘော်ဆင်းခါစ လခထုတ်ထားတာ အများကြီးရှိပါတယ်၊ မင်းကို ကျုပ်ပေးမယ်၊ သဘောရှိယူပါ"

ကောင်မလေးက ပျားတုတ်ခံရသလို ဆတ်ခနဲ ဖြစ်သွားပြီး ဂျင်ဂျာကို အမျိုးမျိုး ချီးကျူးတယ်။ သဘောထားကြီးတယ်၊ ရက်ရောတယ်၊ ခင်မင်တတ်တယ်။ ဒါပေမဲ့ ငွေကိုတော့ မယူပါရစေနဲ့၊ ဘယ်တော့မှ ပြန်ဆပ်နိုင်မှန်းမသိဘဲနဲ့ ဘာညာပေါ့၊ ဒီတော့ ဂျင်ဂျာက ယူသာ ယူပါ၊ ဆပ်နိုင်တဲ့အခါ ဆပ်၊ မဆပ်နိုင်လည်း နေပလေ့စေ၊ ခင်မင်တဲ့ လူချင်း ကူညီရတာပဲဆိုပြီး ကောင်မလေးကို ငွေသုံးပေါင် ထုတ်ပေးတယ်။ ကောင်မလေးကလည်း မယူဘူး ငြင်းတယ်။ ဒီလိုနဲ့ ပေးရင်းငြင်းရင်းနဲ့ နောက်ဆုံး အိမ်နားရောက်လာတော့ ဂျင်ဂျာက ငွေကို ကောင်မလေး လက်ထဲ အတင်းထည့်ပြီး သူ့လက်ကို ဘောင်းဘီအိတ်ထဲ စုံနှိုက်ထားလိုက်တယ်။ ကောင်မလေးက ပြန်မပေး နိုင်အောင်လို့ပေါ့၊ ဒီလိုနဲ့ အိမ်ရောက်ကြတော့ အဒေါ်ကြီးက ဂျင်ဂျာကို အမောပြေ အအေးစိမ် ဘီယာ တစ်ပုလင်းပေးပြီးတော့ အပေါ်ထပ်ကို တက်သွားတယ်။ ကောင်မလေးက နွဲ့နွဲ့ကလေး ပြောတယ်။

"ရှင့်မှာ သိပ်စိတ်ကောင်းရှိတယ်ဆိုတာကို ကျွန်မ ဘယ်တော့မှ မမေ့ပါဘူး"

"ကိုယ်ကလည်း မမေ့ပါစေနဲ့လို့ ဆုတောင်းပါတယ်ဗျာ၊ ဒါနဲ့ မနက်ဖြန် ကိုယ်တို့ လျှောက်လည်ကြဦးစို့လား"

ဒီတော့ ကောင်မလေးက ဝမ်းနည်းတဲ့ မျက်နှာနဲ့..



http://mmteashop.com

"မသွားနိုင်တော့ပါဘူးရှင်"

အဲဒီအခါမှာ ဂျင်ဂျာက ကောင်မလေးကို ကျောနဲ့လာပြီး မှီလိုမှီငြား ဆိုဖာနောက်တန်းပေါ်မှာ သူ့လက်ကို ဆန့်ထုတ်ပေးလိုက်တော့ ကောင်မလေးကလည်း အသာလေးပဲ လာမှီလိုက်တယ်။ ဒီတော့ ဂျင်ဂျာက ကလေးမမျက်နှာ ငုံ့ကြည့်ပြီး..

"ဘာဖြစ်လို့လဲ၊ အားနာနေပြန်ပြီလား"

"မဟုတ်ပါဘူး၊ သွားမဖြစ်တော့လို့ပါ"

ဂျင်ဂျာက ကောင်မလေးခါးကို သူ့လက်နဲ့ အသာညှစ်လိုက်ပြီး

"စဉ်းစားပါဦးကွယ်၊ ဘယ်လောက် ပျော်စရာကောင်းသလဲလို့"

ဆိုတော့ ကောင်မလေးက သူ့ဘက် မျက်နှာလှည့်လာတယ်။ သူတို့နှစ်ယောက် မျက်နှာဟာ နီးလွန်းလွန်းလို့ ဂျင်ဂျာဟာ စိတ်ကို မထိန်းနိုင်တော့ဘဲ ကောင်မလေးကို နမ်းလိုက်မိတယ်။ နောက် တစ်စက္ကန့်အတွင်းမှာ ဂျင်ဂျာဟာ နာရိုးကို အထုခံရပြီး မျက်စိထဲမှာ ကြယ်တွေလက်သွားတာ မြင်လိုက်ရတော့တယ်။ ဒါတင်မကသေးဘူး၊ ကောင်မလေးရဲ့ စူးစူးရှရှ အသံက -

"ဟင်.. ရှင်.. ဘယ့်နယ်လုပ်တာလဲ ... ဟင်.. ဟင်.."

ဒီအခိုက် မအေကြီးက အိမ်ပေါ်ထပ်က စည်ပိုင်းကြီး လိမ့်သလို အပြေးဆင်းချလာပြီး..

"ဟဲ့.. ဟဲ့.. ဘာဖြစ်ကြတာလဲ"

"အမေရေ ဟော့ဒီလူကြီးက သမီးကို နမ်းတယ်တော့"

လို့ဆိုပြီး မျက်နှာမှာ လက်ကိုင်ပဝါအုပ်ကာ တဟင့်ဟင့်နဲ့ ငိုတော့တယ်။ ဒီတော့ မအေကြီးကလည်း မျက်လုံးပြူး မျက်ဆံပြူးနဲ့ ဒေါသတကြီး..

"ဘာပြောတယ်၊ ဒီသက်ကြားအို သေခါနီးကြီးက ငါ့သမီး နနထွတ်ထွတ် ကလေးကို နမ်းတယ်ဟုတ်လား"



http://mmteashop.com

ဂျင်ဂျာက အကျိုးအကြောင်း ရှင်းပြဖို့ ကြိုးစားပေမယ့် အရာမထင်တော့ဘဲ နောက်ထပ် တစ်မိနစ်အတွင်းမှာပဲ ကြောက်ခွေးတစ်ကောင်လို အမြီးကုပ်ပြီး မအောင်မမြင်စွာနဲ့ ဆုတ်ခွာခဲ့ရတော့တယ်။ သူဟာ အိမ်ထဲက ကမူးရှူးထိုးနဲ့ ထွက်ခွာလာပြီး ရှက်လည်းရှက်၊ ဒေါသလည်းထွက်မို့ လမ်းသွားလမ်းလာတွေကို ဟိုတိုက် သည်တိုက် ဖြစ်လေတော့၊ တစ်လမ်းလုံးမှာပဲ လူတကာရဲ့ အကြိမ်းအမောင်းကို ခံခဲ့ရသေးတယ်။ နောက်ဆုံး သူတို့နေတဲ့ အခန်းရောက်မှ မနည်းကြီး ဣန္ဒြေဆယ်ပြီး သူတို့ လောင်းကြေးသတိရတာမို့ ခပ်တည်တည် ပီတာရှေ့မှာ သူ့လက်ဝါးကို ဖြန့်လိုက်ကာ ..

"ကဲ.. ပီတာ ပေးပေရော့ တစ်ပေါင်၊ ငါ ဒီနေ့တစ်နေ့လုံး ကောင်မလေးကို ခေါ်ထုတ်ခဲ့တာကွ၊ ဟောဒီမှာ တိရစ္ဆာန်ရုံဝင်တဲ့ လက်မှတ်၊ ဘတ်စ်ကားစီးတဲ့ လက်မှတ်တွေရော ကြည့်ဦးမလား"

ပီတာက ဘာမှမပြောပါဘူး၊ သူတောင်းတဲ့ ငွေတစ်ပေါင် အသာထုတ်ပေးလိုက်ပြီး တစ်ခုခုကို စဉ်းစားမိပြီးတော့..

"မနက်ဖြန်ကော မင်း သွားဦးမှာလား"

"ဟော့အေး.. မသွားတော့ဘူး ဒီ့ပြင်ကိစ္စတွေ ငါ့မှာ ရှိသေးတယ်"

ဒီတော့ ပီတာက သူတွေးထင်ချက် မှန်ပြီဆိုတဲ့ပုံနဲ့ ဆမ့် မျက်နှာကို လှမ်းကြည့်ပြီး မျက်စပစ် ပြောလိုက်တယ်။

"ဒါဖြင့် နက်ဖြန် ငါ့အလှည့်ပေါ့ကွာ၊ မင်းနဲ့ငါ ဒေါ်လာဝက်ကြေးလောက် လောင်းချင်တယ်၊ ငါကတော့ မင်းလို ကမူးရှူးထိုးနဲ့ ပြန်လာရမယ် မထင်ဘူးကွ"

ဒီတော့ ဆမ်က သူတို့နှစ်ယောက်ကို မိန်းကလေးနဲ့ ပတ်သက်ပြီး မကစားသင့်တဲ့ အကြောင်း၊ ဘာညာနဲ့ ဆုံးမ သြဝါဒပေးတော့ ထုံးစံအတိုင်း သုံးကောင်သား ကြွက်စီ ကြွက်စီနဲ့ စကားများကြပြီးမှ ဆမ်ကို ပါးစပ်ပိတ်ထားဖို့ ကြိမ်းမောင်းပြီး၊ ဂျင်ဂျာက ပီတာနဲ့ လောင်းကြေးကို လက်ခံလိုက်တယ်။ နို့ပြီး သူက ဖျေးလ်ဟာ နက်ဖြန်ခါ ပီတာမျက်နှာကို မြင်ရရင် အိမ်တံခါး ဆောင့်ပိတ်မှာ သေချာတယ်လို့ နိမိတ်ဖတ်လိုက်သေးတယ်။ သူ့ကို နံလိုက်ပြီကိုး။ နောက်တစ်ယောက်တော့ အနားကပ်ခံတော့မှာ မဟုတ်ဘူး တွက်ဆသပေါ့။



http://mmteashop.com

နောက်တစ်နေ့မနက် ပီတာထွက်သွားတော့ ဆမ်နဲ့ ဂျင်ဂျာဟာ ပီတာ ပြန်လာရင် ဟားတိုက်ဖို့ တစ်နေ့ခင်းလုံး ထိုင်စောင့်နေပေမယ့် နေစောင်းတဲ့အထိ ပေါ်မလာတာနဲ့ စိတ်မရှည်ကြတော့ဘဲ သူတို့ အပြင်ထွက် လမ်းလျှောက်ခဲ့ကြတယ်။ ည (၇) နာရီလောက် ရှိတော့မှ အိမ်ပြန်ရောက်ခဲ့ကြပြီး (၁၀) မိနစ်လောက်ကြာမှ ပီတာဟာ အိမ်ခန်းထဲ ဝင်လာပြီး ခုတင်ပေါ် ပက်လက်လှန်အိပ်၊ ဆေးတံဖွာရင်း စကားတစ်ခွန်းမှ မပြောဘဲ နေတယ်။ ဒီတော့ ဂျင်ဂျာက..

"ဘယ့်နယ်လဲ ကိုပီတာ၊ တော်တော် ပျော်ခဲ့ရဲ့လား"

"ပျော်ခဲ့တာပေါ့ကွာ၊ မင်း ငါ့ကို ဒေါ်လာတစ်ဝက် ပေးရမယ်နော်"

ပီတာက ဆေးတံကို သွားနင့်ခဲရင်း ပြောလိုက်တယ်။

"မင်းတို့ ဘယ်သွားကြတာလဲ"

"ဖန်နန်းတော်ကိုကွ"

ဂျင်ဂျာရဲ့ မယုံသင်္ကာအမေးကို ပီတာက ပြန်ဖြေလိုက်တယ်။

"နက်ဖြန်ခါကော သွားကြဦးမှာလား"

"မသွားနိုင်ပါဘူးကွာ၊ ငါ့မှာ ကိစ္စတွေ ရှိသေးတယ်"

ပီတာက ဆေးတံကို ပါးစပ်ထဲက ဆွဲထုတ်ကာ ဝါးခနဲသမ်းရင်း ပြောပြီး၊ ဆက်လက်၍..

"ကောင်မလေးက ယယ်လွန်းတယ်ကွာ၊ ငါက အသက်နည်းနည်းကြီးမှ ကြိုက်တာ၊ ပြောလို့ဆိုလို့ ကောင်းတယ်၊ မင်းခေါ်သွားချင် သွားလေ ဂျင်ဂျာ၊ ငါမတားပါဘူး"

"အို.. ငါ့အတွက်လည်း ငယ်တယ်ကွ၊ ဒီတော့ ဆမ်ကိုပဲ ပေးလိုက်ပါကွာ၊ သူတို့ တူဝရီးကြားထဲ တို့ဝင်ရှုပ်တာ မကောင်းပါဘူး"

ဒီတော့ ပီတာက အိပ်ရာပေါ်က ခုန်ထလာကာ..

http://mmteashop.com

"အစစ်ပေါ့ သူငယ်ချင်း အစစ်ပေါ့၊ တကယ်ဆို ဒါဟာ ဆမ့်ကိစ္စ ဆမ့်ပြဿနာပဲ၊ တို့က ဘာမှဆိုင်တာ မဟုတ်ပါဘူး၊ တို့က တမင်သက်သက် ဓားခုတ်ရာ လက်ဝင်လျှိုသလို ဖြစ်နေတာ"

"ဒါပေါ့.. ဒါပေါ့၊ ဆမ်က အဲသလိုချည်းပဲ ပြဿနာမရှိ ပြဿနာရှာလာ တို့မှာ သူ့ကို အမြဲပဲ အခက်အခဲကြားက ဆွဲထုတ်နေရတာချည်းပဲ"

ဂျင်ဂျာနဲ့ပီတာက တစ်ယောက်တစ်လှည့်စီ တွန်းထိုးသလို သူ့ကို အပြစ်ဖို့ နေကြတဲ့ အသံ၊ တာရှည် သည်းမခံနိုင်တော့ဘဲ ဆမ်ဟာ အခန်းတံခါးကို ဆောင့်ပိတ်ပြီး ထွက်ခဲ့တော့တယ်။ နောက်တစ်နေ့ မနက်မှာလည်း သူတို့သုံးယောက် စိတ်ကောက်ပြီး စကားမပြောဘဲ နေကြသေးတယ်။ ညနေစောင်းလောက်ကျမှ စိတ်ပြေသွားကြပြီး သုံးယောက်သား လမ်းလျှောက်ထွက်ခဲ့ကြတော့ လမ်းထိပ်မှာ ဆမ့်တူ ဂျိုးက တစ်မျက်နှာလုံး အပြုံးပန်းတွေ ဝေဝေနဲ့ သူတို့ကို နှုတ်ဆက်တယ်။

"ကျွန်တော် ခု ဦးလေးတို့ဆီ လာတာ"

ဂျင်ဂျာမျက်နှာ သိပ်မကြည်သာဘဲ..

"တို့မအားဘူးကွာ၊ သွားစရာရှိတယ်"

ဂျိုးက ချိုချိုပဲ...

"ဪ.. ဒီလိုဆိုလည်း သွားကြပါဗျာ၊ ကျွန်တော့်အမျိုးသမီးက ဦးလေးဆမ်ကို သူ ကျွန်တော့်အတွက် ဝယ်ပေးတဲ့ လက်ဆောင်တွေ သွားပြလိုက်ပါဦးဆိုလို့ လာခဲ့တာ၊ ဟောဒီမှာကြည့် ငွေကြိုးနဲ့ ငွေနာရီ၊ နောက်ပြီး ရွှေလက်စွပ်က တစ်ကွင်း၊ ကဲ.. မလှလား"

ဂျိုးက ပစ္စည်းများကို ဂျင်ဂျာ့ နှာခေါင်းအောက်တည့်တည့် ထိုးပြလိုက်တော့ ဂျင်ဂျာက သေခါနီး ငါးတစ်ကောင်လို ပါးစပ် ဟစိဟစိလုပ်ရင်း ငုံ့ကြည့်နေတယ်၊ နောက်.. ဂျိုးက နာရီအိမ်ကို ဖွင့်ပြီး သူ့ဦးလေးဆမ်ကို ပြနေတုန်း ဂျင်ဂျာဟာ ပီတာ့လက်မောင်းကို ဆွဲကာ ခပ်လှမ်းလှမ်း ခေါ်သွားပြီး လေသံမာမာနဲ့..

"ကဲ.. ပီတာ မှန်မှန်ပြောစမ်း၊ ကောင်မလေး မင်းဆီက ဘယ်လောက် လိုးလိုက်သလဲ"



http://mmteashop.com

ပီတာက မဆိုင်းမတွဘဲ..

"(၃) ပေါင်ကွ"

လို့ ခံပြင်းသံနဲ့ ပြန်ပြောလိုက်တော့ ဂျင်ဂျာက အံတကြိတ်ကြိတ်နဲ့ ..

"နင့်အမေကလွှား၊ ငါလည်း အတူတူပဲဟ၊ ဒါနဲ့နေပါဦး၊ မင်းမျက်နှာကော လက်သီးနဲ့ အထုခံရသေးလား"

ဒါတော့ ပီတာက နားမလည်တဲ့ပုံနဲ့..

"ဘာပြောတယ် ဂျင်ဂျာ"

"မင်းမျက်နှာကို အရိုက်ခံရသေးသလားလို့ မေးတာ"

"အေးကွ၊ နှာရိုးကို ပိတ်ထုတယ်"

ဟု ပီတာက ရှက်ကိုးရှက်ကန်းနဲ့ ပြန်ပြောလိုက်တော့၏တဲ့။

* * *



http://mmteashop.com

# မုဆိုး တစ်လှည့် ငါးပျံ တစ်လှည့်



## ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်

ပေးကမ်း စွန့်ကြဲခြင်းဆိုတဲ့ ကောင်းမှုပြုခြင်းဟာ ပုဗ္ဗ မုဉ္စ ပရ စေတနာသုံးတန် ပြဋ္ဌာန်းပြီး ပြုတယ်ဆိုရင် အင်မတန် ကောင်းမွန် မြင့်မြတ်ပါတယ်။ အဲ.. ကိုယ်ကျိုးလိုလို့၊ ကိုယ့်အတွက်ရဖို့၊ ထောင်မြင်လို့ ရာစွန့်တဲ့ သဘောမျိုး လုပ်ရင်တော့ အင်မတန် စက်ဆုပ်ဖို့ကောင်းတာပဲ၊ ဥပမာ ပြရမယ်ဆိုရင် တစ်ခါက အရက်ဆိုင်တစ်ခုမှာ လူချင်း ခုမှ တွေ့ဖူးတဲ့ သူစိမ်းတစ်ယောက်က ကျုပ်ကို သေသွားတဲ့ သူ့အစ်ကိုနဲ့ တူလွန်းလွန်းလို့ အရက်တိုက်ပါရစေဆိုပြီး အရက်နစ်ပက် ဖွတ်တိုက်တယ်၊ ကျုပ်ကလည်း အားနာလို့ သောက်လိုက်ရတယ်၊ ပြီးတော့ ငွေတစ်ဆယ် မရမက ချေးပါလေရောဗျာ၊ ကျုပ်ကလည်း အားနာတတ်တဲ့ လူဆိုတော့ ချေးပေးလိုက်ရတာပေါ့။ အင်း.. သင်းဟာ ဒီယုန်မြင် သည်ချုံထွင်တာပါလားလို့ နောက်တော့မှာ ကျုပ်က စဉ်းစားမိသဗျ၊ ဒါပေမဲ့ အခု ပြောပြမယ့် ဆမ်စမောလ်၊ ဂျင်ဂျာဒစ်နဲ့ ပီတာရပ်ဆက်တို့ ပြုကြတဲ့ ဒါနကတော့ တစ်မျိုးဗျ၊ ပညာသားကလေး ပါတယ်၊ ပြောရမယ်ဆိုရင် သူတို့သုံးယောက် စကားများကြတာက စတယ်ဗျ။

ဆိပ်ကမ်းညစောင့် အလုပ်သမားကြီးသည် သူ့ထုံးစံအတိုင်း ခေါင်းခါခါ လည်ခါခါနှင့် ပြောပြပါသည်။

တစ်ခါက သူတို့ သဘော်သားသုံးယောက်ဟာ ပင်လယ်ခရီးက ပြန်ရောက်စ 'ဝက်ပင်း' ဆိုတဲ့ ရပ်ကွက်မှာ အိမ်ခန်းတစ်ခု ငှားနေကြတယ်။ ရောက်စ ရက်များမှာတော့ ပိုက်ဆံလည်း ထောနေကြတုန်းမို့ သုံးယောက်သား ညီရင်းအစ်ကိုပမာ သွားတူ၊ စားတူ၊ သောက်တူ ပျော်ပျော်ပါးပါးနဲ့ပေါ့၊ အဲ.. တစ်ညကျတော့ 'ပေါ့ပလာ' လမ်းက အရက်ဆိုင် တစ်ဆိုင်မှာ ပထမတစ်ခွက်လောက်စီ သောက်ကြအပြီးမှာ ဂျင်ဂျာက ပျင်းပျင်းရှိတာနဲ့ ဆမ်ကို ကျီစားဖို့ အကြံတစ်ခုရတယ်။ ဒါကြောင့် ဂျင်ဂျာက ဆိုင်ရှင်ကို မျက်စိတစ်ချက် မှိတ်ပြပြီး ဆမ်ဟာ ဘီယာတစ်ခွက်ကို မနားတမ်း တစ်ချက်တည်းနဲ့ အပြီး မမော့နိုင်ပါဘူး။ ဒေါ်လာတစ်ဝက်ကြေး လောင်းချင်တယ် ဆိုပါလေရော။ (ဘီယာမတ်ခွက်ကြီး တစ်ခွက်က တစ်ပုလင်း ရှိသည်) ဒီတော့ ဒါမျိုး သောက်နေကျ ဆမ်က စိန်လိုက်ဆိုပြီး လောင်းကြေးငွေကို ဆိုင်ရှင်ဆီမှာ အပ်လိုက်တယ်။ ဆိုင်ရှင်က ဘီယာခွက်ကြီးကို ဆမ်ရှေ့မှာ ချလိုက်တယ်။

http://mmteashop.com

ဒီတော့ ဆမ်ဟာ အမြုပ်တစီစီ ထနေတဲ့ ဘီယာခွက်ကြီးကို ကောက်ကိုင်လိုက်တယ် ဆိုရင်ပဲ ဟိုနှစ်ကောင် မျက်နှာပေးက မချိုမချဉ်နဲ့ ပြုံးစိစိ ဖြစ်နေကြတယ်။ ဒီတော့ ဆမ်က မယုံသင်္ကာဖြစ်ပြီး၊ မတ်ခွက်ကို ပြန်ချလိုက်တယ်။ ပြီးတော့ ဂျင်ဂျာကို "ဘာဖြစ်နေကြတာလဲ" လို့ မေးလိုက်တော့ သူတို့က မင်းမသောက်နိုင်တော့ဘူး မဟုတ်လားလို့ ပြောပြီး ရယ်ကြတယ်။ ဒီတော့ ဆမ်က မခံချင်စိတ် ဖြစ်လာပြီး "အောင်မာ .. ဘာလို့ မသောက်နိုင်ရမှာလဲ၊ ဘီယာလည်း အလကား သောက်ရဦးမယ်၊ ငွေ ဒေါ်လာဝက်လည်း ရဦးမယ်" ဆိုပြီး မတ်ခွက်ကို ကောက်မော့လိုက်တယ် ဆိုရင်ပဲ ဂျင်ဂျာက ဆိုင်ရှင်ကို လှမ်းပြီး မေးလိုက်တယ်။

"ခင်ဗျား ကြွက်ကို ဘီယာစည်ထဲ ကျနေတာတွေ့တော့ သေနေပြီလားဗျ"

အဲဒီမေးခွန်းကို ကြားလိုက်ရတယ် ဆိုရင်ပဲ ဆမ်ဟာ ကျည်ဆန်မှန်လိုက်သလား ထင်ရတယ်။ သူ့ကိုယ်ဟာ ဆတ်ခနဲ တွန့်သွားပြီး လက်ထဲက လေးငါးကျိုက် သောက်ပြီးပြီဖြစ်တဲ့ မတ်ခွက်ကြီးကို ဆတ်ခနဲ ချလိုက်တယ်။ ပါးစပ်ထဲမှာ မမျိုရသေးတဲ့ ဘီယာတွေကို ထွီခနဲ ထွေးလိုက်ပြီး အော်ဂလီ ဆန်လွန်းလို့ ရှုံ့မဲ့နေတော့တယ်။ အဲဒီအခါမှာ ဂျင်ဂျာက အံ့အားသင့်နေတဲ့ မျက်နှာနဲ့..

"ဟ... ဆမ်ရ မင်းဘယ်လို ဖြစ်တာလဲ၊ ခါတိုင်းလည်း ဘီယာ သောက်နေကျပဲဟာ၊ မင်းဒီလိုဖြစ်တာ တစ်ခါမှ မတွေ့ဖူးပါဘူး"

ပီတာကလည်း ..

"အေးလေ.. ဘီယာကို ဒီကောင်လောက်ကြိုက်တာ ကမ္ဘာမှာ ရှိမယ်တောင် မထင်ဘူး အောက်မေ့ခဲ့တာ "

ဆိုလေတော့ ဆမ်က ဒေါသနဲ့ ပြန်အော်တယ်။

"ကြွက်ကျထားတဲ့ ဘီယာတော့ ဘယ်သူမှ မကြိုက်ဘူးကွ"

ဒီတော့ ဂျင်ဂျာက ဘုမသိဘမသိ အမူအရာနဲ့ ..



http://mmteashop.com

"ဟ မင်းသောက်တဲ့ ဘီယာထဲ ကြွက်ကျတယ်လို့ ဘယ်သူက ပြောလို့ ကြဲ့ကြဲ့ဖန်ဖန်ကွာ၊ တွေးမှတွေးတတ်ပလေ၊ စည်ထဲ ကြွက်ကျပြီးသား ဘီယာကိုရော ဒီဆိုင်ရှင် ရောင်းနေမှာလားကွ၊ မေးကြည့်စမ်းပါဦး"

လမ်းခင်းပေးလိုက်တော့ ပီတာက..

"အေးလေ"

လို့ ထောက်ခံလိုက်ပြီးမှ..

"ဘယ်လိုပဲဖြစ်ဖြစ်လေ သူ့ လောင်းကြေးတော့ ရှုံးပြီပေါ့"

ဆိုပြီး ဆိုင်ရှင်ဆီကငွေကို ယူလိုက်ကြတယ်။

ဒီတော့မှ ဆမ်ဟာ သူတို့ရဲ့ ထွင်လုံးကို သိရပြီး ဒေါပွလွန်းလို့ ဘားခန်းတစ်ခုလုံး ပြည့်အောင် ခုန်ဆွခုန်ဆွလုပ်ရင်း ဂျင်ဂျာနဲ့ပီတာကို ရန်တွေ့တယ်။ ဆဲတယ် ကျိန်တယ်။ ကြာကြာနေတော့ နားငြီးလွန်းလို့ သူတို့လိုပဲ အရက်သောက်နေတဲ့ စစ်သား နှစ်ယောက်ရယ်၊ ဆိုင်ရှင်ညီအစ်ကိုရယ် သူ့ကို ဆိုင်ပြင်ဆွဲထုတ်လိုက်ကြတယ်။

ဆမ်ဟာ ဆိုင်ပြင်ကနေပြီး ဂျင်ဂျာနဲ့ ပီတာ ထွက်လာတဲ့အထိ စောင့်နေ သေးတယ်။ သူတို့လည်း ထွက်လာရော ဆမ်က သင်းတို့မျက်နှာတွေ စေ့စေ့ကြည့်ပြီး သင်းတို့ဟာ ဘယ်လောက် အောက်တန်းစားကျတဲ့အကြောင်း၊ သင်းတို့ကို စကတည်းက နည်းနည်းမှ အထင်မကြီးကြောင်း၊ ဒီနေ့ကစပြီး သင်းတို့မျက်နှာ သင်းတို့တွေကို ဘယ်တော့မှ မတွေ့လိုကြောင်း အားရပါးရ ပြောပြီး...

"မင်းတို့ကို ဒီတစ်သက်မပြောနဲ့ နောက်ထပ် ဆယ်သက်လည်း ပြတ်တယ်ကွ"

ဒီတော့ ဂျင်ဂျာက ပီတာ့လက်ကို ဆွဲခေါ်ရင်း..

"ဒါဖြင့်လည်း ကောင်းပါပြီဗျာ၊ တာ့တာ ဘိုင့်ဘိုင်ပေါ့၊ လာကွာ ပီတာ၊ ဒီကောင် တို့ကို ကြာကြာစိတ်ကောက် မနေနိုင်ပါဘူး၊ တော်ကြာ စိတ်ပြေတော့ အိမ်ပြန်လာမှာပါ"

ပြောတော့ ဆမ်က မရယ်ချင့် ရယ်ချင်နဲ့ ရယ်လိုက်ပြီး...



http://mmteashop.com

"ဘာ.. အိမ်ပြန်လာမယ် ဟုတ်လား၊ မင်းတို့ အပုပ်ကောင်တွေ ရှိတဲ့နေရာကို အပုပ်နံ့တွေ ရှူရအောင် ငါပြန်လာမယ် ထင်သလား"

လို့ဆိုပြီး ပီတာနဲ့ ဂျင်ဂျာကို ရွံရှာစွာကြည့်ပြီး တင်ကော့ကော့ ရင်မော့မော့နဲ့ ထွက်သွားတော့တယ်။ သူဟာ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ စိတ်ပြေလက်ပျောက် လျှောက်သွားနေပေမယ့် ဒေါသက တော်တော်နဲ့ မပြေဘူး။

ဒါပေမဲ့ ခါတိုင်း သုံးယောက်သား တစ်တွဲတွဲသွားနေရာက အခု တစ်ယောက်တည်း ခွဲထွက်လာရတော့ ရင်ထဲဟာတာတာနဲ့ နောက် ညဥ့်နက်လာလေလေ ချမ်းအေးလာလေလေမို့ အိပ်ရာပေါ် ထွေးထွေးနွေးနွေးလေးနေဖို့ အောက်မေ့ သတိရ လာတယ်။

ဒါကြောင့် ဘားဆိုင် တစ်ဆိုင်ဝင်၊ ဒေါသမာန်မာနကို အရက်ပုလင်း တစ်ဝက်လောက်နဲ့ မျှောချပြီး အိမ်ကို ပြန်လာခဲ့တယ်။ အိပ်ခန်းထဲဝင်တော့ မှောင်နေပြီ၊ ဂျင်ဂျာနဲ့ ပီတာတို့လည်း အိပ်ပျော်နေကြပြီ၊ ဟောက်သံများတောင် ဟောက်နေကြသေး။ ဒီတော့၊ သူက အိပ်နေသူတွေကို မနှောင့်ယှက်ချင်တဲ့အတွက် ဖြည်းဖြည်းသက်သာပဲ ကုတ်အင်္ကျီကို ချွတ်တယ်။ နို့ပြီး ဖိနပ်ချွတ်ဖို့ အိပ်ရာပေါ် ထိုင်ချလိုက်တဲ့အခါမှာ လူတစ်ယောက်ရဲ့ ဝမ်းဗိုက်ပေါ် ထိုင်ချမိရက်သားဖြစ်ပြီး အဲဒီလူက ငေါက်ခနဲ ခေါင်းထောင်ထလာကာ သူ့ကိုယ်ကို တွန်းထုတ်နေတယ်။ ဆမ် စိတ်ထဲမှာ ဂျင်ဂျာနဲ့ ပီတာ တစ်ယောက်ယောက် အိပ်ရာမှားနေတာ အောက်မေ့ပြီး..

"ဟေ့.. ဒါ ငါ့အိပ်ရာကွ၊ ဖယ်စမ်း"

ဟိုလူကလည်း မဖယ်ဘူး၊ ဒီလို တစ်ယောက်နဲ့တစ်ယောက် တွန်းထိုးထွေးလုံး နေတဲ့ အသံကြားတော့ ပီတာနဲ့ ဂျင်ဂျာလည်း နိုးလာပြီး ဖယောင်းတိုင်မီးကို ထွန်းလိုက်တယ်။

ဒီတော့ ဆမ်ဟာ သူ့အိပ်ရာထဲမှာ လူစိမ်းတစ်ယောက် ဖြစ်နေတာ တွေ့ရတော့ ဘာမှ ပြောမနေတော့ဘဲ အဲဒီလူ ဆံပင်ဆွဲ အိပ်ရာထဲက တွန်းထုတ်နေလေတော့ ဂျင်ဂျာက ကမန်းကတန်း သူ့လက်ကို ဖမ်းကိုင်တဲ့ပြီး..

"ဟေ့.. ဆမ် မလုပ်နဲ့လေ၊ ပီတာရေ ကူပါဦးကွ"

http://mmteashop.com

ပြောတော့ ပီတာကလည်း ကူရှာပါတယ်။ သူ့လက်မောင်းနဲ့ ဆမ်ရဲ့ လည်ပင်းကို ညှစ်ထားလိုက်တော့ ဆမ်မှာ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး အိပ်ရာထဲက ငနဲကို လွှတ်ပေးလိုက်ရတော့တယ်။ ပြီးတော့ မကျေမချမ်းနဲ့ အဲဒီလူကို စေ့စေ့ကြည့်ပြီး ..

"မင်းက ဘယ်ကကောင်လဲ၊ ငါ့အိပ်ရာထဲ ဘာလို့လာပြီး စက်တော် ခေါ်နေရတာလဲ"

ဒီတော့ ပီတာက ..

"သူက တို့လူငှားလေ"

"ဘာ .. ဘာပြောတယ်"

ဆမ်က နားမလည်လို့ ပြန်မေးတော့ ဂျင်ဂျာက ..

"တို့လူငှားပါဆို၊ မင်းက ပြန်မလာတော့ဘူးဆိုတော့ မင်းအိပ်ရာကို အလဟဿ မဖြစ်အောင် တို့က သူ့ကို တစ်ည ခြောက်ပဲနိန့် ငှားလိုက်တာကွ၊ ကဲ.. မင်းအတွက် အိပ်ရာမရှိတော့ဘူး၊ မင်း ဒို့ပြင် တစ်နေရာရာကို သွားပေတော့"

ဆမ်ဟာ တစ်မိနစ်ကြာမျှ ဘာမှမပြောနိုင်ဘဲ ကြောင်အမ်းအမ်းကြီး ဖြစ်နေပြီး တော့မှ...

"အောင်မာ.. အောင်မာ... ဘာရမလဲ၊ ဒီအခန်းက ငါ စနေနေ့အထိ ငှားထားတာပဲ၊ ငါ့အိပ်ရာ ငါအိပ်မှာပေါ့"

ဆိုပြီး လူစိမ်းကို အိပ်ရာထဲက ဆွဲထုတ်ဖို့ ပြေးသွားပြန်တဲ့အခါ ဂျင်ဂျာနဲ့ ပီတာက သူ့ကို အတင်းဖမ်းချုပ်၊ ကြမ်းပြင်ပေါ်တွန်းလှဲ၊ အပေါ်က ဖိထားကြပြီး သုံးယောက်မှာ နှစ်ယောက်နဲ့ တစ်ယောက်၊ သူတို့က မှန်တယ်။ ဒါကြောင့် ဆမ်က "ဆူဆူပူပူ မလုပ်တော့ပါဘူး၊ အကြမ်းမဖက်တော့ပါဘူး" ဆိုမှ "ဖယ်ပေးမယ်" ပြောတော့ ဆမ်ဟာ အမျိုးမျိုး ဆဲဆို ရေရွတ်ပြီး အားမတန်လို့ မာန်လျှော့လိုက်ရတယ်။ ဒီတော့ ဂျင်ဂျာက အပေါင်းအသင်း ရောင်းရင်းချင်းမို့ သနားသဖြင့် အခန်းထောင့်က ကြမ်းပြင်ပေါ်မှာ စောင်တစ်ထည်ခင်းပြီး အိပ်ခွင့်ပြုတယ်လို့ ပြောတယ်။ ဆမ်က မကျေနပ်ပေမယ့် ဘာမှ



http://mmteashop.com

မတတ်နိုင်တော့ဘူး၊ သူ့ဖိနပ် ချွတ်၊ ကုတ်အင်္ကျီကို ပြန်ဝတ်ပြီး စောင်တစ်ထည်ဆွဲလို့ အခန်းထောင့်မှာ သွားအိပ်ရရှာတယ်။

ဒါပေမဲ့ ကောင်းကောင်း အိပ်လို့မပျော်ဘူး၊ ကြမ်းခင်းက အေးအေး မာမာ၊ အိပ်နေကျလည်း မဟုတ်တော့ တလူးလူး တလွန့်လွန့်နဲ့ပဲ၊ ဒါတောင် ကြာတော့ မှေးခနဲ အိပ်ပျော်သွားပြီး ပြန်နိုးတော့ မနက်အလင်းရောင်တောင် သမ်းနေပြီ၊ အဲဒီအချိန်မှာ အခန်းထဲ လှုပ်လှုပ်ရွရွ အသံကြားလို့ မျက်စိတစ်ဖက်ကို အသာဖွင့်ကြည့်လိုက်တော့ လား... လား.. ညအိပ်ရာထဲ အိပ်တဲ့ငနဲက ပီတာနဲ့ဂျင်ဂျာ ခုတင်ခြေရင်းမှာရပ်ပြီး သူတို့ ဘောင်းဘီ အင်္ကျီအိတ်တွေကို လျှောက်နှိုက်၊ အထဲတွေ့သမျှ ပစ္စည်းတွေ ယူပြီး သူ့ဖိနပ် လက်ကဆွဲ အသာ ခြေဖျားထောက်ပြီး လစ်တော့တယ်။

ဒီတစ်ခါမှာ ဘာရမလဲ၊ ဆမ်က သူ့နောက်က ထပ်ကြပ်လိုက်သွားတယ်။ ငနဲကောင် အိမ်ပေါ်ကဆင်းပြီး အိမ်ရှေ့တံခါးမကြီး ဖွင့်နေတုန်း ဆမ်က နောက်ကနေ ဖမ်းဆွဲပြီး နားသယ်ကို သုံးလေးချက် ပစ်တီးလိုက်တယ်။ ငနဲကောင် မလှုပ်နိုင်တော့မှ လက်သီးဆုပ်ပြပြီး ပါသွားတဲ့ ပစ္စည်းတွေကို ပြန်တောင်းတယ်။

အောင်မာ ငနဲကောင်က အတော်လာသား၊ ပစ္စည်းပြန်ပေးရင်း "သူတကယ် ယူတာ မဟုတ်ပါဘူး၊ အလကား ကျီစားတာပါ" တဲ့ ဆမ်ကိုလည်း တွေ့တွေ့ချင်း ဟိုလူနှစ်ယောက်ထက်တောင် ပိုပြီး ခင်ပါတယ်ဆိုပြီး ပစ္စည်းတွေကို ဆမ်လက်ထဲ ထည့်တယ်။ ဂျင်ဂျာရဲ့နာရီနဲ့ ငွေကြိုးရယ်၊ ငွေသားက စုစုပေါင်း ဆယ့်ရှစ်ပေါင် လေးသျှီလင်နဲ့ ခြောက်ပဲနိ၊ ဆမ်က ငနဲကောင်ရဲ့ အိတ်တွေကို သေသေချာချာ နှိုက်ကြည့်ပြီးတော့မှ တံခါးဖွင့်ပြီး ငနဲကို အပြင်ဘက်ကို ကန်ထုတ်လိုက်တယ်။

နောက် နာရီနဲ့ငွေတွေကို သူ့ခါးမှာ ပတ်ထားတဲ့ ခါးပတ်က အိတ်ကြီးထဲကို သေသေချာချာထည့်၊ အိမ်ပေါ် ပြန်တက်ခဲ့တယ်။ ဟိုနှစ်ကောင်ကတော့ ဘာမှမသိရှာဘူး၊ တရှူးရှူးနဲ့ အိပ်လို့ကောင်းတုန်း၊ ဒီတော့မှ ဆမ်ဟာ သူစောစောက အိပ်တဲ့ကြမ်းပြင် ပေါ်မှာပဲ တုံးလုံးလဲ အိပ်လိုက်တယ်၊ ဒီအချိန်မှာ ဆမ့်မျက်နှာဟာ ကမ္ဘာပေါ်တွင် အပျော်ဆုံး အပြုံးတွေနဲ့ပေါ့။

နောက် နံနက်မိုးသောက်လို့ ပထမဦးဆုံး ဂျင်ဂျာအိပ်ရာထတဲ့ အခါမှာ ဆမ်က မျက်လုံးစုံမှိတ်ပြီး အိပ်ချင်ယောင် ဆောင်နေလိုက်တယ်။ တယ်မကြာပါဘူး၊ ဂျင်ဂျာက



http://mmteashop.com

ပီတာကို နိုးပြီး ဆူညံဆူညံ ဖြစ်တော့တာပဲ၊ ဒီတော့မှ ဆမ်က အိပ်ရာကလန့်ပြီး နိုးလာတဲ့ဟန်နဲ့ …

"ဟိတ်ကောင်တွေ၊ ဒီလောက်တောင် မင်းတို့က ဘာလို့ ဆူနေကြတာလဲကွ၊ မင်းတို့လူငှား လန့်ပြု နိုးသွားပါဦးမယ်ကွာ"

ဒီတော့ ဂျင်ဂျာမှာ ညတုန်းကအသံနဲ့ လားလားမျှ မတူတော့ဘဲ ပျော့ဆွဲဆွဲ လေသံလေးနဲ့..

"ဆမ်.. တို့ပစ္စည်းတွေတော့ ပါသွားပြီ၊ ငွေတွေရောပဲ"

ဆမ်က ဘာမှမသိဟန် ထိတ်လန့်တဲ့ပုံနဲ့ ..

"ဟာ.. မဟုတ်နိုင်တာ"

"ဟုတ်ပါတယ်ကွာ၊ ငါနဲ့ပီတာ ရှိစုမဲ့စုဟာတွေ အကုန်ကုန်ပါပြီ၊ ဟို.. ခွေးသူခိုး လစ်သွားတာ"

"ဟင်.. နင်အိပ်မက်မက်နေတာ ဖြစ်ပါလိမ့်မယ် ဂျင်ဂျာ"

ဂျင်ဂျာခမျာ ငိုမလိုအသံနဲ့..

"အိပ်မက်ဖြစ်ပါစေ ဆုတောင်းပါတယ် သူငယ်ချင်း၊ ဒါပေမဲ့ ဟိုကောင်လည်း မရှိတော့ဘူး၊ တို့ဘောင်းဘီ အကျီအိတ်တွေလည်း ပြောင်နေပြီ"

ဒီတော့မှ ဆမ်က အိပ်ရာထ မတ်တတ်ရပ်လိုက်ပြီး ..

"အိုး.. မင်းတို့ဟာက ဘုမသိဘမသိ၊ ဘယ်က ကလေကချေ လျှောက်ပင့် လာမှန်းမှ မသိတာ၊ ကုန်တာ နည်းသေး"

"သူ့ကြည့်ရတာတော့ အပြောအဆို ရည်ရည်မွန်မွန် ရှိတာနဲ့ တို့တောင် ပြောမိသေးတယ်၊ ဒီကောင်က မင်းထက် ဟို.. ဟို.. အဲ.."

ဆမ်က သိမ်မွေ့တဲ့အသံနဲ့ ..



http://mmteashop.com

"ပြောပါလေ ဆက်ပြောပါ၊ ငါ့ထက် ဘာဖြစ်လဲ"

"သြော်.. မင်းထက်တော့ မရည်မွန်ပါဘူးလို့"

ဆမ်က "ငါသိပါတယ်" ဆိုတဲ့ သဘောနဲ့ ပခုံးတစ်ဖက် တွန့်လိုက်ပြီး..

"ဟာ.. ကံကောင်းချင်တော့ ငါက ငါ့အဝတ်တွေ ဝတ်အိပ်မိလို့ သီသီလေး လွတ်သွားတာပေါ့နော်၊ နို့မဟုတ်ရင် ငါပါ ခါလီပြာလီ ပြောင်ဦးမှာ"

ဆိုပြီး သူ့အိတ်ထဲက ပိုက်ဆံတွေကို တချင်ချင်မြည်အောင် တမင် လှုပ်ခါနေတယ်။ ပြီးမှ...

"သူလည်း သူ့သားစာ မယားစာ ရှာတာ နေမှာပေါ့ကွာ၊ သားကျွေးမှု မယားကျွေးမှု၊ တစ်ခုပညာ ကိုယ်စီပါ ဆိုတော့ သူ့ပညာက မင်းတို့လို ကောင်တွေဆီက အလုပ်သင်စ်ဖို့ ဖြစ်မှာပေါ့.."

ဟုပြောကာ နောက်တစ်ကြိမ် နှစ်ကြိမ် ပိုက်ဆံတွေကို အသံမြည်အောင် တမင်လုပ်ပြီးမှ ကုတ်အင်္ကျီကို ချွတ်ပြီး မျက်နှာသစ်ဖို့ လုပ်တယ်ဆိုရင်ပဲ ဂျင်ဂျာက ပျာပျာသလဲ ရေခပ်ပေးတယ်။ ပီတာက မှောက်ကျနေတဲ့ ဆပ်ပြာခွက်ကို ကောက်ပေး တယ်။ ပြီးတော့ ပူပင်သောကမရှိ အေးအေးဆေးဆေး မျက်နှာသစ်နေတဲ့ ဆမ်ရဲ့ ကျောကုန်းကြီးကို နှစ်ယောက်သား စိတ်မချမ်းသာတဲ့ မျက်နှာတွေနဲ့ ငေးမော ကြည့်နေရင်း ဂျင်ဂျာက စိတ်ပျက်လက်ပျက် အသံနဲ့..

"ငါတို့တော့ ငတ်ပေါက်တိုးပြီ ပီတာ"

ပီတာက သူ့အဝတ်များကို ဖြည်းဖြည်းချင်း ဝတ်ရင်း..

"သေချာပေါက်ပေါ့ကွာ"

"ငါတို့များ ကုသိုလ်ဆိုးလိုက်တာက တင်သေတောင် ငိုမယ့်လူ ရှိပုံမပေါ်ဘူးကွ"

ဂျင်ဂျာက ပြောလိုက်တော့ ပီတာက..

"ငါလည်း အတူတူပါပဲကွာ"



http://mmteashop.com

"ဆမ်ကတော့ နည်းနည်းပါးပါး လွမ်းချင်လွမ်းလိမ့်မပေါ့၊ သူက တို့ရဲ့ တစ်ဦးတည်းသော မိတ်ဆွေစစ် မဟုတ်လား"

ဂျင်ဂျာက သွေးတိုးစမ်းသလို ပြောလိုက်တော့ ဆမ်က မျက်နှာမှာ ဆပ်ပြာမြှုပ်တွေ အပြည့်နဲ့ လှည့်ကြည့်ရင်း..

"မင်းတို့ ဘာတွေ ပြောနေကြတာလဲ၊ မင်းတို့ဘာလို့ ဝတ်သေရမှာလဲ၊ သဘော်တွေအပုံ သဘော်လိုက်ကြပေါ့ကွ"

"ဩော်.. တို့တစ်တွေ 'ချက်စ်ပိစ်' သဘော် ပြန်ထွက်တော့မှ လိုက်ကြမယ်လို့ သဘောတူထားတယ် မဟုတ်လား"

ဂျင်ဂျာက ညောင်နာနာအသံနဲ့ ပြန်ပြောတော့ ဆမ်က..

"အဲဒီသဘော်က နောက်သုံးပတ်လောက်ကြာမှ ပြန်ရောက်မှာကွ၊ မင်းသိသားနဲ့"

"ဆမ်က သဘော်မထွက်မီ တို့ကို ငွေ နည်းနည်းပါးပါး ချေးမှပေါ့ကွ၊ ဒါမှလည်း တို့ ရဲ့သုံးဘော် ပျော်ပျော်ပါးပါး တစ်စုတစ်ဝေးတည်း ခရီးပြန်ထွက်ကြရမှာ ဟုတ်ဖူးလား"

ဟု ပီတာက စကားခေါ်တော့ ဆမ်က ဂျင်ဂျာ နောက်ထပ်ပါးစပ် မဟမီ..

"ပိုက်ဆံမချေးနိုင်ဘူးကွ၊ သူ့ဟာနဲ့သူတောင် အနိုင်နိုင်ရယ်၊ နို့ပြီး ကိုယ့်လူကိုတော့ ကြမ်းပြင်ပေါ် အိပ်ခိုင်းပြီး ငါ့အိပ်ရာထဲ ဂျပိုးသူခိုးကို ခေါ်သွင်းတဲ့ မိတ်ဆွေဆိုတဲ့ အကောင်တွေကို ချေးစရာ ပိုက်ဆံရှိလည်း မချေးဘူးကွ။ ငါ့လည်ပင်းဆိုတာ ခေါင်းအုံးမရှိဘဲနဲ့ အိပ်ရလို့ ကိုက်ခဲနေတာပဲ၊ ခြေသလုံးတွေလည်း ကြွက်တက်တော့မတတ် အေးလို့"

ဆမ်က သူပြောချင်ရာ ပြောပြီး သီချင်းလေး တအေးအေးနဲ့ အဝတ်အစားလဲပြီး မနက်စာစားဖို့ ထွက်သွားတော့တယ်။ သူစားနေကျ စားသောက်ဆိုင်ရောက်လို့ ကြက်ဥနဲ့ ဝက်ပေါင်ခြောက်ကြော်ကို ဟဲတော့မယ် လုပ်ကာရှိသေး။ ဂျင်ဂျာနဲ့ ပီတာက ရောက်လာပြီး သူမေ့ကျန်ခဲ့တဲ့ လက်ကိုင်ပဝါလေးကို ကမ်းပေးရင်း...

"မင်း လက်ကိုင်ပဝါ လိုလိမ့်မယ်ထင်လို့"



http://mmteashop.com

ပီတာရဲ့ စကားဆုံးတော့ ဂျင်ဂျာက..

"တို့ ယူလာပေးတာ၊ မင်း မနက်စာကို ဖြောင့်ဖြောင့်တန်းတန်း စားပါစေဆိုတဲ့ စေတနာနဲ့ပေါ့ကွာ"

ဆမ်က လက်ကိုင်ပဝါကို လှမ်းယူလိုက်တယ်။ ဘာမှပြန်မပြောဘူး၊ ဒါနဲ့ ဂျင်ဂျာနဲ့ ပီတာက အနားမှာ ယောင်ပေပေ လုပ်နေကြသေးတယ်။ ဆမ်က တိုဏ်ှဘာဝေ သူ့ဟာသူ စားနေတယ်။ နောက်တော့ အကြောင်းမထူးတာနဲ့ ဂျင်ဂျာရော ပီတာရော အသာနောက်ဆုတ်သွားကြတယ်။

ဆမ်က စားသောက်ပြီး ဆိုင်က ထွက်လာတော့လည်း အဲဒီနှစ်ကောင်ဟာ နောက်က ကပ်ပါလာပြီး စကားရောဖောရော လုပ်တယ်။ ဂျင်ဂျာက...

"ဆမ်.. မင်း မနက်စာစားပြီး အစာကြေအောင် လမ်းလျှောက်မလို့လား.."

ဆမ်က ခပ်တည်တည်ပဲ။

"ဘယ်မှ လမ်းမလျှောက်ဘူးကွ၊ ညကမင်းတို့ နှိပ်စက်ထားလို့ အိပ်ပျက်နေတာ၊ ခု အိပ်ချင်နေပြီ။ အိမ်ပြန်ပြီး အိပ်တော့မလို့"

ဆမ်က သူပြောတဲ့အတိုင်းပဲ အိမ်ပြန်ပြီး အိပ်လိုက်တော့ နေ့လည် တစ်နာရီထိအောင်ပဲ။ ဒါတောင် ဂျင်ဂျာက သူ့ကိုလာပြီး လှုပ်နိုးတဲ့အတွက် နိုးရတာ။ ဒါပေမဲ့ နိုးသူကို ကျေးဇူးမတင် ဒေါပွပွနဲ့...

"ဘာလို့ နိုးရတာလဲကွ၊ ဘာကိစ္စရှိလို့လဲ"

"နေ့လည်စာ စားချိန် ရောက်ပြီလေ၊ မင်းဆာများ ဆာနေမလားလို့ပါ"

ဂျင်ဂျာက လေချိုသွေးသော်လည်း ဆမ်က ခပ်မာမာပဲ။

"ငါ ဘာနေ့လည်စာမှ မစားဘူး၊ လာရှုပ်မနေစမ်းနဲ့ မင်းတို့ဘာသာ မင်းတို့ သွားစားချေ"

http://mmteashop.com

လို့ ဟောက်လွှတ်ပြီး ခေါင်းမြီးခြုံပြီး ပြန်အိပ်နေလိုက်တယ်။ သည်လိုနဲ့ သူ့ဘေးနားမှာရှိတဲ့ ဂျင်ဂျာနဲ့ ပီတာတို့နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် သူတို့ ဘယ်လောက် ဆာနေကြပြီ ဖြစ်ကြောင်း တီးတိုး ပြောနေကြတော့ ဆမ်ဟာ နားမခံနိုင်တော့တဲ့ပုံနဲ့ အိပ်ရာက လူးလဲထ အဝတ်အစား မြန်မြန်လဲပြီး အပြင်ထွက်ဖို့ ပြင်ရင်းက..

"ဟေ့ကောင်တွေ၊ ငါခု နေ့လည်စာ သွားစားမလို့ တစ်ခုတော့ ပြောခဲ့ဦးမယ်။ ဟောဒီမှာ ငါ့မှာ လက်ကိုင်ပဝါ ပါပြီးသား ဘယ်သူမှ လိုက်ပေးစရာ မလိုဘူး"

ဆမ်ဟာ သူစားနေကျ ထမင်းဆိုင်သွားပြီး ကြက်သွန်ဥကြီးနဲ့ အမဲသား ပြုတ်ကြော်၊ ထောပတ်နဲ့ ပေါင်မုန့်ကို ဘီယာနဲ့ စတိုင်ကျကျ လွေးရင်း ဂျင်ဂျာနဲ့ ပီတာတို့ လိုက်လာမလားလို့ လည်တဆန့်ဆန့် မျှော်ကြည့်နေပေမယ့် လိုက်လာကြတာ မတွေ့ရ သေးတော့ စားလို့တယ်ပြီး အရသာ မတွေ့လှဘူး ဖြစ်နေတယ်။

ဒါပေမဲ့ ကြာကြာ မဆိုင်းလိုက်ရပါဘူး။ ဟို နှစ်ကောင် တက်သုတ်ရိုက် လိုက်လာတာ မြင်ရတော့မှ ကျေနပ်သွားပြီး..

"အောင်မာ မင်းတို့နှစ်ယောက်က ကျားလိုက်လာတာ ကျနေတာပဲ၊ ဘာများ ဒီလောက် အရေးကြီးလာကြတာတုန်း"

ဂျင်ဂျာနဲ့ ပီတာကတော့ ဟောဟဲလိုက်လို့ လေကို တဖူးဖူးမှုတ်ရင်း ဂျင်ဂျာက..

"တို့များ လမ်းမြန်မြန်ကလေး လျှောက်ကြတယ် "

"ဆာတာလေးများ သက်သာမလားလို့ "

ပီတာက ဆက်ပြောတယ်။ ဒါပေမဲ့ ဆမ်က ဂရုမစိုက်၊ သူ့နောက် တကောက်ကောက် လိုက်နေကြတာကို သဘောမကျသလို မျက်မှောင်ကြုတ် ကြည့်နေပြီးမှ ဘီယာတစ်ပုလင်း နောက်ထပ် မှာပြန်တယ်။ အေးအေးဆေးဆေး စိမ်ပြေနပြေ။

သူ စားလို့သောက်လို့ပြီးမှ ပီတာနဲ့ ဂျင်ဂျာတို့ မျက်နှာကို မကြည့်ဘဲ စားပွဲထိုးကို လှမ်းပြီး..

http://mmteashop.com

"ဟေ့.. ဟောဒီနှစ်ကောင်ကို ဘီယာပိုင့် ပုလင်းတစ်လုံးစီနဲ့ ပေါင်မုန့်နဲ့ ဒိန်ခဲ တစ်ပွဲစီ ပေးလိုက်ပါ"

ဂျင်ဂျာနဲ့ ပီတာမှာ ဤမျှလောက်ကလေးကို ကျေနပ်နှစ်သိမ့်ကြဟန် မတူသော်လည်း ဘာမှမတတ်နိုင်တော့လို့ ခပ်ထွေထွေ ရှိနေကြစဉ် ဆမ်က သူတို့ကို ပြောင်ချော်ချော်ပြုံးရင်း -

"မှတ်ထားကြ ကိုယ့်လူတို့၊ ငါက ငတ်နေတဲ့လူတွေကို သိပ်သနားတတ်တယ် မကြည့်ရက်ဘူး"

လို့ ပြောပြီး ကောင်တာစားပွဲမှာ ငွေသိမ်းနေတဲ့ ကောင်မလေးရဲ့ ဒင်္ဂါးတစ်ပြားကို ဖျတ်ခနဲ ပေးလိုက်တယ်။ ဒီမိန်းကလေးက သူ့လက်ချောင်းတွေမှာ အပေါစား လက်စွပ်တွေ အများကြီး ဝတ်ထားပြီး ဆံပင်နက်နက်နဲ့ ချစ်စရာလေးပါပဲ။ ကလေးမလေးက ဆမ့်မျက်နှာကို လေးစားတဲ့ အမူအရာနဲ့ ကြည့်ပြီး သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင် တတ်ကြောင်း၊ ခုတလော ဒီလို စားရမဲ့ ခြေသလုံး အိမ်တိုင်တွေ ပေါများကြောင်း၊ ဆမ်နဲ့ အာနေးဂျာနေး အပြန်အလှန် ပြောနေလိုက်ကြတာ ဂျင်ဂျာနဲ့ ပီတာမှာ စားရသောက်ရ အပင်းအဆိပ်လို မျိုမကျဘဲ ရှိကြတယ်။

အဲဒီတုန်း ဆမ်ကတော့ သုံးပဲနိတန် အကောင်းစား ဆေးပြင်လိပ်တစ်လိပ်ကို ဟန်ပါပါခဲပြီး သူ့ရောင်းရင်းတွေ ငတ်ငတ်ပြတ်ပြတ် စားသောက်နေကြပုံကို ပီတိဖြစ်စွာ ကြည့်ရင်း စေတနာပိုလာဟန်နဲ့ စားပွဲထိုးကို သူတို့အတွက် နောက်ထပ် ဝက်အူချောင်းသွတ်ပေါင်မုန့် တစ်လုံးစီ ပေးဖို့ပြောပြီး ဆိုင်ထဲက ခပ်ကြွားကြွား ထွက်သွားတော့တယ်။

ဂျင်ဂျာနဲ့ ပီတာက သူတို့ရဲ့ လာချတဲ့ ဝက်အူချောင်းသွတ် ပေါင်မုန့်ရှည်ကြီးကို ဆတ်ခနဲ ကောက်ကိုင်ပြီး ပလုတ်ပလောင်းစားရင်း ဆမ်နောက်က အပြေးကလေး လိုက်သွားကြပြီး သူတို့ကို ငွေကြေးကလေး နည်းနည်းပါးပါးစီချေးဖို့ တောင်းပန်တိုးလျှိုး ကြတယ်။

"မင်း ငွေကို ဆက်ဆက် ပြန်ပေးပါ့မယ်ကွာ၊ တို့အကြောင်း မင်းသိသားနဲ့"

သို့သော် ဆမ်က သူတို့ ပျော့သလောက် တင်းမာစွာ...



http://mmteashop.com

"အာ.. မချေးနိုင်ပါဘူး၊ မင်းတို့အကြောင်း ငါသိတာပေါ့၊ ကိုယ့်မှာရှိတဲ့ငွေတောင် လုံအောင် မသိမ်းဆည်းနိုင်ကြတာဘဲ၊ ခိုးမယ့်ကောင်တောင် အိမ်ကို ပင့်လာကြသေးတယ်။ ဒီလောက် အသုံးမကျတဲ့ အကောင်တွေ၊ ငါလိုဆင်းရဲသားက မင်းတို့လို သဘော်သား အငတ်အပြတ်တွေကို ဒီလောက် ပြုစုကျွေးမွေးရင် တော်ရောပေါ့ကွာ "

သို့သော် ပီတာနဲ့ ဂျင်ဂျာက မလျှော့သေး။ လက်ဝါးလေးတွေ တဖြန့်ဖြန့်နဲ့ နှုတ်က တဖွဖွ လုပ်နေကြပြန်သဖြင့် ..

"တော်.. တော် မင်းတို့တစ်တွေအသံ ငါနားမကြားချင်ဘူး၊ ငါ့နောက်လည်း ခွေးဝဲစားတွေလို တစ်ကောက်ကောက် လျှောက်လိုက်မနေကြနဲ့၊ နေ့ခင်းကျရင် 'ဘရောင်း' လက်ဖက်ရည်ဆိုင်မှာ ငါသွားလက်ဖက်ရည်သောက်မယ်၊ သောက်ချင်ကြရင် အဲဒီအချိန်ကို လာခဲ့ကြ၊ ဒါပဲ.. ဘာ.. ဘာ ဂျင်ဂျာ မင်းက ငါ့ကို ဘယ်လိုခေါ်လိုက်တယ် "

အကြောင်းမှာ ဂျင်ဂျာက ဆမ်ကို စကားသုံးလုံးတိတိ အယုတ္တ အနတ္တတွေ ပြောလိုက်သဖြင့် ပီတာက သူ့ကို အတင်းတွဲခေါ်သွားရတော့တယ်။ သို့သော် နေ့ခင်းတော့ သူတို့ခမျာ ငါ့ဝမ်းပူဆာ မနေသာဘဲ ဆမ်ချိန်းတဲ့ ဘရောင်းလက်ဖက်ရည်ဆိုင်ကို ရောက်လာကြရှာတယ်။ ဒါပေမဲ့ ဆမ်ကိုတော့ ရောက်ရောက်ချင်း မတွေ့ရသေး။ တော်တော်လေးကြာတော့မှ အကောင်းစား ဆေးပြင်းလိပ်ကြီးခဲပြီး သင်းတို့ကို ပြောလိုက်မိတာ မေ့သွားလို့ နောက်ကျတဲ့အကြောင်း ပြောပြီး ဂျင်ဂျာနဲ့ ပီတာတို့ကို လက်ဖက်ရည်နဲ့ မုန့်များ တိုက်ကျွေးရင်း ဆိုင်ရှင်နဲ့ စားပွဲထိုးမလေးအား ဒီကောင်တွေ ငတ်ပြတ်ပြီး စားစရာမရှိလို့ သူက ကျွေးမွေးထားရတဲ့အကြောင်း အသားယူပြီး ကြွားနေပြန်တယ်။ ဒီတော့ ဂျင်ဂျာက စားလက်စပန်းကန်နဲ့ ဆမ်ကို လှမ်းပေါက်မယ် တကဲကဲလုပ်နေလို့ ပီတာက မနည်းဆွဲထားရတယ်။

အဲဒီညမှာ ပီတာနဲ့ ဂျင်ဂျာဟာ သုံးစရာလည်း မရှိတော့ သွားစရာ နေရာလည်း မရှိတော့ဘဲ ခပ်စောစော အိပ်ရာဝင်ကြရတော့တယ်။ ဆမ်ကတော့ ညသန်းခေါင်ကျော်မှ ပြန်လာပြီး သူသွားကြည့်တဲ့ ရုပ်ရှင်ကောင်းကြောင်း ဘာညာနဲ့ ပြောနေတာ နားမထောင်ချင်ဘဲနဲ့ ပီတာနဲ့ ဂျင်ဂျာ ကြားနေကြရသေးတယ်။

နောက်တစ်နေ့ မနက်ကျတော့ ဂျင်ဂျာနဲ့ ပီတာဟာ လောလောဆယ်ထွက်မယ့် သဘော်များရှိရင် တစ်ခါတည်း လိုက်သွားဖို့ ဆိပ်ကမ်းလျှောက်ပြီး စုံစမ်းကြတယ်။ ဒါပေမဲ့

http://mmteashop.com

တစ်စီးမှ မရှိတော့ စိတ်ပျက်လက်ပျက်နဲ့ အိမ်ပြန်လာပြီး ဆမ် ညှဉ်းဆဲသမျှ ခံကြရပြန်တယ်။

ဆမ်က သူမသိဘဲ ဘာမှ လျှောက်မလုပ်ဖို့၊ လုပ်ရင် သင်းတို့ကို သေသည့်တိုင်အောင် အငတ်ထားမယ်လို့ ကြိမ်းဝါးတယ်။ အဲဒီတစ်နေ့တာလုံး ပီတာနဲ့ ဂျင်ဂျာကို အပြစ်ရှာနေတယ်။ ဂျင်ဂျာကို နပ်တွေ လက်ကိုင်ပဝါနဲ့ မသုတ်ဖို့၊ ပီတာက အစားအစားတုန်း ပါးစပ်က ပျတ်ပျတ် ပျတ်ပျတ် မမြည်နဲ့ စသည်ဖြင့်ပေါ့။

ဂျင်ဂျာက ဆမ်ကို ဒေါပွလွန်လွန်းလို့ သူ့ကိုယ်ဟာ ဒေါထနေတဲ့ ဖားပြုတ်ကြီးတစ်ကောင်လို ပွပွလာတာ ပေါက်ကွဲထွက်တော့မတတ်ဘဲ။ ဒီလိုနဲ့ ဂျင်ဂျာနဲ့ ပီတာဟာ တစ်ပတ်လောက် ဆမ်ရဲ့ အနှိပ်စက်ကို ခံနေရတုန်း တစ်ညနေ ညစာပါစားသောက်ပြီး ဆိုင်က ထွက်လာကြရာမှာ လမ်းကွေ့တစ်ခုရောက်တော့ ဂျင်ဂျာဟာ ဘာမပြော ညာမပြောနဲ့ မနီးမဝေးမှာ မြင်ရတဲ့ လူတစ်ယောက်နောက် အတင်းပြေးလိုက်သွားပြီး မီတယ်ဆိုရင်ပဲ၊ ဒီလူရဲ့ ရင်ဘတ်က အင်္ကျီစဆွဲပြီး နာရင်းကို ဘယ်ပြန်ညာပြန် ထိုးတော့တယ်။

ဆမ်နဲ့ ပီတာက သူတို့ အနီးရောက်လာတော့ ဆွဲဖျန်ရင်း ဆမ်က -

"ဟေ့.. ဟေ့ ဂျင်ဂျာ မင်း ဘာလို့ လုပ်တာလဲကွ"

"မင်း၊ မမြင်ဘူးလားကွ၊ တို့ငွေ ဗုန်းပြေးတဲ့ အကောင်"

ဒီတော့မှ ပီတာလည်း မှတ်မိပြီး ဝမ်းမြောက်ဝမ်းသာ အော်ရင်း သူပါ ဝင်ဆော်တော့တယ်။ အဲဒီအချိန်မှာ ဆမ့်ရင်ထဲတွင်တော့ တဒိန်းဒိန်းနဲ့ ကုလားဘုရား လှည့်နေပြီပေါ့။ ဒါပေမဲ့ ဣန္ဒြေဆည်ပြီး...

"ဟ.. ဘယ်ဟုတ်ရမှာလဲ၊ ဂျင်ဂျာ မင်းမူးနေပြီထင်တယ်၊ မင်းတို့ဟာကလည်း ဘီယာလေး တစ်ခွက်စီလောက်နဲ့လည်း မူးကြတာပဲကို၊ မင်းတို့ လူမှားနေပြီထင်တယ်"

"အောင်မာ ဘယ်က မှားရမှာလဲ၊ ဒီမျက်နှာကြီးကို ခွေးစားထားတောင် မှတ်မိတယ်ဟ၊ ဘယ့်နယ် ငါလုပ်တဲ့အလုပ် ငါမမှတ်မိဘဲ ရှိပါ့မလား"

ဆမ့်အသံက မသိမသာ တုန်နေပြီ၊ ဒါပေမဲ့ ကြိုးစားပြီး ခပ်မာမာလေသံနဲ့ ..



http://mmteashop.com

"ဟော့ကောင်တွေ တော်ဆို တော်ကြတော့ကွာ "

ဂျင်ဂျာကတော့ ဆမ်ကို လုံးဝ ဂရုမထားတော့ဘဲ၊ ငနဲကောင်ကိုသာ ဆော်ရင်းနက်ရင်းက ပီတာကို ပုလိပ်သွားခေါ်ဖို့ ပြောတယ်၊ ဒီတော့ ငနဲက လက်ကလေး တကာကာနဲ့..

"မလုပ်ပါနဲ့တော့ အစ်ကိုရာ၊ အစ်ကိုတို့ ပစ္စည်းတွေလည်း ပြန်ရပြီးနေမှပဲ၊ ကျွန်တော့် ကိုယ်ကို ဒီလောက်လုပ်ရမှ ကျေနပ်ကြပါတော့၊ ပုလိပ်လည်း မခေါ်ပါနဲ့တော့၊ ရှိကြီးခိုးပါရဲ့"

ဒီတော့ ဂျင်ဂျာက ပိုမိုဒေါပွလို့..

"ဘာ.. ဘာ ငါတို့ပစ္စည်းတွေ ဘယ်မှာပြန်ရလို့လဲ၊ ပလီစိချောက်ချက်တွေ ပြောမနေနဲ့နော်၊ နင့်ကိုယ်ကို တစ်စစီ ဆုတ်ဖြဲပစ်မယ် နားလည်လား"

ငနဲကောင်က တုံးလုံးလဲနေရာက ကြိုးစားထထိုင်ပြီး ဆမ်ကို လက်ညှိုးထိုးပြရင်း..

"သူ ပြန်ယူသွားပါတယ်ဗျာ၊ ဘုရားစူးပါစေ့၊ အဲဒီမနက်က သူ ကျွန်တော့်နောက် ဆင်းလိုက်လာပြီး၊ ခင်ဗျားနာရီတွေ၊ ငွေတွေရော အားလုံး ပြန်ယူသွားပါတယ်၊ မေးကြည့်ပါ"

"ဘာပြောတယ် "

ဂျင်ဂျာနဲ့ ပီတာက ပြိုင်တူမေးလိုက်ကြတယ်။ ဒီတော့ ဟိုငနဲကောင်က ..

"မယုံရင် သူ့အိတ်တွေထဲ နှိုက်ကြည့်ကြပါလားဗျ "

ဒီအချိန်မှာ ဆမ်က ရုတ်တရက် လစ်ပြေးဖို့ စိတ်ကူးပေမယ့် ဂျင်ဂျာနဲ့ပီတာက သူ့ထက်လျင်တာမို့ လက်တစ်ဖက်တစ်ချက်စီ ချုပ်ထားမိပြီလေ။ ဒီတော့မှ ဆမ်က မချိသွားဖြဲကလေး ရယ်ရင်း..

"ဟဲဟဲ.. ဟဲဟဲ သူငယ်ချင်းတို့ရာ မင်းတို့ကို ငါက နောက်တာပါကွာ၊ မင်းတို့က ငါ့ကို စနောက်တာကိုးကွ၊ ဒီညမှာ အဖြစ်မှန်ကို ပြောတော့မယ့် ဆဲဆဲပါ။ မင်းတို့ကို ငါကြာရှည် မညည်းရက်ပါဘူးကွာ၊ မိတ်ဆွေသူငယ်ချင်း အရင်းကြီးတွေပဲ၊ ဟဲ ဟဲ ဟဲ"



http://mmteashop.com

သို့သော် ဂျင်ဂျာက ဘာမှပြန်ပြော မနေတော့ဘဲ ဆမ်နဲ့ ဟိုင်နဲကောင်ကို လည်ကုပ် တစ်ဖက်တစ်ချက်စီ ကိုင်ပြီး၊ အိမ်ကို ဆွဲခေါ်လာခဲ့တယ်။ အိမ်ထဲရောက်တော့ အခန်းတံခါးပိတ်ပြီး ဆမ့် တစ်ကိုယ်လုံးကို ချွတ်ရှာတယ်။ ဒီတော့မှ ဆမ့် ခါးပတ်အိတ်ထဲက သူ့ရဲ့ ငွေကြိုးနာရီနဲ့ ငွေသား (၁၇) ပေါင် (၅) သျှီလင်နဲ့ အကြွေအချို့သာ တွေ့ရတယ်။ ဒီတော့ မျက်လုံးဖြဲပြီး..

"ဟေ့ ငါနဲ့ပီတာမှာ ငွေ (၉) ပေါင်ကျော်စီ ရှိတာကွ၊ ကျန်တာတွေကော .."

ဆမ်က မျက်နှာငယ်လေးနှင့် ..

"ငါ.. ငါ့မှာရှိတာ အကုန်ပါပဲကွာ"

ဂျင်ဂျာက မယုံလို့ ဆမ်ရဲ့ ခြေစွပ်တွေပါ ချွတ်ရှာတယ်။ ဘာမှ နောက်ထပ် မတွေ့ရတော့ ရှိတဲ့ငွေကို ပီတာနဲ့ တစ်ယောက်တစ်ဝက်စီ ခွဲယူကြတယ်။ ဒီတော့ ဆမ်က..

"ဟေ့ ငါ့လည်း ပေးဦးလေကွာ၊ သုံးစု ခွဲမှပေါ့"

"အောင်မာ .. လာ .. လာ ချည်သေး၊ ဘာကြောင့် သုံးစုခွဲရမှာလဲ"

"ဒီအထဲမှာ ငါ့ပိုက်ဆံလည်း ပါသေးတာကိုး"

"အို တို့ငွေ (၉) ပေါင်စီတောင် မပြည့်တာကိုး"

"မင်းတို့ကို ငါဆယ်ရက်ကျော်ကြီးတောင် ကျွေးခဲ့ရတာကိုး"

"ဒီလို စေတနာထားပြီး ကျွေးမွေးခဲ့တဲ့ဟာကို ကျေးဇူးတင်ပါတယ်ဗျာ"

ဂျင်ဂျာကပြောတော့ ပီတာကပါ..

"ငါကလည်း အဲဒါကို သာဓု အနုမောဒနာ ခေါ်ပါတယ်ကွာ၊ မင်းပဲ လူတကာကို ငါတို့ငတ်ပြတ်နေလို့ မင်းက ကျွေးရတာလို့ အတိအလင်း ကြေညာခဲ့ပြီပဲ၊ ဒီတော့ အဲဒါတွေက မင်းပိုက်ဆံနဲ့ ကျွေးတာပေါ့"

လို့ ချက်ကျလက်ကျ ပြန်ပြောတော့ ဆမ်ခမျာ မရှုနိုင် မကယ်နိုင် ဖြစ်ပြီး...

http://mmteashop.com

"ငါ့ကို သနားသောအားဖြင့် နည်းနည်းတော့ ပြန်ပေးပါဦးကွာ"

"တစ်ပဲနီတောင် မပေးနိုင်ဘူး။ တော်တန်တိတ်"

ဆိုပြီး ဂျင်ဂျာက ဟို ငနဲကောင်ကို လည်ကုပ်က ဆွဲခေါ်သွားကာ..

"မင်းအမှု ပြီးပြီ"

ဆိုပြီး တံခါးပေါက်က ကန်ထုတ်လိုက်တယ်။ ပြီးတော့ ပီတာနဲ့ တစ်ယောက်ခါး တစ်ယောက်ဖက် သီချင်းတွေ ပေါက်တတ်ကရဆိုပြီး ဝေါ့လ်ဒန့်စ်ကို ခန်းလုံးပြည့် လျှောက်ကကြတယ်။ ဆမ်ကတော့ သူ့ကိုယ်ကို တိုက်မိမှာစိုးလို့ ခုတင်ပေါ်မှာ ငုတ်စိကလေး တက်ပြီး ထိုင်နေရှာတယ်။

သူတို့ဟာ နာရီဝက်လောက် မနားတမ်းကကြလို့ မောသွားတော့မှ ခုတင်ပေါ်မှာ တစ်ယောက်ပခုံး တစ်ယောက်ဖက်ပြီး တိုးတိုးတိုးတိုးနဲ့ ပြောကြတယ်။ တခွီးခွီးနဲ့ ရယ်ကြတယ်။ နောက်တော့မှ တဖြည်းဖြည်းနဲ့ သူတို့အသံ ကျယ်ကျယ်လာကြပြီး၊ ဆမ်ကြားရတာကတော့ ပီတာက..

"ဟော့.. ဂျင်ဂျာ မနက်စာက သုံးပဲနီ၊ ညစာက ခုနစ်ပဲနီ၊ လက်ဖက်ရည်က သုံးပဲနီ၊ ဘီယာက တစ်ပဲနီ၊ ဆေးပြင်းလိပ်က တစ်ပဲနီဆိုတော့ အားလုံး စုစုပေါင်း ဘယ်လောက်ကျသလဲကွ"

"တစ်သျှီလင်နဲ့ သုံးပဲနီကွ"

"ဟာ ဒါဆို တို့များ သူ့ဆီက ပြန်ရတဲ့ငွေနဲ့ မြတ်သေးတာပေါ့"

"အေး အဲဒီ အမြတ်ထဲက တို့သင်္ဘော မတက်ရမချင်း သင်းကို တို့က မသေရုံ မသဒ္ဓါရေစာ ကျွေးထားရဦးမယ်ကွ"

"အောင်မာ.. ငါက ဝော်ပြတ်နေတဲ့ ဆင်းရဲသား တစ်ယောက် သနားလို့ ခေါ်ကျွေးထားရတာလို့ ပြောရဦးမှာကွ"

"အိုကေကွာ၊ အိပ်စို့ သူငယ်ချင်း"



http://mmteashop.com

"အောရိုက်၊ ဂွတ်နိုက် ဂျင်ဂျာ"

"ဂွတ်နိုက် ပီတာ"

* * *

http://mmteashop.com



http://mmteashop.com

## ဘိုနီယိုကျွန်းက လူရိုင်း

"စကားမစပ် လောကမယ် ငွေများ အရေးပါပုံကို ပြောရမယ်ဆိုရင် .."

ဆိပ်ကမ်းညစောင့် အဘိုးအိုသည် အနီးရှိ သေတ္တာခွံပေါ် ထိုင်ရင်း သူ့အဖော်အား စကားစလိုက်သည်။

"ကျုပ်တို့ ဆင်းရဲသားတွေမှာ ခုထက် ငွေလေး နည်းနည်းပါးပါး ပိုပြီး ရှိလာကြမယ်ဆိုရင် လောကကြီးမှာ ဒုစရိုက်မှုခင်းတွေ လုံးလုံးကြီး ပျောက်မသွားတောင် အတန်အသင့်တော့ လျော့ပေါ့သွားပေလိမ့်မယ် "

အဘိုးအိုသည် တစ်ဆက်တည်း ပြောလိုက်ရသဖြင့် မောသွားဟန်ဖြင့် စကားကို ခေတ္တနားလိုက်ကာ သူ့အိတ်ကပ်ထဲမှ ဆေးဘူးကလေးကို ထုတ်၍ ဆေးရွက်ကြီးတစ်ဖဲ့ကို တယုတယနှင့် ပါးစပ်ထဲ ထိုးသွင်းလိုက်ပြီး တစ်ဖက်ဗောတံတားဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာသော ပင်လယ်သင်္ဘောကြီးကို လှမ်းမျှော် ကြည့်ရှုနေရာမှ သူ့အဖော်ဘက် ပြန်လှည့်လျက် ..

"ဟုတ်တယ်လေ၊ ဒီလောကကြီးမှာ လူတွေဆိုးတယ်၊ မိုက်တယ်၊ လိမ်တယ်၊ ညာတယ်၊ သတ်တယ်၊ ခိုးတယ်၊ ဓါးပြတိုက်တယ် ဆိုတာတွေရဲ့ အကြောင်းရင်းခံတွေက ငွေလိုလို့ပဲဗျ၊ ကျုပ်တွေ့ဖူးတဲ့ လူလိမ်တစ်ယောက်ဟာဖြင့် ကြည့်လိုက်ရင် သူ့မှာ ဘယ်တော့မှ ပိုက်ဆံမရှိဘူးဗျ၊ ဒါပေမဲ့ စားချိန်တန်စားရ သောက်ချိန်တန် သောက်ရအောင်တော့ သူ ဖန်တီးနိုင်တယ်ဗျ၊ ဘယ်လိုမှ အကြံမရရင် "လမ်းမှာတွေ့တဲ့ ရဲတစ်ယောက်ကို အကြောင်းမဲ့သက်သက် ရိုက်ပြမယ်၊ ကျုပ်ကို အားရှိအောင်သာ ကျွေးစမ်းပါ၊ မဟုတ်ရင် တစ်ဆယ်ဖိုးကျွေးတာကို နှစ်ဆယ် ပြန်လျော်မယ် " ဆိုတဲ့ လောင်းကြေးနဲ့ သူ့ဗိုက်ကားအောင် စားသောက်ပြီးတဲ့နောက် ရဲကိုရိုက်တာ ကြည့်ချင်တဲ့ လူတစ်အုပ်တမကြီးကို ရှေ့ဆောင်ပြီး မဟုတ်ကြီးလိုလိုနဲ့သွား .."

"အဲ.. ရဲနဲ့ တွေ့ပြီဆိုရင် သူက အသာလေး အနားကပ်သွားပြီး လူအုပ်ကြီးက သူ့အသက်ကို ရန်ရှာဖို့ လိုက်နေပါတယ်လို့ ပြောသဗျ၊ ဒီတော့ ရဲက နံပါတ်တုတ်ကြီး မြှောက်ကာ မြှောက်ကာနဲ့ လူအုပ်ကြီးကို သဟောက်သဟမ်း ခြိမ်းခြောက်ပြီး မောင်းထုတ်တော့တာပေါ့၊ ဒါပေမဲ့ ဒီကောင်ဟာ သက်ဆိုးမရှည်ရှာပါဘူး၊ လက်သည် မပေါ်တဲ့ ဓားဒဏ်ရာနဲ့ လန်ဒန်အနောက်ပိုင်း ဆေးရုံမှာ သေရှာတယ် "



http://mmteashop.com

ထိုအခါ သူ့အဖော်က သဘောကျစွာ ရယ်သည်။ အဘိုးအိုက ခေါင်းအသာယမ်းပြီး..

"ဒါက ဘာဟုတ်သေးလို့လဲ၊ ဒီထက် ရယ်စရာကောင်းတာ ရှိသေးတယ်၊ ဒါပေမဲ့ ကာယကံရှင်တွေကတော့ သူတို့အဖြစ်ကို ဘယ်တုန်းကမှ ရယ်စရာလို့ မအောက်မေ့ခဲ့ဘူးဗျ၊ ဟုတ်သင့်သလောက်တော့ ဟုတ်ပါတယ်လေ၊ ဘေးလူအမြင်နဲ့သာ ရယ်စရာဖြစ်ပေမဲ့ သူတို့အကြံက အောင်အောင်မြင်မြင် ရှိလိုက်ရင် အလွယ်ကလေးနဲ့ ငွေလုံးခနဲ ပက်ခနဲ ရမယ့်ကိန်းဗျ၊ အဖြစ်ကတော့ ဒီလို စတယ်"

"ခု ပြောမယ့် အကြောင်းက တကယ့်အဖြစ်အပျက်ဗျ၊ ဒီလို ဘာလို့ ပြောနိုင်သလဲ ဆိုတော့ ဒီဇာတ်လမ်းမှာ ကျုပ်က အနည်းအကျဉ်းဆိုသလို ပါခဲ့ရလို့ပါပဲ၊ ဒီတုန်းက ကျုပ်ဟာ 'နေ့ဘသ်စတား' သဘော်ကြီးနဲ့ ဩစတြေးလျားပြည်က ပြန်ရောက်စ၊ ကျုပ်နဲ့အတူ သဘော်ပေါ်က ဆင်းလာတဲ့ မိတ်ဆွေသုံးယောက်၊ အဲ.. လေးယောက် ဆိုပါတော့။ ကျုပ်တို့ဟာ သဘော်ကဆင်းပြီး တစ်ပတ်လောက်ကြာပြီဆိုရင်ပဲ လက်ထဲ ငွေပြတ်ကြပြီလေ၊ ဒါဟာ သဘော်သားတို့ ထုံးစံပဲ၊ လက်ထဲ ငွေကလေးများရှိနေရင် ဘယ်တော့မှ ကြာကြာမခံဘူး၊ ကျုပ် ခြစ်ခြစ်ချွတ်ချွတ် ချင့်ချိန်သုံးတတ်တော့ သူတို့လောက်တော့ ဣန္ဒြေမပျက်ဘူးပေါ့ဗျာ၊ ဟိုလေးယောက်ကတော့ မျောက်မီးခဲ ကိုင်မိသလို ဖြစ်နေကြတာပေါ့၊ ဒါနဲ့ တစ်နေ့တော့ ဒီကောင်တွေ ကျုပ်ငှားနေတဲ့အခန်းကို ရောက်လာတယ်၊ ငွေချေးလို့ရရင်ရ၊ မရရင် ကျုပ်ဆီက အကြံကောင်း ဉာဏ်ကောင်းလေးတွေများ ရလိုရငြားပေါ့လေ၊ သူတို့ဆိုတာက ဆမ်စမောလ်၊ ဂျင်ဂျာဒစ်၊ ပီတာရပ်ဆက်နဲ့ ဆမ်ရဲ့တူ မွေးစားသား ဆိုပါတော့လေ၊ ဆမ့်အစ်ကိုက မွေးတာဆိုတော့ အဖေက အင်္ဂလိပ်၊ အမေက ကပ္ပလီမလေးနဲ့ ကပ္ပလီကပြားတဲ့ဗျာ၊ ကောင်လေးက ဉပဓိရုပ်တော့ အတော်ညံ့ရှာတယ်။ အသားက မည်းမည်း၊ အရပ်က ပုကွကွ၊ လက်ပြင်ကုန်းကုန်း၊ ပုခုံးနိမ့်နိမ့်၊ လက်တံရှည်ရှည်၊ မျက်နှာပြားပြား၊ နှာယောင်ခွက်ခွက်နဲ့၊ တကယ့် ဝေါ်ဇီလာမျောက်ဝံ အတိုင်းပါပဲ၊ ဒါနဲ့ သူတို့ ကျုပ်ဆီက ပိုက်ဆံချေးမရတော့ ပီတာက ပြောတယ်"

"ကဲ ကျုပ်တို့ ဘာလုပ်ကြမလဲ၊ လန်းအင့်စ်သဘော်ပေါ် တက်ရဖို့ကလည်း နှစ်ပတ်လောက် လိုသေးတယ်။ ဒီကြားထဲ ဘယ်လိုနေထိုင်စားသောက်ကြရမှန်း မသိဘူး။ ကြံကြစမ်းပါဦး ကွယ်ရို၊ မင်းတို့ကလည်း အရေးဟဲ့ဆို၊ အကြောင်းဟဲ့ဆို ကြက်နာကြီးတွေ မှိုးမိထားသလို ငူငူငိုင်ငိုင်ကြီးတွေ လုပ်မနေကြစမ်းပါနဲ့"



http://mmteashop.com

ဒီတော့ ဆမ်က..

"မင်းမှာ နာရီရှိသားပဲ၊ အဲဒါ ပေါင်ရင်ပေါင်၊ ရောင်းရင်ရောင်းပေါ့"

ဆိုပြီး တစ်ဆက်တည်း..

"ဂျင်ဂျာမှာလည်း လက်စွပ်ရှိတယ်။ မင်း ဒီလို ရွှေတိုရွှေစလေးတွေ ဝယ်ထားတာ သိပ်မှန်တယ် ဂျင်ဂျာ၊ ဒီလိုအရေးထဲကျ အသုံးရမှာပေါ့၊ အမှန်တော့ ငါလည်းပဲ အဖိုးတန်ပစ္စည်း တစ်ခုခုတော့ ပိုက်ဆံရှိတုန်း ဝယ်ထားသင့်တယ်၊ ဒါပေမဲ့.. မင်းတို့သိတဲ့အတိုင်းပဲ၊ ဟောဒီ တူတော်မောင်အတွက်က အကုန်အကျများ..

ဆမ့်တူက နာခေါင်းပြားပြားရှေ့ ယင်မောင်းသလို လက်ဝါးနဲ့ ယမ်းလိုက်ပြီး ဆမ့်စကား မဆုံးမီ..

"တော်စမ်းပါဗျာ၊ ခင်ဗျားက တဆိတ်ရှိ ကျုပ်ပဲ ပုံချနေတာ"

လို့ ဘုဆတ်ဆတ် ပြန်ပြောတယ်။

ဆမ်က အတော် စိတ်ပျက်ဟန်နဲ့ ပေါင်ကြားထဲ လက်တွဲလောင်း ချထိုင်ရင်းက..

"ကျုပ် ကံဆိုးတယ်ဗျာ၊ ကြည့်လေ အလုပ်ကလေးများ ဖြစ်မလားလို့ ဘရာဇီးလ်က ကြက်တူရွေး လေးကောင် ယူလာပါတယ်။ အကုန်သေကုန်တယ်"

ဒီတော့ ပီတာကလည်း..

"အေးကွ ငှါးမျောက်နှစ်ကောင်လည်း သေတာပဲ၊ ဒီမျောက်တွေက ငါနဲ့အတူ အိပ်တာကွ"

"အေး မင်းနဲ့သာ အတူမအိပ်ရင် မင်းမျောက်တွေ သေမှာမဟုတ်ဘူး"

လို့ ဆမ်က ပြုံးဖြဲဖြဲနဲ့ နောက်တော့ ပီတာကလည်း အညှံ့မခံဘဲ..

"မင်းကကော ကြက်တူရွေးတွေ အမွေးရှိလို့ အိုက်တာပဲဆိုပြီး အမွေးတွေ ဆွဲဆွဲနုတ်ပစ်လို့ အအေးမိပြီး သေကုန်တာ မဟုတ်လား"



http://mmteashop.com

ဆမ်နဲ့ပီတာ အပြန်အလှန် စကားစစ်ထိုးနေကြတုန်း ဂျင်ဂျာက ဆမ့်ရဲ့တူကို စူးစူးစိုက်စိုက် ကြည့်နေရာမှ သူ့ပေါင်သူ လက်ဝါးနဲ့ဖျန်းခနဲ ရိုက်လိုက်ပြီး..

"ဟော့ ဟော့ မျောက်ဆိုလို့ ခုမှ သတိရတယ် ဆမ်ရေ.. ဟော့ဒီ မင်းရဲ့ 'ပြူတီ' ရှိရဲ့သားနဲ့များကွာ"

(ပြူတီဆိုသည်မှာ အချောအလှ အဓိပ္ပာယ်ရ၍ ဆမ့်တူ၏ ရုပ်ရည်ကို ဆန့်ကျင်ဘက် ခေါ်ခြင်း ဖြစ်ပေသည်။)

ဒီတော့ ပြူတီ အခေါ်ခံရသူမှာ အန္တရာယ်အနံ့ရသော တိရစ္ဆာန်လို နှာခေါင်း ပွစိပွစိလုပ်ရင်း ဘောက်ဆတ်ဆတ် အသံနဲ့..

"ပြူတီရှိတော့ ဘာဖြစ်သလဲ"

ဒီတော့ ဂျင်ဂျာက အခုမြင်နေတဲ့ ပြူတီပုံသဏ္ဍာန်ကို ဝမ်းမြောက်ဝမ်းသာ ရွှန်းရွှန်းစားစား ကြည့်ရင်း..

"ဟာ သိပ်ဖြစ်တာပေါ့၊ အများကြီး ဖြစ်တာပေါ့။ ပြူတီရယ် မင်းဟာ မျောက်အကောင် လေးဆယ်၊ ကြက်တူရွေး အကောင် တစ်ထောင်မက တန်ဖိုးရှိနေတာကို တို့ သတိမမူမိကြဘူး၊ ကဲ.. ကဲ မင်းမျက်လုံးကိုပြူး ပါးစပ်ကိုဖြဲပြီး လျှာကို ထုတ်လိုက်စမ်း"

ဘုမသိ ဘမသိ ပီတာရုပ်ဆက်က ကမန်းကတန်း လက်ဝါးကာပြရင်း..

"သူ့ဘာသာ သူနေစမ်းပါစေ ဂျင်ဂျာ၊ မနှောက်စမ်းပါနဲ့၊ ဒီကောင့်မျက်နှာက ဒါမျိုးတွေ မလုပ်ဘဲနဲ့တောင် ငါ ကြာကြာ ကြည့်ဝံ့တာ မဟုတ်ဘူး"

ဒါပေမဲ့ ဂျင်ဂျာက သူ့စကားကို ဂရုမစိုက်ဘဲ..

"လုပ်စမ်းပါ ပြူတီ၊ ငါ့ကို ကျေးဇူးပြုတဲ့အနေနဲ့ မင်းကိုယ်မင်း အရုပ်ဆိုးသည်ထက် အရုပ်ဆိုးအောင် လုပ်ပြပါ"

ဒီမှာတင် ဆမ်က သူ့ တူတော်မောင်ကို ဂျင်ဂျာက အလဟဿ စတယ်အထင်နဲ့..



http://mmteashop.com

"ဟော့ကောင် ဂျင်ဂျာ တော်ကွ၊ မင်းမျက်နှာကြီးကကော ဘယ်လောက် ချောနေလို့လဲ"

သို့သော် ဂျင်ဂျာက အင်မတိအင်မတန် လေးနက်တဲ့အသွင်အပြင်နဲ့ တဖြည်းဖြည်းချင်း ပြောပြန်တယ်။

"မဟုတ်ဘူးကွ၊ ငါ အကောင်း ပြောတာပါ၊ ဒီကောင့်မျက်နှာကို ငါ ကြည့်ရင်း ကြည့်ရင်း ငါ ဒီမျက်နှာမျိုးကို တစ်နေရာရာမှာ တွေ့ဖူးတယ်လို့ စဉ်းစားနေတာ၊ မဲလ်ဘုန်းမြို့ ပြတိုက်ထဲက အစာသွတ် မျောက်ရုပ်လား၊ ဒါလည်း မဟုတ်ဘူး၊ နောက်တော့ အသေအချာ မှတ်မိလာတယ်။ ငါငယ်ငယ်တုန်းက စမ်းဒါးလင်းမြို့မှာ ကြည့်ခဲ့ဖူးတဲ့ ဆပ်ကပ်ထဲက ဘိုနီယိုကျွန်းက တောတွင်းသားလူရိုင်း ဆိုတာလေ၊ မင်းတူ ဖြူတီထက်တောင် အများကြီး ကြည့်ပျော်ရှုပျော် ရှိပါသေးတယ်။ ဒါနဲ့ပဲ ငါ့ခေါင်း အကြံတစ်ချက် လက်ခနဲ ထွက်လာတာပေါ့"

ဒီတော့ ဖြူတီက စိတ်ဆိုးမာန်ဆိုးနဲ့ ဂျင်ဂျာကို ဆော်မယ်တီးမယ် လုပ်နေလို့ ကျုပ်ရယ်၊ ပီတာရယ်က မနည်းကြီး ချုပ်ထားရသေးတယ်။ ဆမ်ကလည်း ကျုပ်တို့ကို ကူရင်း..

"ဒါဖြင့် ပြောစမ်းဂျင်ဂျာ၊ မင်းအကြံက ဘာလဲ"

"ဒီလိုကွ၊ ဒီကောင့် ဘောင်းဘီတွေ အကျီတွေ အကုန်ချွတ် ဟောဟိုက ပြတင်းပေါက် ခန်းဆီးစဖြစ်ဖြစ် ဂုံနီစဖြစ်ဖြစ် ခါးမှာပတ်၊ လည်ပင်း ကြိုးနဲ့ချည်ပြီး ဟိုက်ဝေးလမ်းမကြီးမှာ ထူးဆန်းတဲ့ တိရစ္ဆာန်တွေ အရောင်းအဝယ်လုပ်နေတဲ့ တက်ဒ်ရက်ဒစ်ရှ်ဆီကို ဘိုနီယိုကျွန်းက ကျောက်ခေတ် လူရိုင်းဆိုပြီး ပေါင်တစ်ရာလောက်နဲ့ သွားရောင်းရရင် ကောင်းမလားလို့"

ဤတွင် ဖြူတီက..

"ဘာပြောတယ်၊ ပီတာ ကျွန်တော့်ကို လွှတ်ကြစမ်းပျာ၊ ဒီလူကြီးကို တယ်လေ"

လို့ အာခေါင်ကို ခြစ်အောင်အော်ရင်း ရုန်းလေတော့ ဆမ်က ဂျင်ဂျာအကြံကို ရိပ်မိလာဟန်နဲ့..



http://mmteashop.com

"ပော့ကောင် လူကြီးတွေ စကားအကောင်း ပြောနေတာ မင်းပါးစပ်ကို ပိတ်ထားစမ်း"

ဒါပေမဲ့ ပြူတီက အသားတဆတ်ဆတ်တုန်ရင်း ငိုသံပါကြီးနဲ့..

"ကျုပ်ကို ခန်းစည်းစနဲ့ ပတ်ကြည့်စမ်းလေ၊ အကြောင်းသိရမှာပေါ့"

သို့သော် ပီတာက အေးဆေးစွာပဲ..

"မင်းကလည်း တို့ပြောတာကို ဆုံးအောင် နားထောင်စမ်းပါဦးကွာ၊ မင်းလည်း မင်းအတွက်ဝေစု မြိုးမြိုးမြက်မြက် ရမှာပေါ့ကွာ၊ တစ်ရက် နှစ်ရက်လောက် ဒုက္ခခံပါ၊ တို့လည်း ငွေထုပ်ပိုက်ပြီး ထွက်လာရော၊ မင်း ကိုယ်လွတ်ရုန်းပြီး ပြေးခဲ့ရုံပေါ့၊ တစ်ယောက်ကို (၂၅) ပေါင်စီတောင် ရမှာကွ"

"နေစမ်းပါဦး၊ တစ်ယောက်ကို (၂၅) ပေါင်ဆိုတော့ လူက ဘယ်နှစ်ယောက်မို့လဲ"

ဆမ်က နားမရှင်းလို့ မေးတော့ ဂျင်ဂျာက..

"လေးယောက်လေ၊ တစ်ရာကို လေးနဲ့စားတော့ နှစ်ဆယ့်ငါးမဟုတ်လားကွ"

"အို.. ဟုတ်လိုက်လေကွာ၊ ပြူတီက မင်းတူမှ မဟုတ်ဘဲ ဒီတော့ တို့နှစ်ယောက်က ပိုရရမှာပေါ့"

ဆမ်က မကျေမချမ်းနဲ့ ပြောတော့ ပီတာက ကြားဝင်ပြီး..

"ဟုတ်သားပဲ ဂျင်ဂျာ၊ မင်းကလည်း မျှမျှတတ တရားသဖြင့် လုပ်မှပေါ့"

ဒီတော့ ဂျင်ဂျာက ပီတာကို ဆွမ်းဆန်ထဲ ကြွက်ချေးရောရပ့်မလားဆိုတဲ့ မျက်စောင်းနဲ့...

"အား ဒီလိုလား ဒါဖြင့် ရပါတယ်။ ဒီကိစ္စမှာ ငါက ဦးနှောက်တာဝန်ခံ၊ ဆမ်က ဦးလေး၊ ပြူတီက ဇာတ်ကောင်ဆိုတော့ တစ်ရာကို သုံးစု ခွဲရုံပဲ ရှိတာပေါ့၊ မဆိုင်တဲ့လူတွေ ပေးစရာမလိုဘူး"



http://mmteashop.com

"အိုး မင်းဦးနှောက်ပုပ်ကြီးကို ကိန်းဂဏန်းတွေထဲ ထည့်တွက်မနေစမ်းပါနဲ့ ဂျင်ဂျာ၊ ငါလည်း ရှယ်ယာရမှ နို့မဟုတ်ရင် မင်းတို့ လိမ်လည်မှုကြီးကို တက်ဒ်ရက်ဒစ်ရှိတို့ဆီ သွားပြောလိုက်မှာပဲ "

ကြည့်စမ်း၊ သင်းတို့တွေ ကျုပ်အခန်းထဲလာပြီး ကျုပ်အတွက်တော့ ထည့်မပြောကြဘူးလေ၊ သူတို့လေးယောက်စလုံး ကျုပ်အိပ်ရာပေါ်မှာ ထိုင်နေကြတယ်။ ဂျင်ဂျာက ကျုပ်လက်ကိုင်ပဝါနဲ့ နပ်သုတ်တယ်၊ ပီတာက ကျုပ် ရေတကောင်းထဲက ရေသောက်တယ်။ ဒါနဲ့တောင် ကျုပ်ကို သတိမရကြဘူး။ သင်္ဘောမီးထိုးသမားတွေဟာ အဲဒီလိုပဲ သူတို့အတွက်သာ သူတို့ သိကြတယ်။

ဒါကြောင့် သင်္ဘောပေါ်မှာဆို သူတို့ကို အားလုံးက အမြင်ကပ်ကြတယ်။ ဒီလိုနဲ့ တစ်နာရီလုံးလုံး သူတို့ရဲ့ မဟာစီမံကိန်းကြီးကို တဆူဆူ တပူပူနဲ့ ပြောဆိုတယ်။ တော်သေးတာပေါ့ သူ့စကားတွေ အတုမြင် အတတ်သင်မယ့် ကြက်တူရွေးတွေ သေကုန်လို့။

နောက်ဆုံးတော့ ပြူတီကို သူတို့ဘက်ပါအောင် ဆွဲနိုင်ပြီး သူတို့က ကျောက်ခေတ်လူသားအသွင် ပြင်ဆင်ပေးပြီးတယ် ဆိုရင်ပဲ ကျုပ်ဟာ ဒီတစ်သက်မှာ ဒီဟာမျိုး ဒီတစ်ခါပဲ နောက်ဆုံးမြင်ရခြင်း ဖြစ်ပါစေလို့ ဆုတောင်းမိတော့တယ်ဗျာ။ ဒီကောင်ဟာ အဝတ်အစား ပြည့်ပြည့်စုံစုံ ဝတ်ထားတာတောင်မှ မျက်စိထဲ ကသိကအောက်နေတာ အဝတ်မရှိတော့ တကယ်ကို အော်ဂလီဆန်စရာကြီးပဲ။ ဒီကြားထဲ သူက အမျိုးမျိုးချေးများပြီး ဂျီကျနေသေးတယ်။ ပထမခန်းစည်းစအဆင်က သူနဲ့ မလိုက်ဘူးတဲ့၊ ဒုတိယ ဖိနပ်မပါဘဲ သူက လမ်းမသွားတတ်ဘူးတဲ့၊ တတိယ သူ့ခြေသလုံးခွင်ခွင်လေးကို ဗလာကျင်းမနေအောင် ဖုံးဖိပေးဖို့ ဘာညာနဲ့ပေါ့လေ။

နောက်ဆုံး ဂျင်ဂျာတောင် စိတ်မရှည်နိုင်တော့ဘဲ အကြံအစည်တောင် ဖျက်လိုက်တော့မယ် လုပ်နေလို့ ဆမ်က သူ့တူကို သူတို့စီမံတဲ့အတိုင်း မနာခံရင် မွေးစားသား အဖြစ်က စွန့်လွှတ်မယ်၊ အမွေဖြတ်လိုက်မယ် ခြိမ်းခြောက်တော့မှ ပြီးသွားတော့တယ်။

ဒါနဲ့ သူတို့ အလုပ်ဖြစ်ကြပြီ၊ ပီတာက အိမ်အောက်ဆင်းပြီး အဝတ်ကြိုးတန်း ထောက်တဲ့ တုတ်တစ်ချောင်း သွားရှာတယ်။ ဂျင်ဂျာက အဲဒီတုတ် ပြူတီကို ကိုင်စေပြီး ပါးစပ်က ကွိကွိကွကွ အော်စေတယ်။ ပြီးတော့ သုံးယောက်သား အလွန်



http://mmteashop.com

ကျေနပ်သွားကြပြီး တက်ဒ်ရက်ဒစ်ရှိဆီရောက်ရင် ပိုက်ဆံဘယ်လောက် တောင်းသင့်သလဲ ညှိနှိုင်းကြလေရဲ့။ အားလုံး အဆင်သင့်ဖြစ်တော့ ဆမ်က..

"ကဲ တို့ ကားတစ်စီးတော့ လိုလိမ့်မယ်"

"ဘာလုပ်ဖို့လဲကွ ကားက"

ဂျင်ဂျာကမေးတော့ ဆမ်က မသိသား ဆိုးဝါးရန်ကောလို့ မျက်လုံးဖြဲကြည့်ပြီး..

"ဟ နင့်ဘိုးအေတဲ့၊ ဒီအတိုင်းသွားကြလို့ လမ်းတစ်လျှောက်လုံး ကလေးတွေ ရုတ်ရုတ်ရုတ်ရုတ်နဲ့ ခွေးတွေတစီစီ ဖြစ်နေတော့မှာပေါ့ဟ၊ ဂျင်ဂျာ မင်းလက်စွပ်ပေါင်ပြီး တက္ကစီတစ်စီး ငှားခဲ့ကွာ"

ဂျင်ဂျာခမျာ ပါးစပ်က တဗျစ်တောက်တောက် ရေရွတ်ရင်း ထွက်သွားပြီး မကြာခင်မှာဘဲ ကားတစ်စီးနဲ့ ပြန်လာတယ်။ သူတို့ဖြူတီကို ခါးမှာ ကြိုးနဲ့ချည်ပြီး အိမ်ပေါ်က ဆွဲချသွားတယ်။ လှေကားပေါ် လူတစ်ယောက် တက်လာတာ သူတို့လူသိုက်နဲ့လည်း ဆုံပါရော တစ်ခဏ ကြက်သေသေနေပြီး ချာခနဲပြန်လှည့် ဆင်းပြေးသွားရှာတယ်။ ဂျင်ဂျာက ရှေ့ဆုံးကသွား ကားတံခါးဖွင့်ပြီး ဖြူတီ ကားထဲ မဝင်ရသေးဘူး။ ဒရိုင်ဘာက နောက်လှည့်ကြည့်မိလို့ ဖြူတီလည်းမြင်ရော ကားကို တစ်ဟုန်ထိုး မောင်းထွက်သွားတော့ ဂျင်ဂျာခမျာ တံခါးကို တွဲလဲခိုပြီး အော်ရင်း၊ ဟစ်ရင်း၊ ရုပ်ခိုင်းရင်း ပါသွားတယ်။ အတော်လေးကြာမှ ဒရိုင်ဘာက အမျိုးမျိုးဆဲရင်း ကားနောက်ပြန် ဆုတ်လာတယ်။ ဒါပေမဲ့ ကားခနစ်ဆ အလျှင်ကြိုပေးပါမှ လိုက်မယ်ဆိုလို့ ပေးလိုက်ရသေးဗျ။

ဒီလိုနဲ့ တက်ဒ်ရက်ဒစ်ရှိတို့ အိမ်တံခါးရှေ့ရောက်တော့ ဂျင်ဂျာက ဖြူတီကို နည်းနည်း ရှန်းရင်းဆန်ခတ် လုပ်စေတယ်။ ဒါမှ သဘာဝကျမယ်ပေါ့။ ကြော်ငြာရာလည်း ရောက်မယ်ဆိုပြီး ဖြူတီကို ကားပေါ်က ဆွဲချလို့မရဟန် ဆောင်ကြတယ်။ ဒရိုင်ဘာကလည်း ကြာတယ်၊ အုံနာအပ်ဖို့တောင် မပြည့်သေးဘူးဆိုပြီး တဂျီဂျီနဲ့။ သူတို့က ဖြူတီကိုယ်ကို တစ်ဝက်လောက် ဆွဲထုတ်လာရင်း ဖြူတီက မာန်ဖီပြီး ကားထဲ အတင်း ပြန်တွယ်ကပ် ဝင်လိုက်ရင်းနဲ့ နောက်ဆုံးတော့ ခြေကုန်လက်ပန်းကျလောက်တော့မှ ဖြူတီကို အပြင်ဘက် ဆွဲထုတ်လို့ရခဲ့တယ်။ အဲဒီအချိန်မှာ တက်ဒ်ရက်ဒစ်ရှိကလည်း သူ့အိမ်ရှေ့မှာ ဝရုန်းသုန်းကား ဆူဆူညံညံနဲ့ ဘာသံတွေပါလိမ့်လို့ ထွက်ကြည့်တယ်။



http://mmteashop.com

တက်ဒ်ရက်ဒစ်ရှိဟာ ပိန်ပိန်ပါးပါး၊ အသားနီစပ်စပ်၊ မှတ်ဆိတ်မွေးနက်နက်နဲ့။ သူက အိမ်တံခါးဆွဲဖွင့်ပြီး..

"ဟော့လူတွေ ဘာကိစ္စ ဒီလောက်လာပြီး ဆူညံနေကြတာလဲဗျ"

ဒီတော့ ဂျင်ဂျာက ဟောဟဲဟိုက်သံနဲ့ ..

"မပြောချင်တော့ပါဘူးဗျာ၊ ဟောဒီမှာ ဘိုနီယိုကျွန်းက လူရိုင်းပေါ့ ကျုပ်တို့ သူ့ကို ဘာရာဇီးလ်ပြည်က တောထဲကဖမ်းလာခဲ့တာ။ ခင်ဗျားကို ပထမဦးဆုံး လာပြတာပဲ"

တက်ဒ်ရက်ဒစ်ရှိလည်း အံ့သြလွန်းလို့ ဘာပြောရမှန်း မသိဘဲ ဖြူတီကိုပဲ ခြေဆုံးခေါင်းဆုံး ကြည့်နေတယ်။ ဖြူတီကလည်း ဒီလိုစေ့စေ့ကြည့်ခံရတော့ ရှက်ပြီး မလုံမလဲနဲ့ သူ့ကိုယ်သူ ငုံ့ကြည့်နေလိုက်တယ်။ အဲဒီတုန်းမှာပဲ တက်ဒ်ရက်ဒစ်ရှိရဲ့ မိန်းမလည်း အပြင်ထွက်လာတယ်။ သူဟာ ဆံပင်ဝါဝါနဲ့ တော်တော်လှတဲ့ မိန်းမတစ်ယောက်ပါပဲ။ သူက ဂျင်ဂျာတို့ လူသိုက်ကို တစ်သက်လုံး ရင်းနှီးလာတဲ့ လူတွေပမာ ပြုံးပြလိုက်ပြီး..

"ဧည့်ခန်းထဲ လာကြပါလား၊ အပြင်မှာ မိုးတိုးမတ်တတ်ကြီးတွေ"

လို့ ကြင်ကြင်နာနာ ပြောလိုက်တော့မှ သူ့ယောကျ်ား ဒစ်ရှိဟာ အသက်ရှူရမှန်း သိလာတော့တယ်။ သူတို့တစ်တွေ ဧည့်ခန်းထဲ ဝင်လိုက်သွားတော့ ဖြူတီက ဆိုဖာတစ်ခုပေါ် ထိုင်ချမယ်လုပ်လို့ ဂျင်ဂျာက မျက်လုံးပြူးပြီး ခေါင်းကို မသိမသာ ယမ်းပြလိုက်မှ ဖြူတီက နားလည်သွားပြီး မီးဖိုရှေ့က ကော်ဇောပေါ်မှာ ခွေခွေလေး လှဲအိပ်ချလိုက်တယ်။ ဒီတော့ တက်ဒ်က ဖြူတီကို သေသေချာချာ ကြည့်ပြီး..

"ခင်ဗျားတို့ ပစ္စည်းက သိပ်တော့ အကောင်းစားထဲက မဟုတ်ဘူး"

ဒီတော့ သူ့ဇနီးကလည်း..

"ဟုတ်ပါရဲ့ရှင်၊ မှတ်ဆိတ်မွေးကလည်း နီကျင်ကျင်နဲ့၊ နောက်ပြီး အင်္ကျီကော်လံနဲ့ နက်ကတိုင်နဲ့ ဝတ်ထားတဲ့ ကျောက်ခေတ်လူရိုင်းမျိုးလည်း မကြားဖူးသေးပါဘူး"

ဆိုပြီး ဂျင်ဂျာကို စေ့စေ့ကြည့်နေလေတော့ သူ့လင် တက်ဒ်ကပဲ ဂျင်ဂျာဘာမှ ပြန်မပြောရမီ သူ့မိန်းမကို..



http://mmteashop.com

"ဟဲ့.. လူရိုင်းက သူမဟုတ်ဘူး ဟောဒီမှာ"

လို့ ပြူတီကို ပြတယ်။

"ဒါဖြင့် ဟောဟိုက ကော်ဇောပေါ်ကဟာပေါ့ ဟုတ်လား"

"ဟုတ်ပါ့ခင်ဗျာ"

လို့ ဆမ်က စိတ်ပေါက်ပေါက်နဲ့ ဖြေလိုက်တာကို ရက်ဒစ်ရှ်က -

"အင်း.. ကြည့်ရတာလည်း သိပ်ပြီး ရိုင်းဟန်မတူပါဘူး"

ဆိုတော့ သူ့မိန်းမကလည်း သူ့ဆံပင် ဝါခွေခွေလေးတွေကို ယမ်းနေအောင် ခေါင်းကိုခါပြီး..

"ဘယ်ကလာ ရိုင်းရမှာလဲ၊ ကြည့်ပါလား ယဉ်ယဉ်ကျေးကျေး၊ ငြိမ်ငြိမ်လေး နေနေတာပဲ"

ဆမ်တို့လူသိုက်ဟာ ကြံရာမရ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြတယ်။ အဲဒီအခါမှ ပြူတီက သူတစ်ခုခုလုပ်ဖို့ အချိန်တန်ပြီ ဆိုတာသိလို့ သူနဲ့အနီးဆုံး ထိုင်နေတဲ့ ဂျင်ဂျာရဲ့ ခြေသလုံးကို ဆတ်ခနဲ ဆွဲကိုက်လိုက်တယ်။ ဂျင်ဂျာ အလန့်တကြားအော်လိုက်ပုံက မစ္စတာရက်ဒစ်ရှ်ရဲ့ မိန်းမက သူ့ကို လူရိုင်းလို့ ထင်မိတာ နည်းတောင် နည်းသေးတယ်။ နို့ပြီး သူလန့်အော်ပြီး ဆဲဆိုရေရွတ်လိုက်ပုံကိုလည်း အမျိုးသမီးက ပြောတယ်။ ဂျင်ဂျာဟာ မိန်းမသားဖြစ်တဲ့ သူ့ရှေ့မှာ ဒီလိုညစ်ညမ်းတဲ့ စကားလုံးတွေသုံးတာ ထားပါတော့၊ ဒီလို သနားစရာကောင်းတဲ့ လူရိုင်းကလေးကိုတော့ ပက်ပက်စက်စက် မဆဲသင့်ပါဘူးတဲ့။

ဒီနော့် တက်ဒ်ရက်ဒစ်ရှ်က သူတို့ကို ဒီလူရိုင်းအတွက် ဘယ်လောက် လိုချင်သလဲမေးတော့ ဂျင်ဂျာက သူ့ခြေသလုံးက ပြူတီကိုက်ထားတဲ့ ဒဏ်ရာပွတ်နေလို့ မပြောနိုင်ခင် ဆမ်က..

"ပေါင်တစ်ရာ"



http://mmteashop.com

တက်ဒ်နဲ့ သူ့မိန်းမက တစ်ယောက်နဲ့တစ်ယောက် လှမ်းကြည့်တဲ့ပြီး မပြုံးဘဲနဲ့ ဝါးလုံးကွဲ ရယ်ချလိုက်တော့တယ်။ အားရအောင် ရယ်ပြီးတော့မှ တက်ဒ်က ရယ်ရလွန်းလို့ ထွက်နေတဲ့ မျက်ရည်တွေကို လက်ဖမိုးနှင့် သုတ်ရင်း..

"ဟောဗျာ၊ လူရိုင်းပေါက်ဈေးက အခု တစ်ကောင် သုံးသျှီလင်ပဲ ရှိတယ်။ ဒါပေမဲ့ ခင်ဗျားကိုတော့ အားနာလို့ တစ်ပေါင်ပဲ ပေးလိုက်ပါ့မယ်"

ဆမ်က ပီတာရပ်ဆက်ကို ကြည့်၊ ပီတာက ဂျင်ဂျာကို ကြည့်တယ်။ ပြီးတော့မှ အားလုံး ပြိုင်တူရယ်ကြတယ်လေ။ ဒီတော့ တက်ဒ်က မျက်နှာပိုး သတ်လိုက်ပြီး ...

"ခင်ဗျားတို့ တကယ်မယုံဘူးပေါ့လေ၊ ဒါနဲ့ သင်းက တော်တော်သန်သလားဗျ"

"အောင်မာ သန်လိုက်တာတော့ မပြောနဲ့တော့"

ဆမ်က ခပ်ကြွားကြွား ပြောလိုက်တော့ တက်ဒ်မိန်းမက..

"ဒါဖြင့် သူ့ကို နောက်ဖေးခေါ်ပြီး ဝက်ဝံညိုတွေနဲ့ နပန်းသတ်ခိုင်းကြည့်ရအောင်လား တက်ဒ်"

ဒီတော့ ဆမ်က မျက်ကလဲဆန်ပျာ..

"ဟာ.. ခင်ဗျားတို့ ဝက်ဝံတွေ သေကုန်ပါ့မယ် မလုပ်ပါနဲ့"

"ကိစ္စမရှိပါဘူး၊ ဝက်ဝံညိုတွေက ဖောခြင်းသောခြင်းပါ"

ဒီတော့ သူတို့တစ်တွေ ဘာပြောရမှန်း မသိတော့ဘဲ အားလုံးပြိုင်တူ ထရပ်လိုက်ကြတယ်။ ပြူတီတစ်ယောက်သာ ကုလားထိုင်ခြေထောက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး ပြူးတူးပြဲတဲနဲ့ ဟိုလှည့်ကြည့် ဒီလှည့်ကြည့် လုပ်နေရှာတယ်။ ခဏကြာတော့မှ ဂျင်ဂျာက ဣန္ဒြေဆည်လိုက်ပြီး..

"ကဲ.. စမ်းချင်လည်း စမ်းပေါ့၊ ဒါပေမဲ့ သူ့တန်ဖိုးငွေ ပေါင်တစ်ရာတော့ အလျင်ပေးထားရမယ်၊ မတော်တဆ ကျုပ်တို့လူ ထိခိုက်မိရင် နစ်နာမယ်ဗျ"

တက်ဒ်ရက်ဒစ်ရှ်က ဂျင်ဂျာကို စိုက်ကြည့်နေတယ်။ ပြီးတော့မှ



http://mmteashop.com

"ဒါဖြင့် ဒီမှာ ခဏနေကြဦး၊ ကျုပ်တို့ လင်မယား သွားတိုင်ပင်လိုက်ဦးမယ် "

ဆိုပြီး အထဲဝင်သွားတယ်။

ဆမ်က ဂျင်ဂျာကို မျက်စပစ်ပြပြီး..

"အလုပ်ဖြစ်မှာပါ မပူပါနဲ့"

ဂျင်ဂျာက သူ့ခြေသလုံးကို ပွတ်နေဆဲက...

"ကဲ.. ဤဖေကြံလိုက်ရင် ဘာခံနိုင်မလဲ၊ ဒါပေမဲ့ ပြူတီက ငါ့ကို ဒီလောက် ကိုက်စရာမလိုပါဘူးကွ၊ အသားတောင် ပြတ်ပါသွားမလား အောက်မေ့ရတယ် "

"ဒါတော့ ဘယ်တတ်နိုင်မလဲဗျ၊ ဟိုမိန်းမက ပြောတာကြားတယ် မဟုတ်လား၊ ဒီတော့ ခပ်ကြမ်းကြမ်းလေး လုပ်ပြလိုက်ရတာပါ"

ပြူတီက ပြောရင်း ပီတာထိုင်နေရာဘက်သို့ တရွေ့ရွေ့ တိုးလာနေတော့ ပီတာက သူ့ခြေထောက်တွေ ကုလားထိုင်ပေါ် ကမန်းကတန်း မြှောက်တင်လိုက်ရင်း ချော့မော့သော လေသံနဲ့..

"ဘယ့်နှယ်လဲ ငါ့လူ နေသာထိုင်သာ ရှိရဲ့လား"

ဆိုတော့ ပြူတီက လေးဖက်ထောက်တွားပြီး ကုလားထိုင်နောက် သွားရင်း..

"ဂါရ်ဝ့်ဂ်.. ဝ့်ဂ်"

ဟု မြည်လေရာ ပီတာက ရွံ့ပြုံးကလေး ပြုံးလျက် ကုလားထိုင်နောက် လည်ပြန်လှည့်ကြည့်ရင်း..

"မနောက်စမ်းပါနဲ့ ပြူတီ၊ ဆမ် မင်းတူကို ခေါ်စမ်းကွာ "

ပြူတီကမူ "ဂါရ်ဝ့်ဂ်" ဟု ထပ်အော်ပြီး ပီတာ ခြေထောက်တွေကို လိုက်နမ်းဟန် ဆောင်နေတယ်၊ ဒီတော့ ဆမ်က..



http://mmteashop.com

"အသာနေစမ်း ဖြူတီရာ သူတို့ လင်မယားမရှိတုန်း ခြေထောက်တွေကို မင်းလျှောက်ကိုက်နေလည်း အလကားပဲကွ၊ ကိုက်ချင်ရင် သူတို့ပြန်လာမှကိုက် "

"အောင်မာ၊ ငါတော့ အကိုက်မခံနိုင်ဘူးကွ၊ ဆမ် မင်းမြဲမြဲ မှတ်ထား၊ ဖြူတီဟာ တကယ်ရိုင်းသွားပြီနဲ့တူတယ် "

ပီတာက ခပ်ဆတ်ဆတ် ပြောလိုက်တုန်း ဂျင်ဂျာက ဟိုလင်မယား ခြေသံကြားလိုက်တာနဲ့ ..

"ဟိတ်ကောင်တွေ တိတ်တိတ်နေကြ ဟိုမှာလာနေပြီ "

ခဏအတွင်း တက်ဒ်တို့ လင်မယား ပြန်ရောက်လာပြီး ဖြူတီနားရွက်ကိုဆွဲ၊ ပါးစပ်ဖြဲ၍ သွားတွေကိုကြည့်၊ တစ်ကိုယ်လုံး လက်ညှိုးနဲ့ ဟိုထောက် သည်ထိုး လုပ်ပြီးမှ တက်ဒ်က..

"သူ့ကို ဒီမှာ အစမ်းသဘောနဲ့ သုံးရက်တိတိထားပြီးမှ ငွေပေါင်တစ်ရာ ပေးချေပါ့မယ်"

ပြောပြီး ဆမ်က အားလုံးကို မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ..

"ဒါဖြင့် ခုလောလောဆယ် စရန်ငွေ နည်းနည်းလောက် ပေးလိုက်ပါ"

"ဟာ.. ဒါတော့ မဖြစ်နိုင်ဘူးဗျ၊ ကျုပ်တို့ အလုပ်သဘောမှာ ကျားတို့ ခြင်္သေ့တို့ဆိုရင် စရန်ငွေ ပေးနိုင်တယ်၊ လူရိုင်းဆိုတော့ ပေးရိုးထုံးစံ မရှိဘူး "

အဲဒီတုန်း ဖြူတီက ပီတာ့ခြေထောက်ကို လုမ်းအဟပ်မှာ ဆမ်က ဖြူတီကို အလျင်အမြန် လှမ်းဆွဲလိုက်ပုံကို ကြည့်ပြီး တက်ဒ် မိန်းမက..

"နောက်ပြီး ကျွန်မတို့မှာ အခက်အခဲတစ်ခု ရှိနေတာက သူ့ကို ဘယ်နေရာမှာ ထားရမှန်း မသိသေးဘူး"

"ဟာ.. ဒါတော့ ကျားသစ်နက်တွေနဲ့ အတူတူ ထည့်ထားလိုက်တာပေါ့၊ နေရာ အကျယ်ကြီးပဲဟာ "



http://mmteashop.com

သူ့လင်က ပြောလိုက်သည်ကို ..

"ဟုတ်ပါရဲ့၊ အဖော်ရှိတော့ သူတို့ မပျင်းဘူးပေါ့"

ဇနီးသည်က ထောက်ခံသံ ကြားရတော့ ဂျင်ဂျာက စိုးရိမ်တကြီး..

"ဟာ.. ဒါကတော့ လူရှိင်းက ကြိုက်မယ် မထင်ဘူးဗျ"

"ထင်မနေနဲ့ ကြိုက်ကိုကြိုက်မှာ မဟုတ်ဘူး သေချာတယ် "

ဆမ်က ခပ်ပြတ်ပြတ် ဝင်ပြောတော့မှ တက်ဒ်က ..

"ဒါဖြင့်လည်း သူ့ကို သပ်သပ်လှောင်အိမ်တစ်ခုထဲမှာ ထားရတော့မှာပေါ့လေ၊ ကျုပ်တို့က ငွေလည်း သိပ်အကုန်အကျ မခံနိုင်ဘူးဗျ၊ သူ့အတွက် သားစိမ်း ငါးစိမ်း ဝယ်ကျွေးရမှာက ရှိသေးတယ်"

ဤတွင် ဆမ်က..

"ဒီအတွက်တော့ မပူပါနဲ့ဗျာ၊ ကျုပ်တို့ သူ့ခေါ်လာတုန်း လမ်းတစ်လျှောက်လုံးမှာ ကျုပ်တို့စားတဲ့ အစားအစာတွေပဲ ကျွေးခဲ့တာ အကျင့်ပါနေပါပြီ၊ ခင်ဗျားတို့စားတဲ့ အစားအစာပဲ ကျွေးနိုင်ပါတယ်၊ အသားစိမ်း ငါးစိမ်းလည်း သင်း မစားတတ်တော့ပါဘူး "

ဒီတော့ တက်ဒ်က..

"ဟာ.. ခင်ဗျားတို့လုပ်ပုံ သင်း ကံကောင်းလို့ မသေတယ်၊ ဒီလို မကျွေးရဘူး၊ ကဲ.. ဒီမှာ ထားခဲ့ပါလေ၊ ကျုပ်တို့ ကျွေးမွေးပြုပြုံမယ်၊ ဝဖီးလာပြီး သုံးရက်ကြာလို့ ခင်ဗျားတို့ ပြန်လာရင် မှတ်မိမှာတောင် မဟုတ်တော့ဘူး "

ဒီတွင် ဂျင်ဂျာက သူနဲ့ မျက်စိချင်း စကားပြောဖို့ ကြိုးစားနေတဲ့ မြူတီရဲ့ မျက်လုံးများကို ရှောင်ကွင်းရင်း ..

"ချက်ချင်းကြီးတော့ အပြောင်းအလဲ မလုပ်လိုက်ပါနဲ့ဦးလေ၊ သူက ချက်ပြီးသား အစားအစာ အကျင့်ပါနေတော့ အစိမ်းတွေကျွေးလို့ မစားဘဲ နေပါဦးမယ်"

ဒီတော့ တက်ဒ်က...



http://mmteashop.com

"ဒါ.. ကျုပ်တို့ အလုပ်ပါဗျ၊ ကျုပ် ဒီဘက်မှာ နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး လုပ်ခဲ့တာ၊ ဒါမျိုးတွေ နောကျေနေပါပြီ၊ ကဲ.. သူ့ကို နောက်ဖေးခေါ်ခဲ့၊ သူနေဖို့ အိမ်လုပ်ပေးမယ်"

ဖြူတီရဲ့မျက်နှာက တလုပ်လုပ် တောင်းပန်နေတဲ့ ပုံသဏ္ဍာန်ကို အားလုံးက မမြင်ချင်ဟန်ပြုပြီး နောက်ဖေးဘက် ထွက်ခဲ့ကြတယ်။ တက်ဒ်ရက်ဒစ်ရှ်ရဲ့ အိမ်နောက်ဖေး ခြံအကျယ်ကြီးထဲမှာ တိရစ္ဆာန်မျိုးစုံကို လှောင်အိမ်တွေနဲ့ ထားတယ်။ သားရဲ တိရစ္ဆာန်တွေဟာ လှောင်အိမ်ထဲ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လူတွေလာတာ မြင်တော့ တဝုန်းဝုန်း အော်ကြတယ်။ တက်ဒ်က နံရံမှာ သံကွင်းနဲ့တွဲရက် သံကြိုးကြီးများ တွဲလဲကျနေတဲ့ လှောင်အိမ်လွတ်တစ်ခုကို ညွှန်ပြရင်း..

"သင်းကို ဟောဒီ 'သီရိဂေဟာ' မှာ ထားမယ်။ ဝီလီယန် ဒီမှာ ခဏလာကူစမ်း"

ဆိုပြီး သူ့အလုပ်သမား တစ်ယောက်ကို လှမ်းခေါ်လိုက်တယ်။ ဆမ်က လှောင်အိမ်ကို စိတ်မသက်မသာ လှမ်းကြည့်ပြီး..

"ဘာသဘောနဲ့ ဒီလှောင်အိမ်ကို သီရိဂေဟာလို့ ခေါ်တာလဲ"

မေးပေမယ့် တက်ဒ်က ကြားပုံမရဘူး။ သူ့လူတွေနဲ့ စကားပြောနေတယ်။ ဂျင်ဂျာကလည်း ဖြူတီကို လှောင်အိမ်ထဲဝင်ဖို့ တိုးတိုးကျိတ်ကျိတ် ချော့မော့နေတယ်။

"တစ်ရက်နှစ်ရက်တည်းပါကွာ၊ မင်းကလည်း ဒီလောက် ပိုက်ဆံရဖို့ ဒီလောက်တော့ ခံရမှာပေါ့"

"ဟာ.. ဒီသံကြိုးကြီးတွေနဲ့ ကျုပ်က ဘယ့်နယ်လုပ် ထွက်ပြေးလို့ရမလဲဗျ"

"ဒါ.. တို့တာဝန်ထားပါဟ၊ မင်း ဝင်မှာသာ ဝင်စမ်းပါ"

"ပြောမည်သာ ပြောရသည်။ ဂျင်ဂျာလည်း ဖြူတီ အထဲဝင်မိသည့်နောက် ဘယ်လို ပြန်ထုတ်ရမည်နည်း။ နမ်းတစ်စေ့လောက်မျှ မကြံတတ်။ ဖြူတီဟာ နောက်ဆုံးတော့ တောရိုင်းတိရစ္ဆာန်ကြီးတွေကို ကိုင်တွယ်နေကျ တက်ဒ်ရက်ဒစ်ရှ်ရဲ့ တပည့်တွေရဲ့ လက်ထဲမှာ သနားစရာ ကားရားကလေး ပါသွားရှာတယ်။ လှောင်အိမ် ထဲကနေပြီး ဆမ်တို့ သုံးယောက်ကို လှမ်းကြည့်နေလိုက်တဲ့ မျက်လုံး အစုံကတော့ ကမ္ဘာမကျေဆိုတဲ့ အဓိပ္ပာယ်ပဲ။



http://mmteashop.com

သည်လိုနဲ့ လူချင်းခွဲခဲ့ရတယ်။ ပထမတစ်ရက်မှာတော့ ဆမ်ဟာ ဂနာမငြိမ်ဘဲ သူ့တူကြီးအတွက် တသ ဝမ်းနည်းနေရှာတယ်။ သေသွားတဲ့ သူ့အစ်ကိုက သူ့ဆီမှာ စိတ်ချလက်ချ ထားခဲ့တာတွေပြောရင်း ဂျင်ဂျာရဲ့ပခုံးပေါ် ခေါင်းတင်ပြီး ဝမ်းပန်းတနည်း ငိုရှာတယ်။ ဒုတိယညကျတော့ သီရိဂေဟာက သူ့တူလွတ်မြောက်ဖို့ တစ်ရက်ပဲ လိုတော့တယ်ဆိုပြီး ဝမ်းသာလို့ 'အက်ဒ်မီရယ်လ်ကော့ကရိန်း' ဆိုတဲ့ အရက်ဆိုင်မှာ သောက်ပွဲကြီး ကျင်းပတယ်။

တတိယနေ့ကျတော့ ဆမ်က မိုးမလင်းခင် ငွေသွားတောင်းမယ် လုပ်ပြန်တယ်။ သည်တော့ ဂျင်ဂျာက သည်လောက် ဣန္ဒြေမပျက်ဖို့ ညနေစောင်းမှ ဖြည်းဖြည်း သွားတောင်းဖို့ မနည်း ဖျောင်းဖျယူရတယ်။ ဒီကြားထဲမှာ ပီတာရပ်ဆက်က "မစ္စတာကာနန်း" ဆိုတဲ့ နာမည်နဲ့ စာတစ်စောင်ရေးတယ်။ ကျောက်ခေတ်လူသားကို ကာနန်းက သူ့ထံ ပေါင်တစ်ရာနဲ့ ရောင်းဖို့အကြောင်း၊ သဘောက တကယ်လို့ တက်ဒ်က သူတို့ကို ဈေးဆစ်ရင် ပြဖို့ပေါ့လေ။ သို့နှင့် ညနေစောင်းတော့ သူတို့ဟာ အကြံအစည်အောင်ဖို့ တစ်ခွက်တစ်ဖလားစီ ဆုမွန်တောင်းရင်း သောက်သွားကြတယ်။ သူတို့ရောက်သွားကြတော့ တက်ဒ်တို့ လင်မယားကို ဧည့်ခန်းထဲမှာပဲ မျက်စိမျက်နှာ မသာမယာနဲ့ တွေ့ကြရတယ်။ ဇနီးဖြစ်သူက ကော်ဇောကို ငုံ့ကြည့်နေရာက အင်မတန် ဝမ်းနည်းတဲ့ဟန် လေသံတိုးတိုးနဲ့..

"ရှင်တို့ လာမှာကို ကျွန်မ စိုးရိမ်နေမိတယ်"

တက်ဒ်ရက်ဒစ်ရှ်ကလည်း..

"ကျုပ်လည်း ဒီလိုပဲ"

"ဘာဖြစ်လို့လဲ"

ငွေလာယူတာကို လာမှာစိုးရိမ်တယ်လို့ ဆီးပြောတော့ ဆမ်က ဒေါပွပွနဲ့ မေးလိုက်တယ်။ ဒီတော့ အမျိုးသမီးက သူ့နဖူးနဲ့ ရင်ဘတ်ကို ကြက်ခြေခတ်ပြီး လက်ဝါးကပ် သဏ္ဍာန်လုပ်ပြီး ဆုတောင်းပတ္ထနာ ပြုတော့မှ သူတို့လင်မယား နှစ်ယောက် စလုံး ဝမ်းနည်းတဲ့ အထိမ်းအမှတ်နဲ့ အဝတ်နက်တွေ ဝတ်ထားကြောင်း သူတို့ သတိပြုမိကြတော့တယ်။ ဇနီးဖြစ်သူက ငိုသံပါပါကလေးနဲ့..



http://mmteashop.com

"ကျွန်မတို့တော့ ဆုံးရှုံးပြီ"

"ဟာ.. ကြားရတော့ ဝမ်းနည်းစရာပဲ"

ဆမ်က ဘုမသိ ဘမသိ လှမ်းရောလိုက်တယ်။ ဒီတော့ အမျိုးသမီးက မျက်လုံးကို လက်ကိုင်ပဝါနဲ့ တို့ပြီး..

"ဝေဒနာတော့ ခံစားရဟန် မတူပါဘူးလေ၊ သိပ်မြန်တာပဲ"

"ဟာ.. ဒါကတော့ သေကံကောင်းတယ်လို့ ခေါ်ရမှာပေါ့ဗျာ"

ပီတာက နှစ်သိမ့်စကားလေး ပြောလိုက်တယ်။ ဂျင်ဂျာကတော့ ချောင်းခြောက်ကြီးဆိုးရင်း ဒေါ်ပွနေတယ်။ ငါတို့ ငွေယူရအောင် လာတာကို သူတို့မသာနဲ့ ဘာဆိုင်သလဲပေါ့။ အမျိုးသမီးကတော့ မျက်နှာမသာမယာနဲ့..

"ကျွန်မတို့ တောရိုင်းတိရစ္ဆာန်တွေ ရောင်းဝယ်နေတာ (၂၇) နှစ် ရှိပါပြီရှင်၊ ခုလို တစ်ခါမှ မဖြစ်ဖူးပါဘူး။ ဒီဟာ ပထမအကြိမ်ပါပဲ"

"ကြော်.. ဟုတ်ကဲ့၊ တော်တော် ကျန်းမာကြတဲ့ အိမ်ထောင် ခေါ်ရမယ်ပေါ့၊ သို့သော် သခါရဆိုတာကတော့ .

ဆမ်မှာ ရှေ့ဘာဆက်ပြောရမှန်းမသိ ဖြစ်နေတုန်း အမျိုးသမီးက လင်ကို..

"သူတို့ကို ပြောပြလိုက်ပါ တက်ဒ်"

"ဟာ.. မင်းပြောလိုက်ပါ"

"အို.. ဒါ ရှင့်အလုပ်ပဲ"

"တို့က မိန်းမတွေလို ဒါမျိုးမှာ သာယာညင်းပျောင်း မပြောတတ်လို့ပါကွာ"

သူတို့လင်မယား ဒီလို အပြန်အလှန် လုပ်နေတာကို စိတ်မရှည်တော့တဲ့ ဂျင်ဂျာက ခပ်ထန်ထန် အသံနဲ့ပ..

"ကျုပ်တို့ကို ဘာတွေပြောမှာမို့လဲ"



http://mmteashop.com

ဒီတော့ လင်ဖြစ်သူက လည်ချောင်းတစ်ချက် ရှင်းလိုက်ပြီး ဇနီးသည်က အသံထွက်အောင် ငိုနေတဲ့ကြားက မပြောမပြီးဆိုတဲ့ သဘောနဲ့..

"ဒီလိုဖြစ်ရတာ ကျုပ်တို့အပြစ် မဟုတ်ပါဘူးဗျာ၊ အမှန်တော့ တိရစ္ဆာန်တွေဟာ တောတွင်းသား လူရိုင်းတွေဆိုရင် ကြောက်တတ်တယ်ဗျ၊ အဲဒါ တမြန်နေ့က ခင်ဗျားတို့လူ ကြည့်ရတာ မိုင်နေတာနဲ့၊ ဩော် သူ့ခမျာ သီရိဂေဟာမှာ တစ်ယောက်တည်း နေရတာ မပျော်ဘူးနဲ့ တူတယ်ဆိုပြီး သူ့ကို အဖော်ရအောင် ကျားလှောင်အိမ်ထဲ ပြောင်းထည့် လိုက်တယ်"

"ဘာ.. ကျားလှောင်အိမ်ထဲ ထည့်လိုက်တယ် ဟုတ်လား"

ဆမ်က အသံနက်ကြီးနဲ့ အော်ရင်း ထခုန်လိုက်တယ်။ ဒါပေမဲ့ တက်ဒ်အသံက ခပ်အေးအေးပင်။

"ညမှာ ဝရုန်းသုန်းကားအသံတော့ နည်းနည်းကြားမိသား၊ ဒါပေမဲ့ သူတို့ တောတွင်းသားအချင်းချင်း ဆော့တာ၊ ကစားတာပဲ အောက်မေ့လို့ ထမကြည့်မိဘူး၊ မနက်ကျတော့ သူတို့ကို အစာကျွေးမယ်လို့ အမဲသားစိမ်း ယူသွားတော့ တောတွင်းသား မရှိတော့ဘူး၊ အစဦးတော့ ဒီလူရိုင်းဟာ လှောင်အိမ်ထဲက ထွက်ပြေးတာပဲ အောက်မေ့မိ သေးတယ်၊ ဒါပေမဲ့ လှောင်အိမ်လည်း ပွင့်မနေတာနဲ့ အနီးကပ် သေသေချာချာ ကြည့်မိတော့"

ဤတွင် ဇနီးဖြစ်သူက ရုတ်တရက် လက်ကာပြပြီး ငိုရှိုက်ရင်း -

"တော်ပါတော့ တက်ဒ်ရယ်၊ ကျွန်မ မကြားပါရစေနဲ့တော့"

ဤတွင် ဆမ်က သံကုန်ဟစ်ပြီး..

"ခင်ဗျားတို့ ပြောနေတာက ကျုပ်တူ၊ အဲ.. သူ့ကို ကျားကိုက်စားပစ်လိုက်ပြီပေါ့"

တက်ဒ်က ..

"ဟာ.. စားပစ်လိုက်တာမှ တစ်ကိုယ်လုံးပါပဲ၊ အရိုးအစအနလေးတောင် မကျန်ဘူး၊ သင်းကလည်းဗျာ တောတွင်းသားလူရိုင်း လုပ်နေပြီး ကျားကိုမှ မနိုင်အောင် ဖျင်းရသလား ကျုပ်တော့ အံ့ဩတယ်"



http://mmteashop.com

သူ့ဇနီးကလည်း..

"ဟုတ်တယ်.. ကျွန်မလည်း အံ့ဩတယ်"

တစ်ခဏအတွင်း အပ်ကျသံကြားရလောက်အောင် တစ်ခန်းလုံး ဆိတ်ငြိမ်သွားတယ်။ ဆမ်မျက်လုံးကြီးတွေ ပြူးပြီး အဝေးကို ငေးစိုက်ကြည့်နေတယ်။ ပီတာရပ်ဆက်က သူ့သွား သွားပိုးစားပေါက်ကို တကျစ်ကျစ်နဲ့ စုပ်ယူနေတယ်။ ဂျင်ဂျာကတော့ ဥပဒေက သိသွားရင် ဘယ်လို အရေးယူမလဲ တွေးပူနေတယ်။ အတော်ကြီးကြာမှ တက်ဒ်က မီးလင်းဖိုရှေ့ သွားရပ်ရင်း..

"ကျုပ်တို့ အားလုံးအတွက် စိတ်ချောက်ချားစရာကြီးပါဗျာ"

ဒီတော့ ဆမ်က မကျေမချမ်းသံကြီးနဲ့..

"လူကို ကျားနဲ့အတူ သွားထားတာ ခင်ဗျားအပြစ်ပေါ့ဗျာ၊ ဒီလိုလုပ်ရင် ဒီလိုဖြစ်မယ် ဆိုတာ ခင်ဗျား သိရမှာပေါ့"

"ရက်စက်လွန်းတယ်ဗျာ"

ပီတာရပ်ဆက်က စိတ်မချမ်းမြေ့စွာ ပြောတယ်။

"ခင်ဗျားအလုပ် ခင်ဗျား မကျွမ်းကျင်လို့ ဒီလိုဖြစ်တာပေါ့၊ အစကတည်းက ခင်ဗျားကို ယုံဖို့မကောင်းဘူး"

ဂျင်ဂျာက ရန်တွေ့တယ်။ ဒီတော့ တက်ဒ်ရက်ဒစ်ရှ်က -

"ခုမှ စကားများနေလည်း ဘာထူးမှာလဲ၊ ဒါနောက်ဆုံးတော့ လူရိုင်းအပြစ်ပဲ၊ သူကိုယ်တိုင်က ကျားစားခံချင်နေတာကြီးကိုး၊ အသားကျွေးလည်း မစား၊ ရေတိုက်လည်း မသောက်နဲ့၊ ဒီတော့ အားမရှိဘူးပေါ့၊ အားသာ ရှိစမ်း၊ တောတွင်းသား လူရိုင်းတွေဟာ ကျားလောက်တော့ အပျော့ပေါ့၊ ကဲ.. ကျုပ်လည်း အလုပ်ကိစ္စ ချိန်းထားတာလေး သွားလိုက်ဦးမယ်"



http://mmteashop.com

ဆိုပြီး တံခါးပေါက်ဆီ လျှောက်သွားမယ်လုပ်တော့ ဂျင်ဂျာက ပီတာကို တံတောင်နဲ့ တွက်တယ်။ ပီတာက ဆမ်နား တိုးတိုးကပ်ပြောလိုက်တယ်။ ဒီတော့ ဆမ်က သူ့ရှေ့ ရောက်လာတဲ့ ရက်ဒစ်ရှ်ရဲ့ အင်္ကျီကို ဆွဲထားပြီး..

"ကျုပ်တို့ ရစရာရှိတဲ့ ပိုက်ဆံကော"

ရက်ဒစ်ရှ်က အံ့အားသင့်သွားပြီး ..

"အိုး.. ဘာပိုက်ဆံတုန်း၊ ခင်ဗျားတို့ လူရိုင်းမှ မရှိတော့တာ၊ ကျုပ်က ဘာပေးစရာ လိုတော့သလဲ"

ဆမ်က ဒေါသသံနဲ့..

"အိုး.. ဒီလိုနဲ့ ရရိုးလားဗျာ၊ ကျုပ်တို့ လူတစ်ယောက်လုံး ခင်ဗျားကျားက စားလိုက်ပြီးမှ သူ့တန်ဖိုးကိုတော့ ပေးကိုပေးရမှာပေါ့ဗျ"

ဤတွင် မစ္စက်ရက်ဒစ်ရှ်က..

"အို.. ကျားက စားပစ်လိုက်တော့ ကျွန်မတို့ ဘယ်တတ်နိုင်မလဲရှင်"

"ဘယ့်နယ် မတတ်နိုင်ရမှာလဲ၊ ကျားစားအောင် ခင်ဗျားတို့လုပ်တာပဲ၊ သင်းက ကျုပ်တို့ ပစ္စည်းဗျ၊ စားတာက ခင်ဗျားတို့ကျား၊ ကဲ.. ပြောနေကြာတယ်။ ငါးမိနစ် အချိန်ပေးမယ်၊ ဒီအတွင်း ပိုက်ဆံပေးရင်ပေး၊ မပေးရင် ဂါတ်တဲ သွားတိုင်မယ်"

ဆမ်က အကျပ်ကိုင်တော့သည်။ သို့သော် ရက်ဒစ်ရှ်က အေးဆေးစွာပဲ..

"တိုင်နိုင်ပါတယ်ဗျာ၊ သွားတိုင်ပေါ့"

ဆမ်က ထိုင်နေရာမှ ဖြုန်းခနဲ ထပြီး ဂျင်ဂျာကို သင်းအကြံကြောင့် ဆိုတဲ့သဘော မျက်နှာထားတင်းတင်းနဲ့ ကြည့်တယ်၊ ဒီတော့ ဂျင်ဂျာက..

"ကျုပ်တို့ ဂါတ်တိုင်ရင် ခင်ဗျားတို့ ဒုက္ခရောက်မှာပေါ့"

"ရောက်ပစေဗျာ"



http://mmteashop.com

ရက်ဒစ်ရှိက ဂရုမစိုက်ဟန်နဲ့ ပြောတော့ ပီတာက..

"တော်ရုံတန်ရုံ မထင်နဲ့နော်၊ လည်ပင်း ကြိုးကွင်းစွပ်နေမယ်"

"စွပ်စွပ်ဗျာ၊ ဥပဒေက ဒီလိုကိစ္စမျိုး ဘယ်လိုဆုံးဖြတ်မလဲ၊ ကျုပ်တို့ သိချင်နေတာနဲ့ အတော်ပဲ"

"ကဲ.. ဆမ်.. တို့ဂါတ်တဲသွားမယ် ပြောနေ ကြာတယ်"

ရက်ဒစ်ရှိက တုတ်တုတ်မျှမလှုပ်။ သို့သော် သူ့ဇနီးသည်က ဆမ့်ခြေရင်းမှာ ပုံ့ခနဲ ထိုင်ချလိုက်ပြီး..

"ကျွန်မယောကျ်ား မသိနားမလည်လို့ တစ်ကြိမ်တစ်ခါ လုပ်မိတာ ဖွဲမယူပါနဲ့ရှင်"

ဆမ်က တင်းမာစွာပဲ..

"ကျုပ် ခြေထောက်ကို လွှတ်ဗျာ"

"လာဆမ်.. သွားမယ်လာ ကြာတယ်"

ဂျင်ဂျာကခေါ်တော့ ဆမ်က ရှန်းထွက်တယ်။ ဒီတော့ အမျိုးသမီးက သူတို့ကို ရက်စက်တဲ့ လူ့တိရစ္ဆာန်ကြီးတွေလို့ ရန်တွေ့ပြီး သူ့ယောကျ်ားရဲ့ ပခုံးပေါ် ခေါင်းတင်ထားလိုက်တယ်။ သူတို့အားလုံး အိမ်ထဲက ထွက်သွားတော့ လင်မယား နှစ်ယောက်သား အားရပါးရ ရယ်မောကြတယ်။

ဆမ်တို့မှာ ဒီရယ်မောသံတွေ ကြားရတော့ နာသာခံရခက် ခေါင်းငိုက်စိုက်နဲ့ ဘာလုပ်ရမှန်းလည်း မသိ၊ ဂါတ်တဲ သွားတိုင်လို့လည်း မဖြစ်မှန်း သိကြတယ်။ ဂျင်ဂျာကတော့ တွေးတွေးပြီး ဒေါသဖြစ်နေတယ်။ ပီတာကတော့ ရှေ့နေ တစ်ယောက် ယောက်ဆီ သွားဖို့ အကြံပေးတယ်။ ဆမ်ကတော့ မြွေပါလည်းဆုံး သားလည်းဆုံး ဆိုသလို သူ့တူလေးလည်း ကျားစားခံရ၊ ငွေလည်းမရမို့ အကြီးအကျယ် စိတ်မချမ်းသာစွာနဲ့ သူတို့နေထိုင်ရာ အရပ်ကို ပြန်ခဲ့ကြတယ်။

သုံးယောက်သား ကြက်နာကြီးတွေလို ငုငုငိုင်ငိုင်နဲ့ လျှောက်လာကြ၊ သူတို့နေတဲ့ လမ်းထဲ ချိုးဝင်လိုက်တယ် ဆိုရင်ပဲ သူတို့အိမ်ရှေ့မှာ လူတွေ ရှန်းရှန်း ရှန်းရှန်းနဲ့၊

မိန်းမတွေကလည်း အသံစာစာ ပုလီပ်ခေါ်ပါနဲ့ အော်နေကြ။ ဆမ်တို့လူသိုက် ဒီလူအုပ်ထဲ တိုးလျှိုးဝင်လိုက်တော့ လေှကားရင်းမှာ သူတို့လူရိုင်းကို ခါးမှာပတ်ထားတဲ့ ခန်းဆီး စုတ်စုတ်ပြတ်ပြတ်နဲ့ ငုတ်တုတ်ထိုင်နေတာ တွေ့ရပါရော။

"အဲဒီမှာ ဖြူတီ ဘယ်လို လွတ်လာတယ်ဆိုတာ မေးမရဘူး။ သူ စိတ်ကောက်ပြီး ရှက်နေတာပဲ။ ဒါပေမဲ့ သူတို့သုံးယောက် စိတ်ထဲမှာတော့ ရက်ဒစ်ရှ်တို့ လင်မယားဟာ သူတို့ကို တမင်သက်သက် အကြောင်ရိုက်လွှတ်လိုက်မှန်းကို တဖြည်းဖြည်းတော့ သိလာကြသတဲ့လေ။

* * *



http://mmteashop.com



http://mmteashop.com

## မြင်းပိန်ထူလူကိုက်

ထိုနေ့၌ ဆိပ်ကမ်းညစောင့် ဒရဝမ်ဘကြီးသည် သစ်တစ်ပင်အောက်တွင် သူ့ထုံးစံအတိုင်း စိတ်ထဲ ရောက်တတ်ရာရာ တွေးတောဝေးမောနေသည် မှန်သော်လည်း ဒီတစ်ခါတော့ စိတ်လက်ကြည်လင်ခြင်း မရှိလှပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ ဘယ်ဘက် ခြေသန်းကလေးမှာ ခြေစွယ်ငုပ်နေ၍ အနာဖြစ်ကာ ဖူးရောင်နေပြီး တစစ်စစ် ကိုက်နေရှာလေသည်။ သူ့အနီးတွင် ချွတ်၍ထားရသော ဖိနပ်တစ်ဖက်က တုံးလုံးလဲနေ၏။ ခြေထောက်ကတော့မူ ကမ်းစပ်ရေထဲတွင် ခြေတွဲလဲ ချနေခြင်းဖြင့် ကိုက်နေသောအနာကို သက်သာရာ ရစေ၏။

ထိုစဉ် လှေတစ်စင်းကို လှော်ခတ်လာသော သိဟောင်းကျွမ်းဟောင်း တစ်ယောက်က အနီး ဖြတ်သွားရင်း..

"ဟော့လူကြီး.. ဘာတွေတွေး ဆွေးနေတာလဲ"

ဟု လှမ်းမေးရင်း လှော်တက်ဖျားနှင့် ရေထဲချထားသော ခြေထောက်တို့ကို တို့ထိ ကျီစားသွားလေရာ ကံဆိုးချင်တော့ နာနေသော ခြေသန်းဖျားကလေးကိုမှ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ကလိသွားလေတော့ အဘိုးကြီးခမျာ 'အမယ်လေး' တပြီး သူ့ခြေထောက်ကို မကာ တရှူးရှူးမှုတ်ရင်း..

"အင်း ခြေနစ်ချောင်းနဲ့ နားရွက်တို မကယ်လေနဲ့ဆိုတဲ့ စကားဟာ တယ်ပြီး မှန်ပေတာကပဲ၊ ခုကြည့်လေ၊ ဒီကောင်ဟာ တစ်ခါတုန်းက ပိုက်ဆံတစ်ပြားမှ မရှိ၊ ဖွတ်မွဲပြာစုနေတာ ငါက မနေနိုင်လို့ ငွေတစ်ပေါင် မစခဲ့ဖူးတယ်၊ ခုကြည့်စမ်း၊ ငါ့ကို အနာပေါ် တုတ်ကျလုပ်ပြီး ကျေးဇူးဆပ်သွားတာ တွေ့တယ် မဟုတ်လား"

ထိုသို့ပြောရင်း သူ့ခြေဖဝါးကို အသာမကာ ချွတ်ထားသော ဖိနပ်ထဲသို့ စုပ်တသပ်သပ်ဖြင့် ချော့သွင်းရင်း ပါးစပ်ကလည်း ရေရွတ်နေ၏။

"လူတွေများ အရောဝင်လို့ကို မကောင်းဘူး၊ မယုံရင် လူတစ်ယောက်ကို အရောဝင်ကြည့်ပါလား၊ မကြာခင် ခင်ဗျားဆီက ပိုက်ဆံချေးပါလိမ့်မယ်ဗျား၊ ဒါမှမဟုတ်



http://mmteashop.com

မိန်းမတစ်ယောက် ဆိုပါတော့၊ ခင်ဗျား သူ့ကို ရင်းရင်းနှီးနှီးသွားပြီး ချဉ်းကပ်ကြည့်ပါ။ ခင်ဗျား သူ့ကို ငေါ်ပြီ၊ ရိုတ်ပြီလို့ ဆိုတော့မှ ဇကန်မုချပါပဲခင်ဗျား။ အဲ.. မိန်းမရှင် မိန်းမပျက်က လွဲရင်ပေါ့လေ၊ စကားကုန် ပြောမယ်ဗျာ၊ တိရစ္ဆာန်တောင် အရောဝင်ဖို့ မကောင်းဘူးဗျ၊ တစ်ခါက မိတ်ဆွေ သဘော်သားတစ်ယောက်ဟာ လမ်းပေါ်မှာ လဲနေတဲ့ မြင်းတစ်ကောင်ကို သနားလှချည်ရဲ့လို့ ခေါင်းခွပြီး အသာ ထူပေးလိုက်ပါတယ်။ တစ်ခါတည်း မြင်းက အောက်ကနေပြီး ဆတ်ခနဲ ဆွဲကိုက်လိုက်တာ ကံကောင်းလို့ ဟိုဒင်းတစ်ခြမ်း ပြတ်ပါမသွားတယ် ”

“ဒီလိုပဲ ကိုယ်ချင်းစာတရား ထားတယ်၊ သနားတယ်ဆိုတာ မကောင်းဘူး။ ဘယ်တော့မှလည်း ကျေးဇူးတင်လည်း မခံရတတ်ဘူး။ မှတ်မိသေးတော့တယ်။ ကျုပ်သူငယ်ချင်း တစ်ယောက်ရဲ့ သူငယ်ချင်း တစ်ယောက်ဟာ အလုပ်ခွင်မှာ ခြေချော်လဲပြီး ခြေကျိုးသွားတယ်။ ဒီတော့ ကျုပ်သူငယ်ချင်းက ဟောဒီလို စဉ်းစားတယ်၊ သူ့ သူငယ်ချင်းရဲ့ မိန်းမကို ခင်ဗျားယောက်ျား ခြေကျိုးသွားတယ်လို့ အမှန်အတိုင်း ပြုန်းစားကြီး သွားပြောတယ်ဆိုရင် ဒီမိန်းမ အပူမီး ဆုံးတော့မှာ မဟုတ်ဘူး၊ ပြန်လည်ပြီး စိတ်သက်သာစရာ မရှိတော့ဘူး၊ ဒါကြောင့် ကျုပ်သူငယ်ချင်းက လည်ပင်းလောက်တင်မှ ရင်လောက်ကျစေ ဆိုပြီး ဒီလို စကားပရိယာယ် သုံးတယ်လေ။ ခင်ဗျား ယောက်ျားဟာ သေသွားပြီလို့ ပြောလိုက်တယ်။ ဟာ.. အဲဒီမိန်းမဟာ တစ်ခါတည်း ဖျတ်ဖျတ်လူး ငိုတော့တာပဲ၊ ငိုပလေ့စေ.. ငိုပလေ့စေ၊ ကျုပ်သူငယ်ချင်းဟာ အသာကြည့်နေသေးတယ်။ အဲ.. မိန်းမငိုလို့ မောသွားပြီး ခဏနားတဲ့ အခါကျတော့မှ ကျုပ် သူငယ်ချင်းက ရေလာမြောင်းပေး စကားဆိုတယ် ”

‘ဒီမှာဗျာ အလုပ်ရုံထဲ ခြေချော်လဲတာပဲ၊ မသကာ ခြေကျိုးရုံလောက်ဆို တော်သေးတယ်၊ ဒီလိုသေဖို့ မကောင်းပါဘူး’

လို့ ပြောတော့ မိန်းမက..

‘ဟုတ်တာပေါ့ရှင်၊ အသက်မသေဘဲ ကျိုးရုံလောက်ဆို တော်သေးတာပေါ့’

“အဲဒီစကားလည်း ကြားရော ကျုပ်သူငယ်ချင်းက ဝမ်းသာအားရ သူလိုချင်တဲ့ပုံ ဆိုက်ပြီရယ်လို့..”

http://mmteashop.com

'ကဲ.. ဒါဖြင့် ခင်ဗျားဘာမှ မပူနဲ့တော့၊ အခုကျုပ် အမှန်အတိုင်း ပြောတော့မယ်၊ ခင်ဗျားယောကျ်ားဟာ တကယ်သေတာ မဟုတ်ပါဘူး၊ ခင်ဗျား ဆန္ဒအတိုင်း ခြေကျိုးရုံလောက်ပါပဲ '

"လို့ ကြင်နာစွာ ပြောရှာပါတယ်၊ ဒါကို ဟိုမိန်းမက နားမလည်သေးလို့ သုံးခါတိတိ ရှင်းပြရသေးတယ်၊ အဲ.. မိန်းမ သဘောလည်းပေါက် နားလည်း လည်သွားရော၊ စကားကို ဒီလို ဗလောင်းဗလဲ ပြောရပ့ါမလား ဆိုပြီး အဲဒီမိန်းမက ဓားမကြီး ဆွဲသွားလို့ ကျုပ်သူငယ်ချင်းဟာ သေပြေး ရှင်ပြေး ပြေးခဲ့ရပါရောလားဗျ "

"အင်း.. လောကကြီးများ ခက်တယ်.. ခက်တယ်။ ကျေးဇူးပြုလို့ ကျေးဇူးတင်ရမှန်း မသိတဲ့လူတွေ တစ်ပုံကြီး ရှိတယ်။ ဒီလိုပဲ ဂျင်ဂျာဒစ်နဲ့ ပီတာရပ်ဆက်ဟာလည်း ဆမ်စမောလ်ကို မိတ်ဆွေချင်းရယ်လို့ စေတနာနဲ့ ကူညီဖို့ ကြိုးစားဖူးခဲ့တယ် "

"ဒီသုံးကောင်ဟာ သင်္ဘောပေါ်က ဆင်းကာစ၊ ထုံးစံအတိုင်း အခန်းတစ်ခန်း ငှားနေကြတယ်။ ထုံးစံအတိုင်း ဆိပ်ကမ်းရောက်စမှာ တစ်မိဝမ်းတွင်း အတူဆင်းတဲ့ ညီရင်းအစ်ကိုများအလား ချစ်ချစ်ခင်ခင် တစ်ပူးတစ်တွဲတွဲနဲ့ သွားအတူ၊ လာအတူ၊ စားအတူ၊ သောက်အတူပေ့ါ။ ဒါနဲ့ သုံးရက်မြောက် ညနေမှာတော့ ဂျင်ဂျာဒစ်ကို ဆမ်စမောလ်က ထမင်းဆိုင်တုန်းက ချေးသုံးခဲ့တဲ့ ငွေကို အကြွေးဆပ်ရာမှာ အမှတ်တမဲ့ ဒင်္ဂါးတုကြီး ဖြစ်နေတာနဲ့ သူတို့ချင်း စကားမရှင်းမရှင်း ဖြစ်ကြပြီ။ ဆမ်စမောလ်က စိတ်ကောက်ကာ တစ်ယောက်တည်း ထွက်လာခဲ့တယ် "

"အစဦးတော့ တစ်ယောက်တည်းမို့ ပျင်းခြောက်ခြောက်ပေ့ါ၊ တောင်လျှောက် မြောက်လျှောက် နေလိုက်တယ်။ နောက်တော့မှ တစ်ခါမှ မရောက်ဖူးသေးတဲ့ အရက်ဆိုင်ကို ဝင်သွားပြီး အရက်မှာသောက်တယ် ။ သုံးပက်လောက် သောက်ပြီးတဲ့ နောက် ဂျင်ဂျာက အတုကြီးလို့ ပြောလိုက်တဲ့ ဒင်္ဂါးကို အသာထုတ်ပေး လိုက်တော့ အရက်ရောင်းတဲ့ ကောင်မလေးက ဘာမှ အထူး ကြည့်ရှုမနေတော့ဘဲ လက်ခံပြီး ပိုငွေကို ပြန်အမ်းလိုက်သေးတယ်။ ဒီတော့ ဆမ်ဟာ အူရွှင်လာပြီး လောကကြီးဟာ ဒီလိုဆိုတော့ တယ်သာယာပါလားလို့ အောက်မေ့လိုက်မိသတဲ့။ အဲဒီလို တစ်ယောက်တည်း ပီတိအဟုန်တွေ ပွားနေဆဲအခိုက်မှာ ဘေးချင်းတိုက် စားပွဲမှာ ဝင်ဝင်လာသမျှ လူတွေကို စူးစူးစိုက်စိုက်ကြီး ကြည့်နေတဲ့ ဝတ်စုံနက်နဲ့ လူဆီကို ဆမ့်မျက်လုံးက ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ရောက်သွားတော့တယ်။ အဲဒီလူက နှုတ်ခမ်းမွေး ပါးသိုင်းမွေးတွေနဲ့



http://mmteashop.com

သက္ကလပ်ဦးထုပ်နက်ကို ရှေ့ခပ်စိုက်စိုက် မျက်နှာအုပ်အောင် ဆောင်းလို့၊ တစ်ကြိမ်တွင် အဲဒီလူက မျက်လုံးလှန်အကြည့်မှာ သူ့ကို သဲသဲမဲမဲ ကြည့်နေတဲ့ ဆမ်နဲ့ မျက်လုံးချင်း ဆိုင်မိသွားတယ်ဆိုရင်ပဲ အဲဒီလူက မျက်စိတစ်ဖက် မှိတ်ပြပြီး ဆမ့်နားက ကုလားထိုင်ကို ရွှေ့လာကာ လေသံခပ်တိုးတိုးနဲ့..

"ကျုပ်အလုပ်က ဒီလိုပဲ၊ လူဝင်လူထွက်ကို အကဲခတ်နေတာ ကပ္ပတိန်ရဲ့"

"ဟိုး.. ဟိုး"

ဆမ်က သူ့ကို ကပ္ပတိန် အခေါ်ခံရတော့ သဘောကျစွာနဲ့ ခေါင်းညိတ်လိုက်တယ်။ ဒီတော့ ဟိုလူက ဆမ်အနား ကပ်သည်ထက် ကပ်လာပြီး..

"ကျုပ် ဒီလို ရပ်ဖျက်ထားရင် ဘယ်သူကမှ ကျုပ်ဟာ ဘာကောင်လဲဆိုတာ မရိပ်မိကြဘူးဗျ၊ ခင်ဗျားသာ အကင်းပါးလွန်းလို့ ချက်ချင်း ရိပ်မိတာ ဖြစ်ရမယ်၊ ဟုတ်ပါတယ်လေ.. ခင်ဗျားရဲ့ ကြန်အင်လက္ခဏာ ကြည့်ရတာ တော်ရုံတန်ရုံလူ ခင်ဗျားကို မပတ်နိုင်ဘူးဗျ၊ ကျုပ် လောင်းရဲတယ်"

ဒီတော့ ဆမ်က အရှုံးဘုံမြှောက် ဖြစ်သွားပြီး..

"ဟာ.. ဒီနေ့ထိ ကျုပ်ကို လှည့်နိုင်ပတ်နိုင်တဲ့လူ တစ်ယောက်မှ မရှိသေးဘူး"

လို့ ပြုံးပြပြီး ပြန်ပြောလိုက်တယ်။ ဒီတော့ အဲဒီလူကလည်း..

"ဒါပဲ ကျုပ်ထင်လိုက်ရင် ဘယ်တော့မှ မမှားဘူး၊ ဒါနဲ့ ခင်ဗျား ကျုပ် ရဲစုံထောက် အရာရှိတစ်ယောက် ဖြစ်တယ်ဆိုတာ ဘယ့်နယ်လုပ်သိသလဲ၊ ပြောစမ်းပါဗျာ"

ဆမ်မှာ အမြှုပ်တစီစီနဲ့ ဘီယာ သောက်နေတာဆိုတော့ စုံထောက်အရာရှိ ဆိုတာ ကြားတာနဲ့ ဆတ်ခနဲ လန့်ပြီး နှာခေါင်းပေါက်ထဲ ဘီယာအမြှုပ်တွေ ဝင်သွားပြီး တချီးချီးနဲ့ မွန်နေလို့ ဟိုလူက သူ့ကျောကုန်းကို ထုပေးလိုက်ရသတဲ့။ ပြီးတော့မှ ဆမ်က ဣန္ဒြေဆည်ပြီး..

"ဒါကတော့ ကျုပ် လူကဲခတ်တဲ့ ပညာသဘောပေါ့ဗျာ"

http://mmteashop.com

လို့ ခပ်တည်တည် ပြန်ပြောလိုက်ရတယ်။ ဒီတော့ ဟိုလူက ဆမ့်ပခုံးကို ခင်ခင်မင်မင် ပုတ်ပြီး..

"ခင်ဗျားတော့ တွေ့တွေ့ချင်း ကျုပ်သဘောကျတယ်ဗျာ ဒါကြောင့် ကျုပ်နဲ့အတူ တစ်ခွက် တစ်ဖလားတော့ မော့ပါဦး"

ဆိုပြီး ဆမ်ကို အရက်တစ်ခွက် ဒကာခံတယ်။ အဲဒါကို သောက်ပြီးကြတော့ ဆမ်က နှစ်ပဲနိတန် ဆေးပြင်းလိပ် နှစ်လိပ်မှာ၊ ဟိုလူကို တစ်လိပ် ဒကာခံလိုက်ပြီး ရှိုးအပြည့်နဲ့ (၅) ပေါင်တန် ငွေစက္ကူကို ထုတ်ပေးလိုက်တယ်။ အရက်ရောင်းတဲ့ ကောင်မလေးက အကြွေပြန်အမ်းတော့ စောစောက ဆမ် ပေးထားတဲ့ ဒင်္ဂါးတုကြီး ပြန်လာလို့ ဆမ်က ဒီဒင်္ဂါးပြန်လဲပါပြောတော့ ကလေးမက..

"ဒါဟာ ရှင်ပေးတဲ့ ဒင်္ဂါးပဲ၊ ကျွန်မ ကောင်းကောင်း မှတ်မိပါတယ်၊ ဒီဆိုင်မှာ ရှင်တစ်ယောက်ပဲ ဒီနေ့ ဈေးဦးပေါက်သေးတာ.."

ဆိုပြီး ခပ်မာမာနဲ့ ပြန်ဟောက်လိုက်တယ်။ ဒီတော့ ဆမ့်ခမျာ အနားမှာလည်း စုံထောက်က ရှိနေပြန်ဆိုတော့ ဘာမှ ခွန်းတုံ့ မပြန်တော့ဘဲ အကြွေတွေကို ကပျာကသီ အိတ်ထဲ ထိုးထည့်လိုက်ရတော့တယ်။

အဲဒီနောက် သူတို့နှစ်ယောက်ဟာ အရက်ကောင်တာနားက ခွာလာပြီး မီးလင်းဖိုနား သွားထိုင်ကြတယ်။ အဲဒီမှာ စုံထောက်က သူလိုက်ခဲ့ဖူးတဲ့ လူသတ်မှု တစ်ခုအကြောင်း ပြောပြပြီး..

"ခုလည်း ကျုပ် အမှုတစ်ခုလိုက်နေတယ်ဗျ၊ သဘော်သားတွေကို စောင့်ကြည့်ရတဲ့ အမှုပေါ့ဗျာ"

ဆမ်က အံ့အားသင့်သွားသလို ပါးစပ် ဟောင်းလောင်းကြီးနဲ့ စုံထောက်ကို မော့ကြည့်ရင်း..

"သူတို့ ဘာတွေလုပ်နေလို့လဲ"

"ဟာ.. ကျုပ် စကားပြော လောသွားတယ်ဗျာ၊ သဘော်သားတွေကို စောင့်ကြည့်ရတယ် ဆိုတာထက် စောင့်ရှောက်ပေးရတယ်ဆိုရင် ပိုမှန်ပါလိမ့်မယ်၊



http://mmteashop.com

ဘာပြုလို့လဲဆိုတော့ ခများများ နှစ်ရှည်လများ ပင်လယ်ရပ်ခြားမှာ ပင်ပင်ပန်းပန်းရှာခဲ့ဖွေခဲ့ရတဲ့ ငွေကလေးတွေကို ခုတလော ဒီနယ်မြေတစ်ဝိုက်မှာ ခဏခဏ ကလိမ်ကျခံရ၊ ခါးပိုက်နှိုက်ခံရ၊ လုယက်ခံရတယ်လို့ ကျုပ်တို့ဌာနကို သတင်းတွေ ရောက်နေတယ်ဗျ၊ အထူးသဖြင့် အကောင်နှစ်ကောင်တွဲဟာ အသောင်းကျန်းဆုံးလို့ ဆိုတယ်၊ ဒီအတွဲကို ကျုပ်လက်ရဖမ်းရမယ့် တာဝန်ကျနေတယ်ဗျ"

ဆမ်က မအူမလည်နဲ့..

"လက်ရဖမ်းရမယ်ဆိုတာ ဘာလဲဗျ"

"လက်ရဖမ်းရမယ်ဆိုတာ သူများကို လုနေဆဲ၊ ဒါမှမဟုတ် သူများဆီက အလစ်သုတ်သွားတဲ့ ပစ္စည်းတွေကို လက်ဆုပ်လက်ကိုင်နဲ့ မိမိရရ ဖမ်းတာကို ပြောတာဗျ"

ဒီတော့ ဆမ်က ကြက်သီးထသလို တစ်ကိုယ်လုံး တွန့်သွားပြီး..

"အလျင်တစ်ခါ ကျုပ်ပြန်ရောက်တုန်းက အနှိုက်ခံရဖူးတယ်၊ လေးပေါင်ဆယ်သျှီလင်နဲ့ အကြွေတွေ တော်တော်များများ ပါသွားတာပေါ့"

စုံထောက် စိတ်ဝင်စားလာဟန်ဖြင့်..

"ဟုတ်လား၊ ဒါဖြင့် ဒီကောင်တွေပုံသဏ္ဍာန် မှတ်မိသလောက် ပြောစမ်းဗျာ"

"ဘာမှ အသေအချာ မမှတ်မိလိုက်ပါဘူးဗျာ၊ ကျုပ်မျက်စိထဲမှတော့ သူတို့လက်တွေ ခြေတွေပဲ။ ကျုပ်တစ်ကိုယ်လုံးကို တဖုန်းဖုန်း တဒုန်းဒုန်း အထုအရိုက်ခံရပြီး လမ်းဘေးမှာ ကျုပ် လဲကျကျန်ရစ်ခဲ့တာပဲ သတိရတော့တယ်"

"ဟင်.. ဒါဟာ အရှည်ကြီးပီတာနဲ့ မင်စာအဲလစ်ပဲ၊ သေချာတယ်၊ ကျုပ်လည်း ဒီနှစ်ကောင်ကို သတင်းကြီးလွန်းလို့ လိုက်နေတာပဲ"

လို့ပြောပြီး သူ့အိတ်ထဲက ကတ်ပြားလေးတစ်ခု ဆမ်ကို ထုတ်ပေးပြီး..

"စုံထောက်အရာရှိ ဆာဂျင်ကပ်တင်းပါ၊ ခင်ဗျားမှာ အခက်အခဲ ဒုက္ခတစ်ခုခုကြုံရင် ကျုပ်ဆီ လာခဲ့ဗျာ"

http://mmteashop.com

ဒီလို ပြောပြီးတဲ့နောက် တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေဖြစ်တဲ့သဘောနဲ့ တစ်ခွက်စီသောက်ကြရင်း စုံထောက်ကပ်တင်းက ဆမ်နားနားကပ်ပြီး..

"ဒီလိုရှိတယ်ဗျ၊ ခုနပြောတဲ့ ကောင်နှစ်ကောင်ကို ဖမ်းမိရင် ကျုပ်ရာထူးတိုးဖို့ ရှိတယ်၊ ဒါကြောင့် သူတို့ကို ဖမ်းမိအောင် ကူညီတဲ့လူဆိုရင် ကျုပ်က ဆုငွေငါးပေါင် ကျေးဇူးဆပ်မယ်၊ ခင်ဗျားသာ ကူညီနိုင်မယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲဗျာ"

ဒီတော့ ဆမ်က..

"ကျုပ်က ဘယ်လို ကူညီနိုင်မှာလဲ"

"ကျုပ်လိုချင်တဲ့ တည်ကြက်က ခင်ဗျားလို ရိုးသားတည်ကြည်တဲ့ ခန့်ညားတဲ့ သဘော်သားဖြစ်ရမယ်၊ ခင်ဗျား နက်ဖြန် ည (၉:၀၀) နာရီလောက်မှာ ရဲတိုက် တောင်ပေါ်ကို တစ်ယောက်တည်း ဖြည်းဖြည်းချင်း လမ်းလျှောက်ရင်း တက်သွားရမယ်၊ ဒီတော့ ဟိုငနာနှစ်ကောင်က နောက်က ထပ်ကြပ်ပါလာပြီး ခင်ဗျားကို လုမှာပဲ၊ အဲဒီအခါမှာ ကျုပ်က လက်ပူးလက်ကြပ်ဖမ်းမယ်၊ နောက်ပြီး ရာထူးတက်မယ်၊ ခင်ဗျားက ငွေငါးပေါင်ကြီး များတောင် ရမယ်၊ ဒါပါပဲ လွယ်လွယ်ကလေးပါ"

"သူတို့ ကျုပ်နောက်ကို လိုက်မယ်ဆိုတာ ခင်ဗျား ဘယ့်နှယ်တပ်အပ် ပြောနိုင်မှာလဲ"

ဆမ်က စုံထောက်ကို ပြူးတူးပြဲတဲ ကြည့်ရင်း မေးလေတော့ စုံထောက်က မျက်စတစ်ချက်ပစ်ပြီး သူ့နှာခေါင်းကို လက်ညှိုးနဲ့ ထောက်ကာ ထောက်ကာ ...

"ဒါက ကျုပ်အလုပ်ပါလေ၊ ကျုပ်တို့က ကျုပ်တို့အလုပ်မှာ ကျေညက်ပြီးသားတွေ ခင်ဗျား စိတ်မပူပါနဲ့"

"ဒါပေမဲ့ ကျုပ်နားမလည်"

ဆမ် စကားမဆုံးမီ..

"ခင်ဗျား နားလည်ဖို့ မလိုပါဘူးဗျာ၊ ဒါက စုံထောက်ဉာဏ် ခေါ်တယ်၊ ဒီမယ် ခင်ဗျားဆီ ငွေဘယ်လောက်ရှိတယ်"



http://mmteashop.com

"ဆယ့်နှစ်ပေါင်လောက် ရှိမှာပေါ့"

ဆမ်က မတင်မကျ ဖြေတယ်။

စုံထောက်က ..

"အဲဒါပေါ့၊ နက်ဖြန်ကျရင် အဲဒီငွေဆယ့်နှစ်ပေါင်ကို ခင်ဗျားအိတ်ထဲထည့်ပြီး ည(၉)နာရီလောက်မှာ ရဲတိုက်တောင်ပေါ်ကို လမ်းလျှောက်ရင်း တက်သွား (၉)နာရီ (၂)မိနစ်မှာ ဟိုနှစ်ကောင်က ခင်ဗျားကိုလု၊ (၉)နာရီ (၃)မိနစ်မှာ ဟိုနှစ်ကောင်ကို ကျုပ်က လက်ရဖမ်းမယ်။ (၉)နာရီ (၄)မိနစ်မှာ ခင်ဗျားက ငွေငါးပေါင်ရ၊ ဒါပဲ၊ အဲ.. တစ်ခုတော့ရှိတယ်။ ဒီကောင်တွေ မြန်မြန်နိုက်အောင် ငွေကို သားရေအိတ် တစ်ခုထဲ စုထည့်ထား"

ဆမ်က အနည်းငယ် တွေဝေနေပြီး..

"ပိုက်ဆံအိတ်ချည်း သက်သက်ဆိုရင် ပိုမကောင်းဘူးလားဗျာ၊ ကျုပ်လည်း စိတ်အေးရတာပေါ့"

စုံထောက်က ခေါင်းကို တွင်တွင်ကြီး ယမ်းလိုက်ပြီး..

"ဒီလိုတော့လည်း မဖြစ်ဘူးဗျ၊ သူတို့က လက်ထဲ ငွေများများမိမှ ထောင်ရှည်ရှည်ကျမှာ ပေါင် (၅၀)လောက်ဆို (၅)နှစ်လောက်တော့ တန်းနေမှာပဲ၊ ခင်ဗျားကို တစ်ခုတော့ မှာလိုက်ပါရစေ၊ ဘာပဲဖြစ်ဖြစ် ဒီအကြောင်း အသံတော့ မထွက်လိုက်ပါနဲ့၊ ကျုပ်က ဒီအမှုကို တစ်ယောက်တည်း ကိုင်ချင်တာ၊ ဒို့ပြင် စုံထောက်တွေ ဝင်ရှုပ်မှာကို မလိုလားဘူး"

ထိုအခါ ဆမ်က ခေတ္တစဉ်းစားပြီး ..

"ဒါနဲ့ အဲဒီကောင်တွေကို ခင်ဗျားဖမ်းလို့ မမိရင် ကျုပ်ငွေ အချောင်နာနေဦးမှာ စိုးရတယ်ဗျ"

စုံထောက်က ခန့်ခန့်ထည်ထည်ကြီး ပြုံးလိုက်ပြီး..



http://mmteashop.com

"ဒါအတွက်တော့ မပူပါနဲ့ဗျာ၊ ကဲ.. ဒီလိုလုပ်ဗျာ ခင်ဗျားကို ကျုပ်က အာမခံပစ္စည်း တစ်ခုပေးထားမယ် ရော့"

ဟုဆိုကာ သူ့လက်က အရောင် တဖျပ်ဖျပ်တောက်နေတဲ့ စိန်လက်စွပ်တစ်ကွင်းကို ချွတ်ပေးပြီး..

"ဒါကိုယူထား၊ ကိစ္စတွေပြီးရင် ခင်ဗျားလက်ထဲကို ခင်ဗျားငွေတွေနဲ့ ဆုငွေ ငါးပေါင်ပါရောက်တော့ ဒီလက်စွပ်ကို ကျုပ်ပြန်ပေးဟုတ်လား၊ ဒီလက်စွပ်တန်ဖိုးက ပေါင် (၇၀)ကျော် တန်တယ်ဗျ၊ သူဌေးမကြီး တစ်ယောက်ရဲ့ပစ္စည်း ကျုပ်ပြန်ရအောင် လုပ်ပေးတုန်းက ကျုပ်ကို ဆုချတာ၊ ဖျောက်တော့ မပစ်လိုက်ပါနဲ့နော်"

ဆမ်က ဝမ်းသာအားရ ကွင်းအနည်းငယ် ကျဉ်းနေသော လက်စွပ်ကို သူ့လက်မှာ အတင်းစွပ်နေစဉ်..

စုံထောက်က ..

"ဒီမှာ မိတ်ဆွေ ဟိုပြဒါးပြလည်း သိပ်မလုပ်နဲ့နော်၊ ဟောဒီဆိပ်ကမ်းက လူဆိုးသူခိုးတွေဟာ လက်စွပ်တစ်ကွင်းရဖို့ လက်ချောင်း တစ်ချောင်းကိုဖြတ်ဖို့ ဝန်လေးကြတာ မဟုတ်ဘူး"

ဆမ်က..

"စိတ်ချစမ်းပါဗျာ"

လို့ ပြန်ပြောလိုက်တယ်။ နောက်တော့ စုံထောက်က ဌာနချုပ်ကို ပြန်ပြီး အစီအစဉ်တွေ လုပ်ရဦးမယ်လို့ ပြောပြီး လူချင်းခွဲလိုက်ကြတယ်။ သွားခါနီး စုံထောက်က ..

"(၉)နာရီတိတိနော်"

"စိတ်ချ၊ အတိအကျ ကျုပ်ရောက်အောင် လာခဲ့ပါ့မယ်"

"ဘာပဲဖြစ်ဖြစ် အသံဗလံတော့ လုံးဝမထွက်ပါနဲ့၊ နောက်ပြီး ဒီကိစ္စကို ဘယ်သူ့မှလည်း တစ်ခွန်းမဟပါနဲ့နော်၊ သိုသိုသိပ်သိပ်လုပ်မှ ဖြစ်မယ့်ကိစ္စမို့ပါ"



http://mmteashop.com

အဲသလို ပြောဆိုမှာကြားကြပြီး လက်ဆွဲနှုတ်ဆက်ကာ ဆမ်ဟာ အိမ်ပြန်လာခဲ့တော့တယ်။ သူ့အိမ်ရောက်တော့ ဂျင်ဂျာနဲ့ ပီတာက မရောက်သေးဘူး။ ဆမ်ဟာ အဝတ်အစား လဲလှယ်ပြီး အိပ်ရာထဲဝင် စောင်ကို မျက်နှာအုပ်အောင်ခြုံ၊ လက်နှစ်ဖက်ကိုတော့ ရင်ဘတ်ပေါ် တင်ထားလိုက်တယ်။ နောက်တစ်နာရီကြာရင်ပဲ ဂျင်ဂျာနဲ့ပီတာ ပြန်ရောက်လာတယ်။ သူတို့ဟာ မှောင်ကြီးမည်းမည်းမှာ ဟိုဟာ ရှာမတွေ့၊ ဒီဟာရှာမတွေ့ ဖြစ်လို့မို့ ဖယောင်းတိုင်ကို ထွန်းလိုက်တဲ့အခါမှာ ပီတာက ဆမ့်လက်မှာ အရောင်တဖျပ်ဖျပ် တောက်နေတဲ့ စိန်လက်စွပ်ကို ပထမဦးဆုံးမြင်ပြီး ဂျင်ဂျာကို လက်ညိုးညွှန်ပြတယ်။ ဒီတော့ ဂျင်ဂျာက ဆမ်ကို လှုပ်နှိုးရင်း..

"ထစမ်း.. ပြိတ္တာကြီး.. ဘယ်က အလစ်သုတ်လာတာလဲ၊ ပြောစမ်း"

ဆမ်က မျက်လုံးမှိတ်ပြီး အိပ်ချင်ယောင်ဆောင်နေတယ်။ ဒီတော့ ဟိုနှစ်ကောင်က ဆမ် လက်ကို အသာယူမပြီး ကြည့်တယ်။

ပီတာက ထပ်မေးပြန်တယ်။

"ဆမ်.. ဒီလက်စွပ်ကို ဘယ်ကရခဲ့တာလဲ"

ဆမ်က အသေလိုနေပြန်တော့ ဂျင်ဂျာက..

"သူ.. အိပ်မောကျနေတယ်။ နှိုးမနေနဲ့၊ သူ့လက်ဖျားတွေ မီးနဲ့တို့တောင် နိုးမယ့်ကောင် မဟုတ်ဘူး။ လက်စွပ်သာ ချွတ်ယူကွာ"

ဒီတော့မှ ဆမ်က ငေါက်ခနဲထိုင်ပြီး..

"အောင်မာ သတ္တိရှိ စမ်းကြည့်ပါလား၊ အချိန်မဟုတ် အခါမဟုတ်မှာ အိမ်ပြန်လာကြပြီး အိပ်နေတဲ့လူ အတင်းနှိုးတာ ဘာသဘောလဲကွ"

"ဘာသဘောမှ မဟုတ်ပါဘူး၊ မင်း ဒီလက်စွပ် ဘယ်ကရသလဲ သိချင်လို့"

ဆမ်က မပြောချင့် ပြောချင်ဟန်နဲ့...

"ငါ့သူငယ်ချင်းတစ်ယောက်က အမှတ်တရ လက်ဆောင်ပေးတာပါကွာ"



http://mmteashop.com

"ဘယ်သူငယ်ချင်းလဲ"

ပီတာကမေးသော် ဆမ်က..

"ဘယ်သူဖြစ်ဖြစ်၊ ဒါမင်းတို့နဲ့ မဆိုင်ပါဘူး၊ ငါ့ လျှို့ဝှက်ချက်ကွ"

"ဟ.. မင်းမှာ အချစ်ဆုံး သူငယ်ချင်းဆိုလို့ ငါနဲ့ပီတာရှိတာပဲ၊ ဘာကြောင့် လျှို့ဝှက်ထားရမှာလဲ သူငယ်ချင်းရာ"

ဂျင်ဂျာက လေပြည်ထိုးတော့ ဆမ်က ဆောင့်ကြီးအောင့်ကြီးနဲ့ -

"ဘာ.. ခုမှ သူငယ်ချင်းလဲ၊ မနက်က ငါပေးတဲ့ငွေကို အတုကြီးဆိုပြီး မင်းငါ့ကို ဘယ့်နှယ်ပြောတယ် ခေါ်တယ် ဆိုတာတွေ မေ့သွားပြီလား"

"အေးကွာ.. စိတ်ဆိုးတုန်း ပြောမိဆိုမိတာတွေ တောင်းပန်ပါတယ်။ ငါ့စိတ်ထဲ တကယ်ပါလို့ မဟုတ်ဘူးဆိုတာ၊ မင်းသိသင့်ပါတယ်ကွာ"

"ကဲ.. ကဲ ဒါဖြင့် ပြေရာပြေကြောင်း လက်ဆွဲနှုတ်ဆက်ကြ"

ပီတာက ဒိုင်လူကြီးလုပ်ပြီး ဖျန်ဖြေတယ်။ သူတို့လက်ဆွဲနှုတ်ဆက်ကြပေမယ့် လက်စွပ် ဘယ်ကရလာတာကို ဆမ်က ဖွင့်မပြောဘူး။ တော်တော်နဲ့ မေးမရတော့ ဂျင်ဂျာက စိတ်တိုလာပြန်ပြီး မနက်က ဆူသလို ဆဲတော့မယ် ပါးစပ်ပြင်တော့ ပီတာက ဂျင်ဂျာ့ခြေစုံကို ဖိနပ်နဲ့ နင်းရင်း သတိပေးကာ ဇောချွေးပြန်အောင် ချော့မော့တော့မှ ဆမ့်ထံက အကြောင်းစုံသိရတယ်။ ဒီတော့ ဂျင်ဂျာက..

"ဘာ.. မင်းကိုမင်း အလုအယက်ခံရအောင် လုပ်မလို့ ဟုတ်လား"

မယုံနိုင်တဲ့ မျက်လုံးမျိုးနဲ့ မေးတော့ ဆမ်က..

"ငါ့ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်က အနီးမှာ ရှိနေမှာကွ"

"ဟာ ဒီကောင်တော့ ရူးပြီ"

ဆိုပြီး ပီတာဘက်လှည့်၍ ..



http://mmteashop.com

"တော်ပါသေးရဲ့ မင်းနဲ့ငါ အချိန်မီသိလိုက်ရလို့၊ နို့မဟုတ်ရင် မလွယ်ဘူးကွာ"

ဂျင်ဂျာက မျက်လုံးပြူး မျက်ဆံပြူးနဲ့ ပြောလေတော့ ဆမ်က..

"ဘာပြောတယ်ကွ"

"ဘာပြောရမှာလဲကွ၊ မင်းဆီက ပိုက်ဆံ အချောင်အုပ်ချင်လို့ ထွင်ထားတဲ့ စတန့်ကွ၊ ဒီလောက်များ မသိသား ဆိုးဝါးရန်ကော၊ ဆမ်ရာ မင်း ငါတို့နဲ့ ပေါင်းနေပြီး ဒီလောက် န ဖို့တော့ မကောင်းပါဘူးကွာ"

ဒီတော့ ဆမ်က..

"ဟေ့ တော်တော် မင်းတို့ဆီက အကြံဉာဏ် ငါမလိုချင်ဘူး၊ ဟေ့.. ဒီမယ် စိန်လက်စွပ်ကို မယုံမှာစိုးလို့ အပေါင်ပေးထားတာကွ"

ဆမ်က ဒေါပွပွနဲ့ အော်လေတော် ဂျင်ဂျာကလည်း အညံ့မခံဘဲ -

"မင်း လက်စွပ်က အတုကြီးဆိုရင်ရော ဘယ်လိုလုပ်မလဲ၊ ငါ့သဘောပြောရရင်တော့ ဒီစုံထောက်ဆိုတဲ့ မစ္စတာကပ်တင်းလို အကောင်ကို ဝေးဝေးက ရှောင်ရင် ကောင်းမယ်ကိုယ့်လူ"

ဒါပေမဲ့ ဆမ်ကလည်း သူတို့ဆီက အကြံဉာဏ်ကို မလိုချင်ကြောင်း ခေါင်းမာမာနဲ့ ပြောပြီး အသီးသီး အိပ်ရာဝင်ကြတယ်။

ဒါတောင် ဂျင်ဂျာက အိပ်ရာထဲကနေပြီး သုံးခါတိတိ ဆမ်ကို လှမ်းပြီး သတိပေးသေးရဲ့။ ဆမ်ကလည်း လက်မလျှော့ဘူး၊ သူ့သဘောနဲ့သူ လုပ်ချင်ရာ လုပ်မယ်ဆိုပြီး အဲဒီည စကားပြတ်သွားကြတော့တယ်။

နောက်တစ်နေ့ မနက်မိုးလင်းတော့ ဆမ်ဟာ သူတို့နှစ်ယောက်ကို စကားမပြောဘဲ တစ်ယောက်တည်း မနက်စာစားပြီး ထွက်သွားလေတယ်။

နောက်ပြီး ဂျင်ဂျာနဲ့ ပီတာ အပြင်ထွက်လောက်တဲ့ အချိန်ကျမှ အိမ်ပြန်လာတယ်။ ဟိုနှစ်ယောက်ကတော့ သူတို့သူငယ်ချင်းအတွက် စိတ်ပူလို့ သွားရင်း လာရင်းက တတွတ်တွတ် တိုင်ပင်နေကြတယ်။



http://mmteashop.com

ပီတာက..

"တို့ ဒီလိုလုပ်မယ်ကွာ၊ ခုည (၉)နာရီ မထိုးမီ ရဲတိုက်တောင်ပေါ်ကို ရောက်အောင်သွားနှင့်ပြီး တို့ငနွားကြီး အညာမခံရအောင် ကယ်ဆယ်မှဖြစ်မယ်"

ဂျင်ဂျာက တောက်တစ်ချက်ခေါက်ပြီး ..

"အေး.. ပြီးတော့ သူ့အလုပ်ထဲ တို့ဝင်ရှုပ်ရမလားလို့ အခဲခံရအောင်လား နေပလေ့စေကွာ၊ သူ့ပိုက်ဆံပဲ၊ ကုန်ကုန်ခန်းခန်း ကြိုက်သလို လုပ်ပစေ"

"ဟ မင်းက ဒီလောက်ပဲ မြင်တာကိုး၊ သူ့ ပိုက်ဆံပါသွားတော့ တို့ဆီ လက်တဖြန့်ဖြန့်နဲ့ ချေးမယ့်အန္တရာယ်တော့ မင်းက ထည့်မတွက်ဘူး၊ ဟေ့ ဂျင်ဂျာ ဒီလိုလုပ်ရင် မကောင်းဘူးလား။ ပိုက်ဆံကို တို့က ဦးအောင် လုမယ်ကွာ၊ ပြီး တစ်ရက်နှစ်ရက်လောက် မှတ်လောက်အောင် ထားပြီးမှ ပြန်ပေးမယ် ဘယ့်နယ်လဲ"

"ဘာ"

ဂျင်ဂျာက နားမလည်ဟန်နဲ့ မေးတော့ ပီတာက..

"တို့က သူ့နောက်လိုက်သွားပြီး လုမယ်ကွာ၊ ညကြီးမင်းကြီး ဆိုတော့ သူ တို့ကို ဟိုလူဆိုးနှစ်ယောက်ပဲ အောက်မေ့မှာပဲ၊ နောက် ဒီကောင် ခါလီကျပြီး အိမ်ကို ငိုယိုပြန်လာတော့မှ တို့စကားနားမထောင်လို့ ဒီလိုဖြစ်ရတာ ဘာညာနဲ့ ဆုံးမပြီး သူ့ငွေကို တို့က ကြည့်ရှုမစတဲ့သဘောနဲ့ နည်းနည်းစီ လီပေးကြတာပေါ့.."

"မင်းအကြံ ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူက တို့ကို မမှတ်မိဘဲ နေမလားကွ"

"ဒါကတော့ ရုပ်ဖျက်လုပ်ရမှာပေါ့ကွာ၊ ဈေးနားမှာ မုတ်ဆိတ်မွေး၊ ဆံပင်မွေး အတုတွေ ရောင်းတဲ့ဆိုင် ငါတွေ့ထားတယ်။ ဒါတွေဝယ်ပြီး ရုပ်ဖျက်၊ အင်္ကျီကော်လံ တွေထောင်၊ ကက်ဦးထုပ်ကို ငိုက်စိုက်ဆောင်းလိုက်ရင် သင်း ဘယ်မှတ်မိနိုင်တော့မလဲ"

ဂျင်ဂျာ ဒါကို သဘောမတူလှဘူး၊ ကန့်ကွက်လိုသော်လည်း သည်ထက် ကောင်းတဲ့ အကြံဉာဏ်က ရှိတော့တာ မဟုတ်တဲ့အတွက် နောက်ဆုံးမှာ ပီတာ့အကြံပဲ လက်သင့်ခံပြီး ရုပ်ဖျက်ကိရိယာများကို သွားပြီး ဝယ်ကြချမ်းကြတယ်။



http://mmteashop.com

ဒီနောက် ညရောက်အောင် စောင့်ရတာလည်း အတော်ပဲ စိတ်မောလူမော ဖြစ်ကြရတယ်။

နို့ပြီး သူတို့ဝယ်ထားတဲ့ မုတ်ဆိတ်တွေလည်း ဆမ်တွေ့သွားမှာစိုးလို့ အိတ်ထဲက မထုတ်ဝံ့ဘူး။ ဘယ်လောက် ပူအိုက်နေပေမယ့် ကုတ်အင်္ကျီတွေလည်း မချွတ်ဝံ့ဘဲ၊ ဒုက္ခခံနေကြရတယ်။

ဒီအထဲ ဂျင်ဂျာက သူ့ခံပင်ကအနီ၊ ရလာတဲ့ မုတ်ဆိတ်က အမည်းမို့ တဖျစ်တောက်တောက် ပြောနေသေးတယ်။

အချိန်နီးလာတော့မှ ဆိုင်ထဲကထွက် အပြင်ရောက်တော့ မုတ်ဆိတ်အတုတွေ တပ်၊ အင်္ကျီကော်လံစတွေထောင် ကက်ဦးထုပ်တွေ နဖူးအုပ်ဆောင်းပြီး ရဲတိုက် တောင်ကုန်းဆီ လျှောက်ခဲ့ကြတယ်။

(၉) နာရီ မထိုးမီ (၅) မိနစ်အလိုမှာ ရဲတိုက်တောင်ခြေရင်းကို ရောက်ခဲ့ကြပေမယ့် ဆမ်ရဲ့ အရိပ်အရောင်ကို မမြင်ရသေးဘူး။ ဒါပေမဲ့ တောင်အောက်လမ်းဘေး တစ်နေရာမှာတော့ လူနှစ်ယောက် ဆေးပြင်းလိပ် မီးတဖွားဖွားနဲ့နေတာ တွေ့ရတာနဲ့ သူတို့ဟာ ခြုံကွယ်တစ်နေရာမှာ အသာ ကိုယ်ရှိန်သတ်နေလိုက်ကြတယ်။ ဒီလိုနဲ့ တယ်မကြာလှပါဘူး လမ်းကွေ့ကလေး တစ်နေရာက ဆမ် ပေါ်လာတော့တယ်။

ဆမ်ကို ကြည့်ရတာ အရက်သောက်ထားပေမယ့် အင်မတန် လန်းလန်းဆန်းဆန်း ရှိနေပုံပေါ်တယ်။ ဆမ်က သူတို့ ရှေ့လွန်သွားတယ်ဆိုရင်ပဲ သူတို့ တိုင်ပင်ထားကြတဲ့ အတိုင်း၊ ဂျင်ဂျာက ဆမ်အင်္ကျီအိတ်ထဲက သားရေအိတ် ဖောင်းဖောင်းကြီးကို နှိုက်ယူလိုက်တယ်။

ခပ်လွယ်လွယ်ပဲ၊ ဒါပေမဲ့ စက္ကန့်အနည်းငယ်အတွင်းမှာ သူတို့ မမျှော်လင့်ခဲ့တာက ဆမ်ဟာ ဖြုန်းခနဲ သူ့ခြေထောက်ကို နောက်ပြန် ကန်ထည့်လိုက်တာ ဂျင်ဂျာရဲ့ ညို့သကျည်း တည့်တည့်ကြီး ထိမိလို့ ငိုက်ကျလာတဲ့ ဂျင်ဂျာ့မျက်နှာကြီးကို လက်သီးနဲ့ တအားကျုံးကော်လိုက်တော့ ဂျင်ဂျာဟာ ကားခနဲ လဲပြီး ပက်လက်စန့်စန့်ကြီး ဖြစ်သွားပါရော၊ ဒီတော့ ပီတာဟာ ရုတ်တရက် ကြောင်သွားတဲ့နောက် ဂျင်ဂျာကို ထူမယ်လို့ ကိုယ်ကို ကုန်းအလိုက်မှာ ဆမ်ရဲ့ ပြင်းထန်လှတဲ့ လက်ဝါးစောင်းက သူ့လည်ကုပ်ပေါ်ကျတဲ့ပြီး ဝမ်းလျားမှောက် သတိမေ့သွားတော့တယ်။ အဲဒီအခါမှာ



http://mmteashop.com

ဆမ်ကတော့ သူ့ရန်သူနှစ်ယောက်ကိစ္စ ပြီးပြီမို့ ဝက်ဝံကြီး တစ်ကောင်လို ခုန်ပေါက်ကာ တောင်ပေါ်လမ်းကလေးက ဆင်းပြေးပါလေရော။

သူ့ပိုက်ဆံအိတ်ကို ပြန်ယူဖို့တောင် သတိရဟန်မတူဘူး။ ဒါပေမဲ့ တယ်မကြာလှပါဘူး၊ စောစောက လမ်းဘေးတစ်နေရာမှ ဆေးပြင်းလိပ် သောက်နေတဲ့ လူနှစ်ဦး ရောက်လာကာ တစ်ယောက်က ဂျင်ဂျာရဲ့ ရင်ဝကို ဒူးနဲ့တေ့ပြီး လက်နှစ်ဖက်ကို ချုပ်ထားစဉ်မှာ ကျန်တစ်ယောက်က ဂျင်ဂျာ့လက်ထဲက ပိုက်ဆံအိတ်ကို ယူပြီး နှစ်ယောက်သား သုတ်ခြေတင်၊ ယောင်ဝါးဝါးအသံနဲ့ ရဲ.. ရဲ လို့ လှမ်းအော်လိုက်သေးတယ်။ ဒါပေမဲ့ ဘာအကူအညီမှ ပေါ်မလာကြဘူး။ မကြာမီမှာ ပီတာ သတိရလာပြီး ဂျင်ဂျာကို ဆွဲထူတယ်။ နှစ်ယောက်စလုံး မတ်တတ်ရပ်နိုင်ကြတော့ တစ်ယောက်နဲ့တစ်ယောက် ဖုတ်ဖက်ခါပေးရင်း ကရုဏာစကား ပြောကြပြီး ဆမ်ကို ပျစ်ပျစ်နှစ်နှစ် ဆဲကြတယ်။ ပြီးတော့မှ ဂျင်ဂျာက..

"ကဲ သင်း ပိုက်ဆံအိတ်တော့ ပါသွားပြီ၊ ဒီလို ဖြစ်မယ်မှန်း သိရက်သားနဲ့ အလုခံရတာ နည်းတောင်နည်းသေးတယ်။ ဒါပေမဲ့ သူတို့လုတာ တို့ဆိုတာတော့ လေသံတောင် မဟလေနဲ့နော်"

ပီတာက သူ့နောက်စေ့ကို လက်နဲ့စမ်းရင်း..

"ငါ့ကို အုပ်ထည့်သွားလိုက်တာ၊ ဝတ်သေမယ့် အကောင်၊ ငါတော့ သင်းကို ပိုင်စေ့တစ်စေ့တောင် မချေးဘူးမှတ်ထား.."

ဂျင်ဂျာကလည်း သူ့မျက်နှာကို လက်နဲ့ အသာကိုင်ရင်း..

"ဒီကောင်ကို ဒီလိုချက်ကောင်း ဆော်လိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ မထင်ခဲ့ဘူး၊ နို့ပြီး သူ့လက်သီးကလည်းကွာ သံလက်သီး ကျနေတာပဲ၊ ခုတောင် နာတုန်းပဲကွ၊ လာကွာ ဘရမ်ဒီတစ်ပက်စီလောက် သွားချကြရအောင်"

သူတို့ မှတ်ဆိတ်တုတွေ ဖြုတ်ပစ်ခဲ့ကြပြီး လူအရှင်းဆုံးဘားကို သွားကြတယ်။ ဒါတောင် ဆိုင်ရှင်အဘွားကြီးက အရက်မော့နေတဲ့ ဂျင်ဂျာ့မျက်နှာကို ကြည့်ပြီး မင်းကို ဘယ်အမျိုးသမီးကများ မွှေးမွှေးပေးလိုက်တာလဲလို့ ကျီစယ်လို့ ဂျင်ဂျာ ရှက်ရမ်းရမ်းပြီး ဖန်ခွက်ကို ဆောင့်ချကာ နှစ်ယောက်သား အိမ်ပြန်ခဲ့ကြတယ်။ သူတို့ အိမ်ပြန်



http://mmteashop.com

ရောက်ကြတော့ ဆမ်က မရောက်သေးဘူး။ ဒါကြောင့် ဂျင်ဂျာက ကမန်းကတန်း သူ့မျက်နှာကို ကြပ်ထုပ်ထိုးပြီး ညို့သကျည်းကိုလည်း ပရုတ်ဆီလူးရတယ်။ ပီတာရဲ့ ဇက်ကြောကိုလည်း နှိပ်နယ်ပေးရတယ်။ သူတို့ အဲဒီလိုလုပ်လို့ ပြီးလုပြီးခင်မှာပဲ ဆမ် အိမ်ပေါ်တက်လာသံ ကြားရတော့ ဂျင်ဂျာက ဟန်မပျက် သူ့အိပ်ရာပေါ် ထိုင်ရင်း ကြိုးစားပြီး လေချွန်နေရတယ်။ ပီတာကတော့ သတင်းစာ အဟောင်းတစ်စောင်ကို ဖယောင်းတိုင်မီးနဲ့ စိတ်ဝင်စားစွာ ဖတ်နေတဲ့ပုံပေါ့။

ဆမ်ကလည်း ခပ်အေးအေးပဲ အဝတ်အစားလဲပြီး ဂျင်ဂျာမျက်နှာကို လှမ်းကြည့်ရာ..

"အလိုလေး ဂျင်ဂျာ မင်းမျက်နှာ ဘာဖြစ်တာလဲ "

ဂျင်ဂျာက ဘာမှမမှုသလို ဟန်ဆောင်မျက်နှာထားနဲ့ ..

"အို.. ညနေတုန်းက အရက်ဆိုင်မှာ စကော့ချ်တစ်စုနဲ့ စကားများပြီး ချတာကွ၊ ငါ့မျက်နှာ နည်းနည်းထိပြီး ပီတာ ဇက်ကြောနည်းနည်း နာသွားတယ်ကွ၊ သူတို့က လူများသကိုးကွ"

ဆမ်က ပြုံးစိစိမျက်နှာထားနဲ့..

"အေး.. ငါလည်း စွန့်စားခန်းလေး ကြုံခဲ့ရသေးတယ်။ ဒါပေမဲ့ မင်းတို့လို ဒဏ်ရာဒဏ်ချက်တော့ မရခဲ့ဘူးကွ"

"အိုး.. ဟုတ်လား"

ပီတာက သတင်းစာမျက်နှာက မခွာဘဲ မချိတရိမေးတယ်။ ဂျင်ဂျာကတော့ ဆမ်ကို အမြင်ကပ်ကပ်နဲ့..

"ဘယ်သူနဲ့လဲ ကလေးတွေနဲ့လား "

"ဟား.. ဘယ်ကလာ ကလေးတွေရမှာလဲ၊ လူကြီးတွေမှ မင်းတို့နှစ်ကောင်ထက်တောင် အဆမတန် ကြီးထွားတဲ့ လူ့ဘီလူးကြီးတွေကွ၊ ဒါပေမဲ့ ဆမ်နဲ့တွေ့ရင် ဘယ်အကောင်မျိုး ခံနိုင်မှာလဲ၊ အဲဒါ မနေ့ညနေက မင်းတို့ကို ငါပြောတဲ့ လူဆိုးလူမိုက် နှစ်ယောက်ပေါ့ကွ၊ နှစ်ယောက်စလုံး နောက်ကောက်ကျန်ခဲ့တာပဲ "



http://mmteashop.com

"အိုး"

ဟု ဆိုရင်း ပီတာမှာ လည်ချောင်းနာသွား၏။ ဆမ်က ဆက်လက်၍..

"ဒီလို ကိုယ်က အငိုက်မခံရဘဲ သူတို့ကို ဦးအောင်ဆော်နိုင်တာလည်း မင်းတို့ ကျေးဇူးပါပဲကွာ၊ ငါ တစ်ညနေလုံး စဉ်းစားနေတယ်ကွ မင်းတို့ ပြောတာလေ"

ဂျင်ဂျာနဲ့ ပီတာကတော့ ဒဏ်ရာဒဏ်ချက် အောင့်သက်သက်နဲ့ တိုက်ဂိုဘာဝေ နေကြသည်။ ဆမ်က ဆက်လက်၍..

"ဒါနဲ့ ငါမသင်္ကာလို့ မနက်တုန်းက အဲဒီ စိန်လက်စွပ်ကို စိန်ရွှေရတနာဆိုင် သွားပြကြည့်တော့ အတုကြီးတဲ့ကွ၊ ဒါနဲ့ငါလည်း အကြံရပြီး ဆိုင်တစ်ဆိုင်သွားပြီး သံလက်သီးစွပ်တစ်စုံ သွားဝယ်တယ်ကွ"

"ဘာ.. ဘာ သွားဝယ်တယ်"

ဂျင်ဂျာက သူ့မျက်နှာ အနာရှိန်နဲ့ အလန့်တကြားသံနဲ့ မေးတော့ -

"သံ လက်သီးစွပ်လေကွာ၊ အဲဒါ လက်တစ်ဖက်တစ်ချက်မှာ စွပ်ပြီးတော့ ည (၉) နာရီမှာ ရဲတိုက်တောင်ပေါ်ကို အရောက်သွားတာပေါ့၊ လားလား.. လမ်းကွေ့ချိုးလိုက်တယ် ဆိုရင်ပဲ ရောမကောင်ကြီး နှစ်ကောင်၊ မင်းတို့ဆိုရင် မြင်မြင်ချင်း ဖင်တုန်နေမယ်။ သူတို့ ပခုံးကြီးတွေကကို နှစ်ပေစီလောက်ကို ကျယ်တယ်။ ဟေ.. ဂျင်ဂျာ မင်းနာစေးနေသလား"

ဂျင်ဂျာနှာခေါင်းက ရှူးခနဲ လုပ်လိုက်မိသဖြင့် အမေးခံရရာ..

"မစေးပါဘူးကွ"

"အေး.. ငါလည်း သူတို့မမြင်ဟန်ဆောင်ပြီး အရက်လည်း တော်တော်ကြီး မူးနေတဲ့ဟန် ယိမ်းယိုင်ပြီး စုံထောက်ကြီးပြောသလို တည်ကြက် လုပ်လိုက်တာ ငနာနှစ်ကောင် ငါ့နောက်တစ်ခါတည်း ကပ်လာပြီး တစ်ကောင်က ငါ့နောက်ကျောကို ဒူးနဲ့ထောက်ပြီး လည်ပင်းညစ်ထားတုန်း တစ်ကောင်က ငါ့ပိုက်ဆံအိတ်ကို နှိုက်တယ်လေ၊ အဲဒီမှာတင် ငါနဲ့ တွေ့တော့တာပဲ"

"ဘုရားရှင် ကယ်တော်မူပါ"



http://mmteashop.com

ဂျင်ဂျာက နောက်တောက်တောက်လုပ်ရာ ဆမ်က ပိုမိုအားရလာပြီး ..

"ဘာရမလဲ၊ ငါက ကေသရာဇာခြင်္သေ့မင်းလို တိုက်တာကလား၊ သူတို့က ငါ့ကို မြေကြီးပေါ် နစ်ခါတောင် လှဲချတယ်။ ငါကလည်း ဘာရမလဲ၊ ပြန်ပြန်ထပြီး ဘယ်လက်သီး တွေရော ညာလက်သီးတွေရော ပစ်ပစ်သွင်းတာ အဲဒီအကောင်မှာ ဓားတွေ ပါတယ်ကွ၊ ဒါပေမဲ့ ငါက သူတို့ဓားတွေကို တစ်ချက်မှ မထိအောင် ရှောင်ရှောင်ပြီး ဆော်လိုက်တာ ဒီကောင်တွေ တစ်ယောက်ကို (၁၂)ချက်စီလောက် အထိုးခံရပြီး နောက်ဆုံးတော့ သွေးသံရဲရဲနဲ့ အမယ်လေး ဘာလေး အော်ပြီး ပြေးကြတာပါပဲကွာ၊ ဆော်လို့ ကောင်းလိုက်တာ ငါ့ကိုယ်ငါလည်း တော်တော် အံ့သြမိတယ်ကွ"

"အေး မင်းကို ငါလည်း အံ့သြတယ်ကွ"

ဟု ဂျင်ဂျာက ပြောမိသေးသည်။ ဆမ်က ပိုမိုလေရပြီး..

"ဒါနဲ့ ဒီကောင်တွေ စိတ်ထဲမှာ ငါ့ကို လူသားမှ ဟုတ်ရဲ့လား၊ လူ့ဘီလူးကြီး များလား ငါတို့တော့ အတွက်မှားပြီလို့ အောက်မေ့ပြီး ပြေးလိုက်ကြတာ မင်းတို့များမြင်ရင် အူနိပ်ပြီး ရယ်နေကြမှာပဲ"

ဆမ် ကြိုက်သလိုပြောလေ၊ ပီတာနဲ့ ဂျင်ဂျာ ခများတွေမှာတော့ ဘာမှမတတ်နိုင်ရှာဘဲ ကိုယ့်အပြစ်နဲ့ကိုယ် ကြိတ်မှိတ်ခံရတော့သပေါ့။

အဲဒီတုန်းမှာ ပီတာက တစ်ကွက်ကလေးတော့ နိပ်ဦးမှလို့..

"အဲ.. ဘယ်လိုပဲဖြစ်ဖြစ် ဒီတိုက်ပွဲအဆုံးမှာ မင်းပိုက်ဆံအိတ်တော့ ပါသွားတာပေါ့ ဟုတ်လား"

ဒီတော့ ဆမ်က ..

"ဒါတော့ ငါဝန်ခံပါတယ်ကွ၊ ကိုယ့်အချင်းချင်းတွေ။ မင်းတို့ကို ညာမပြောချင်ပါဘူး"

"ဒီလိုဆို မင်းရှေ့ဆက်ပြီး ဘယ်လိုစခန်းသွားမှာလဲ၊ သဘော်ပြန်တက်ရမယ့် ရက်အထိ ဆိုပါတော့"



http://mmteashop.com

ဂျင်ဂျာက မချိုမချဉ်မျက်နှာနဲ့ မေးလေတော့ ပီတာကလည်း ..

"ငါတို့ဆီကတော့ တစ်ပြားမှ မမျှော်လင့်နဲ့ မောင်ရေ၊ မင်းကို တို့အစကတည်းက သတိပေးရက်သားနဲ့"

သို့သော် ဆမ်က မည်သို့မျှ မမှုဘဲ..

"ဟာ.. ဒါတွေ အသာ ဘေးဖယ်ထားစမ်းပါကွာ၊ ငါ့တစ်သက်မှာ ဒီလို ငနွားနစ်ကောင်ကို ဒီလောက် ဆော်ကောင်းခဲ့တာ ဒီပိုက်ဆံအိတ်တစ်လုံး ဆုံးရှုံးတာနဲ့တော့ ထေရမှာပေ့ါ"

"မင်း ဘယ်လောက် ဆုံးရှုံးသွားသလဲကွ"


ပီတာ့အမေးကို ဆမ်က ခပ်ပြုံးပြုံး မျက်နှာကြီးဖြင့်..

"ကြေးကြယ်သီးက ဆယ်လုံး၊ ပြင်သစ်ပိုင်စေ့က သုံးစေ့၊ နို့ပြီး သံတိုသံစတွေ ပေ့ါကွာ၊ ငါ့ပိုက်ဆံတော့ တစ်ပြားမှ ထည့်မထားဘူး၊ ဟဲဟဲ.. ဂျင်ဂျာ မင်းဘယ်လို ဖြစ်သွားတာလဲ"

* * *



http://mmteashop.com



http://mmteashop.com

## လူမိုက်နှင့်ငွေ

လူမိုက်နှင့်ငွေ အတူမနေ ဆိုတဲ့စကားကို ရှေးပညာရှိများက ကျုပ်တို့ သဘော်သားတွေအတွက် အထူးပြောခဲ့တာပဲ ဖြစ်ရမယ်ဗျ။

လန်ဒန်မြို့သဘော်ဆိပ်ကမ်း ညစောင့်အဘိုးအိုက သူ့လက်ထဲမှ သုံးမရသော ငွေဒင်္ဂါးအကြီးတစ်ခုကို မျောက်ပန်းလှန်ရင်း အနီးတွင်ရှိ ကူလီခေါင်းကြီးအား ပြောပြနေ၏။

သူတို့မှာ စုပြီး ဆောင်းပြီး ရှိတယ်လို့ ကျုပ် လက်လှမ်းမီသမျှ သဘော်သား အပေါင်းအသင်းတွေထဲမှာတော့ တစ်ယောက်မှ မတွေ့ဘူး၊ အဲ.. သူတို့ ပါးစပ်က ပိုက်ဆံစုမယ် စုမယ်နဲ့ တဖွဖွ ပြောနေတတ်ကြတဲ့ အချိန်ကတော့ ပင်လယ်ထဲမှာ ကမ်းခြေနဲ့ မိုင်ပေါင်းများစွာ ကွာဝေးနေတဲ့ အချိန်၊ အရက်ဆိုင်၊ ကစားဝိုင်း၊ ညကပွဲ စတာတို့ နီးနီးနားနားမရှိတဲ့ အခါမျိုးပေါ့၊ သို့သော် ဒီလို လူသားတွေထဲမှာ စုန်းပြူးတစ်ယောက် တစ်လေတော့ ရှိတတ်သပ့်လေ။ ကျုပ် မှတ်မိတဲ့အထဲမှာ သဘော်သားတစ်ယောက်တော့ ရှိသဗျ၊ သူဟာ ကုန်းပေါ်ရောက်ရင် သူ့ပိုက်ဆံတွေကို သုံးမိမှာစိုးလို့ အိတ်ထဲမှာ တစ်ကျပ်စ နှစ်ကျပ်စလောက်ပဲ ထည့်ထားတတ်သဗျ၊ ဒါကြောင့် သူ့မှာ အရက်ဆိုင်ထဲ လာသောက်ရင်း ဘိုင်ပြတ်သွားလို့ အရိုက်ခံ အနက်ခံရ၊ ဘတ်စ်ကားပေါ်မှာ လက်မှတ် မဝယ်နိုင်လို့ မောင်းချခံရနဲ့ သူ့ပိုက်ဆံစုနည်းမျိုးတော့ ကျုပ် ဘဝင်မကျပါဘူးဗျာ။

အဲ.. ပြောရဦးမယ်၊ ဂျင်ဂျာဒစ်နဲ့ ပီတာရပ်ဆက် ဆိုတဲ့ သဘော်သားနှစ်ယောက် ရှိတယ်။ သူတို့အကြောင်း ကျုပ်ပြောခဲ့ပေါင်းလည်း များပါပြီ။ တစ်ခါတော့ သူတို့နှစ်ယောက်ဟာ အသိတရားတွေရပြီး အိုစာမင်းစာလေး စုဆောင်းဦးမှလို့ နှစ်ဦး သဘောတူ တိုင်ပင်ကြတယ်။ သူတို့ဟာ သဘော်ပေါ်ကဆင်းလို့ တစ်ပတ်အကြာမှာ ပါသမျှ ပိုက်ဆံတွေ သုံးလို့ဖြုန်းလို့ ကုန်ခန်းပြီး အငတ်ငတ် အပြတ်ပြတ် ဖြစ်ရတာတွေကို တော်တော်ပဲ စိတ်ကုန်နေကြပြီ။ ဒီလို ဆုံးဖြတ်တဲ့အချိန်မှာ သူတို့ဟာ ဩစတေးလျတိုက် မဲလ်ဘုန်းမြို့က အင်္ဂလန်ကိုအပြန် ပုလဲနက်ဆိုတဲ့ သဘော်ပေါ်မှာပေါ့။ သဘော်မီးထိုး သမားတွေထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဂျူးလူမျိုး အိုင်းဇက်လန်းဆိုတဲ့ အဘိုးကြီး ကလည်း ချွေးတာစုဆောင်းခြင်းရဲ့ အကျိုးကျေးဇူးတွေကို ဂျူးလူမျိုးပီပီ အာပေါင်

http://mmteashop.com

အာရင်းသန်သန်နဲ့ ဟောပြော ဆုံးမတယ်။ အကြံဉာဏ်တွေလည်း ပေးသတဲ့။ အိုင်းဇက်ဟာ အသောက် လုံးဝမရှိဘဲ စည်းစနစ် အင်မတန်ကြီးတဲ့အတွက် သင်္ဘောပေါ်မှာ ဦးကပ်စေးဆိုတဲ့ဘွဲ့တောင် ရသတဲ့။

အဲ.. သူတို့သုံးယောက်ဟာ အကြောင်းအပေါင်း သင့်နေကြပြီ ဖြစ်တဲ့အတွက် အင်္ဂလန်ပြန်ရောက်ရင် တစ်ခန်းတည်းအတူ ငှားနေဖို့ရယ်။ သင်္ဘောပြန်တက်ကြရင်လည်း တစ်စင်းတည်းအတူ တက်ကြဖို့ရယ်၊ ဂျင်ဂျာနဲ့ ပီတာတို့က သူတို့ပိုင်တဲ့ ပိုက်ဆံတွေကို အိုင်းဇက်လက် အပ်ထားပြီး နေ့စဉ်သုံးလောက်ရုံလောက်ပဲ အိုင်းဇက်က စီစစ်ပြီး လီပေးရတယ်။ ကျန်တဲ့ ပိုက်ဆံတွေကို နောင်သင်္ဘောပေါ် ပြန်ရောက်တဲ့အခါအထိ အိုင်းဇက်က သိမ်းထားဖို့ သဘောတူ ဆုံးဖြတ်ကြတယ်။ ပိုပြီးတိကျအောင်လို့လည်း စာချုပ်စာတမ်းတစ်ခု လုပ်လိုက်သေးသတဲ့။ နောက်ဆုံး သင်္ဘောပေါ်က ဆင်းကြတော့ ထုတ်ရတဲ့ လခထဲက (၁၆)ပေါင်စီ အိုင်းဇက်လက်ထဲအပ်ပြီး အကြွေအနုတ်တွေ လောက်သာ သူတို့လက်ထဲ ထားကြတယ်။

ပထမရက်မှာ အိုင်းဇက်ဟာ သင့်တင့်လျောက်ပတ်ပြီး နေပျော်ဖွယ်ရှိတဲ့ အခန်းတစ်ခန်းကို ငှားပေးတဲ့အတွက် သူတို့ဟာ တော်တော်ပဲ သဘောကျကြတယ်။ သူတို့ ပစ္စည်းလေးတွေ နေရာတကျထားပြီးတဲ့နောက် သူတို့သုံးယောက်သား လေတချွန်ချွန်နဲ့ ဘိုင်စကုတ်ကြည့်ဖို့ ထွက်သွားကြတယ်။ အဲဒီမှာ အကြောင်းက ဖန်လာချင်တော့ သူတို့ကြည့်တဲ့ ရုပ်ရှင်က ဇာတ်လိုက်မင်းသားက ဖိုးငနဲပဲ။ တစ်ခါတည်း ဇာတ်လမ်းစတယ် ဆိုကတည်းက သောက်လိုက်တာ သောက်လိုက်တာ တစ်ခွက်ပြီးတစ်ခွက်ပဲ။ ဒါကိုကြည့်ပြီး ဂျင်ဂျာနဲ့ ပီတာဟာ အာခေါင်တွေစို့၊ လေချဉ်တွေတက်၊ တစ်ကိုယ်လုံး အကြောတွေ တဖျဉ်းဖျဉ်းထပြီး အသားတွေ ရွစိရွစိ ဖြစ်လာတယ်။ ဒီတော့ ဂျင်ဂျာက သူတို့နှစ်ယောက်ကြားမှာ ထိုင်နေတဲ့ အိုင်းဇက် ပခုံးပေါ်ကျော်၊ ပီတာကို လက်တို့ပြီး အပြင်ခဏထွက်ရအောင်လို့ အဖော်ညှိတယ်။ ဒီတော့ ဒီဇာတ်ကားကို အလျင်တစ်ခါ ကြည့်ပြီးဖြစ်တဲ့ အိုင်းဇက်က အစကတည်းက သူတို့ကို သင်ခန်းစာပေးဖို့အတွက် တမင်သက်သက် ကြည့်ခိုင်းတာမို့ သူတို့ကို လေသံနဲ့ တားတယ်။

"မသွားကြနဲ့လေ၊ နောက်တစ်ခန်း ကြည့်ရင် ဖားယောင်ဆောင်နေတဲ့ ငရဲသားတွေဟာ ဇာတ်လိုက်သောက်နေတဲ့ အရက်ခွက်ထဲ ခုန်ဆင်းကြလိမ့်မယ်၊ သိပ်ကြည့်ကောင်းတယ်ကွ "

http://mmteashop.com

ဒါပေမဲ့ ဂျင်ဂျာက မနေနိုင်ဘူး။ မတ်တတ်ထပြီး ပီတာကို ခေါင်းညိတ်ခေါ်ပြန်တယ်။ ဒီတော့ အိုင်းဇက်အဘိုးကြီး ထတော့မလို ကုန်းကွကွ လုပ်နေတဲ့ ပီတာရဲ့ ကုတ်အင်္ကျီကို လှမ်းဆွဲပြီး..

"နောက်တော့ ဒီဇာတ်လိုက် အရက်တွေ အလွန်အကျွံမူးပြီး မအေအရင်းခေါက်ခေါက်ကို လည်ပင်းသင်ဓုန်းဓားနဲ့ လှီးသတ်တာ အင်မတန် သင်ခန်းစာယူဖို့ ကောင်းတယ်။ အဲဒီအခန်းကို မင်းတို့ လက်လွှတ်သွားလို့ ဘယ်ဖြစ်မလဲ"

ပီတာနဲ့ ဂျင်ဂျာဟာ တံတွေးတပျစ်ပျစ်နဲ့ ပြန်ထိုင်ကြပြီး လူသတ်မှုဖြစ်တဲ့အထိ အောင့်အည်းပြီး ကြည့်ကြတယ်။ အဲဒီအခန်းပြီးတော့ ပီတာဟာ သူ အော်ဂလီဆန်တယ်၊ အပြင်ထွက်ပြီး လေကောင်းလေသန့် ရှူဦးမယ်ဆိုပြီး ထွက်သွားတော့ ဂျင်ဂျာပါ နောက်က လိုက်သွားတယ်။ သူတို့ဟာ ရုပ်ရှင်ရုံနဲ့ အနီးဆုံးအရက်ဆိုင်မှာ သုံးခွက်စီ ဆက်တိုက် ချလိုက်တယ်။ ပြီးတော့ အဘိုးကြီး ထွက်လိုက်လာမှာ စိုးတဲ့အတွက် နောက် တစ်ဆိုင်ပြီး တစ်ဆိုင် ရွှေ့သောက်ကြရင်း အိုင်းဇက်ကို လုံးဝ မေ့သွားကြတယ်။ နောက်ဆုံးတစ်ဆိုင်မှာ ပေါင်းဟောင်း သင်းဟောင်းတွေနဲ့ တွေ့လို့ သူတို့က ဒကာခံလိုက်ကြတော့ ပါသမျှ ငွေပြောင်တော့တာပဲ။ အရက်ကလည်း မဝသေးဘူး။ ဒီတော့ ဂျင်ဂျာက ဒေါပွပွနဲ့..

"အဲဒါ အရက်သမားဟာ အရက်မသောက်တတ်တဲ့လူနဲ့ သွားပေါင်းတာ မဟာအမှားကွ၊ ကြည့်စမ်း (၁၀) နာရီတောင် မထိုးသေးဘူး၊ တို့အိတ်ထဲ ပိုက်ဆံမရှိတော့ ဘယ်အသုံးကျတော့မှာလဲကွာ "

အဲသလိုပြောပြီး စိတ်ဆိုးမာန်ဆိုးနဲ့ အိမ်ပြန်သွားကြတယ်။ အိုင်းဇက်ကတော့ အိပ်မောတောင်ကျနေပြီ။ အဲဒီမှာ သူတို့က မူးမူးနဲ့ အိုင်းဇက်ကို အတင်းနှိုးပြီး ငွေတောင်းကြတယ်။ ဒါပေမဲ့ အိုင်းဇက်က မနိုးပါဘူး၊ သူတို့ကိုင်လှုပ်တာကို အညောင်းဖြေပေးသလောက် သဘောသက်ရောက်တယ် ထင်ပါတယ်။ လက်ဝဲနံထောင့်က လက်ယာနံထောင့် ပြောင်းပြီး အသံဆိုးဆိုးကြီးနဲ့ ဟောက်နေလိုက်တာများ ပီတာနဲ့ ဂျင်ဂျာဟာ သူတို့ချင်းပြောတဲ့ စကားတောင် မကြားရဘူး ဖြစ်သွားတယ်။ အိုင်းဇက်နိုး မရတော့ ဂျင်ဂျာက ပီတာကို အိုင်းဇက်ရဲ့ ခုတင်ခြေရင်းမှာ လွှားထားတဲ့ ဘောင်းဘီကို မျက်စပစ်ပြတယ်။ ပီတာက ခြေဖျား အသာကလေးထောက် ဘောင်းဘီကို သွားယူပြီး အိတ်ထောင်တွေထဲ နှိုက်ရှာတယ်။ အိုင်းဇက်ကတော့ သူတို့ ဒီလိုလုပ်နေတုန်း အိပ်မက်ထဲမှာ ရယ်စရာတွေ့နေ ထင်ပါရဲ့၊ မျက်ခွံကြီးပြုံးလို့ သူ့ဘောင်းဘီအိတ်ထဲမှာတော့



http://mmteashop.com

ပဲနိဝက်တစ်စေ့ သော့တွဲတစ်ခုနဲ့ နာရီချိုးဘူးတစ်ခုပဲ တွေ့ရတယ်။ မကျေနပ်သေးလို့ ကုတ်အင်္ကျီအိတ်ထဲလည်း ဆက်ရှာတော့ နပ်တွေ သုတ်ထားတဲ့ လက်ကိုင်ပဝါ တစ်ထည်၊ မောင်းချွား ဦးကျိုးတစ်ချောင်းနဲ့ တန်ချည်ကြိုးတစ်လုံးကလွဲလို့ ဘာမှမတွေ့ဘူး၊ သူတို့ စိတ်ပျက်လက်ပျက်နဲ့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး၊ ပီတာက ရှူးရှူးရှားရှားနဲ့..

"ဂျင်ဂျာ ဒီလူကြီး ရအောင်နှိုးကွာ"

ဂျင်ဂျာက အိုင်းဇက် ပခုံးနှစ်ဖက် ဆွဲထူပြီး ဆေးပုလင်းလှုပ်သလို တရကြမ်း လှုပ်နှိုးတော့ အဘိုးကြီး အိပ်မှုန်စုံမွှားနဲ့ ခြေတစ်ဖက်ကို ကြမ်းပေါ် တွဲလောင်းချပြီး ထမလို ဟန်ပြင်ရင်း..

"ဘာလဲကွ မိုးလင်းပလား"

"အောင်မာ မေးပုံက ကြိုက်သကွာ၊ မိုးလင်းဖို့ နေနေသာသာ ကျုပ်တို့တောင် အိပ်ရာထဲ မဝင်ရသေးဘူး၊ ကျုပ်တို့အပ်ထားတဲ့ ပိုက်ဆံ ပြန်လိုချင်လို့ ခင်ဗျားကြီးကို တပင်တပန်း နှိုးနေရတာဗျ"

ဒီတော့ အိုင်းဇက်က အောက်တွဲလဲချထားတဲ့ ခြေထောက်ကို ခုတင်ပေါ် ပြန်တင်ပြီး 'ဂွတ်နိုက်' ဆို ပြန်အိပ်ပျော်သွားပြန်တယ်။

"ဒီလူကြီး အလကား အိပ်ချင်ဟန်ဆောင်နေတာကွ၊ လာကွာ ဂျင်ဂျာ တို့လိုက်ရှာကြမယ်။ ပိုက်ဆံဟာ ဒီအခန်းထဲမှာပဲ ရှိရမယ်ကွ"

သူတို့ဟာ အခန်းထဲ ချောင်ကြိုချောင်ကြားမကျန် ပိုက်စိပ်တိုက် ရှာကြပြန်တယ်။ ဒါပေမဲ့ မတွေ့ဘူး၊ ဂျင်ဂျာက မီးခိုးခေါင်းတိုင်ထဲ ခေါင်းထိုးကြည့်ပေမဲ့ အလကားပဲ၊ သူ့မျက်ခွက်ကြီးဟာ မီးခိုးမှိုင်းတွေ မည်းပြီး သရဲရုပ်ပေါက်သွားလို့ ပီတာကတောင် လန့်သွားသတဲ့။

သူတို့ဟာ ပိုက်ဆံမတွေ့လေ ဒေါသတွေ ဖြစ်သည်ထက် ဖြစ်လာကြပြီး ဂျင်ဂျာက အိုင်းဇက်ကို မရမကနှိုး မီးခိုးမှိုင်းတွေပေနေတဲ့ သူ့လက်သီးကြီး တပြပြနဲ့။



http://mmteashop.com

"ဒီမယ် အဘိုးကြီး ကျုပ် စိတ်မရှည်တော့ဘူးနော်၊ နောက် နှစ်မိနစ်အတွင်းမှာ ကျုပ်တို့ ပင်လယ်ထဲ အသက်စွန့်ရှာထားရတဲ့ ပိုက်ဆံ ကျုပ်တို့ကို ပြန်ပေးရင်ပေး၊ မပေးရင် ခင်ဗျားတစ်ကိုယ်လုံးက အရိုးတွေ ချိုးပစ်မယ်"

ဒီတော့ အိုင်းဇက်က စိတ်မချမ်းသာတဲ့ မျက်နှာနဲ့..

"ဩော် မင်းတို့ကောင်းဖို့ လုပ်ပေးတဲ့အတွက် ငါ့ကို ကျေးဇူးဆပ်တာပေါ့ ဟုတ်လား"

"အပိုတွေ ပြောမနေနဲ့ဗျာ၊ နားမထောင်ချင်ဘူး၊ ကျုပ်တို့ပိုက်ဆံသာ ပြန်ပေး"

အိုင်းဇက်က သူတို့နှစ်ယောက်ကို တစ်လှည့်စီကြည့်ပြီး အိပ်ရာထဲကထ ဘောင်းဘီဝတ် ဖိနပ်စီးပြီးမှ..

"မင်းတို့ ဒီလိုပြဿနာ ရှာလိမ့်မယ်ဆိုတာ ငါသိပါတယ်။ ဒါကြောင့် ငါလည်း အသင့်ပြင်ထားပါတယ်ကွာ"

"ပိုက်ဆံပြန်မပေးရင် ဒီထက် ပြဿနာတက်စရာ အကြောင်းရှိတယ် အဘိုးကြီး"

ဂျင်ဂျာက ဒေါသထွက်ထွက်နဲ့ ပြောတယ်။ ပီတာကတော့ ချော့ချော့မော့မော့ လေသံနဲ့..

"ခင်ဗျားကို ကျုပ်တို့ နာအောင် မလုပ်ချင်ပါဘူး အိုင်းဇက်ရာ၊ ကျုပ်တို့ ပိုက်ဆံသာ ပြန်ပေးပါ၊ ဒါဆို အေးရော"

"ငါနားလည်ပါတယ် ပီတာ၊ မင်းတို့ပဲ ပိုက်ဆံ မလေမလွင့်အောင် ငါ့သိမ်းပေးပါဆိုလို့ ငါကလည်း မင်းတို့ကို ကောင်းစေလိုတဲ့ စေတနာနဲ့ လက်ခံခဲ့တယ်၊ ဒါကိုပဲ ခုမင်းတို့က ရိုက်မောင်းပုတ်မောင်း လုပ်နေတော့ ကောင်းသလားကွာ၊ မင်းတို့ကို မှတ်လောက်သားလောက် ဆုံးမဦးမှပဲ"

ပြောပြောဆိုဆိုနဲ့ အဘိုးကြီးက စားပွဲတွေ ကုလားထိုင်တွေ အခန်းထောင့် တစ်နေရာတည်း တွန်းပို့လိုက်ပြီး သူ့လက်ဝါးနှစ်ခုကို တံတွေးဆွတ်တယ်။ နောက် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး လက်ဖွေ့သမားတစ်ယောက် ကြိုးဝိုင်းထဲမှာ



http://mmteashop.com

ဟန်ရေးပြသလို ခုန်ဆွ ခုန်ဆွ လုပ်လိုက်၊ လေထဲ လက်သီးနဲ့ လှမ်းထိုးလိုက်၊ ခေါင်းငုံ့ရှောင်လိုက်နဲ့ လပ်နေရာက -

"ဟောဒီ လက်သီးတွေက လူသားမစားရတာ (၅)နှစ်လောက် ရှိသွားပြီ၊ အသက်လည်း ကြီးလာလို့ ရန်ဖြစ်ရတာ မကောင်းပါဘူးဆိုပြီး ငါ့ကိုယ်ငါ အသာချုပ်ထားတာ၊ မင်းတို့လို အကောင်စားတွေတော့ အပျော့ပဲဟေ့၊ ကဲ.. စမ်းကြမလား"

ဆိုတော့ ဂျင်ဂျာက..

"ဒီမှာ အိုင်းဇက် ခင်ဗျားဟာ အသက်ကြီးလှပါပြီ၊ လက်ပြင်တွေလည်း ကျနေပြီ၊ ဒီတော့ ဘာကြောင့် အသားနာ ခံနေမှာလဲ၊ ခင်ဗျား ပိုက်ဆံကို တောင်းတာမဟုတ်ဘူး၊ ကျုပ်တို့ပိုက်ဆံ ကျုပ်တို့ ပြန်တောင်းတာပဲ၊ ပေးလိုက် ပြီးရော မဟုတ်လား၊ အလကား မဖြစ်သင့်တာ ဖြစ်အောင် လုပ်မနေစမ်းပါနဲ့"

ဒီတော့ အိုင်းဇက်က ခပ်အေးအေးပဲ..

"မပေးဘူးကွာ၊ မင်းတို့စကားအတိုင်း ငါပဲ ဆက်လက် သိမ်းထားမယ်"

အဲဒီမှာ ဂျင်ဂျာက ဒေါသတကြီးနဲ့ နွားအော်သလို အော်ပြီး အိုင်းဇက်ဆီ ပြေးသွားတယ်၊ အိုင်းဇက်ရဲ့ လက်သီးက သူ့ကို လမ်းခုလတ်တင် ဆီးပြီး ဆော်လိုက်တာ အမှတ်မထင် ခံလိုက်ရတဲ့ ဂျင်ဂျာဟာ လေထဲမြောက်ပါသွားပြီး မီးလင်းဖိုရှေ့မှာ ခွေခွေကလေး ပုံလျက်သား ကျသွားတော့တယ်။ ဟား အဘိုးကြီး လက်သီးပြင်းလိုက်ပုံက မြင်းကန်လိုက်တဲ့အတိုင်းပဲမို့ ပီတာက ဘာမှဝင်မလုပ်ရဲတော့ဘဲ လဲကျနေတဲ့ ဂျင်ဂျာကိုသာ ဆွဲထူရင်း ကိုယ့်လူကို ကြိမ်းမောင်းရတယ်။

"မင်းကလည်း အရမ်းစွတ်ဝင်တာကိုးကွ၊ သူ့လက်သီး ကြည့်ရှောင်ဦးမှပေါ့ကွ"

နာနေတဲ့ လူတစ်ယောက်ကို ဒီလိုသွားကြိမ်းတော့ ပီတာ့အမှားပေပဲ၊ ဂျင်ဂျာက..

"အဘိုးကြီး အိုင်းဇက်ကို အပြီးသတ်ဆော်ပြီးရင် မင်းအလှည့်ပဲ"

လို့ ပြောပြီး ဂျင်ဂျာက အိုင်းဇက်ကို နောက်တစ်ချီ ပြေးသတ်ပြန်တယ်။ ဒါပေမဲ့ သုံးမိနစ်အတွင်းမှာ သူဟာ မတ်တတ်တောင် မရပ်နိုင်တော့ဘဲ ပီတာက အိပ်ရာထဲ



http://mmteashop.com

တွဲပို့လိုက်ရတော့တယ်။ ဂျင်ဂျာက အသက်ဖုတ်လိုက်ဖုတ်လိုက် ရှူနေရာက ပီတာ့ကို တိုးတိုးပြောတယ်။

"မင်းအလှည့်ပဲ ပီတာ၊ ဒီငနာကြီးကို ဝပ်သွားအောင် ဆော်ထည့်လိုက်စမ်း၊ ငါ့ခေါင်းအောက် ခေါင်းအုံးမြင့်မြင့် ခုပေးစမ်း၊ မင်းဆော်ပုံဆော်နည်း ငါကြည့်ချင်တယ်။ မြန်မြန်ချကွာ၊ ဒီကောင်ကြီး ပင်ပန်းနေတုန်း"

"အိုး.. လာစမ်း ပီတာ ငါက ကြာတယ်တောင်ထင်နေတာ "

အိုင်းဇက်က စိန်ခေါ်လိုက်တော့ ဂျင်ဂျာခံရပုံ မြင်ထားတဲ့ ပီတာက ခေါင်းကလေးယမ်းပြီး..

"ခင်ဗျားကို ကျူပ်နာအောင် မလုပ်ချင်ဘူးဗျ၊ ဝယဝုတ္တိဆိုတာ ရှိပါတယ်။ ခင်ဗျားဟာ အသက်လည်းကြီးပြီဆိုတော့ ခုလိုခုန်ပေါက်ထိုးသတ်နေတာဟာ ခင်ဗျား အတွက် မသင့်လျော်ဘူးဗျ၊ ဒီတော့ ကြီးသောအမှု ငယ်စေဆိုသလို ကျူပ်တို့ပိုက်ဆံသာ ပြန်ပေးရင် ဒီကိစ္စ မေ့လိုက်မယ်ဗျာ "

သို့သော် အဘိုးကြီးက ခပ်မာမာပဲ..

"ဟေ့.. မပေးဘူးကွ၊ ယောက်ျားဆိုတာ ကတိထားပြီးရင် ဘယ်လို အကြောင်းကြောင့်ဖြစ်စေ မဖျက်ရဘူးကွ၊ ပုလဲနက်သင်္ဘောပေါ် နောက်တစ်ခေါက် ပြန်တက်တဲ့ အခါမှာ မင်းတို့ငွေ တစ်ယောက်ကို ဆယ့်နှစ်ပေါင်စီ အသားတင် စုဆောင်းပြီးသား ပြန်ပေးမယ်။ ဒါ မကောင်းဘူးလား၊ ကဲ.. ခုဆို ငါ့အကြောင်းလည်း မင်းတို့ ကောင်းကောင်း သိလောက်ပါပြီ၊ နောက်ထပ် မနှောင်ယှက်ချင်ကြနဲ့တော့၊ ငါအိပ်မယ်၊ ဒီတစ်ခါ အိပ်ရာက ပြန်ထလာရင်တော့ မင်းတို့ကိုယ် မင်းတို့ 'ဩော် သေသော်မှတည့် ကောင်းသေး၏' ဖြစ်သွားကုန်မယ်ကွ မှတ်ထားကြ"

ဆိုပြီး အိပ်ရာထဲ ပြန်ရောက်သွားတယ်။ ပီတာကလည်း ဂျင်ဂျာရဲ့ "မိန်းမလျှာ၊ သတ္တိမရှိဘူး၊ ဂါဝန်ဝတ်နေဖို့ ကောင်းတယ် " ဘာညာ စသည်ဖြင့် မကြားဝံ့ မနာသာပြောဆိုတဲ့ စကားတွေ မကြားချင်ယောင်ဆောင်ပြီး အိပ်ရာထဲ ဝင်အိပ်လိုက်တာ မကြာခင်ဘဲ အိုင်းဇက်နဲ့အတူ တခေါခေါ ဟောက်သွားတော့တယ်။



http://mmteashop.com

နောက်တစ်နေ့ မနက်လင်းတော့ သုံးယောက်သား ကဖီးဆိုင်တစ်ခုမှာ နံနက်စာ စားကြတယ်။ ပြီးတော့ မှုန်ကုပ်ကုပ် ရှုသိုးသိုးနေတဲ့ ဂျင်ဂျာက ကြားမှ ပိုက်ဆံစာရင်း ရေးနေတဲ့ အိုင်းဇက်ကို -

"ကဲ.. ကျုပ်တို့ကိုလည်း ပိုက်ဆံလေးဘာလေး ပေးဦးမှပေါ့ဗျ၊ ကျုပ်နဲ့ပီတာက ဒီနေ့မနက်ကစပြီး ခင်ဗျားနဲ့ မလိုက်တော့ဘူး၊ ကိုယ့်ဘာသာကိုယ် ဝယ်ခြမ်း စားသောက်မယ်၊ ခင်ဗျားမျက်ခွက်ကြီးကို မြင်နေရရင် စားချင်သောက်ချင်စိတ် ကုန်ခန်းတယ်"

သည်တော့ အိုင်းဇက်က ခဏစဉ်းစားတယ်။ ပြီးမှ ခေါင်းတညိတ်ညိတ် လုပ်ရင်း..

"ကောင်းပြီလေ၊ ကျုပ်ကလည်း ကျုပ်နဲ့မှ စားရမယ်လို့ မတိုက်တွန်းလိုပါဘူး"

ဆိုပြီး သူ့ဘောင်းဘီအိတ်ထဲက နှိုက်ပြီး၊ သူတို့ကို (၁၈) ပဲနိစီ ပေးတယ်။ ဒီပိုက်ဆံလေးတွေ မြင်တော့ ဂျင်ဂျာမျက်လုံး ပြူးခနဲ ဖြစ်သွားပြီး

"ဟင်.. ဒီအကြွေကလေးတွေနဲ့၊ ကျုပ်တို့ ဘာလုပ်ရမှာလဲ မီးခြစ် ဝယ်ရအောင်လား"

အိုင်းဇက်က လူကြီးလေသံနဲ့..

"ဒါ.. နည်းသလားကွ၊ တစ်နေ့စာ ကောင်းကောင်းလုံလောက်ပါတယ်၊ တွက်ကြည့်လေ၊ နေ့လည်စာက (၉) ပဲနိထား၊ လက်ဖက်ရည်သောက်ဖို့က (၄) ပဲနိ၊ ညစာ ပေါင်မုန့်နဲ့ချိစ်က (၂) ပဲနိ၊ မင်းတို့ ဘီယာသောက်ချင်သပဆို (၃) ပဲနိကြီးများတောင် ကျန်သေးတယ်"

ဂျင်ဂျာက ဒေါသထွက်လွန်းလို့ ဘာစကားမှ မပြောနိုင်တော့ဘူး။ ပီတာရပ်ဆက်ကတော့ အလွန်တောင်းပန်တိုးလျှိုးတဲ့ အသံလေးနဲ့ သူ့ကို ငွေတစ်ပေါင် လောက် ပေးဖို့အကြောင်း။ ဒီနေ့ တောမှာနေတဲ့ သူ့အမေအိုကြီးဆီ သွားရမှာ ဖြစ်တဲ့အတွက် ဘာလေးညာလေး ဝယ်သွားဖို့ လိုတဲ့အကြောင်း ပြောတယ်။ ဒီတော့ အိုင်းဇက်က ပီတာ့ပခုံး လက်နဲ့ အသာပုတ်ပြီး..



http://mmteashop.com

"မင်းဟာ တယ်လိမ္မာတဲ့သားပဲ ပီတာ၊ ဒီလောကမှာ မင်းလိုလူစား များများရှိဖို့ လိုတယ်၊ မင်းသွားရင် ငါလည်း ဒီနေ့အားနေတာပဲ၊ မင်းအမေကိုတွေ့ဖို့ ငါ့စရိတ်နဲ့ငါ လိုက်ခဲ့ပါ့မယ်လေ"

ပီတာက အိုင်းဇက်ကို ကျေးဇူးတင်ကြောင်း၊ သို့သော် သူတစ်ယောက်တည်း သွားမှဖြစ်မယ်၊ ဘာပြုလို့လဲဆိုတော့ သူ့အမေက လူစိမ်းဆိုရင် အင်မတန် ရှက်တတ်ကြောင်း ပြောတယ်။ ဒီတော့ အိုင်းဇက်က ဒါဖြင့်ရင် မင်းကို ငါ ဘူတာအထိ လိုက်ပို့မယ်။ အဲဒီရောက်မှ အသွားအပြန်လက်မှတ်နဲ့ အသွားကြီးအတွက် ဝယ်ချင်တာ ဝယ်ပေးလိုက်မယ်လို့ ပြောသတဲ့၊ ဘယ်လိုမှ လှည့်ပတ်လို့မရမှန်းသိတော့ ပီတာက စိတ်ဆိုးလာပြီး စားပွဲကို လက်သီးနဲ့ တအားထုချတာ စားပွဲပေါ်က ပန်းကန် ခွက်ယောက်တွေ တစ်ချို့ ခုန်ပျံပြီး ကွဲကုန်တယ်။ ဒါတင်မက အိုင်းဇက်ကို လက်ညှိုး ငေါက်ငေါက်ထိုးပြီး..

"ခင်ဗျားက ကျုပ်ကို သူငယ်နုပ်စားကလေး အောက်မေ့နေသလား ခုချက်ချင်း ကျုပ်တို့ပိုက်ဆံတွေ ပြန်ပေး၊ မပေးရင် ရဲကိုတိုင်မယ်"

ဒီတော့ အိုင်းဇက်က ခပ်အေးအေးပဲ..

"မင်းအမေဆီ သွားမယ်ဆိုတာ လုပ်ကြံပြောမှန်း ငါသိသားပဲ"

"ဒီမယ်ကြည့်စမ်း၊ ခင်ဗျားကြီး ကျုပ်တို့ပိုက်ဆံ ပြန်ပေးမလား မပေးဘူးလား၊ တစ်ခွန်းတည်းပြောတော့"

"ဒူးထောက် တောင်းရင်တောင် မပေးဘူးကွာ၊ လုပ်ချင်တာလုပ်"

"ကောင်းပြီ.. ဒါဖြင့် ဂျင်ဂျာ လာ၊ တို့ ရဲ သွားရှာရအောင်"

"ရှာပါလေ၊ မင်းတို့ ပိုက်ဆံကို ငါက သဘော်အပေါ် ပြန်တက်သည်အထိ ထိန်းသိမ်းထားဖို့ စာချုပ်က ငါ့ဆီမှာ ရှိနေတာပဲ"

"စာချုပ် တစ်ရာပဲရှိရှိ ဂရုမစိုက်ဘူး၊ ဂျင်ဂျာ လာစမ်းကွာ၊ မင်းကလည်း ဘာငူတူတူ လုပ်နေတာလဲ"



http://mmteashop.com

"အေးပါ သွားရှာကြပါ၊ ပုလဲနက် သဘော်ပေါ်မတက်မီ တစ်ညက မင်းနဲ့ဂျင်ဂျာ ဝိုင်းဆော်ထားတဲ့ ရဲကြီးသာ မတွေ့ပါစေနဲ့လို့ ကျုပ် ဆုတောင်းလိုက်ပါတယ် "

ဒီတော့ ရဲဆိုရင် ပြဿနာတက်လွန်းလို့ ဝေးဝေးက ရှောင်လေ့ရှိတဲ့ ပီတာဟာ သူလျှာချောင်မိတာ နောင်တရပြီး စကားတိတ်သွားတယ်။ ဒီတော့ အိုင်းဇက်က အတင်းဖိတွန်းတာပေါ့။

"ကဲ.. ကဲ.. ဝေးဝေး ရှာမနေနဲ့တော့၊ ဟောဟိုမှာ ရဲတစ်ယောက် လာနေပြီ။ သွားခေါ်ကြလေ၊ ဒါမှမဟုတ် ကျုပ် သွားခေါ်ပေးရမလား "

ပီတာနဲ့ ဂျင်ဂျာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မခံချိမခံသာ အံကိုပဲ နာနာ ကြိတ်နေကြရတယ်။ သူတို့ဟာ တစ်နေ့လုံး အိုင်းဇက်နားကပ်ပြီး ပိုက်ဆံ တောင်းနေကြတယ်။ သူတို့ပါးစပ်ထဲ တွေ့ကရာ စကားတွေနဲ့ အဘိုးကြီးကို နာကြည်းအောင် ပြောကြတယ်။ ဒါပေမဲ့ လူကြီးကတော့ နကမ္ဘတိပဲ။

ညရောက်ပြန်တော့လည်း အိုင်းဇက် အိပ်ပျော်နေတဲ့ အချိန်မှာ တစ်ခန်းလုံး ပြောင်းဆန်အောင် ပိုက်ဆံကို ရှာကြတယ်။ မတွေ့ဘူး။ နောက်တစ်နေ့မနက် ကော်ဖီဆိုင် ထိုင်ကြတော့ ဂျင်ဂျာက ပရိယာယ် တစ်မျိုးဆင်တယ်။ သူဟာ လက်ဖက်ရည်ကို အလွန်ကြိုက်လာပြီ ဖြစ်ကြောင်း ပြောတယ်။ အိုင်းဇက်က နေ့တွက် (၁၈) ပဲနိကို ထုတ်ပေးတဲ့အခါမှာ ဂျင်ဂျာက ပြုံးပြီး နောက်ထပ် သျှီလင်နည်းနည်းလောက် တိုးပေးဖို့ ပြောရင်း..

"စိတ်ချပါ အိုင်းဇက်၊ အရက်ဆိုရင် ခင်ဗျားက တိုက်တောင် မသောက်ပါဘူး၊ ကျုပ် လက်ဖက်ရည်ကို ကြိုက်နေပြီဗျ၊ ညကပဲ မင်းကို ငါ ဒီအကြောင်း ပြောသေးတယ် မဟုတ်လား ပီတာ"

ပီတာဘက် လှည့်၍ စစ်ကူတောင်းလိုက်တော့ ..

"မင်းရော ငါရော ပြောကြတာပဲ ဦးစွာ"

ပီတာကပါ အချောင်ဝင်နှိုက်ပြီး ရောလိုက်တယ်၊ ဒီတော့ အိုင်းဇက်က..



http://mmteashop.com

"ကဲ မြင်ကြပြီ မဟုတ်လား၊ ငါဟာ မင်းတို့ကောင်းကျိုး ဘယ်လောက်တောင် ဆောင်ရွက်သလဲ ဆိုတာ၊ ဒါနဲ့ အရက်မသောက်ကြရင် အခု ပိုက်ဆံအပိုတောင်းတာက ဘာအတွက်လဲ "

"အညောင်းပြေ ညကပွဲရုံ သွားမလို့"

အိုင်းဇက်ဟာ သူ့ရင်ဘတ် လက်ဝါးနဲ့ဖိပြီး အပြင်းအထန် တုန်လှုပ်သွားဟန်နဲ့ ပြူးတူးပြဲတဲ ကြည့်ရင်း..

"အမယ်လေး.. ဘယ်ကိုသွားမယ်၊ ညကပွဲရုံကို ဟုတ်လား၊ အဲဒါ အရက်သောက်တာထက် ပိုဆိုးသေးတယ် မောင်ရင်တို့၊ အရက်မှ သောက်ပြီး မူးရင် အိပ်ပျော်သွားမယ်၊ ကပွဲက မင်းတို့အရွယ်တွေ သွေးသားသောင်းကျန်းပြီး နောက်ဆက်တွဲ လိုက်ကြရဦးမှာက အစမဆုံးဘဲ၊ မင်းတို့ကို အဲဒီသွားဖို့ အားပေးအားမြှောက် ပြုရင် ကျုပ်လောက် မိတ်ဆွေမပီသတာ ရှိပါ့ဦးမလားကွယ်၊ မသွားကြနဲ့ သူငယ်တို့၊ မသွားကြနဲ့"

"အို.. ကျုပ်တို့ဟာကျုပ်တို့ ဘာဖြစ်ဖြစ်ဗျာ၊ ခင်ဗျားကြီးနဲ့ မဆိုင်ပါဘူး၊ နှုတ်ခမ်းမွေး ပြာပြာနဲ့ မြွေလိမ်မြွေကောက်ကြီးရဲ့၊ ကိုယ့်ကိစ္စမဟုတ်တာ ဝင်မစွက်ပါနဲ့၊ ကျုပ်တို့ ပိုက်ဆံနဲ့ ကျုပ်တို့ ဘာလုပ်လုပ်ဗျာ၊ ခင်ဗျားအလုပ် မဟုတ်ဘူး၊ ပိုက်ဆံသာ ပေးစမ်းပါ"

ဂျင်ဂျာက ဒေါသထွက်ထွက်နဲ့ ကုန်းအော်တယ်၊ အိုင်းဇက်ကလည်း ဖွဲမလျှော့ဘဲ ကပွဲရုံမသွားဖို့ ဖျောင်းဖျတယ်၊ အဲလိုပြောလေ ဂျင်ဂျာက ဒေါပွလေ၊ အော်လေမို့ နောက်ဆုံးတော့ ကော်ဖီဆိုင်ရှင်က သူတို့ကို ဆိုင်ထဲက မောင်းထုတ်တယ်။

ပီတာက ဂျင်ဂျာနောက်က လိုက်သွားရပြီး နှစ်ယောက်သား ခြေဦးတည့်ရာ လမ်းတကာ လျှောက်ရင်း အိုင်းဇက်ကို ဘယ်လို စီမံရမယ်ဆိုတာ အကြံထုတ်တယ်။ သူတို့ကို ပေးလိုက်တဲ့ (၁၈) ပဲနိစီလည်း တစ်နာရီအတွင်း ကုန်အောင် သုံးပစ် လိုက်ကြတယ်။ ညစာစားချိန် ရောက်လို့ အိမ်ပြန်ကြတော့ အိုင်းဇက်ကို မတွေ့ဘူး၊ ဆာလည်းဆာ၊ ဒေါသလည်းထွက်မို့ ဒါတို့ဘာသာ ဘာလုပ်လုပ် သင်းနဲ့ မဆိုင်ဘူး၊ တို့မှာ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတယ်ဆိုတာ သင်းသိသွားအောင် လုပ်ရမယ် ဆိုပြီး ဝတ်ထားတဲ့ အဝတ်ကလွဲလို့ အဝတ်ပိုမှန်သမျှ အကုန်ယူပြီး သွားပေါင်လိုက်ကြတယ်၊ ပြီး ကပွဲရုံ နှစ်ရုံသွားတယ်၊ ဘားဆိုင်တွေ တစ်ခုပြီးတစ်ခု လျှောက်သောက်တယ်၊ လက်ထဲပါသမျှ



http://mmteashop.com

ပိုက်ဆံကုန်တော့မှ အိမ်ပြန်ပြီး အိပ်ရာထဲ ရောက်နေပြီဖြစ်တဲ့ အိုင်းဇက်ကို သူတို့ သုံးဖြုန်းလာသရွေ့ မြိန်ရေယှက်ရေ ပြောပြကြတယ်။

မနက် (၅) နာရီလောက် ဝေလီဝေလင်းမှာ ပီတာ အိပ်ရာကနိုးလို့ မျက်လုံး ဖွင့်ကြည့်တော့ ဂျင်ဂျာဟာ အိုင်းဇက်ရဲ့ အဝတ်တွေကို တစ်ခုပြီးတစ်ခု သေသေသပ်သပ် ခေါက်နေတာ တွေ့ရတော့ အတော်ကြီး အံ့အားသင့်သွားပြီး ဒီငနဲတော့ ရူးသွားပြီလို့ အောက်မေ့လိုက်မိသေးတယ်။ ပီတာ နိုးနေတာမြင်တော့ ဂျင်ဂျာက သူ့ဆီ အသာ လျှောက်လာပြီး လေသံတိုးတိုးနဲ့ ငြိမ်ငြိမ်နေဖို့ ပြောပြီး အဘိုးကြီး အိုင်းဇက်ရဲ့ အဝတ်ထုပ်ကို ကြိုးနဲ့တုပ်၊ ခြေသံမကြားအောင် အခန်းထဲကထွက်၊ ဒီတော့ ပီတာက သူ့နောက်က အပြေးလိုက်သွားပြီး စပ်စုတယ်။

"ဟေ့.. ဂျင်ဂျာ မင်းအဘိုးကြီးအဝတ်တွေ ဝှက်ထားမလို့လား"

မေးတော့ ဂျင်ဂျာက 'ငါကွ' ဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ပြုံးပြီး -

"ဟုတ်သဟေ့.. အပေါင်ဆိုင်မှာ သွားဝှက်မလို့ ဒီနေ့တော့ သူ့စရိတ်နဲ့ ငါတို့ ပျော်ရမှာကွ"

ဒီတော့ ပီတာက သဘောပေါက်သွားပြီး၊ အူမြူးမြူးနဲ့တအားရယ်တော့ အဘိုးကြီး နိုးသွားမှာစိုးတဲ့အတွက် ဂျင်ဂျာက 'တိတ်ရင်တိတ်၊ မတိတ်ရင် ခေါင်းပြုတ်သွားအောင် ဆော်ထည့်လိုက်မယ်' ကြိမ်းတော့မှ ပီတာ အရယ် ရပ်သွားတော့တယ်။

သူတို့ဟာ မနက်အစောကြီး အပေါင်ဆိုင် မဖွင့်သေးတဲ့အတွက် လမ်းတကာကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေရတယ်။ ဆိုင်တစ်ဆိုင် ဝင်ထိုင်ရအောင်ကလည်း ပိုက်ဆံတစ်ပြားမှ မရှိဘဲကိုး။ နောက်တော့မှ ပထမဦးဆုံးဖွင့်တဲ့ အပေါင်ဆိုင်မှာ အိုင်းဇက်ရဲ့ အဝတ်တွေကို (၁၅) သျှီလင်နဲ့ ပေါင်လိုက်ကြတယ်။ ရှေ့ဦးဆုံး သူတို့ လုပ်လိုက်တာက မနက်စာကို တဝတပြဲ စားလိုက်ကြတာပဲ၊ သူတို့ ဒီလို အစားကောင်း အသောက်ကောင်းတွေ ကြိတ်နေတုန်းမှာ အိုင်းဇက် ဂျူးအိုကြီးဟာ အိပ်ရာထဲမှာ ဘာမှမသိဘဲ အိပ်ပျော်နေဦးမှာပဲလို့ ပြောပြီး အားရကျေနပ်နေသြပေါ့၊ အဲဒီတစ်နေ့လုံး စိတ်ရှိလက်ရှိ ပျော်လိုက်ပါးလိုက်ကြတာ ရဲက ဂျင်ဂျာကို လမ်းပေါ်မှာ ဟီရိသြတ္တပ္ပ ကင်းမဲ့စွာ ကခုန်နေမှုနဲ့ နစ်ခါတောင် သတိပေးရတယ်၊ အဲ.. ပိုက်ဆံကုန်တော့မှ အိမ်ပြန်ရောက်ကြတယ်။ အိုင်းဇက်ဟာ အိပ်ရာပေါ်မှာ အတွင်းခံဘောင်းဘီနဲ့



http://mmteashop.com

လူသတ်ချင်စိတ် ပေါက်တဲ့ရုပ်မျိုးနဲ့ ထိုင်နေတယ်။ ဂျင်ဂျာတို့ကို မြင်တော့ အိုင်းဇက်က သူ့လက်ဝါးကို လက်သီးဆုပ်နဲ့ထုရင်း မေးလိုက်တယ်။

"ငါ့အဝတ်တွေ ဘယ်မှာလဲ"

ဂျင်ဂျာက အဘိုးကြီးကို တစ်ချက် ပြုံးပြရင်း အိပ်ရာပေါ် တုံးခနဲ ဝင်လှဲပြီး အိပ်လိုက်တာ ချက်ချင်းပဲ အိပ်ပျော်သွားတယ်။ ဒီတော့ အိုင်းဇက်က ပီတာဘက် လှည့်မေးပြန်တယ်။

"ဟော့ကောင် ငါ့အဝတ်တွေကောကွ"

ပီတာက အမူးလွန်လို့ သူ့ကို ဘာမေးနေမှန်း မသိဘူး၊ ကြောင်တောင်တောင်နဲ့ ပြန်ကြည့်ပြီး အတော်ကြာ စဉ်းစားနေတယ်။ အိုင်းဇက်က ထပ်ခါထပ်ခါ မေးတော့မှ . .

"ဩော် . . အဝတ်လား"

ဆိုပြီး အခန်းထဲမှာ လက်ခါပြပြီး သူ့အိပ်ရာပေါ် တက်အိပ်ပျော်သွားတယ်။

နောက်တစ်နေ့မနက် မိုးလင်းမှာ ဘယ်သူမှ စိတ်လက်မကြည်သာကြဘူး၊ ဂျင်ဂျာ မျက်လုံးဖွင့်လိုက်တယ်ဆိုရင်ပဲ အိုင်းဇက်က သူ့အဝတ်တွေအကြောင်း စမေးတော့တာပဲ၊ ဒီတော့ ဂျင်ဂျာက ဘောက်ဆတ်ဆတ်နဲ့ . .

"ခင်ဗျားအဝတ်တွေ မေးမနေနဲ့၊ မရှိတော့ဘူး"

"ဟင် . . ဘယ်ရောက်ကုန်လို့လဲ"

ဂျင်ဂျာက ညကမူးမူးနဲ့ အဝတ်ချွတ်အိပ်တာ မဟုတ်တော့ သူ့ကုတ်အင်္ကျီ အိတ်ထဲက အပေါင်လက်မှတ် ဆွဲထုတ်ပြီး ကြမ်းပေါ် ပစ်ချလိုက်တယ်။ ဒါကို အိုင်းဇက်က ကောက်ကြည့်ပြီး အခန်းထဲမှာ ပတ်ချာလည် အရူးတစ်ယောက်လို ခုန်ပေါက်ရင်း . .

"ဟင် တယ်ရက်စက်တဲ့ အကောင်တွေပဲ၊ မင်း ငါ့အဝတ်တွေ တကယ် ပေါင်လိုက်ပြီပေါ့"

"ကျုပ် တစ်ယောက်တည်း မဟုတ်ဘူး၊ ပီတာလည်း ပါတယ်ဗျ"



http://mmteashop.com

အိုင်းဇက်က စိတ်ပျက်လက်ပျက်နဲ့ အိပ်ရာပေါ် ပုံ့ခနဲ ထိုင်လိုက်ပြီး နဖူးကို လက်ဝါးနဲ့ ဖြန်းခနဲ ရိုက်ပြီး..

"ဒုက္ခပါပဲ၊ ဒါဆို ငါဘယ့်နယ်လုပ်မလဲ"

"လွယ်လွယ်ကလေးပါဗျာ၊ ကျုပ်တို့ပိုက်ဆံတွေ ပြန်ပေးရင် သွားရွေးလိုက်ရုံပေါ့၊ ချက်ချင်းတော့ မသွားနိုင်ဘူးနော်၊ ကော်ဖီတွေဘာတွေ သောက်ပြီးမှ"

ဂျင်ဂျာက ဈေးကိုင်စကားပြောတော့ အိုင်းဇက်က သူ့လက်ဝါးနှစ်ဖက်ကို ငှက်တောင်ပံခတ်သလို လှုပ်ရင်း..

"ငါ့မှာ မင်းတို့ပေးစရာ ပိုက်ဆံမရှိဘူးကွ၊ ပိုက်ဆံတွေအားလုံးက ကုတ်အင်္ကျီ လိုင်နာကြားမှာ ထည့်ချုပ်ထားတာ၊ ဒုက္ခပါပဲကွာ၊ ဂျင်ဂျာ အဲဒါ မင်း ဂြိုလ်မွှေတာပဲ"

ဒီတော့ ပီတာကလည်း အလန့်တကြား ထခုန်ပြီး..

"ဘုရားသခင် ကယ်တော်မူပါ၊ ဂျင်ဂျာ တလွဲတွေတော့ ဖြစ်ကုန်ပဟာ၊ ဒါ မင်းကြောင့် မင်းကြောင့်.."

ဂျင်ဂျာကတော့ ဂေါ်လီလုံး လည်ချောင်းထဲ နင်သလိုဖြစ်ကာ..

"ဟင်... လိုင်နာတွေကြားမှာ ဟုတ်လား"

"ငွေစက္ကူတွေက လိုင်နာကြားမှာ ရွှေဒင်္ဂါးသုံးပြားက ဦးထုပ်အပတ်ကြားမှာ"

အိုင်းဇက်က စိတ်ပျက်လက်ပျက် ပြောတော့ ဂျင်ဂျာဟာ လှောင်အိမ်ထဲက ခွေးတစ်ကောင်လို ဟိုလျှောက်ဒီလျှောက် လုပ်ရင်း..

"ဒါဆို အဲဒီအဝတ်တွေကို အခုချက်ချင်း သွားရွေးမှ ဖြစ်မှာပေါ့"

"ပိုက်ဆံမရှိဘူးဆိုမှ ဘာနဲ့သွားရွေးမလဲ"

ပီတာက စိတ်ညစ်ညစ်နဲ့ ပြောတယ်။ သူတို့ဟာ ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ ခေါင်းရှုပ်ရှုပ်နဲ့ စဉ်းစားလေ အကြံက မထွက်လေဘဲ၊ အတော်ကြာတော့မှ ပီတာ ရွှေဉာဏ်တော် ထွက်လာတာက ..



http://mmteashop.com

"ဒီလိုလုပ်ရင် မကောင်းဘူးလား၊ တို့မီးရထားလက်မှတ် ပါသွားလို့ ခဏလောက် ယူပါရစေပြောပြီး တောင်းရင်ကောကွာ "

"အင်း အပေါင်ဆိုင်က မင်းဘိုးအေတွေက ဒါမျိုးရလိမ့်မယ်၊ မဖြစ်နိုင်တာတွေ ပြောမနေနဲ့ ပီတာ၊ လုပ်ရမှာ တစ်ခုပဲရှိတယ်၊ မင်းအဝတ်တွေ ချွတ်ပေါင်ပြီး ပြန်ရွေးရမယ်၊ ငါတော့ ဒါပဲ စဉ်းစားလို့ရတယ်"

အိုင်းဇက်က ဒီလိုပြောတော့ ဂျင်ဂျာက သူ့အဝတ် ပေးရတာ မဟုတ်လို့ ပျာပျာသလဲ ထောက်ခံလိုက်တယ်။

"အေး.. ဒါကောင်းတယ် ပီတာ၊ အဲသလို မျက်နှာကြီး စူပုပ်နေလို့ ဘာအကြောင်းထူးမှာလဲ၊ မြန်မြန်ပေါင်ပြီး အိုင်းဇက်အဝတ်တွေ ပြန်ရွေး၊ တို့ပိုက်ဆံရတော့ မင်းအဝတ်ရော ငါ့အဝတ်ရော ပြန်ယူနိုင်တာပေါ့ကွာ "

သူတို့ဟာ ပီတာကို တော်တော် နားချယူရတယ်၊ ပထမတော့ ပီတာက ဂျင်ဂျာ့ အဝတ်ပေါင်ပါလားလို့ လုပ်နေသေးတယ်၊ ဂျင်ဂျာက သူ့အဝတ်တွေက တော်တော် နွမ်းနေတာမို့ (၁၀) သျှီလင်လောက်ပဲ ရမယ်၊ ရွေးဖို့မလောက်ဘူး ပြောတော့မှ ပီတာက စိတ်ပေါက်ပေါက်နဲ့ သူ့ကိုယ်မှာ ဝတ်ထားတဲ့ အဝတ်တွေတစ်ခုစီ တစ်ခုစီ ဆွဲချွတ်ပြီး ကြမ်းပြင်ပေါ်ကို ကစဉ့်ကလျား ပစ်ချတယ်။ ပြီးတော့မှ ဂျင်ဂျာကို..

"ဟေ့ကောင်.. ငါ့အဝတ်တွေ ယူသွားပြီး နာရီဝက်အတွင်း ပြန်မရောက်ရင်တော့ ငါ့အကြောင်း သိစေ့မယ်၊ ကြားလား"

ဆိုတော့ အိုင်းဇက်က ပြုံးပြီး..

"ဒါအတွက်တော့ မပူပါနဲ့ကွာ၊ ငါသွားပေါင်မှာပါ"

"ဘာ.. ခင်ဗျားကြီး သွားမလို့ ဟုတ်လား၊ ခင်ဗျားမှာ အဝတ်မှ မရှိဘဲ၊ ဒီအတိုင်းသွားလို့ အရူးထောင် ပို့ပစ်ကြမှာပေါ့"

ပီတာကပြောတော့ အိုင်းဇက်က ဂျင်ဂျာကို လက်ညှိုးထိုးပြပြီး..

"ငါ သူ့အဝတ်တွေ ဝတ်သွားမှာပေါ့ကွ "



http://mmteashop.com

ဂျင်ဂျာက အပြင်းအထန် ငြင်းတယ်၊ သူပဲ သွားချင်တယ်၊ ဒါပေမဲ့ အိုင်းဇက်က သူ့ငွေစက္ကူတွေ သူ့အင်္ကျီလိုင်နာထဲ ဘယ်နေရာမှာ ထားတယ်ဆိုတာ သူပဲသိတာမို့ အဲဒီ ပိုက်ဆံထုတ်ပြီး အားလုံးပေါင်ထားတာတွေ သူ ရွေးခဲ့မယ်ဆိုတော့မှ သူတို့ သင်္ဘောပေါက် သွားကြပြီး ဂျင်ဂျာက သူ့အဝတ်တွေ ရှောရှောရှူရှူ ချွတ်ပေးလိုက်တယ်။

အသိုးကြီး ဂျင်ဂျာ့ အဝတ်တွေ ကျကျနန ဆင်ယင်ပြီး အေးအေးဆေးဆေးပဲ၊ သူ့ အိပ်ရာတွေကို သပ်သပ်ရပ်ရပ် ပြုပြင်နေသေးတယ်၊ အားလုံး စိတ်တိုင်းကျ လုပ်ပြီးတော့မှ သွားမယ်အလုပ်မှာ ဂျင်ဂျာက..

"မြန်မြန်ပြန်လာနော်၊ ကျုပ်တို့မှာ ခင်ဗျား မလာမချင်း အခုလိုပဲ အတွင်းခံဘောင်းဘီကလေးတွေနဲ့ပဲ နေရမှာ၊ သူစိမ်းတစ်ရံဆံ ဝင်လာရင် ရှက်စရာကြီး"

"စိတ်ချပါကွ၊ ငါက နမော်နမဲ့လူစား မဟုတ်ပါဘူး၊ မင်းတို့သာ ငါမရှိတုန်း အရက်ထွက်သောက်မနေကြနဲ့" လို့ ရိသွားသေးသတဲ့။

အိုင်းဇက်ထွက်သွားတာက (၉) နာရီလောက်ဆိုတော့ (၉) နာရီခွဲရင်ပဲ ဂျင်ဂျာနဲ့ ပီတာ နှစ်ကောင်သား မရိုးမရွ ဖြစ်လာကြပြီ၊ ဒါပေမဲ့ (၁၀) နာရီကနေ (၁၁) နာရီ ထိုးသည့်တိုင် အိုင်းဇက်ပေါ်မလာတော့ သူတို့ကိုယ် သူတို့ စောင်ကြီးတွေနဲ့ ပတ်ပြီး ပြတင်းပေါက် ကိုယ်တစ်ပိုင်း ထုတ်ထုတ်ပြီးတော့ မျှော်ကြတယ်။

ဒီလိုပဲ လည်ပင်းတဆန့်ဆန့်နဲ့ တစ်နေ့လုံး ဘာမှ မစားရ မသောက်ရဘဲ အိုင်းဇက်ကို မျှော်နေကြတာ၊ ညနေ (၄) နာရီ ထိုးလောက်တော့မှ သစ်ရွက် အကြီးကြီးတွေပါတဲ့ သစ်ကိုင်းနှစ်ကိုင်းကို ကိုင်ပြီး အိုင်းဇက်ပေါ်လာတော့တယ်။ ပြတင်းပေါက်ရောက်တော့ အိုင်းဇက်က သူတို့ကို မော့ကြည့်ပြီး ပြုံးပြတယ်။ ဒီတော့ ဂျင်ဂျာတို့က အိုင်းဇက် အဆင်ပြေလာပြီလို့ ထင်ကြတာပေါ့၊ ဒါပေမဲ့ တစ်နေ့လုံး အစာငတ်ပြီး နေရတာမို့ ဂျင်ဂျာက စိတ်ဆိုးမာန်ဆိုးနဲ့ သူများကြားသွားမှာလည်း စိုးတဲ့အတွက် အံကြိတ်ပြီး တိုးတိုးမေးတယ်။

"ဒီလောက်တောင် ကြာရအောင် ဘယ်သွား ဘာလုပ်နေလို့လဲ"

သို့သော် အိုင်းဇက်က ခပ်အေးအေး အသံနဲ့ပဲ..

"မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့နေလို့ပါကွ"



http://mmteashop.com

"အောင်မယ်.. ဟုတ်.. ဟုတ်သေးတော့ ခင်ဗျားက မိတ်ဟောင်းဆွေဟောင်းနဲ့ စားသောက်ပြီး အလွမ်းသယ်နေတုန်း ဒီကောင်တွေ ဘယ်လိုနေရသလဲ ကိုယ်ချင်းများ မစာကြည့်ဘူးလားဗျ"

ဂျင်ဂျာက ရန်တွေ့တော့ အိုင်းဇက်က အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။

"ဩော်.. မတွေ့ရတာ နှစ်ပေါင်းများစွာ ကြာပြီဆိုတော့လည်း ရှေးဟောင်း နှောင်းဖြစ်တွေ ပြောရင်းဆိုရင်းနဲ့ အချိန်ကုန်မှန်းမသိ ကုန်သွားတာကိုးကွ"

"ထားပါတော့.. ထားပါတော့၊ ငွေရော အဆင်ပြေခဲ့ရဲ့လား"

"ဟာ.. ငါ့အဝတ်တွေဆီတောင် ငါမရောက်ခဲ့ပါဘူးကွာ"

ပီတာဟာ ပြတင်းပေါက်အောက် လိမ့်ကျလုခမန်း ဖြစ်သွားတယ်။ သူ့ပါးစပ် အစွမ်းကုန်ဖြဲပြီး..

"ဘာပြောတယ် ကျုပ် အဝတ်တွေရော ဘယ်မှာ ထားခဲ့သလဲ၊ အပေါ်တက်ခဲ့ပြီး မြန်မြန်ပြောစမ်းဗျာ"

"ငါ.. မတက်တော့ဘူး ပီတာ ဒီကပဲ ပြောတော့မယ်၊ ငါဟာ တစ်သက်လုံး အပေါင်ဆိုင်ကို သွားတာ မဟုတ်တော့.. အပေါင်ဆိုင်ထဲကို ဝင်ရမှာ မရဲဘူး၊ ဒါကြောင့် ဘယ်လိုလုပ်ရရင် ကောင်းမလဲ စဉ်းစားနေတုန်း.."

"ရှည်လိုက်တာဗျာ၊ လိုရင်းမြန်မြန် ပြောစမ်းပါ၊ တကတည်း"

"ပြောပါ့မယ်ကွာ၊ အဲသလို စဉ်းစားနေတုန်း လူတစ်ယောက်က ဟောဒီ သစ်ရွက်ကြီးတွေပါတဲ့ အပင်တွေကို အဝတ်ဟောင်းနဲ့ လဲမယ်ဆိုလို့ ငါလဲလိုက်တယ်"

"ဘာဗျ.. ကျုပ်အဝတ်တွေကို ဒီသစ်ရွက်တွေနဲ့ လဲလိုက်တယ် ဟုတ်လား၊ ခင်ဗျား ရူးများနေသလား အိုင်းဇက်.."

အိုင်းဇက် ပြုံးပြုံးကလေး သစ်ခက်တွေကို ထောင်ပြပြီး -



http://mmteashop.com

"မင်းတို့အပေါ်မှာ ဘယ်လောက်ကြာကြာ နေရမယ်မှန်းမသိတော့ ကြာရှည်ခံမယ့် သစ်ရွက်တွေ မင်းတို့ဖင် ယင်လုံအောင်ဖုံးဖို့ ယူလာခဲ့တာလေ၊ တော်တော်များများသားပဲကွ၊ တစ်ခုကွဲ တစ်ခုပေါ့"

ဂျင်ဂျာနဲ့ပီတာဟာ ဒါကြောင့် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ရင်း အိုင်းဇက်ကို သူ့ထက်ငါ အလုအယက် ဆဲကြ ဆိုကြတယ်။ အိုင်းဇက်ကတော့ သူတို့အသံတွေကို အရေးမလုပ်ဘဲ ဂျင်ဂျာကို လက်ညိုးထိုးပြီး၊ စောင်ကို ပခုံးပေါ်ရောက်အောင် ဆွဲတင်ဖို့ နို့မို့ရင် အအေးမိနေလိမ့်မယ်လို့ ပြောလိုက်သေးတယ်။ နောက်ပြီး အိမ်ရှင် အဒေါ်ကြီးကို သူတို့အတွက် ညစာကော်ဖီနဲ့ ပေါင်မုန့် ပို့ခိုင်းမယ်လို့ ပြောပြီး အိမ်အောက်ထပ်မှာ အဒေါ်ကြီးနဲ့ စကားပြောနေသံ ကြားရတယ်"

မကြာမီ အဒေါ်ကြီးဟာ အိမ်ပြင်ထွက်လာပြီး ခေါင်းမိုးကို ကြည့်သလိုလိုနဲ့ စောင်ကြီးတွေ ခြုံထားတဲ့ သူတို့နှစ်ယောက်ကို မြင်တော့ ပါးစပ်ကို လက်ကိုင်ပဝါနဲ့ပိတ်ပြီး အိမ်ထဲပြန်ဝင်သွားတယ်။

အိုင်းဇက်ဟာ တစ်ညလုံး ပြန်မလာဘူး၊ နောက်နေ့တွေလည်း မလာတော့ဘူး၊ ဒီတော့မှ ဂျင်ဂျာတို့ဟာ သူတို့ အကျော့ခံလိုက်ရပြီဆိုတာကို သိသွားကြသတဲ့။ ပီတာကပြောတော့ အဘိုးကြီးအိုင်းဇက်ဟာ သူတို့ငွေတွေကို စကတည်းက အိပ်ရာအောက်မှာ ထားတာ၊ သူသွားခါနီး အိပ်ရာလိပ်ကို စိမ်ပြေနပြေ ပြုပြင်နေကတည်းက အိပ်ရာခင်းအောက်က ငွေတွေကို နှိုက်ယူနေတယ်ဆိုတာကို စောစောက စဉ်းစားမိဖို့ ကောင်းသားတဲ့။

အိုင်းဇက်ဟာ သူကိုယ်တိုင် မလာပေမဲ့ သူတို့ကို ပစ်မထားပါဘူး။ နောက်တစ်နေ့မှာ သူတို့ အဝတ်တစ်စုံစီနဲ့ တစ်နေ့စာ သုံးဖို့ စားဖို့ နှစ်သျှီလင်စီကို နေ့တိုင်း နေ့တိုင်း ပို့ပေးနေတယ်။ အိုင်းဇက်ကိုတော့ သူတို့ အဲဒီနေ့ကစပြီး ကတည်းက မတွေ့ လိုက်ရတာ ပုလဲနက်သင်္ဘော နောက်တစ်ခေါက် ပြန်ထွက်တော့မှပဲ သူတို့သင်္ဘောပေါ်မှာ ဆုံကြရတော့တယ်။ အဲဒီတော့ သူတို့ အပ်ထားတဲ့ ငွေထဲက ကုန်းပေါ်မှာ ပေးကမ်းခဲ့သမျှတွေ နုတ်ပြီး ကျန်တာကို သင်္ဘောထွက်လို့ ပင်လယ်ထဲ နှစ်မိုင်လောက် ရောက်တော့ အားလုံးပြန်ပေးတယ် ဆိုပဲဗျ။ ဂျူးအဘိုးကြီး အိုင်းဇက်လန်းဟာ တကယ့်လူကောင်းကြီးပါပဲ။

* * *



http://mmteashop.com



http://mmteashop.com

## သောက်ပဟေ့ဆိုတော့

သင်္ဘောဆိပ်ကမ်း ညစောင့်အဘိုးအိုသည် ထင်းရှူးသေတ္တာဟောင်း တစ်ခုပေါ်တွင် ထိုင်လျက် ကမ်းကပ်ပြီးခါစ ပင်လယ်ကူး သင်္ဘောကြီးတစ်စင်းမှ ကုန်းပေါ်သို့ အထုပ်အပိုးများနှင့် လှုပ်လှုပ်ရွရွ တက်လာနေကြသော သင်္ဘောသားများအား ဆေးမရှိတော့သော သူ့ဆေးတံကို ခဲရင်း ငေးမော ကြည့်ရှုနေ၏။ ထိုစဉ် အရပ်ထောင်ထောင်မောင်းမောင်းနှင့် သင်္ဘောအရာရှိတစ်ဦးသည် သူ့အနီးဖြတ်သွားရင်း အဘိုးအို၏ ဆေးတံကိုကြည့်ပြီး ကရုဏာသက်စွာဖြင့် သူ့ဘောင်းဘီအိတ်ထဲမှ ဆေးဘူးတစ်ခုကို ထုတ်ပေးသွားလေ၏။

အဘိုးအိုက သူရလိုက်သော ဆေးဘူးပြားပြားကလေးကို နှစ်ခြိုက်စွာ ငုံ့ကြည့်ပြီး အနီးတွင် ထိုင်နေသော သူ့မိတ်ဆွေအား ..

ကိုယ်ကာယ ကြီးထွားသန်စွမ်းခြင်းနဲ့ စိတ်သဘောကြီးမား ကောင်းမွန်ခြင်းဟာ ဒွန်တွဲနေတတ်သကွယ့်။ ဒါပေမဲ့ ခြွင်းချက်ထားရမယ့် လူမျိုးတော့ ရှိတတ်တာပေါ့လေ။ ပတ်ဝန်းကျင်ကလည်း အများကြီး စကားပြောသေးတယ်။ စိတ်ထား ဘယ်လောက်ကောင်းပေမယ့် ပတ်ဝန်းကျင် မကောင်းလို့ ပြဿနာဖြစ်ရတာတွေလည်း ရှိသတဲ့။ ဥပမာဆိုပါတော့။ တို့အသိထဲကဆိုရင် "ဘီလ်ဘာတန်" ကို ကြည့်။ ဒီလူက အကောင်အထည်ကြီးမားထွားကျိုင်းသလောက် သဘောသကာယ ကောင်းတယ်။ သူ့ကျောပြင်ကြီးဟာ ဆိုရင် ကျွဲဝဝကြီးတစ်ကောင်ရဲ့ ကျောပြင်အတိုင်းပဲ။ လက်မောင်း တစ်ဖက်တစ်ဖက်ဆိုရင်လည်း သူများခြေ၊ သူများပေါင်လုံးလောက် ရှိတယ်။

အရပ် (၆) ပေ ကျော်ကျော် လေးလုံးခြောက်ဖက်ကြီး။ မျက်လုံးပြာပြာ ရွှေရောင်ဆံပင်၊ မုတ်ဆိတ်နဲ့ လူချော လူခန့်ကြီးလည်း ဖြစ်တယ်။ သူဟာ ဘယ်လောက် သဘောသကာယ ကောင်းသလဲဆိုရင် တော်ရုံတန်ရုံလူ သည်းမခံနိုင်တဲ့ သင်္ဘောမီးထိုးသမားတွေနဲ့တောင်မှ ပုလဲနံပသင့်တယ်။

သူဟာ 'အိုရင်းကင်း' (သမုဒ္ဒရာဘုရင်) ဆိုတဲ့ သင်္ဘောပေါ်မှာ ဂျင်ဂျာဒစ်၊ ပီတာရပ်ဆက်၊ ဆမ်စမောလ် တို့နဲ့အတူတူ အလုပ်လုပ်ခဲ့ပြီး၊ သူတို့သုံးယောက်နဲ့ အလွန်အမင်း ခင်မင်သွားတဲ့အတွက် ဘယ်နေရာမဆို တတွဲတွဲ။ ဟိုသုံးကောင် ရန်ဖြစ်



http://mmteashop.com

ရင်လည်း သူကပဲ ဖျန်ဖြေပေးရတယ်။ အဲ ဂျင်ဂျာတို့လူစုနဲ့ တစ်ခုပဲ ကွဲပြားတာက သူဟာ အရက် လုံးဝမသောက်တာပဲ။

အိုရှင်းကင်း သဘော်ပေါ်က (ခေတ္တအနား) ဆင်းလာကြတော့ ဂျင်ဂျာတို့နဲ့ အတူတူပဲ တစ်ခန်းတည်း လိုက်နေတယ်။ ညတိုင်း ဟိုသုံးယောက် အရက်ဆိုင်သွား ဂုင် သူလိုက်တာပဲ။ ဒါပေမဲ့ အရက်တော့ မသောက်ဘူး။ ဂျင်ဂျာတို့ အရက်တစ်ခွက်သောက်ရင် သူက လီမွန်နစ် (သစ်သီးရည်) တစ်ဘူးပဲ။ ဘီယာတောင် မသောက်ဘူး။ တစ်ညတော့ သူဟာ လီမွန်နစ် နှစ်ဆယ့်နှစ်ဘူး သောက်တဲ့အတွက် လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်ဘူး။ ဗိုက်ကြီးကယ်ပြီး လေးလံနေတယ်ပေါ့။ သည်တော့ သူတို့အထဲမှာ ဆေးဝါးနည်းနည်းပါးပါး တီးမိခေါက်မိတဲ့ ပီတာရပ်ဆက်က ဒီလို ဒီလို သစ်သီးရည်ကို တအားသောက်နေတာဟာ မကောင်းကြောင်း၊ အူသိမ် အူမတွေကို စားသွားတတ်ကြောင်း၊ အူပေါက်ထွက်သွားလျှင် သေတတ်ကြောင်း၊ ဘာညာနဲ့ ပြောတော့ ဘီလ်ဟာ ကြောက်လန့်သွားပြီး နောက်ညကျတော့ လီမွန်နစ် မသောက်ဝံ့တော့ဘဲ လက်ဖက်ရည် သောက်လိုက်၊ ကော်ဖီသောက်လိုက်နဲ့ နေပြန်တော့ ဒါမှ ပိုဆိုးသွားတယ်၊ တစ်ညလုံး မအိပ်တော့ဘူး။

ဒါနဲ့ နောက်တစ်ညကျတော့ ဘီလ်ဟာ ဘာမှ မသောက်တော့ဘဲ ဂျင်ဂျာတို့ဝိုင်းမှာ ငုတ်တုတ်ထိုင်ပြီး သူတို့ သောက်သရွေ့ ပိုက်ဆံကိုပဲ ရှင်းနေပြန်ပါရော။ ဒီတော့ ဟိုသုံးကောင်ဟာ သူ့ကို အားနာလာပြီး အရက်ကိုမှ အားရအောင် မသောက်တော့ဘဲ အိမ်ပြန်ခဲ့ကြရတယ်။ ရေချိန်မကိုက်ကြတော့ ကသိကအောက် ဖြစ်ကြရတယ်ပေါ့လေ။

ဒါကြောင့် နောက်တစ်နေ့ ညကျတော့ ဂျင်ဂျာက..

"ဘီယာလေး နည်းနည်းပါးပါး သောက်ပါလားကွ၊ ဒါက မူးတာမှ မဟုတ်ဘဲ၊ ရေငတ်ပြေပဲ"

ဒီတော့ ဘီလ်က ခေါင်းငိုက်စိုက်ချပြီး လေသံ မပွင့်တပွင့်နဲ့ -

"မလုပ်ပါရစေနဲ့ သူငယ်ချင်းရာ၊ ငါ ဘီယာတောင် မသောက်ခဲ့တာ ဆယ့်တစ်လ ရှိပြီ၊ သေခါနီး မိတ်ဆွေတစ်ယောက်က သူ့သေနေ့ လက်ဆောင်အဖြစ်နဲ့ ငါဘယ်တော့မှ အရက်မသောက်ပါဘူး ဆိုတဲ့ကတိတောင်းလို့ ငါပေးလိုက်ပါတယ်ကွာ၊ ဒါကြောင့်ပါ"



http://mmteashop.com

ဒီလို တောင်းတောင်းပန်ပန် ပြောသော်လည်း ဂျင်ဂျာက -

"ဒါတော့ကွာ၊ ကိုယ့်ကျန်းမာရေးအတွက် များများမဟုတ်တောင် တစ်ခွက် တစ်ဖလား လောက်တော့ သောက်သင့်တာပေါ့၊ ဒါနဲ့ နေပါဦး၊ မင်းသေခါနီး မိတ်ဆွေက ဘာကြောင့် အဲဒီကတိ တောင်းရတာလဲ၊ သူမရှိတော့မှ မင်းတစ်ယောက်တည်း အရက်သောက် ကျန်ရစ်တာကို မနာလိုလို့လား"

ဘီလ်က ပြုံးစနဲ့နဲ့လေးနဲ့ ခေါင်းယမ်းပြီး..

"မဟုတ်ဘူးကွ၊ တခြားအကြောင်း ရှိလို့ပါ"

ဒီတော့ ဂျင်ဂျာက မခံချင်ဖြစ်ပြီး..

"ဟင်.. မင်းဟာက မဟုတ်သေးပါဘူး ဘီလ်ရာ၊ အခု ကိုယ်နဲ့ အတူရှိနေတဲ့ သူငယ်ချင်းတွေ စကားတော့ နားမထောင်၊ မရှိတော့တဲ့ မိတ်ဆွေအတွက် ကတိတော့ စောင့်ထိန်းနေရတယ်လို့ပဲ၊ ဒီလိုဆိုတော့ မင်းဟာ ငါတို့ကို သေသွားတဲ့ လူလောက် ဂရုမစိုက်ဘူးဆိုတဲ့ သဘောပေါ့ ဟုတ်လား"

ဒီတော့ ဘီလ်က တောင်းပန်ရှာတယ်။

"ဟာ.. မဟုတ်ပါဘူးကွာ"

"ဟုတ်တယ်ကွာ"

ဂျင်ဂျာက ခပ်ထွေထွေနဲ့ စိတ်လိုက်မာန်ပါ ပြောတော့ ဆမ်က ကြားဝင်ပြီး..

"ဒီလိုပါ ဘီလ်ရ၊ တို့ဆန္ဒက မင်းကို တို့နဲ့ ခွက်ပြိုင်သောက်ရမယ်လို့ မဆိုလိုပါဘူး၊ စကားစမြည်လေး ပြောကောင်းရုံလောက် နည်းနည်းပါးပါးလုပ်ဖို့ သဘောပါ"

ဒါပေမဲ့ ဘီလ်က ခေါင်းကို လေးလေးကြီးခါပြီး..

"နည်းနည်းပါးပါးမှ သောက်လို့ကို မဖြစ်လို့ပါ သူငယ်ချင်းတို့ရာ၊ ငါက အရက်သောက်လိုက်ရင် ချက်ချင်း ခေါင်းထဲ ရောက်ရောက်သွားတတ်လို့ပါ"

ဂျင်ဂျာက..



http://mmteashop.com

"ဩော်.. မင်းက မူးတတ်တာကို ပြောသလား၊ အရက်ပဲကွ မူးချင်လို့ သောက်တဲ့ဥစ္စာ မူးပါစေပေါ့၊ ဘယ့်နှယ် ဟောဒီ ဆမ်တောင်မှ တစ်ည တော်တော်မူး သွားတော့ လမ်းမှာတွေ့တဲ့ ရဲတစ်ယောက်ရဲ့ ချိုင်းကြား ကလိသွားထိုး မိလို့လေ၊ ဟုတ်တယ် မဟုတ်လား ဆမ်.."

ဒီတော့ ဆမ်က..

"မဟုတ်က ဟုတ်ကတွေ လျှောက်ပြောမနေနဲ့ ဂျင်ဂျာရာ"

"အောင်မာ.. ဘာမဟုတ်ရမှာလဲ၊ ဒါကြောင့် အဲဒီညက အချုပ်ခံရပြီး နောက်တစ်နေ့မနက်မှာ ဒဏ်ငွေဆယ်ပေါင် ဆောင်ခဲ့ရတာ ငါကောင်းကောင်းကြီး မှတ်မိတယ်ကွ"

"ဟ.. ငါ ဒဏ်ငွေဆယ်ပေါင် ဆောင်ခဲ့ရတာက ရဲကို ကလိထိုးလို့ မဟုတ်ပါဘူးကွ၊ လက်သီးနဲ့ ထိုးလို့ဟေ့၊ ဘယ့်နှယ် မိန်းမလို မိန်းမရ ရဲကို ကလေးလို ကလိထိုးရမယ်လို့ မင်းပဲ ကြုံကြုံဖန်ဖန် ပြောတတ်တယ်။ အခုမှပေါင်းရတဲ့ တို့မိတ်ဆွေသစ် ဘီလ်ကို ယုန်ထင် ကြောင်ထင် ဖြစ်ကုန်အောင် မဟုတ်တယုတ်တွေ မပြောနဲ့ကွ၊ ငါလားကွ ရဲကို ကလိထိုးမယ့် လူစား၊ ကလိထိုးလို့ ဘာအကျိုးရှိမှာလဲ"

ဆမ်က သူ့ထုံးစံအတိုင်း လေရှည်ကြီးနဲ့ ပြောနေတော့ ဂျင်ဂျာက သူ့လက်ညှိုး နှစ်ချောင်းကို သူ့နားပေါက်ထဲ ထိုးပိတ်ထားလိုက်တယ်။

ဒီတော့ ပီတာက..

"ထားပါတော့ ဆမ်ရာ.. ထားပါတော့၊ မဟုတ်ရင်လည်း ပြီးတာပဲ၊ နားပူနားဆာ တော့ မလုပ်ပါနဲ့၊ တကယ်တော့ ရဲဆိုတဲ့ ဟာမျိုးဟာ ကလိထိုးဖို့လည်း မကောင်းပါဘူး၊ လက်သီးနဲ့ထိုးလည်း အန္တရာယ်များပါတယ်၊ နောက်.. ဘယ်လိုမှ မထိုးမိအောင် သတိထားပေါ့"

လူတတ်ကြီး လုပ်လိုက်ပြန်တော့ ဆမ်က မကျေနပ်ဘဲ မျက်စောင်း တခဲခဲ လုပ်နေဆဲ ဂျင်ဂျာက ဘီလ်ကို ဆွယ်စကားပြောပြန်တယ်။

http://mmteashop.com

"နည်းနည်းပါးပါးတော့ မင်းမမူးနိုင်ပါဘူးကွာ၊ မူးလည်း ဘာဖြစ်ရမလဲ၊ တို့တစ်တွေ ဝိုင်းပြီး ထိန်းမှာပေါ့"

ဘီလ်က ခေါင်းခါပြန်တော့ ဂျင်ဂျာက သူတို့ကို မချစ်လို့ မခင်လို့ ရိပြန်ရော၊ ဆမ်နဲ့ ပီတာကလည်း ဂျင်ဂျာဘက်က ဝိုင်းပြီး ထောက်ခံတယ်။

မင်းကလည်း တို့ကို ဟိုသေသွားတဲ့ လူလောက်မှ ဂရုမစိုက်ဘူးလား ဘာလားပေါ့။ ဒီတော့မှ ဘီလ်ဟာ သူတို့ကို အရှုံးပေးပြီး ပိုင့်ပုလင်းလေး တစ်လုံးနဲ့စတယ်၊ ဒီတော့လည်း သူတို့ဟာ ဘီလ်သောက်ပုံကြီးကို ကြည့်ပြီး အံ့သြရတယ်။ ဘီလ်ဟာ တစ်ပိုင့်ကနေ သုံးလေးပိုင့်ကို ရေသောက်သလို သောက်ပစ်ပြီးတဲ့နောက် မူးပြီး သီချင်းတွေဘာတွေ ဆိုလိမ့်မယ်လို့ သူတို့က ထင်ကြပေမယ့် ဘီလ်ဟာ ဘာမှမဖြစ်ဘူး၊ နားရွက်ကလေးတောင် နီရောင် သမ်းမလာဘူး။

ဒီတော့ ဂျင်ဂျာက ပြုံးပြီး ဘီလ်ကို ..

"ကိုင်း.. တွေ့ပြီလား၊ မင်းဟာ အချိန်ကောင်း အခါကောင်းတွေကို အလဟဿ ဖြုန်းတီးပစ်ခဲ့တယ် ဆိုတာလေ"

ဘီလ်က မုန်ကြောင်းဝန်ခံပြီး ခေတ္တ အပြင်ထွက် လမ်းလျှောက်ရင်းနဲ့ နောက်တစ်ဆိုင် ပြောင်းသောက်ကြပြန်တယ်။ အဲဒီဆိုင်မှာ သုံးပုလင်းလောက် ကုန်သွားတော့ သူ့ကို မသောက်ဖို့ ကတိတောင်းသွားတဲ့ ကွယ်လွန်သူကို ပျစ်ပျစ်နစ်နစ် ဆဲတယ်။ ဒီတော့ သူနည်းနည်း 'ထွေ' လာပြီဆိုတာကို ဂျင်ဂျာ သတိပြုမိလာပြီ။

နောက် ပုလင်းကြီးတစ်လုံး အကုန်မှာ ဘီလ်က သူ့ဆေးတံကို မီးညှိဖို့ ယမ်းမီးခြစ်ကို ခြစ်တယ်။ မီးခြစ်က မီးမစွဲဘူး၊ ဒီတော့ မီးခြစ်ကို အောက်ပစ်ချလိုက်ပြီး ..

"အသုံးမကျတဲ့ မီးခြစ်၊ ယမ်းမီးခြစ်ဆို ငါဘယ်တုန်းကမှ မကြိုက်ဘူးကွ"

ဒီတော့ ဂျင်ဂျာက မီးခြစ်ကို ကုန်းကောက်ပြီး ဘီလ်ကို လှမ်းပေးရင်း..

"မင်း သေသေချာချာ မခြစ်လို့ပါကွာ၊ မင်း မခြစ်တတ်လို့ပါကွာ၊ မီးခြစ်က ကောင်းပါတယ်၊ ဘာမှ မဖြစ်ပါဘူး"



http://mmteashop.com

အဲဒီမှာ ဘီလ်ဟာ လျှပ်တစ်ပြက် လျင်မြန်ခြင်းနဲ့ ဂျင်ဂျာရဲ့ ပါးကို သူ့ကျွဲခွာလို လက်ကြမ်းကြီးနဲ့ ဖြန်းခနဲ ပစ်ရိုက်လိုက်ပြီး ..

"အဲဒါမှတ်ထားကွ၊ ငါက မကောင်းပါဘူးဆိုတာ ကောင်းချင်ဦး"

သူ့ရိုက်ချက် ပြင်းလွန်းလွန်းလို့ ဂျင်ဂျာဟာ အရုပ်ကြိုးပြတ် ကုလားထိုင်ပေါ်က လွင့်ကျသွားတယ်။ ပီတာနဲ့ ဆမ်ကလည်း ရုတ်တရက် မမျှော်လင့်တာ ဖြစ်လေတော့ ကြက်သေသေပြီး ဘာလုပ်ရမှန်းမသိ၊ နောက်မှ ကြမ်းပြင်ပေါ်က ဂျင်ဂျာကို စိတ်မကောင်းခြင်း များစွာနဲ့ တွဲထူပေးလိုက်ကြတယ်။ ဂျင်ဂျာဟာ တုန်တုန်ယင်ယင်နဲ့ ဖုတ်ဖက်ခါ ထလာတယ်။ ဘီလ်က ဘာမှ အရေးမထားဘဲ..

"သူ့ဟာသူ ထားလိုက်စမ်းပါကွာ၊ ဒါမှ နောက်တစ်ခါ ငါ့ကို ဆန့်ကျင်ဘက် မပြောဝံ့မှာ၊ လာကြ နောက်တစ်ဆိုင် ပြောင်းသောက်ကြမယ်၊ ဒီဆိုင်က လူတွေမျက်နှာ ငါမကြိုက်ဘူး"

ဆမ်နဲ့ပီတာဟာ ဘီလ်နောက်ကို ကုပ်ချောင်းချောင်းကလေးတွေနဲ့ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး ပါသွားကြတယ်။ ဂျင်ဂျာရဲ့ အခြေအနေတောင် လှည့်မကြည့်ဝံ့ကြတော့ဘူး။ တော်ကြာ သူတို့နှစ်ယောက် အာဏာဖီဆန်မှုနဲ့ ဆော်လာဘန်တေးတာ ခံနေရမှာ စိုးတာကိုး။ ဒါပေမဲ့ ဂျင်ဂျာက နောက်တော်ပါးက မျက်နှာမှာ လက်ကိုင်ပဝါလေးအုပ်လို့ လိုက်လာရှာတယ်။

နောက်တစ်ဆိုင်ရောက်တော့ ဘီလ်က ဆမ်ကို လှမ်းပြီး..

"ဒီတစ်ခါ မင်းရှင်းရမယ့် အလှည့်ပဲ ဆမ်၊ ဘာမှာမလဲပြော"

"ဘီယာ လေးပုလင်းပေးဟာ ကလေးမ"

ဆမ်က ကောင်တာက ကလေးမကို လှမ်းပြောလိုက်တော့ ဘီလ်က ဆမ်ဘက် ဖျတ်ခနဲ လှည့်လိုက်ပြီး..

"ဘာပြောတယ် .. ဘီယာဟုတ်လား .. ဒါ ဘီယာသောက်ချိန်လား "

"အား.. အား.. မှားသွားလို့ပါ၊ ဝီစကီ ပြောတာပါ"



http://mmteashop.com

ဆမ်က အမြန် ပြင်ပြောရှာပါတယ်။

ဒါပေမဲ့ ဘီလ်က -

"စကတည်းက ဒါကို ပြောတာ မဟုတ်ဘူး၊ ကိုင်းကွာ ကူလီကူမာ ပြောချင်ဦး ဟောဒီပါးစပ်"

ဆိုပြီး ဆမ်ရဲ့ပါးစပ်ကို လက်ပြန်ရိုက်ချလိုက်တာ ဆမ်ခမျာ ခွေးခြေပေါ်က ကျွမ်းပြန် ကျသွားရှာတော့တယ်။ ဒီတော့ ထိုင်တောင် မထိုင်ရသေးတဲ့ ပီတာဟာ ဆမ်ရဲ့ ပက်လက်လဲနေတဲ့ ခန္ဓာကိုယ်ကို ကုန်းပဲထူရတော့မလို၊ ထွက်ပဲ ပြေးရတော့မလို ဖြစ်နေတုန်း ဆမ်ဟာ သူ့ဟာသူ လဲကျရာက ထလာပြီး၊ အပြင်ဘက်မှာ ရပ်နေတဲ့ ဂျင်ဂျာကို ဖြစ်ကြောင်းရဲ့ကုန်စင် ပြောဖို့ရာ ထွက်သွားတော့ ဘီလ်ဟာ မျက်ထောင့်နီကြီးနဲ့ လိုက်ကြည့်နေသေးတယ်။

နောက်ပြီးတော့မှ သူ့လက်ကြီးနဲ့ ကြောင်စီစီဖြစ်နေတဲ့ ပီတာ့လည်ပင်းကို ဖက်ပြီး ပီတာရဲ့ ပခုံးပေါ်မှာ သူ့မျက်နှာကြီးအပ်ပြီး တအီးအီးနဲ့ ငိုကြီးချက်မ ပြောနေတယ်။

"ငါ့မှာ မိတ်ကောင်း ဆွေကောင်းဆိုလို့ မင်းတစ်ယောက်ပဲ ကျန်တော့တယ် ပီတာ၊ ဟိုကောင်တွေ ငါ့ထားပြီး သွားကုန်ကြပြီ"

အရက်ဆိုင် တစ်ခုလုံးမှာ သောက်စားနေကြတဲ့ လူအားလုံးဟာလည်း ဘီလ်ကြောင့် ကသိကအောက်တွေ ဖြစ်ကုန်ကြပြီး ငြိမ်နေကြတယ်။ အဲဒီမှာ ဘီလ်ရဲ့ ငိုသံကြီးကို တာရှည် သည်းမခံနိုင်တော့ဘဲ အရက်ရောင်းသမားက အနားလာပြီး ဘီလ်ကို အပြင်ထုတ်သွားဖို့ ပီတာကို ပြောတယ်။ ပီတာက သူ့မိတ်ဆွေ မူးနေလို့ပါ၊ နဂိုစိတ်ရင်းက အင်မတန် ကောင်းပါတယ်လို့ တောင်းပန်တာ မရဘူး။

"ဟေ့.. သွားဆို သွားကြကွာ၊ ကြာရင် မင်းတို့နာမယ်"

"အောင်မာ.. မင်းသာ ထွက်သွားကွ မင်းမျက်နှာကြည့်ရတာ တစ်ခါက ငါ့အိမ်မှာ ဖျားပြီးသေသွားတဲ့ ခွေးမသာလေးနဲ့ တစ်ထေရာပဲ"

အဲဒီလို ပြောပြောဆိုဆို ဘီလ်ဟာ အနားမှာ ရှိတဲ့ ပုလင်းတစ်လုံး ကောက်ကိုင်ပြီး အရက်ရောင်းသမားရဲ့ ငယ်ထိပ်ကို တီးထည့်လိုက်တယ်။ ဒီမှာတင် တစ်ဆိုင်လုံး ထပြီး

http://mmteashop.com

ဘီလ်ကို ဝိုင်းဆော်ကြ နက်ကြနဲ့ ဝရုန်းသုန်းကားတွေ ဖြစ်ကုန်တော့တာပေါ့။ အဲဒီလို အခြေအနေမလှတော့ ဆိုင်ရှင်မန်နေဂျာက တံခါးပေါက်ရောက်အောင် ပြေးထွက်သွားပြီး၊ ဝီစီကို တအားကုန်းမှုတ်ပြီး ရဲကို ခေါ်ရတော့တယ်။ အဲဒီတုန်းမှာ ဘီလ်ဟာ ဘယ်ရောညာရော မည်းမည်းမြင်ရာ စွတ်ထိုးတော့ ထန်းသီးလုံးလောက်ရှိတဲ့ လက်သီးကြီးတွေဒဏ် မခံနိုင်ကြဘဲ ခွေခနဲ ခေါက်ခနဲ လဲကုန်ကြတယ်။ အဲဒီအထဲမှာ ပီတာရပ်ဆက်လဲ ပါတာပေါ့။ မကြာခင်ဘဲ ပြေးလာကြတဲ့ ရဲဖိနပ်သံတွေကြားတော့ ဘီလ်ဟာ လဲနေတဲ့ ပီတာရဲ့ လက်မောင်း တစ်ဖက်ကို တရွတ်ဆွဲပြီး၊ အပြင်ဘက် ပြေးအသွား။ ရဲမျှော်ရင်း ဆိုင်မှာပိတ်နေတဲ့ မန်နေဂျာရဲ့ ကျောပြင်ကို ဖြောင်းတင် နက်လိုက်တယ်။ အဲဒီအချိန်မှာ မန်နေဂျာဟာ သူ့ဝီစီကို လည်ပင်းကြိုးနဲ့ ဆွဲထားလို့သာပေါ့၊ ပါးစပ်မှာ မှုတ်ရင်း တန်းလန်းသာဆိုရင် သူ့ဝမ်းလျား မှောက်လဲကျပြီး မြေကြီးနဲ့ ဆောင့်တဲ့အရှိန်ကြောင့် ဝီစီဟာ ပါးစပ်ကဝင်ပြီး တင်ပါး အောက်ဆုံးနှစ်ချကြားက ကျည်ဆန်လိုတောင် ထွက်သွားနိုင်တယ်။

ဘီလ်ဟာ ပီတာကို လဲကျနေတဲ့ ဆိုင်ရှင်မန်နေဂျာရဲ့ ကျောပေါ်က တရွတ်ဆွဲခေါ်လာပြီး၊ အပြင်ဘက်မှာ အသင့်တွေ့ရတဲ့ မြင်းလှည်းတစ်စီးပေါ် အပြေးအလွှား တက်ပြီး ပီတာကို ပွေ့တင်လိုက်တယ်။

ဒါမျိုး ကြုံနေကျဖြစ်တဲ့ မြင်းလှည်းဆရာကလည်း ချက်ချင်းပဲ မြင်းကို ဒုန်းစိုင်းတော့တယ်။ အဲဒီအခါမှာ ဘီလ်ဟာ မြင်းလှည်းအိမ်ထဲ မသက်မသာ ခွေခွေလေး ဖြစ်နေတဲ့ ပီတာကို ငုံ့ကြည့်ပြီး၊ သူ့လက်တွေ အယားမပြေသေးတဲ့ ပုံနဲ့..

"ဟဲ့.. ကောင်လေး ဒီထဲမှာတော့ နေရာက ကျဉ်းလို့ ချမ်းသာပေးထားပါဦးမယ်၊ အပြင်ဘက်ရောက်တော့မှ အပြတ်နှာမယ် .. ဒါပဲ"

ဘီလ်က ဘာမကျေမနပ်မှန်း မသိ။ မဆီမဆိုင် အဲဒီလို ကြိမ်းမောင်းနေတော့ ပီတာက ကြောက်မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့..

"ဟာ.. မင်းကလည်း ငါက မင်းကို ဘာလုပ်လို့လဲကွ"

"စကားရှည်မနေနဲ့။ ငါဆော်ရတာ အားမရသေးဘူး၊ ရဲတွေလာလို့ ဒါကြောင့် မင်းကို နောက်ဆုံး အစာပိတ်နိုင်ဖို့ ဆွဲယူလာခဲ့တာ"



http://mmteashop.com

ဒီအချိန်မှာ ဘီလ်မျက်လုံးတွေဟာ တစ်မျိုးကြီးပဲ၊ ဘာမှ အသိဉာဏ် ရှိတဲ့ပုံလည်း မပေါ်တော့ဘူး။ သားရဲတိရစ္ဆာန်မျက်စိတွေလို ဖြစ်နေတယ်။ ဒါကြောင့် ပီတာဟာ ပြောနေလို့လည်း အကျိုးထူးတော့မှာ မဟုတ်တဲ့အတွက် ငြိမ်လိုက်လာခဲ့တယ်။ အဲ.. ကမ်းနား လူခြေပြတ်တဲ့ ဖောတံတားတစ်ခုနားရောက်တော့ ဘီလ်က ပီတာကို မြင်းလှည်း ပေါ်က ဆွဲချပြီး ကျကျနန စိတ်ရှိဖြေတော့တယ်။ ပီတာ အင်္ဂလန် တောင်ပိုင်းမှာရှိတဲ့ သူ့အမေကို တရင်း ဘီလ်ပြုသမျှ နရတော့တယ်။ ဆော်လို့ တော်တော် အားရတော့မှ ဘီလ်က ပီတာကို မြင်းလှည်းခပေးစေပြီး အရက်ဆိုင်တစ်ဆိုင်ကို ခေါ်သွားပြန်တယ်။ အဲဒီနောက်တော့လည်း သူသောက်သမျှကို ပီတာကပဲ ဒကာခံရတယ်။

ည ဆယ့်နှစ်နာရီ သန်းခေါက်လောက်ရှိတော့မှ ဘီလ်ဟာ ကံဆိုးသူ ပီတာကို ကုပ်ကနေ ဆွဲမပြီး အိမ်ကို ပြန်လာတယ်။ အိပ်ခန်းထဲ ရောက်တော့ ပီတာကို နောက်ဆုံးပိတ် တစ်ချက်လောက် နှိပ်ဦးမလို့ လက်သီးရွယ်သေးတယ်။ ဒါပေမဲ့ သူ့ကိုယ်သူ မဟန်နိုင်တော့တာနဲ့ အိပ်ရာထဲ လဲကျသွားတယ်။

အဲဒီမှာ သူတို့နှစ်ယောက်အိပ်တဲ့ ခုတင်ကြီးပေါ် ဘီလ်က ကန့်လန့်ကြီး ဖြစ်နေတော့ ပီတာဟာ တွန်းပြု မဖယ်ရှားဝံ့တာနဲ့ စောစောက ပြန်ရောက်နှင့်ပြီး ဒဏ်ရာဒဏ်ချက်တွေနဲ့ ဒေါင်းနေကြတဲ့ ဂျင်ဂျာနဲ့ ဆမ်တို့ အိပ်ရာထဲမှာပဲ ကျပ်ကျပ်တည်းတည်း ဝင်လှဲလိုက်ရတော့တယ်။

မနက်မိုးလင်းပြီး နေတော်တော်မြင့်လို့ သူတို့သုံးယောက်သား အိပ်ရာက နိုးကြတော့ ဘီလ်ကို ကြောင်စီစီမျက်နှာနဲ့ သူ့အိပ်ရာပေါ်မှာ ငုတ်တုတ်ထိုင်နေတာ တွေ့ရတယ်။ သူတို့ဟာ ကြောက်ရွံ့မပြောဘဲ ကြောင်ရှေ့ရောက်တဲ့ ကြွက်ကလေးတွေလို တုတ်တုတ်မျှ မလှုပ်ဝံ့ကြဘူးလေ။ ဒါပေမဲ့ ဘီလ်ကတော့ ဘာမှမဖြစ်ခဲ့သလို ခါတိုင်း နံနက်ခင်းများလိုပဲ သူတို့ကို ပြုံးပြရင်း..

"ဟကောင်တွေ.. မင်းတို့က တစ်အိပ်ရာတည်းမှာ သုံးယောက်သား စုပြုံပြီး ဘာလုပ်နေကြတာလဲ"

"ချမ်းလို့ပါဗျာ"

ဂျင်ဂျာက အကြောက်မပြေသေးဘဲ ညောင်နာနာအသံနဲ့ ပြောတယ်။



http://mmteashop.com

"ဟာ.. ချမ်းတယ် ဟုတ်လား၊ ငါ့ကိုယ်မှာတော့ ချွေးတွေရွှဲလို့၊ ရင်ထဲလည်း ပူလိုက်တာ လွန်ပါရော၊ ငါ့လည်ချောင်းတွေ ခြောက်ပြီး နာနေတယ်၊ ဘယ်အချိန် ဘယ်လို အိမ်ပြန်ရောက်မှန်းတောင် မသိဘူး၊ ဒါနဲ့ နေပါဦး၊ ညက တော်တော် ပျော်ခဲ့ကြဟန် တူတယ်"

ဂျင်ဂျာက အိပ်ရာထဲက ခေါက်ခနဲထထိုင်ပြီး ဘီလ်ကို စေ့စေ့ကြည့်ရင်း..

"မင်းသာ ပျော်ချင်ပျော်မယ်၊ တို့ကတော့ မပျော်ဘူးကွ"

ဘီလ်ဟာ ဂျင်ဂျာရဲ့ မျက်နှာတစ်ခြမ်းမည်းကြီးကို ကြည့်ပြီး အထိတ်တလန့်နဲ့..

"ဟ... ဘုရားရေ.. ဂျင်ဂျာ မင်းမျက်နှာ ဘာနဲ့ ခိုက်မိတာလဲ၊ ကားပေါ်က လိမ့်ကျတာများလား ဟင်"

ဂျင်ဂျာက ဘာမှပြန်မပြောဘူး။ ဆမ်နဲ့ ပီတာကလည်း ဂျင်ဂျာရဲ့ ဘေးတစ်ဖက် စီမှာ ခုတင်ပေါ်က ခြေတွဲလောင်းချ ထိုင်လိုက်ကြတယ်။ ဘီလ်ဟာ သူတို့မျက်နှာ အသီးသီးက ဒဏ်ရာဒဏ်ချက်တွေကို ကြည့်ပြီး အိပ်မက်ဆိုးကြီးက လန့်နိုးလာတဲ့လူလို ...

"ဟယ်.. ဆမ်၊ မင်းပါးစပ်ကြီးလည်း ဖူးဖူးရောင်လို့ပါလားဟင်။ ဘယ်လိုတွေ ဖြစ်ကြတာတုန်းကွာ"

ဆမ်က အံသွားတွေကို တကျွိကျွိမြည်အောင် ကြိတ်ပြီး...

"ဘာဖြစ်ရမှာလဲ၊ ဂျင်ဂျာဖြစ်သလို ဖြစ်တာပေါ့"

လို့ ဆောင့်ကြီးအောင့်ကြီး ပြန်ပြောတယ်။ ဒီတော့မှ ဘီလ်က မျက်နှာကြီး ညိုးကျသွားတော့တယ်။ ပြီးတော့ လေသံသဲ့သဲ့နဲ့ ..

"မင်း.. မင်းတို့ ငါ့ကြောင့် ဖြစ်ကြတာလားဟင် "

"ဒါတော့ မင်းအသိဆုံး နေမှာပေါ့ကွ၊ မသိချင်ဟန်ဆောင်နေလည်း ဖြစ်တာပေါ့"

"အို.. ကျွတ်ကျွတ်.. ကျွတ်ကျွတ် ငါတကယ်မသိပါဘူး သူငယ်ချင်းတို့ရာ၊ ဒါပေမဲ့ ငါအရက်သောက်ရင် ဒီလိုဖြစ်မယ် ဆိုတာတော့ သိတယ်။ အရက်ကလေးတစ်ပေါက်



http://mmteashop.com

ငါ့ဝမ်းထဲရောက်ရင် ငါဟာ အင်မတန် သွေးဆိုးလွန်းလို့ ငါ့အကြောင်းသိတဲ့ ကွယ်လွန်သူ မိတ်ဆွေကို ဒီတစ်သက် အရက်မသောက်တော့ပါဘူးလို့ ကတိပေးပြီး ဖြတ်ခဲ့တာ၊ ငါအရက်သောက်တုန်းကဆိုရင် ငါ့မှာ မိတ်ဆွေ သူငယ်ချင်းရယ်လို့ တစ်ယောက်မှ မရှိခဲ့ဘူး။ ခု မင်းတို့နဲ့တွေ့တာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရတာ။ ခုတော့ ရေစုန် မျှောပစ် သလို ဖြစ်ကြပြန်ပြီပေါ့"

"မင်း ဒီလိုအချိုးမျိုးနဲ့ အပေါင်းအသင်း မရှိဘူး ဆိုတာလည်း အံ့သြစရာ မရှိပါဘူးလေ"

ဂျင်ဂျာက ခနဲ့တဲ့တဲ့ ပြန်ပြောတော့ ဘီလ်က ဝိုသံပါကြီးနဲ့..

"ဒီလိုမပြောပါနဲ့ သူငယ်ချင်းရာ။ ဒါ ငါ့အပြစ် မဟုတ်ပါဘူး၊ အရက်ကြောင့်ပါ.. အရက်ကြောင့် ပါ"

လို့ ဝမ်းနည်းသံကြီးနဲ့ ပြောပြီး သူ့ခေါင်းသူ လက်သီးဆုပ်ကြီးတွေနှင့် တဖုတ်ဖုတ် ထုနေတော့တယ်။

"အေး.. ဘာကြောင့်ဖြစ်ဖြစ်၊ နောက်တစ်ခါတော့ ငါတို့က ဒါမျိုးထပ်ပြီး အလုပ်မခံနိုင်တော့ဘူးကွ"

ဂျင်ဂျာက သူ့ပျော့ကွက်ကို နင်းပြီး ခပ်မာမာနဲ့ ပြောတယ်။ ဒီတော့ ဘီလ်က..

"နောက်ဒီလို မဖြစ်စေရပါဘူးဗျာ၊ အာမခံပါတယ်"

"မင်းဟာမင်း အာမခံခံ မခံခံ၊ တို့ကတော့ မင်းကို ဆက်လက်ပြီး မပေါင်းသင်းနိုင်တော့ဘူး ဒါပဲ"

ဟု ဆမ်က မျက်နှာကြောတင်းတင်းနဲ့ ဝင်ပြောတယ်။ ဒီတော့ ပီတာကလည်း သူ့မျက်နှာက ဒဏ်ရာတွေကို လက်ဖျားလေးနဲ့ အသာစမ်းပြီး..

"ဒီဘဝ ဒီမျှနဲ့သာ တော်ပြီ မောင်ရေ့"

ဒီတော့ ဘီလ်ဟာ အလွန်စိုးရိမ်စွာနဲ့..



http://mmteashop.com

"ဟာ.. ဒီလိုတော့ မလုပ်ကြပါနဲ့ကွာ၊ မင်းတို့က စွန့်ပစ်လိုက်ရင် ငါ့ဘဝက ပိုဆိုးသွားမှာပါ၊ မင်းတို့နဲ့ပဲ ငါပျော်ပျော်ပါးပါး နေပါရစေ"

"ဟား.. မင်းလုပ်ပုံနဲ့ တို့ဘယ်လို ပျော်ပျော်ပါးပါး နေနိုင်တော့မှာလဲကွ၊ သွားစမ်းပါဦးကွ၊ မင်းဟာမင်း တစ်နေရာရာကို၊ တို့နဲ့တော့ မဖြစ်တော့ဘူး"

ဆမ်က နာကြည်းစွာ ပြောတော့ ဘီလ်ဟာ ခေါင်းကို စိတ်ပျက်လက်ပျက် ခါရင်း..

"မင်းတို့က ငါ့ကို သံယောဇဉ် ဖြတ်ကြပေမယ့် ငါက မင်းတို့ကို စွန့်ပစ်မသွားနိုင်ဘူး"

ဂျင်ဂျာက..

"အေး.. မင်းက တို့ စွန့်ပစ်မသွားရင်ဖြင့် တို့က သချိုင်းသွားရတော့မှာပဲ"

ဘီလ်က..

"ဒီလိုတော့ မပြောကြပါနဲ့ကွာ၊ ငါမူးလို့ ဖြစ်သွားတာပါ၊ ဒါကြောင့် ငါအစက မသောက်ပါရစေနဲ့လို့ ပြောပြောနေတာကို .."

ဒါလည်း ဟုတ်သားပဲ။ ဒီတော့ ပီတာက နည်းနည်း သနားစိတ် ပေါ်သွားပြီး ..

"ဒါဖြင့် မင်း အရက်ဖြတ်ထားတဲ့ ကတိ ပြန်စောင့်ထိန်း"

ဘီလ်က မပြုံးချင် ပြုံးချင်လေး ပြုံးပြီး..

"မလိုပါဘူးကွာ.. ငါယောကျ်ားပဲ၊ ကိုယ့်စိတ်ကိုယ် နိုင်အောင် ထိန်းနိုင်ရမယ်ပေါ့၊ ဒီည မင်းတို့ စောင့်ကြည့်ကြ၊ ငါလက်သန်းလေးကို ကြိုးနဲ့ချည်ထားမယ်၊ ဒါမြင်တိုင်း ငါ့စကားငါ သတိရနေအောင်"

ဆိုပြီး အိပ်ရာကထ မျက်နှာသစ်တယ်။ သူ ဒီလို လုပ်နေတုန်း ခံလိုက်ရလို့ အခဲမကျေဖြစ်နေကြတဲ့ ဟိုသုံးယောက်က ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။ ဘီလ် မျက်နှာသစ်ပြီး ပြန်လာတော့ ဂျင်ဂျာက ခပ်တည်တည်နဲ့..



http://mmteashop.com

"အေး.. ဒီလိုဆိုလည်း စမ်းကြည့်ကြသေးတာပေါ့၊ အရေးကြီးတာက ဟိုဆိုင်က မန်နေဂျာ ဘယ်လိုနေသေးသလဲ၊ ပထမ သွားစုံစမ်းရမယ်"

ဘီလ်က မျက်နှာကို သုတ်နေရာမှ ဆတ်ခနဲ ခေါင်းလှည့်ကြည့်ပြီး..

"ဘယ်ဆိုင်က မန်နေဂျာလဲကွ"

"ဘယ်ဆိုင်က ရှိရဦးမှာလဲ၊ ရဲတွေခေါ်တဲ့ ကျွဲခေါင်းအရက်ဆိုင်က မန်နေဂျာ ပေါ့ကွ၊ မင်းနောက်ကနေ တီးထည့်လိုက်တာ တို့လာခဲ့တော့ သူပြန် သတိမလည်သေးဘူး"

ဘီလ်ဟာ အိပ်ရာပေါ် စိတ်ပျက်လက်ပျက် ထိုင်ချလိုက်ပြီး ပါးစပ်က တညည်းညည်း တညူညူနဲ့ သူ့တစ်ကိုယ်လုံး မျက်နှာသုတ်ပဝါနဲ့ သုတ်နေတုန်း ဂျင်ဂျာက အဲဒီမန်နေဂျာ တံခါးဝမှာ လဲကျနေတုန်း သည့်ပြင်လူတွေ အနင်းခံရတာလည်း မနည်း၊ သေတောင်သေနိုင်တယ်လို့ ပြောသံကြားခဲ့တယ်၊ ဘာညာနဲ့ တွန်းတွန်းထိုးထိုး ပြောနေတော့ ဘီလ်ဟာ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေပြီး ဂျင်ဂျာက ဒီကိစ္စ သွားစုံစမ်း ပေးမယ်ဆိုတော့ ကျေးဇူးတင်ကြောင်း ပြောလိုက်ရတာလေ။ အမူးသမားရဲ့ နောင်တဟာ သနားစရာကို ကောင်းရော။

ဒီလိုနဲ့ ဂျင်ဂျာဟာ အိမ်ကထွက်သွားပြီး တစ်နာရီလောက် အကြာပြန်လာတော့ မျက်စိမျက်နှာ ပျက်နေလိုက်တာ။ လမ်းမှာ ရန်သူပေါင်းတွေနဲ့ တွေ့ခဲ့သလားတောင် အောက်မေ့ရတယ်။ သူ ရောက်ရောက်ချင်း ဘာမှမပြောနိုင်ဘူး။ ခုတင်ပေါ်မှာ ငူငူကြီး ထိုင်နေတယ်။ ဒီတော့ ဘီလ်က ကြာကြာ မအောင့်နိုင်တော့ဘဲ..

"ဘယ့်နယ်လဲ ဂျင်ဂျာ၊ အခြေအနေက.."

ငိုင်နေသည့် ဂျင်ဂျာက ဖျတ်ခနဲ လန့်သလို ဖြစ်သွားတယ်။ ပြီးတော့မှ ထိုင်ရာက အသာထလာပြီး ဘီလ်ရဲ့ ကျောကို တစ်ချက်နှစ်ချက် ပုတ်ရင်း သက်ပြင်းကြီး ချလိုက်တယ်။ ဒီတော့ ပီတာကလည်း စိုးရိမ်လာတဲ့ဟန်နဲ့..

"ဘာဖြစ်လာသလဲ ဂျင်ဂျာ"

"ကျွဲခေါင်းမန်နေဂျာတော့ ကြွသွားပြီ ထင်တယ်ကွ၊ ငါလည်း ဆိုင်ထဲ မရောက်ခဲ့ပါဘူး၊ အပြင်ကနေ အရိပ်အခြည် ကြည့်ခဲ့တာ ဆရာဝန် ဆေးအိတ်ဆွဲ



http://mmteashop.com

ပြန်ထွက်လာပုံနဲ့ လူတွေ ရုတ်ရုတ် ရုတ်ရုတ် ဝင်သွားကြပုံ ထောက်ရင်တော့ ကောင်တာ ဘီလ် လက်လွှဲသွားပြီနဲ့ တူတယ်၊ ဒီတော့ သူငယ်ချင်း အချိန်ရှိတုန်း မင်းလည်း ဝေးဝေးပြေးမှ ကောင်းတော့မယ် ထင်တယ်၊ လူသတ်မှုနော်၊ သေးသေး မထင်နဲ့"

"ဟာ.. ငါ့သာဆို တစ်စက္ကန့်တောင် မဆိုင်းဘူး"

ဆမ်က ပျာပျာသလဲ ဝင်ပြောတော့ ပီတာကလည်း..

"လူသတ်သမားအတွက် ပုန်းဖို့ ရှောင်ဖို့ အကောင်းဆုံးကတော့ လန်ဒန်မြို့ကြီးပဲ"

တကတည်း ဒီကောင်ကြီး ဝေးဝေး ပြေးစေချင်လို့ စီမံကိန်းချကြမှ ခွေးကောင် ပီတာက လွှတ်ခနဲ ပြောလိုက်တယ်။ ဂျင်ဂျာနဲ့ ဆမ်က သူ့ကို မြင်းကောင်းမောင်း ခွေးကျိုးကန့်လန့် လုပ်ရမလားဆိုနဲ့ မျက်နှာထားနဲ့ ကြည့်ကြ။ ဘီလ်ခမျာမှာတော့ ဘာမှ မကြည့်နိုင်တော့ဘူး။ မျက်နှာကို လက်ဝါးနှစ်ဖက်နဲ့ အုပ်ပြီး တဟင်းဟင်းနဲ့ သက်ပြင်းချနေရာက ပီတာပြောသလို လန်ဒန်တစ်နေရာမှာ ခိုနေလိုက်ဖို့ ဆုံးဖြတ်တယ်။

ဆမ်နဲ့ ဂျင်ဂျာက ဝေးဝေးပြေးဖို့ မည်သို့မျှ ပြောမရတော့။ သူ့ပါးသိုင်းမွေးတွေ မုတ်ဆိတ်မွေးတွေ ရိတ်လိုက်ရင် သူဟာ အသက်နှစ်ဆယ်လောက် ငယ်သွားမှာမို့ ဘယ်သူမှ မှတ်မိတော့မှာ မဟုတ်ဘူးတဲ့။ ဒါကြောင့် ညမှောင်မှ ဒီက အသာထွက်ပြီး လန်ဒန် ဟိုဘက်အစွန်မှာ သွားခိုနေရင်း သင်္ဘောပေါ် ပြန်တက်ဖို့ စောင့်မယ်လို့ ဆိုတယ်။

ဘီလ်ဟာ သူ့စကားနဲ့အညီ တစ်နေ့လုံး အခန်းထဲက ဘယ်မှ မထွက်ဘဲ မှောင်ခိုပြီး နေတယ်။ ဘာမှလည်း ထွက်မစားဘူး။ ည (၈) နာရီလောက်ကျတော့ အပြင်ကို ထွက်သွားကြတဲ့ ဟို (၃) ယောက်အနက်က ဂျင်ဂျာ ပထမဦးဆုံး ပြန်လာတယ်။ ဘီလ်များ ထွက်သွားပြီလားလို့ တံခါးရွက်ကို အသာဟပြီး ချောင်းကြည့်တော့ ဘီလ်ဟာ သူ့မျက်နှာက အမွေးအမျှင်တွေကို ပြောင်အောင် ရိတ်ထားပြီး ခုတင်ပေါ်မှာ ထိုင်နေဆဲပဲ။ မျက်နှာတစ်ခုလုံးလည်း ကိုယ့်ဟာကိုယ် ရိတ်နေမကျလို့ ဓားရှထားလိုက်တာ ဗရပွပဲ။ ဂျင်ဂျာက အခန်းထဲ ခြေဖျားထောက်လျှောက်လာပြီး ခပ်တိုးတိုး ပြောတယ်။

"ဒီထက် နည်းနည်းမှောင်သွားရင် မင်းကို ညီအစ်ကိုချင်းတောင် မှတ်မိတော့မှာ မဟုတ်ဘူး ဘီလ်၊ မင်း ဘယ်ကိုသွားမယ် စိတ်ကူးသလဲ"

ဘီလ်က ခေါင်းခါပြရင်း..



http://mmteashop.com

"ငါ ဘယ်သွားမယ်ဆိုတာ သူများ ပြောထားလို့ ဘယ်ဖြစ်မလဲကွ၊ လူသူ မသိအောင် ပုန်းနေမယ့်ကိစ္စကြီး၊ အရေးကြီးတာက ငါ့မှာ ပိုက်ဆံ နည်းနေတယ်၊ ခြောက်ပေါင်လောက်ပဲ ရှိတော့တယ်၊ ဒီလောက် ငွေနဲ့ ဘယ်ကြာကြာ ပုန်းနေနိုင်မှာလဲ"

"ချွေချွေတာတာသုံးရင် ဖြစ်ပါတယ်"

ဂျင်ဂျာက ဘေးဆီးရန်ကာလေး ပြောသေးတယ်၊ ဒါပေမဲ့ ဘီလ်က..

"ဟာ.. ဘယ်ဖြစ်မလဲ၊ ပုန်းတယ် လျှိုးတယ်ဆိုတာ လက်ထဲ ငွေပိုပိုလျှံလျှံ ရှိမှ စိတ်အေးရတာမျိုး၊ ဒီလိုလုပ်ကွာ၊ ဂျင်ဂျာ ရော့၊ ဟောဒီလက်စွပ်ကို မင်းယူထားပြီး ငါ့ကို ငွေခြောက်ပေါင်လောက် ပေးစမ်းကွာ၊ မင်းမှာ အခု ငွေဘယ်လောက် ရှိသေးလဲ"

ဂျင်ဂျာက စိတ်မသက်သာစွာနဲ့ ..

"ဘယ်မျာ များများစားစား ရှိတော့မှာလဲ၊ နည်းနည်းပါးပါး ကျန်တော့တာ"

ဒါပေမဲ့ ဘီလ်က သူ့လက်ဝါးကြီး ဂျင်ဂျာမျက်နှာရှေ့ ထိုးဖြန့်ပြပြီး..

"ဒါဖြင့် ရှိတာပဲ ပေးစမ်းကွာ၊ မင်းတို့က စိတ်လွတ်ကိုယ်လွတ်သမားတွေ၊ အချိန်မရွေး သင်္ဘောပေါ်လည်း ပြန်တက်နိုင်တယ်၊ တောက် ငါသာ မင်းတို့လိုဆိုရင် ပိုက်ဆံတစ်ပြားမှ မရှိဘဲ စိတ်ချမ်းသာမှာပဲ၊ ခုတော့ ငါ့အဖြစ်က ဆိုးလှသကွာ"

ဂျင်ဂျာက အချိုသာဆုံး ပြုံးရင်း..

"ဆောရီး သူငယ်ချင်း၊ ငါ့မှာရှိတဲ့ ငွေကလေးက ခုနတင်ပဲ လမ်းမှာတွေ့တဲ့ မိတ်ဆွေတစ်ယောက်ကို ချေးဖို့ ကတိပေးလိုက်ရတယ်ကွာ၊ ငါနှုတ်လွန်နေလို့ပါ၊ နို့မဟုတ်ရင် မင်းကို ငါပေးမှာပါပဲ"

အဲဒီမှာ ဘီလ်မျက်နှာ ရုတ်တရက် တင်းလာပြီး..

"မင်းက ငွေလေးနည်းနည်းပါးပါး မချေးချင်တာနဲ့ ငါ့လည်ပင်း ကြိုးကွင်း စွပ်တော့မယ်ပေါ့ ဟုတ်လား ဂျင်ဂျာ၊ ဒီမှာ ကိုယ့်မိတ်ဆွေ ဒါလောက် ဒုက္ခရောက်နေတာကို ကူညီသင့်ပါတယ်၊ အဲဒီငွေ ငါ့ကိုသာ ပေးပါ သူငယ်ချင်းရာ"



http://mmteashop.com

ပြောပြောဆိုဆို ဂျင်ဂျာ ဘာမှမလုပ်နိုင်မီ ဖြုန်းဆို ပါးစပ်ကို လက်နဲ့ လုမ်းပိတ်ပြီး အိပ်ရာပေါ် လှဲချလိုက်တယ်။ ဂျင်ဂျာဟာ ဘီလ်ရဲ့ လက်ထဲမှာ ကလေးသူငယ် တစ်ယောက်လို ဖြစ်နေပြီး လုပ်သမျှ ခံနေရတော့တယ်။ တစ်မိနစ်အတွင်းမှာ သူ့ပါးစပ်ထဲ အဝတ်နဲ့ဆို့၊ ခြေထောက်တွေ လက်တွေ ကြိုးနဲ့တုပ်၊ ခုတင်နဲ့ ပူးချည်ပြီး ဖြစ်နေပြီ။

အဲဒီမှာ ဘီလ်ဟာ ဂျင်ဂျာအိတ်ထဲက ငွေရှစ်ပေါင်ကျော်ကျော်ကို နှိုက်ယူ လိုက်ပြီး..

"မင်းကို ငါဒီလိုလုပ်ရတာ စိတ်မကောင်းပါဘူး ဂျင်ဂျာ၊ မင်းငွေကိုလည်း တစ်နေ့ကျ ပြန်ပေးမှာပါ၊ ခု မတတ်သာလွန်းလို့ ယူရတာ၊ မင်းလည်း ငါ့နေရာမှာဆို ဒီလိုလုပ်ရတော့မှာ ဒီတော့ ခွင့်လွှတ်ပါကွာနော် သူငယ်ချင်း"

အဲဒီလိုပြောပြီး စောင်တွေ တစ်ကိုယ်လုံး လုံအောင်ဖုံးပြီး၊ ခြုံပေးထားလိုက်တယ်။ ဂျင်ဂျာကတော့ စောင်တွေ အောက်ကနေပြီး ဒေါသတကြီး မျက်လုံးပြူးကြီးနဲ့ ဘီလ်ကိုလည်း အသံမထွက်ဘဲ ဆဲနေတယ်။

"ရှစ်ပေါင်နဲ့ ခြောက်ပေါင် ပေါင်းတော့ ဆယ့်ငါးပေါင်၊ အင်း.. ဒါဆို လုံလောက် ကောင်းပါရဲ့" လို့ သချာပါရဂူကြီး ဘီလ်က တွက်နေတုန်း လှေကားက တက်လာတဲ့ ခြေသံ ကြားရတယ်။ မကြာမီဘဲ ပီတာရပ်ဆက် အခန်းထဲ ရောက်လာတယ်။ အိပ်ရာထဲ တုံးလုံးနေရတဲ့ ဂျင်ဂျာက ပီတာနဲ့ မျက်စိချင်း စကားပြောချင်လို့ ပီတာ သတိမူမိအောင် သူ့ခေါင်းကို ဘယ်ပြန်ညာပြန် လှုပ်ပြနေတယ်။ ဒါကို အဓိပ္ပာယ်မနားလည်တဲ့ ပီတာဆိုတဲ့ ငနဲက ဂျင်ဂျာကိုတော့ မကြည့်ဘဲ ဘီလ်ကို မေးတယ်။

"ဂျင်ဂျာ ဘာလို့ အိပ်နေတာလဲ "

"ခေါင်းကိုက်လို့ ပြောတာပဲ "

ပီတာက ခုတင်ဆီ လျှောက်သွားပြီး လူနာမေးတဲ့ ပုံစံမျိုးနဲ့ စောင်ကို ဆွဲဖွင့်ကြည့်လိုက်တော့မှ အခြေအနေမှန် သိသွားတော့တယ်။

ဂျင်ဂျာက သူ့ကို တုပ်နှောင်ထားတာတွေ ဖြေပေးဖို့ မျက်လုံးနဲ့ စကားပြော နေတယ်။

http://mmteashop.com

ဒီတော့ ဘီလ်က ရှင်းပြတယ်။

"ငါ့မှာ ထွက်ပြေးပြီး ပုန်းနေဖို့ ငွေလိုနေတာ နည်းနည်းပါးပါး ချေးပါဆိုတာ မချေးလို့ ဒီလိုလုပ်ပြီး ယူရတာပဲ ပီတာ၊ ဒါတောင် လိုသလောက် မရသေးဘူး။ အခု မင်းရောက်လာတာ အတော်ပဲ၊ တစ်မိနစ်လောက်သာ နောက်ကျလာရင် မင်းနဲ့ငါ လွဲပြီပဲ၊ ကဲ.. ခု မင်းဆီမှာကော ပိုက်ဆံ ဘယ်လောက် ရှိသေးသလဲ"

ပီတာ ကျောချမှ ခေါးပြမှန်းသိပြီး မျက်နှာသွားဆုတ်သွားပြီး ..

"ငါ့မှာရှိရင် အထူးပြောစရာ မလိုပါဘူးကွာ၊ ခက်တာက ခုပဲ ခါးပိုက်နှိုက်ခံခဲ့ရတယ်၊ ရှိတာ ပြောင်ရော၊ ဒါကြောင့် ဂျင်ဂျာ့ဆီက ခုညစာအတွက် နည်းနည်းပါးပါး ချေးရအောင် ပြန်လာတာ"

ဘီလ်က ဘာမှမပြောဘဲ စိန်းစိန်း စိုက်ကြည့်နေတယ်။ ဒီတော့ ပီတာက တံခါးပေါက်ဆီ နောက်ဆုတ် နောက်ဆုတ်သွားရင်း ..

"တကယ်ပါ လူသုံးယောက်က ငါ့တစ်ယောက်တည်းကို ဝိုင်းချုပ်ပြီး ရှိတာ အကုန် ယူသွားကြတာ"

သူ့စကားမဆုံးမီ ဘီလ်က ဖြုန်းခနဲ ရှေ့တိုးပြီး ပီတာ့ကိုယ်ကို လက်တစ်ဖက်နဲ့ ဖမ်းချုပ်၊ တစ်ဖက်က ပီတာ့အိတ်ထဲက ပိုက်ဆံတွေ ဆွဲထုတ်ရင်း ..

"ဟုတ်လား .. ဒါဖြင့် ဒီပိုက်ဆံကရော မင်းဟာ မဟုတ်ဘူးပေါ့"

ပီတာက ပါးစပ်ဟပြီး အော်မယ်လုပ်တော့ ..

"အသံ မထွက်နဲ့နော်၊ ခေါင်းနဲ့ကိုယ် အိုးစားကွဲသွားမယ်၊ လာခဲ့ မင်းကို ငါ ချည်တုပ်ထားရမယ်"

ပီတာဟာ ရုန်းဆို မရုန်းဝံ့ဘဲ..

"မအော်နဲ့ဆို မအော်ပါဘူး ဘီလ်၊ တုပ်တော့ မထားပါနဲ့"

"မရဘူး.. မင်းကိုငါ မယုံဘူး"



http://mmteashop.com

ပီတာကို တုပ်ရနှောင်ရတာ ဂျင်ဂျာထက် လွယ်ပါတယ်။ ဘာကြောင့်ဆို ဒီကောင်က သေးသေးကွေးကွေးပဲ။ ဘီလ်ဟာ ပီတာကို ဂျင်ဂျာနဲ့ယှဉ်ပြီး တစ်ခုတင်တည်းမှာ သိပ်ထားလိုက်တယ်။

ပြီးတော့ နှစ်ယောက်စလုံးကို ငုံ့ကြည့်ရင်း စိတ်မချမ်းသာတဲ့ အသံနဲ့ ပြောတယ်။

"မင်းတို့ငွေကို ငါလုယူတာ မဟုတ်ပါဘူးနော်၊ ခဏချေးတာလို့ မြဲမြဲမှတ်ထားကြ၊ မိတ်ဆွေအချင်းချင်း ငါဒုက္ခရောက်နေတာ မင်းတို့မို့ အမျိုးမျိုး လှီးလွဲပြီး ခေါင်းရှောင်ရက်တာ၊ ရက်စရာ အကောင်းသား၊ ငါသာဆို ဒီလို သူငယ်ချင်းတစ်ယောက်ရဲ့ အတောင်းတောင် စောင့်နေရမှာ မဟုတ်ဘူး၊ ရှိတာအားလုံး ပုံပေးလိုက်မှာပဲ.."

ဘီလ်ဟာ အင်မတန် ဝမ်းနည်းစွာနဲ့ ပြောပြီး သူတို့ခေါင်းကို တစ်ယောက်တစ်ချက်စီ ပုတ်ပြီး ထွက်သွားတော့တယ်။

ဂျင်ဂျာနဲ့ ပီတာဟာ တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်း ကြည့်ရုံကလွဲပြီး ဘာမှ မတတ်နိုင်ကြဘူး။ အတော်ကလေး ကြာသွားမှ ဂျင်ဂျာက သူ့ကို တုပ်နှောင်ထားတာတွေကို ရုန်းရင်းကန်ရင်းနဲ့ ဖြုတ်ကြတယ်။ ဒါပေမဲ့ မရဘူး၊ လှုပ်လေ မြုပ်လေပဲ။

ခက်တာက သူတို့အချင်းချင်း လုပ်ပေးစေချင်တာ မျက်လုံးနဲ့ စကားပြော ကြည့်တော့လည်း နားမလည်ကြဘူး၊ ပီတာက သူ့ပါးစပ်စည်းထားတဲ့ အဝတ်ကို ဂျင်ဂျာ့နှာခေါင်းနဲ့ ပွတ်ပြီးဖြေတော့ ဂျင်ဂျာက စိတ်ဆိုးပြီး သူ့နဖူးနဲ့ ပီတာ့နဖူးကို ဆောင့်လိုက်တယ်။ သည်တော့ ပီတာကလည်း ဒေါပွပြီး ပြန်ဆောင့်တယ်။ သည်လိုနဲ့ တစ်ယောက်နဖူး တစ်ယောက် နွားချင်းဝှေ့သလို ဆောင့်နေကြတာ ဖူးရောင်ပြီး ထိပ်တွေ ကျိန်းကြမှ ရပ်တော့တယ်၊ အဲသလို စိတ်မောလူမောနဲ့ အိပ်ရာထဲမှာ နှစ်ယောက်သား တုံးလုံးလဲ နေကြတဲ့ အချိန်မှာ ဆမ်ကတော့ ခြသေ့်နီ အရက်ဆိုင်မှာ စတိုင်နဲ့ ဘီယာစုပ်ရင်း သူတို့ကို စောင့်နေတယ်။ ဆယ့်နှစ်နာရီ ထိုးသည့်တိုင်အောင် ဒီနှစ်ကောင် ပေါ်မလာတော့ ဆမ်က စိတ်မရှည်တော့ဘဲ ဘာများ ဖြစ်နေကြလဲ၊ ဘီလ်ကပဲ သင်းတို့ကို သတ်ဖြတ် သွားပြီလားလို့ စိတ်တထင့်ထင့်နဲ့ အိမ်ပြန်လာခဲ့တော့တယ်။

ဆမ်ရဲ့ လေ့ကားက တက်လာတဲ့ခြေသံကို ဂျင်ဂျာ အလျင်ဆုံး ကြားတယ်။ အခန်းကလေး မီးထွန်းမထားတော့ ပိန်းပိတ်အောင် မှောင်လို့ ဆမ်က သူတို့ကို



http://mmteashop.com

ဂရုပြုမိအောင် နစ်ယောက်သား ကိုယ်တွေကို တအားလှုပ်ယမ်းရင်း ခုတင်ကို တဝုန်းဝုန်း ဖနောင့်နဲ့ပေါက်ပြီး အချက်ပြကြတယ်။ မှောင်ထဲမှာ ဘာမှ မမြင်ရဘူး။

ခုတင်လှုပ်သံနဲ့ တဝုန်းဝုန်း ဖနောင့်ပေါက်သံတွေ ကြားရတော့ ဆမ်ဟာ အခန်းထဲ ဘာတွေဖြစ်နေပြီလဲဆိုပြီး ကြောက်သွားသတဲ့။

ဒါကြောင့် အခန်းထဲက ကမန်းကတန်း ပြန်ထွက်ပြေးသွားပြီး အပြင်ဘက်က အသာရပ်ပြီး နားထောင်တယ်။ ဟိုနစ်ကောင်ကလည်း ဆမ် မရှိတော့မှန်းသိတော့ ငြိမ်နေကြတယ်။ ဒါကြောင့် ဆယ်မိနစ်ကြာတဲ့တိုင်အောင် ဘာမှ မကြားရပြန်တော့ ဆမ်ဟာ အခန်းထဲ ခြေဖျားလေး ထောက်ဝင်လာတယ်။

ဒါပေမဲ့ တံခါးရွက်သံ ကျွီခနဲ ကြားလို့ ဆမ် ပြန်လာမှန်းလည်း သိပြန်ရော ဂျင်ဂျာနဲ့ပီတာက ခုတင်ကိုလှုပ် ဖနောင့်နဲ့ပေါက် လုပ်ပြန်ရော။

အဲဒီအခါ ဆမ်က တုံ့ခနဲ ရပ်လိုက်ပြီး ကတုန်ကယင်အသံနဲ့ တိုးတိုးလေး မေးတယ်။

"အဲဒါ ဘယ်သူလဲ ဘီလ်လားဟင်"

စကားပြန် မရဘူး။ အိပ်ရာ ဖနောင့်နဲ့ ပေါက်သံနဲ့ ခုတင်လှုပ်နေတာပဲ ရှိတော့ ဆမ်က စဉ်းစားတယ်။ အင်း.. ဘီလ်တော့ ဟိုနစ်ကောင်ကို မဆန့်မငင် လုပ်သွားပြန်ပြီ၊ ခုဟာ သေခါနီး အသက်ငင်နေကြတာပဲ ဖြစ်ရမယ်လို့ ယူဆပြီး အခန်းထဲ မဝင်ဝံ့တော့ဘဲ လှေကားက အသာလေး ပြန်ဆင်းသွားပြီး အောက်ဆုံးလှေကားခုံမှာ သွားအိပ်ရှာတယ်။ နိုးလာတော့ မိုးထိန်ထိန်လင်းနေပြီ။

တစ်ညလုံး လှေကားခုံပေါ် ခွေခွေကောက်ကောက် အိပ်နေရတော့ သူ့တစ်ကိုယ်လုံး နာနေတယ်။ ဒီအချိန်မှာတော့ လင်းလင်းချင်းချင်း ရှိပြီမို့ သူမကြောက်တော့ဘဲ ရဲရဲတင်းတင်းပဲ အခန်းထဲ ဝင်သွားတော့တယ်။ သူဝင်လိုက်ပြီ ဆိုရင်ပဲ ဂျင်ဂျာနဲ့ပီတာ ခုတင်ပေါ် အရုပ်လို ငုတ်တုတ်ကလေးတွေ၊ ဆံပင်တွေ ဖို့ရို့ဖားရား ထိုးထိုးထောင်ထောင်နဲ့ ပါးစပ်တွေမှာလည်း အဝတ်နဲ့ဆို့ စည်းထားလျက်သား ဆမ်ကို အလျှိုတပြောင်ပြောင် ထွက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတယ်။



http://mmteashop.com

ဆမ်ဟာ ရုတ်တရက် မမျှော်လင့်တာတွေ တွေ့ရတော့ လန့်အော်မိမတတ် ဖြစ်သွားပြီးမှ သတိဆည်လိုက်ပြီး ..

"ဟယ်.. နင်တို့နှစ်ကောင် ဘယ်ပုံဘယ်နည်းတွေ ဖြစ်နေကြတာလဲ၊ ဘာကြောင့် တစ်ယောက်ပါးစပ် တစ်ယောက် အဝတ်နဲ့ဆို့ထားကြတာလဲ ရှုံးများနေကြသလား"

ဂျင်ဂျာနဲ့ ပီတာဟာ ဆမ့်စကားကြားရတော့ ဒေါသထွက်လွန်းလို့ မျက်ဖြူတောင် လန်သွားကြသတဲ့၊ ဆမ်က တဖြည်းဖြည်းနဲ့ သူတို့အနား ကပ်သွားတော့မှ စောင်အောက်မှာ ခြေတွေလက်တွေ တုပ်ထားတာ သိလို့ အဖြစ်မှန်ကို နားလည်သွားတော့တယ်။

ဒီတော့မှ သူ့အိတ်ဆောင် မောင်းချဓားကို ထုတ်ပြီး ပါးစပ်ထဲ ဆို့ပိတ်ထားတာတွေကို အလျင်ဖြေပေးလိုက်တယ်။

ဂျင်ဂျာကို ပထမဆုံးဖြေပေးလိုက်တာ သူ့ပါးစပ် ပွင့်သွားတာနဲ့ တစ်ပြိုင်တည်း ဆမ်ကို ညစ်ညစ်ပတ်ပတ် စုတ်စုတ်ပဲ့ပဲ့တွေ ဆဲလိုက်တာများ။

"ဟဲ့.. နင်တော့လား ငါ့လက်တွေခြေတွေ လွတ်တော့မှ အမှုန့်ဖြစ်အောင် ပွတ်ချေပစ်မယ်၊ အသူရကာယ်မျိုး၊ ခွေးမျိုး၊ မျောက်မျိုး၊ တီကောင်မျိုး၊ ညက အခန်းထဲ ဝင်လာပြီးတော့ ပြန်ထွက်သွားရသလား၊ ဒါအတွက် နင့်ကိုငါ ဆယ်သက်မကျေဘူးဟေ့"

ဘာညာနဲ့ ဘီလ် ညဦးဆဲခဲ့သမျှဒဏ် ဆမ့်အပေါ်ပုံချပြီး ဆဲဆိုလိုက်တာလေ လူအများကြားလို့ မလျော်ပါဘူး။

ဆမ်ကတော့ ဂျင်ဂျာ ဆဲသမျှ မကြားသလိုလုပ်ပြီး ပီတာ့ ပါးစပ်ကို ဖြေပေးနေတယ်။ အဲ.. ပီတာကလည်း သူ့ပါးစပ် ပွင့်သွားတာနဲ့ တစ်ပြိုင်နက် ဆမ်ကို ကြိမ်းမောင်း ဆဲဆိုပြန်ပါလေရော။

ဘယ်လို လုပ်လိုက်မဟဲ့၊ ဘယ်လို ကိုင်လိုက်မဟဲ့။ ပေါင်မုန့်ဖုတ်ဖို့ ဂျုံကို နယ်သလို နင့်ကိုယ်ကို နယ်ပစ်လိုက်မယ်နဲ့။

ဒါဟာ သူတို့အများပဲပေါ့။ ဆမ်နေရာက ဝင်ကြည့်ပါလေ။ သူတို့လက်တွေ ခြေတွေ လွတ်ရင် အဲဒီလောက် လုပ်ကြကိုင်ကြမယ် ကြိမ်းမောင်းနေကြတော့ ဘယ် သူတို့ လက်တွေ ခြေတွေ ဖြေပေးဝံ့တော့မှာတုန်း။



http://mmteashop.com

ဒါကြောင့် ဆမ်ဟာ မောင်းချစာများပြန်ပိတ်လိုက်ပြီး ခုတင်ခြေရင်းမှာ ငုတ်စိကလေး ထိုင်ရင်း ဘာလုပ်ရမလဲ၊ ဝေခွဲမရတဲ့ မျက်နှာနဲ့ စဉ်းစားနေတယ်။ ဟိုနှစ်ကောင် ဆဲစရာကုန်လို့ ပါးစပ်ညောင်းပြီး ရပ်သွားကြတော့မှ ဆမ်က..

"ကဲ.. ဆဲလို့ဆိုလို့ ဝကြပလား၊ ဒါဆိုရင် ဘယ်လိုက ဘယ်လို ဖြစ်ကြတာလဲ၊ ငါ့ကို ပြောကြစမ်း"

ဂျင်ဂျာက ဖြစ်ပုံဖြစ်ပျက် အလုံးစုံကို ပြောပြန်တော့ ဆမ်က ပြုံးပြပြီး..

"မင်းတို့နှစ်ယောက်၊ ဟိုက တစ်ယောက်တည်းနဲ့ ခံရတာတော့ မင်းတို့ ညံ့လို့ပေါ့ကွာ"

လို့လည်း ပြောပြီးရော သူတို့နှစ်ယောက်က ဆဲလိုက်ဆိုလိုက်တာ မိုးမွှန်ပြန်ရော၊ ဒီတော့ ဆမ်က နားမခံနိုင်လွန်းလို့ သူတို့ခေါင်းတွေကို စောင်နဲ့ ပစ်အုပ်လိုက်တယ်။ စောင်အောက်က ဗလုံးဗထွေး အသံတွေနဲ့ ဂျင်ဂျာက..

"ဟဲ့.. မသေခင်က ပုပ်နေတဲ့ စိတ်ယုတ်မာကောင်ရဲ့၊ ဒီလိုလုပ်ရသလား၊ ငါတို့ ခြေတွေလက်တွေကို ဖြေမပေးတော့ဘူးလား"

ဒီတော့ ဆမ်က စဉ်းစဉ်းစားစား အေးအေးဆေးဆေး အသံနဲ့..

"မင်းတို့ ငါ့ကို ဆဲဆိုကြိမ်းဝါးထားပုံက မင်းတို့ကို ငါဖြေပေးဝံ့စရာ ရှိသလား၊ ဒါထက် ဆိုးတာက အခု မင်းတို့မှာ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး၊ ငါ့ရှိတာလေး ခွဲဝေကျွေးရရင် ငါပါ ငတ်ဖို့ရှိတော့တယ်"

ဆိုပြီး သူ့ တိုလီနုတ်စပစ္စည်းနဲ့ သူ့သေတ္တာဆွဲပြီး အခန်းထဲက ထွက်သွား တော့တယ်။

နောက် တစ်နာရီလောက်ကြာမှ အခန်းရှင်းရအောင် ဝင်လာတဲ့ အိမ်ရှင်အဒေါ်ကြီး ဖြေပေးလို့ ဂျင်ဂျာနဲ့ ပီတာဟာ အနှောင်အဖွဲ့က လွတ်ကြတယ်။ သူတို့ဟာ ချက်ချင်းပဲ ဆမ် ရှိမယ်ထင်တဲ့ နေရာတွေကို လိုက်ရှာတယ်။ ဒါပေမဲ့ တစ်နှစ်ကြာသည့်တိုင်အောင် ရှာမတွေ့ဘူး။ ဘီလ်ကိုတော့ တစ်သက်လုံးကို မတွေ့တော့ဘူး ဆိုပဲ။

ဒါနဲ့ ဒီဝတ္ထု ပြီးပါရော။



http://mmteashop.com

# အမှုပွေတွဲ့သူငွေ



http://mmteashop.com

## အမှုပေါ်တဲ့သူ့ငွေ

ဒီမယ်မိတ်ဆွေ၊ ခင်ဗျားကို ကျုပ်က ပင်လယ်ခရီးသွား သဘော်သားတွေရဲ့ စိတ်ထားအမျိုးမျိုး၊ အဆိုးအကောင်း အကျိုးအကြောင်းတွေကို တော်တော်များများ ပြောပြခဲ့ပြီနော်၊ ကျုပ်တို့ သဘော်သားတွေဟာ များသောအားဖြင့် ငွေကို အတိုင်းအဆမရှိ ထင်သလို သုံးတတ်ကြတယ် မဟုတ်လား၊ သို့သော် အဲဒီအထဲမှာ တစ်မိပေါက် တစ်ယောက်ထွန်း ဆိုသလို ရသမျှလည်း မသုံးရက်၊ မစားရက် ကုတ်ကတ်ပြီး စုဆောင်း တတ်တဲ့ စုန်းပြူးမျိုးလည်း ရှိသေးတယ်ဆိုတဲ့ အကြောင်း အပြောင်းအလဲလေး ကြားရအောင် ပြောပြချင်သေးသဗျ။

ဆိပ်ကမ်းညစောင့် ကင်းသမား အဘိုးအိုက သူ့ဆေးတံမှ ဆေးချေးများကို တဒေါက်ဒေါက် ခါထုတ်ရင်း စကားစလိုက်၏။

ကျုပ်လည်း တစ်ခါက အဲဒီလူမျိုးကို သဘောကျပြီး ရွှေဒင်္ဂါးနစ်ပြားကို အပေါင်းအသင်းတွေ မသိအောင် ကုတ်အင်္ကျီ လိုင်နာကြားထဲမှာ ထည့်ချုပ်ပြီး စုဆောင်းခဲ့တယ်။ တကတည်းဗျာ၊ တစ်ခါတော့ သဘော်ကလည်း ပြန်တက်ရဖို့ နစ်ရက်လောက်အလို ကိုယ့်အိတ်ထဲမှာက ထမင်းစားစရာ ပိုက်ဆံမရှိလို့ ငုတ်တုတ်ထိုင် ငတ်ခဲ့ရသဗျ၊ အဲ.. သဘော်ပေါ် ရောက်လို့ ကုတ်အင်္ကျီ ခေါက်သိမ်းတော့မယ် လုပ်ခါမှ ဒီရွှေဒင်္ဂါး နစ်ပြားကို လက်နဲ့ စမ်းမိလို့ ကိုယ့်မှာ သင်းရှိနေတာ သတိရတော့ တွေးမိတိုင်း အသည်းနာလွန်းလို့ နောက်ဘယ်တော့မှ ငွေစုတဲ့အမှု မပြုတော့ဘူး။

အဲ.. စောစောက ပြောခဲ့တဲ့စကား ဆက်ရမယ်ဆိုရင် အဲသလို မစားရက် မသောက်ရက် စုဆောင်းတတ်တဲ့ လူတစ်ယောက်ကို ကျုပ်တို့ ဂရေးနေးဒါးဆိုတဲ့ သဘော်နဲ့ ဩစတေးလျက အင်္ဂလန်ကို အပြန်မှာ ကြုံခဲ့ရတာဗျ၊ သူ့နာမည်က 'သောမတ်စ်ဂရီယာရီ ' တဲ့။ အသက်ကတော့ အဲဒီအချိန်မှာ (၆၀) လောက်ရှိပြီ၊ သူ့အသက် (၂၀) အရွယ်ကတည်းက သဘော်လိုက်ခဲ့တာဆိုတော့ နစ်ပေါင်း (၄၀) လောက် သူ စုဆောင်းခဲ့တဲ့ ငွေက ပေါင် (၆၀၀) တောင် ရှိသတဲ့။ ဒီအကြောင်းကို ထပ်တလဲလဲ အမြဲတဖွဖွ ပြောလို့ မဆုံးနိုင်ဘူး။

http://mmteashop.com

"ဟော့.. လူမိုက်တွေ ရေဘူးနဲ့ ဖိနပ်မပါရင် နွေခါမှ သိမယ်၊ စဘူးနဲ့ ငွေထုပ်မပါရင် ပင်စင်ယူခါမှ သိမယ်၊ နားလည်ရဲ့လား၊ ငါ့ကိုကြည့်စမ်း၊ ငါသဘော်နဲ့ မလိုက်နိုင်တဲ့ တစ်နေ့မှာ ဘာမှ ပူစရာမလိုတော့ဘူးကွ၊ စုထားတဲ့ငွေလေးနဲ့ အရောင်းအဝယ်လေး တစ်ခုခုလုပ်ပြီး ဒူးနဲ့ ထိုင်စားနေရုံပဲ"

နဲ့ ပြောလေ့ရှိတယ်။

ဒီလိုနဲ့ တစ်နေ့ ကျုပ်တို့သဘော် ဆစ်ဒနီမြို့က ထွက်လာပြီး တစ်လလောက် ရှိတော့ အဲဒီ သောမတ်စ် အဘိုးကြီး နေမကောင်း ထိုင်မကောင်း ဖြစ်ပါလေရော။ အစကတော့ သူ့အရိပ်အခြည် အမြဲမပြတ် ကြည့်နေတတ်တဲ့ သဘော်သား ဘီလ်ဟစ်က ဒီလူကြီး သူ့ပိုက်ဆံ ပဲနိဝက်လောက် ကျပျောက်လို့ ဖျားတာပါဆိုတယ်။ သို့သော် ဝါလ်တာဂျုံး ဆိုတဲ့လူက သူ့မိသားစုဟာ အမြဲပဲ ဖျားနေကျမို့ ဘယ်ရောဂါမျိုးမဆို သူနဲ့ အကျွမ်းဝင်ပြီးသား၊ သို့ကြောင့် ဒီအဘိုးကြီးဟာ ဘာရောဂါမှန်း မသိပေမယ့် ဝေဒနာကတော့ မသေးဘူး၊ မယုံရင် လန်ဒန် ပြန်ရောက်တော့ သူပြောတာ ဟုတ် မဟုတ် ဆရာဝန်သွားပြပြီး လောင်းမလားလို့ လုပ်သေးတယ်။ ဘာပဲဖြစ်ဖြစ် အဘိုးကြီး ရောဂါဟာ တစ်နေ့တခြား မသက်သာဘဲ ဆိုးသည်ထက် ဆိုးလာတာတော့ အမှန်ပဲ။ ဒါကြောင့် သဘော်ကပ္ပတိန်ကတောင် သဘော်ဝမ်းထဲ ဆင်းပြီး သူ့ကို လာကြည့်တယ်။ သူ့လျှာကို ထုတ်ခိုင်းပြီး ကြည့်တယ်။ ကျုပ်တို့ လျှာတွေကိုလည်း ကြည့်တယ်။ နောက်ပြီး မင်းတို့ လျှာတွေကလည်း အတူတူချည်းပဲ၊ ငါလည်း ဘာမှ မပြောတတ်တော့ဘူးဆိုပြီး အဘိုးကြီးကို ကြည့်ရှုဖို့ ဂျင်မီဆိုတဲ့ အကူထမင်းချက်ကောင်လေးကို လူနာစောင့်ထားပြီး ပြန်တက်သွားတော့တယ်။

နောက်တစ်နေ့မှာ သောမတ်စ်ရဲ့ ဝေဒနာဟာ အပြင်းအထန် ဖြစ်ပါလေရော။ လူတိုင်းပဲ ဒီအဘိုးကြီးတော့ ကိစ္စချောမယ့်သဘောမှာ ပြနေပြီဆိုတာ သိကြတယ်။ ဝါလ်တာဂျုံးက သူ့အဖေကြီးဟာ ဒီလိုပုံစံမျိုးကြီး ဖြစ်လာပြီး ကွဲသွားတာပဲလို့ နိမိတ်စကား ပြောတယ်။ သို့ရာတွင် သောမတ်စ်အဘိုးကြီးကတော့ သူမသေပါဘူးလို့ အကြောက်အကန် ငြင်းချက်ထုတ်တယ်။

"မင်းတို့က ငါ့ဒီစုငွေတွေ ဒီအတိုင်းထားပြီး သေမယ်လို့များ ထင်နေကြသလား"

ဒီတော့ ဝါလ်တာဂျုံးက..



http://mmteashop.com

"ဒီလိုဖြင့်လည်း မိတ်ဆွေတွေ ခွဲဝေပေးခဲ့ပေါ့"

"မိတ်ဆွေလည်း တစ်ကောင်တစ်မြီးမျှ မရှိဘူး"

"ဟာ.. ဒီလိုတော့ မပြောနဲ့ဗျာ၊ အခု ခင်ဗျားနံဘေးမှာ ကြည့်ရှုပြုစုနေတဲ့ ကျုပ်တို့တစ်တွေဟာ မိတ်ဆွေတွေပေါ့"

လို့ ဝါလ်တာက ချိုပြုံးပြောပေမယ့် အဘိုးကြီးက မျက်စိကို စုံမှိတ်ထားရင်း သူ ဒီငွေကို ဘယ်လောက် ဒုက္ခခံပြီး ရှာဖွေစုဆောင်းခဲ့ရကြောင်း တတွတ်တွတ်နဲ့သာ ပြောနေတော့တာပဲ။ ဒီလိုနဲ့ အဘိုးကြီးဟာ သတိလက်လွတ်ဖြစ်ပြီး ကယောင်ကတမ်းတွေ ပြောလာတော့တယ်။ ကျုပ်တို့လို အရက်သမား လောဘသားတွေ သူ့ငွေကို လာလုနေကြတယ်။ သေခါနီး ခွေးအနား လင်းတတွေ ဝိုင်းရံနေသလိုပဲတဲ့၊ သူ့အနီးမှာ အမြဲရှိနေတတ်တဲ့ ဝါလ်တာဂျူးကလည်း ပြောချင်စရာပေပဲကိုး။ အဘိုးကြီးအနီး ကပ်ပြီး..

"ငွေတွေ ဘယ်မှာ ထားသလဲ"

မေးနေတာကိုး။ သို့သော် အလကားပါပဲ။ အဘိုးကြီးက သူ့ငွေ ဘယ်မှာ ထားသလဲဆိုတာ ယောင်လို့တောင် ဟမသွားဘူး။

တစ်ခါတော့ သတိလေးနည်းနည်း ပြန်လည်အလာမှာ ဘီလ်က..

"အဘိုးကြီး၊ ခင်ဗျားငွေတွေ ခင်ဗျား ယူသွားနိုင်မှာလည်း မဟုတ်ဘဲနဲ့၊ တစ်သက်လုံး စုဆောင်းခဲ့သမျှလေး ကောင်းမှုကုသိုလ် ဖြစ်အောင် မရှိဆင်းရဲတဲ့ ကျုပ်တို့ကို လှူဒါန်းသွားပါလား"

လို့ပြောတော့ စိတ်ဆိုးသေးတယ်လေ။ နောက်ပြီး ရေပေါ်ငါးလို ပါးစပ်ကလေး ဟစေ့ဟစေ့ နေတဲ့ကြားက သူသေရင် အလောင်းကို ရေတွေဘာတွေ မချိုးပါနဲ့၊ လက်ရှိအတိုင်းပဲ ရေထဲပစ်ချပြီး သင်္ဂြိုဟ်ပါလို့ မှာတယ်။ ဘီလ်က သူ့ကို စောင်တွေဘာတွေ ပြင်ခြုံပေးတော့ အဘိုးကြီးခါးမှာ ခါးပတ်လိုဟာမျိုးကို စမ်းမိသတဲ့။ ဒီတော့မှ အဘိုးကြီးရဲ့ ရည်ရွယ်ချက်ကို သူရိပ်မိသွားသတဲ့။

အဘိုးကြီး သေမည့်မနက်က ပင်လယ်ထဲမှာ ရာသီဉတုကလည်း တော်တော် ဆိုးနေတယ်။ လှိုင်းလေကလည်း ကြီးတော့ သဘော်တစ်ခုလုံးက လူတွေဟာ


http://mmteashop.com

ကုန်းပတ်ပေါ်တက်ပြီး အလုပ်လုပ်နေကြရတယ်။ အဘိုးကြီးအနီးမှာ အသက်ဆယ့်လေးငါး နှစ်လောက် ရှိတဲ့ ဂျင်မီပဲ ရှိတယ်။ ကုန်းပတ်ပေါ်မှာ အလုပ်ပြီးတော့ ကျုပ်ဟာ ဘီလ်နဲ့အတူ သဘော်ဝမ်းထဲဆင်းပြီး အဘိုးကြီးကို သွားကြည့်တယ်။ ကျုပ်တို့ကို မြင်တယ်ဆိုရင်ပဲ အဘိုးကြီးက အာလေးလျှာလေးကြီးနဲ့..

"ကျုပ်ငွေတွေ ကျုပ်နဲ့အတူ ယူသွားတော့မယ် ဘီလ်"

ဘီလ်ကလည်း အမြင်ကပ်ကပ်နဲ့..

"ယူနိုင် ယူသွားပေါ့ဗျာ"

အဘိုးကြီးက ဘီလ်ကို မျက်မှောင်ကုပ်ကြည့်ပြီး အားယူရင်း..

"မောင်ရင်က မယုံဘူးပေါ့လေ၊ ကျုပ် ကယောင်ကတမ်းတွေ ပြောနေတယ်လို့ ထင်တယ်ဟုတ်စ၊ ဟောဒီသူငယ် ဂျင်မီကို ရေထဲပစ်ချခိုင်းလိုက်ပြီ၊ ကျုပ်ငွေတွေက ကျုပ်အလျင် သွားနှင့်ပြီ။ မယုံရင် ဂျင်မီကို မေးကြည့်"

"ဘာ.."

ဘီလ်က အလန့်တကြား မျက်လုံးအပြူးသားနဲ့ မေးလိုက်တယ်။ ဒီတော့ ဂျင်မီက..

"ဟုတ်တယ် ဘီလ်၊ သူ ကျွန်တော့်ကို ငွေစက္ကူပါတဲ့ အထုပ်တစ်ထုပ်ပေးပြီး ရေထဲပစ်ချခိုင်းတယ်။ ဒီလို လုပ်ပေးတဲ့အတွက် ကျွန်တော့်ကို နှစ်ပဲနိပေးတယ်"

အဘိုးကြီးက သူ့ကိုယ်သူ အင်မတန် ကျေနပ်ဟန် မျက်လုံးများ ဝင်းဝင်းတောက်စွာနဲ့ ဘီလ်ကို ပြုံးပြုံးလေး မော့ကြည့်လိုက်ပြီး..

"ကဲ.. အခုတော့ ငါ့ငွေတွေကို ဘယ်သူမှ အပိုင်စီးလို့ မရတော့ဘူး မဟုတ်လား၊ ဘယ်သူမှ.."

သူ့အသံဟာ ဖြည်းဖြည်း တိမ်ဝင်သွားတယ်။ ကျုပ်နဲ့ဘီလ်လည်း အသာ နောက်ဆုတ်နေလိုက်ပြီး ဘီလ်က ဂျင်မီကို..

http://mmteashop.com

"ဟော့ကောင်လေး ကပ္ပတိန်ကို သွားခေါ်ချေ၊ အဘိုးကြီး ခုပဲသေပြီလို့ ပြောလိုက်၊ နောက်ပြီး တစ်ခု ပြောရဦးမယ်၊ မင်းဒုက္ခမရောက်ချင်ရင် အဘိုးကြီးက မင်းကို ငွေစက္ကူထုပ် ရေထဲ ပစ်ချခိုင်းတယ်ဆိုတာကို ဘယ်သူ့မှ မပြောနဲ့၊ အဲဒီဟာကို ကြပ်ကြပ်သတိထား"

ကောင်လေးက နားမလည်နိုင်ဘဲ..

"ဘာကြောင့်လဲဗျ"

"ဘာကြောင့်လဲဆိုတော့ မင်းမှာ ဒီလိုလုပ်ပိုင်ခွင့် မရှိလို့ဘဲ၊ အစိုးရ လုပ်ထားတဲ့ ငွေကို အကြောင်းမဲ့ ဖျက်လိုဖျက်ဆီး ရေထဲပစ်ချတာဟာ ဥပဒေကို ချိုးဖောက်ရာကျတယ်။ မင်း ထောင်ကျနိုင်တယ်"

ဂျင်မီဟာ မျက်စိမျက်နှာ ပျက်ပျက်နဲ့ ကပ္ပတိန် ခေါ်ဖို့ထွက်သွားတယ်။ ဒီတော့မှ ကျုပ်က ဘီလ်ကို..

"မင်းဟာက ဘာသဘောလဲ ဘီလ်"

"ဘာသဘောရမှာလဲ၊ ကောင်လေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခရောက်မှာစိုးလို့ သတိပေးတာပါ၊ ခင်ဗျား ကိုယ်ချင်းစာပေါ့ဗျာ"

"ဟဲ.. ဟဲ.. ကိုယ်ချင်းစာလို့ မေးတာပေါ့ကွ၊ မင်း ဘာအကြံအဖန်တွေ လုပ်မလို့လဲ မှန်မှန်ပြော၊ မပြောရင် ငါကိုယ်တိုင် ကပ္ပတိန်ကို ပြောလိုက်မယ်"

ဒီတော့ ဘီလ်ဟာ ခွေးတစ်ကောင် အမဲရိုး အလုခံရသလို သူ့နှာခေါင်း ပွပွကြီးကို ပိုးခနဲ ရှုံ့လိုက်ပြီး..

"ဟ.. အအရ အဘိုးကြီးငွေတွေကို ဒီကြွက်စုတ်ကလေးက တကယ်ပဲ ရေထဲ ပစ်ချလိုက်မယ်လို့ မင်း ထင်သလား၊ မဟုတ်ဘူး မောင်ရေ ဒီငွေ ပေါင်(၆၀၀)ဟာ သူ့မှာ ရှိကိုရှိနေရမယ်ကွ၊ ဒီကောင်လေးကလည်း လူလည်လူပါးလေးပဲ၊ ဒီဟာကြောင့် မင်းပါးစပ်ကိုပိတ်၊ တိတ်တိတ်နေမယ်ဆိုရင် မင်းလည်း ဝေစု နည်းနည်းပါးပါးတော့ ရမှာပေါ့"

"ဩော်.. ဒီလိုလား၊ မသိပေါင်ကွာ၊ တိတ်တိတ်နေဆိုလည်း နေရတာပေါ့၊ သို့သော် နည်းနည်းပါးပါးတော့ မရဘူး၊ ထက်ဝက်စီမှ.."



http://mmteashop.com

ဘီလ်ဟာ စားပိုးနင်သလို ပြူးတူးပြဲတဲ ဖြစ်သွားရင်းက ကျုပ်ကို ရစရာမရှိအောင် ပြောဆိုတော့တယ်။ သူတတ်သမျှ ဆဲစရာ ကျိန်စရာတွေ ကုန်တော့မှ ..

"အေးလေ.. ပေးဆိုလည်း ပေးရတော့မှာပေါ့၊ တကယ်ဆို ဒီငွေဟာ ပုံ့သကူငွေပဲကွ၊ ပိုင်ရှင် မရှိတော့ဘူး၊ ကောင်လေးနဲ့လည်း မဆိုင်ဘူး၊ သူ့ကို ရေထဲ ပစ်ချခိုင်းလိုက်တာပဲ "

နောက်တစ်နေ့မနက်မှာ အဘိုးကြီးကို သင်္ဂြိုဟ်ကြတယ်၊ အသုဘကိစ္စပြီးတော့ ဘီလ်က ဂျင်မီပခုံးပေါ် လက်တင်ပြီး သဘော်ဦးပိုင်းကို လျှောက်သွားရင်း ..

"မင်းအဘိုးကြီး သောမတ်စ်ကတော့ သူ့ငွေထုပ်ကို ရေထဲ လျှောက်ရှာ နေရှာ့မယ်၊ အဲဒီငွေထုပ်က တော်တော်ကြီးသလား ဂျင်မီ"

"ဘယ်ကလာ ကြီးရမှာလဲ၊ ပြားပြားလေးပါ၊ ငွေစက္ကူပေါင်(၆၀၀)နဲ့ ရွှေဒင်္ဂါးနစ်ပြားဗျ၊ ရွှေဒင်္ဂါးတွေကိုလည်း ကျွန်တော် ရေထဲ သေသေချာချာ မြုပ်အောင်ဆိုပြီး ရောထည့်လိုက်တာဗျ၊ နာမြော်တော့ နမြောစရာကြီးနော် ဘီလ်"

ဘီလ်က ဘာမှ ပြန်မပြောဘူး၊ နေ့ခင်းကျတော့ သဘော်သားတွေ အိပ်တဲ့ အခန်းထဲ ဘယ်သူမှ မရှိတုန်း ကျုပ်တို့နှစ်ယောက် ဂျင်မီ အိပ်စင်ကို ရှာကြတယ်။ သေသေချာချာ ချောင်ကြိုချောင်ကြားမကျန် နံ့နံ့စပ်စပ် ရှာတာပဲ၊ ဘယ်မှာမှ မတွေ့ဘူး။ နောက်ဆုံးတော့ ဘီလ်ဟာ သူ့ဝသီအတိုင်း ပျစ်ပျစ်နစ်နစ် ပြောဆိုရင်း သူ့နဖူးက ထွက်လာတဲ့ ချွေးတွေကို လက်နဲ့သုတ်ပြီး ကျုပ်ကို..

"သူ့အိပ်ရာထဲ မရှိတာတော့ သေချာတယ်ကွ၊ ဒီတော့ ဒီကောင်လေး ကိုယ်ပေါ်မှာ ရှာရမယ်"

ကျုပ်တို့နှစ်ယောက်ဟာ ည သူတကာအိပ်မောကျတဲ့ အချိန်ထိ စောင့်ကြတယ်၊ ဟိုက ခေါခနဲ၊ ဒီက ခေါခနဲ ဟောက်ကြပြီ ..

ဩော်.. တစ်နေ့လုံးလည်း ပင်ပန်းကြသကိုး။ ကျုပ်တို့ဟာ မှောင်ကြီးမည်းမည်း ထဲမှာ ဂျင်မီ အိပ်စင်ရှိရာကို ခြေအသာဖွနင်းပြီး သွားကြတော့ ဘီလ်ဟာ စိတ်လှုပ်ရှားလွန်လွန်းလို့ တစ်ကိုယ်လုံး တုန်နေလိုက်တာ၊ သူ ဟိုစမ်း ဒီစမ်းနဲ့ လုပ်နေတုန်း မကြာပါဘူးဗျာ၊ ဂျင်မီအထက်က အိပ်စင်မှာအိပ်တဲ့ ထမင်းချက်ဟာ ဟီးဟီးဟားဟားနဲ့



http://mmteashop.com

အော်ရယ်ရင်း အိပ်ရာထဲ ငုတ်တုတ်ထထိုင်တယ်။ ကျုပ်တို့ နှစ်ယောက်လည်း ကပျာကယာ ကိုယ့်အိပ်စင် ကိုယ်ပြန်ပြေးပြီး အိပ်ချင်ယောင် ဆောင်နေလိုက်ကြရတယ်။ ကျုပ်တို့ဟာ အိပ်ရာထဲမှာ ရင်တထိတ်ထိတ်နဲ့ နားစွင့် နေကြတုန်း ထမင်းချက်ဟာ အော်ကြီး ဟစ်ကျယ်နဲ့..

"ဘယ်ကောင်လဲကွ၊ ငါ့လာ ကလိထိုးကြတာ၊ ဟေ့.. ကျက်သရေတုံးကောင်တွေ၊ သူများ အိပ်ကောင်းနေတုန်း.. တယ်လေ ငါ.."

အိပ်ရာက လန့်နိုးလာတဲ့ ဝါလ်တာဂျုံးက ထမင်းချက်ကို စိတ်ဆိုးမာန်ဆိုးနဲ့..

"ဟေ့ကောင်.. ဆူမနေနဲ့ သူများတကာတွေ အိပ်နေကြတယ်၊ ကိုယ့်ဟာကိုယ် ကယောက်ကယက် အိပ်မက်တွေမက်ပြီး မင်းလို ညစ်ပတ်စုတ်ပွဲ ပေရေနေတဲ့ ကောင်ကြီးကို ဘယ်သူက တကူးတကလာပြီး ကလိထိုးချင်မှာလဲ"

ဒီတော့ ထမင်းချက်ကလည်း ပြန်အော်တယ်။

"ဟေ့.. အိပ်မက်မက်တာ မဟုတ်ပါဘူးကွ၊ ကလိထိုးတဲ့ လက်ကြီးက ဝက်ပေါင်လောက် ရှိတယ်။ ငါ့တစ်ကိုယ်လုံး ရွစိရွစိနဲ့ ကင်းခြေများ လမ်းလျှောက်သလို နေတာ၊ ဒီကောင့်ကို မိလိုက်ရင်တော့ နှပ်နှပ်စင်းပြီး မင်းတို့ကို မနက်စာ ကျော်ကျွေးလိုက်ချင်တယ်"

အဲဒီညအဖို့တော့ လူသားကြော် မဖြစ်ချင်တာနဲ့ ဘီလ် လက်လျှော့လိုက်ရတော့တယ်။ ဒါပေမဲ့ နောက်တစ်နေ့မှာ ဂျင်မီကို တွေ့တယ်ဆိုရင်ပဲ ဘီလ်က လက်မောင်းဖမ်းဆွဲထားပြီး ..

"ဟ.. ဒီကောင်လေး နေ့ချင်းညချင်း ဝလာလိုက်တာ၊ မှန်းစမ်း.. ဘယ်လောက်များ အသားများနေသလဲ"

ဆိုပြီး ဂျင်မီ့ တစ်ကိုယ်လုံး လျှောက်စမ်းတော့တယ်။ ဂျင်မီကလည်း ရှန်းရင်းကန်ရင်းနဲ့ အော်တယ်၊ ဒီတော့ ဘေးနားက အကြောင်းမသိတဲ့ လူတွေက ဘီလ်ဟာ သက်သက်မဲ့ ကလေးကို စ နေတယ်ထင်ပြီး ဝိုင်းဆူကြတော့ လွှတ်လိုက်ရတာပေါ့။ ဒီလိုပဲ နည်းအမျိုးမျိုးနဲ့ တစ်ပတ်လုံးလုံး ဒီငွေကို ကျုပ်တို့ ကြိုးစားပမ်းစား ရှာကြတယ်။ မတွေ့ဘူး၊ ဂျင်မီဟာ ဘီလ် ထင်တာထက် ပိုပြီးလျင်တဲ့



http://mmteashop.com

ငနဲလေး ဖြစ်လိမ့်မယ်၊ ဒီကြားထဲ လုပ်အားလိုတယ်ဆိုပြီး ကောင်လေးကို ထမင်းချက်ခန်း ကနေပြီး သဘော်ဦးပိုင်းကို အလုပ်လုပ်ဖို့ ပြောင်းလိုက်တော့ ကျုပ်တို့နှစ်ယောက် သူနဲ့ သိပ်မဆုံမိကြဘူး၊ ကောင်လေးက ဘီလ် ရန်ကို ကြောက်လို့ ရှောင်နေတာလည်း ပါမှာပေါ့လေ။

တစ်နေ့မှာတော့ ကောင်လေးဟာ သဘော်ဝမ်းထဲ လှစ်ခနဲ ဆင်းသွားတာတွေ့လို့ ဘီလ်နဲ့ ကျုပ်လည်း မဆိုင်းခဏဘဲ လိုက်သွားကြတယ်။ ကောင်လေးကို အခန့်သင့်ပဲ စတိုခန်းထဲမှာ တွေ့တယ်။ ဒီတော့ ဘီလ်က သူ့ကို ချောင်ပိတ်ပြီး ..

"ကဲ.. ခုတစ်ခါတော့ မင်း ဘယ်ပြေးမလဲ၊ ငွေတွေ ဘယ်မှာရှိသလဲ ပြောရင်ပြော၊ မပြောရင်တော့ မင်းအသေပဲ"

သို့သော် ကောင်လေးက ခပ်အေးအေးပဲ..

"အို.. ရေထဲပစ်ချလိုက်ပြီလို့ ပြောတာ၊ ခင်ဗျားကလည်း တယ်မေ့တတ်တာကိုး "

ဘီလ်ဟာ ဘာမပြော ညာမပြောနဲ့ ကောင်လေးကို ချိုင်းကနေမ၊ သေတ္တာတစ်ခုပေါ် တွန်းလှဲလိုက်ပြီး သူ့တစ်ကိုယ်လုံးကို ပိုက်စိပ်တိုက် ရှာတော့တယ်။ ကျုပ်တို့ဟာ သူ့ဖိနပ်တွေပါမကျန် အကုန်ချွတ်ရှာတယ်။ သို့သော် မတွေ့ပါဘူးဗျာ။ ဒီတော့ ဘီလ်က...

"မင်းက တော်တော် လူလည်ကျနေတယ်ပေါ့လေ၊ မင်းမှာ အပြစ်မရှိဘူးဆိုရင် တို့ ဒီလိုလုပ်တာကို ဘာကြောင့် မအော်သလဲ "

"ခင်ဗျားကပဲ ဘယ်သူ့မှ မပြောနဲ့ဆို၊ ပြောရင် အပြစ်ရမယ်ဆို၊ အော်ဆိုရင်လည်း နောက်တစ်ခါ ခင်ဗျားတို့ ဒီလိုလုပ်ရင် ကျယ်ကျယ်ကြီးကို အော်ပါ့မယ်ဗျာ "

"ဒီမှာ ကောင်လေး၊ မင်း ငွေတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောရင် ငါတို့ သုံးယောက်ညီတူမျှတူ ခွဲယူမယ်၊ တစ်ယောက် ပေါင်နှစ်ရာစီပေါ့၊ ဘယ်သူမှလည်း မသိဘူး၊ သဘော်ပေါ်က ကုန်းပေါ်အတက်မှာလည်း တို့ပဲ ခိုးထုတ်သွားပေးမယ်၊ ငါတို့က မင်းထက် လည်တယ်ကွ "



http://mmteashop.com

"သိပါတယ်ဗျာ၊ ကျွန်တော်ကလည်း ညာပြောနေတာမှ မဟုတ်တာ၊ ရေထဲ တကယ် ပစ်ချလိုက်တာပဲဗျ"

"အေးလေ.. မင်းက ဒီလိုဆိုတော့လည်း ငါ ကပ္ပတိန်ကို သွားပြောလိုက်ရုံပေ့ါ"

ဘီလ်က စိတ်ပျက်ပျက်ဟန်နဲ့ ပြောတော့ ကောင်လေးကလည်း ဂရုမစိုက်ဘူး။

"ပြောလေ.. ပြောပေ့ါ၊ ကျွန်တော် မမှုပါဘူး"

"ဒီတော့ မင်း ကုန်းပေါ်တက်ရင် သက်ဆိုင်ရာ အပေါက်ဝက ဆီးရှာမှာပဲ၊ သခေါ်ပေါ်လည်း ဘယ်တော့မှ ပြန်တက်ရမှာ မဟုတ်တော့ဘူး၊ တို့နဲ့သာ ဝေမျှယူရင် ပေါင်နှစ်ရာစီ အေးအေးရကြမှာပဲ"

ကောင်လေးဟာ ဘီလ်စကားကြားရတော့ တွေခန် ဖြစ်သွားတယ်။ စိုးရိမ်ကြောင့်ကြဟန် သူ့မျက်နှာမှာ ပေါ်လာတဲ့ပုံပဲ။ ပြီးတော့ စိတ်ပေါက်ပေါက်နဲ့ ဘီလ်ကို "ငမန်းခေါင်းနီကြီး" လို့ ခေါ်တယ်။ ကျုပ်ကိုလည်း တစ်မျိုး ခေါ်တယ်ဗျ။ ဆိုးဆိုးရွားရွားပဲ။ ဘာလဲတော့ မေ့သွားပြီ။ ဘီလ်ကလည်း ကောင်လေး ဇဝေဇဝါ ဖြစ်နေမှန်းသိတော့ ဖိခြောက်တယ်။

"စဉ်းစားကွာ စဉ်းစား၊ မင်း ကုန်းပေါင်ပေါ်က ကျော်သွားတာနဲ့ ရဲက ဆီးရှာပြီး ဖမ်းမှာပဲ"

"ဟင်း.. နောက်ပြီး ထမင်းချက်ကိုလည်း ခေါ်ပြီး ကလိထိုးဦးမှာပဲ ထင်ပါရဲ့"

ကောင်လေးက ဒေါသနဲ့ ပြန်ပက်တယ်။ ဒီတော့ ဘီလ်က ကောင်လေးရဲ့ ချိုစောင်းကို လက်သီးနဲ့ ထုလိုက်ပြီး..

"မင်းကိုယ်ပေါ်မှာ ငွေတွေလည်း တွေ့ရော မင်းကို ကားခန် ထောင်ထဲ ဆွဲခေါ်သွားလိမ့်မယ်၊ ဒီဟာကိုတော့ မင်းနည်းနည်းမှ ကြိုက်မှာ မဟုတ်ဘူးလို့ ငါ ပြောရဲတယ်"

ဂျင်မီက သူ့နှာခေါင်းကို လက်နှစ်ဖက်နဲ့အုပ်ပြီး ပြန်ပြောတယ်။

"ဘာလို့ မကြိုက်ရမှာလဲဗျ"



http://mmteashop.com

ဘီလ်က ကောင်လေးကို တစ်ချက်ကြည့်ပြီး၊ လှေကားဆီ လျှောက်သွားရင်း ..

"မင်းကို ငါ နောက်ထပ် စကားမပြောတော့ဘူး၊ ကပ္ပတိန်နဲ့ပဲ ပြောတော့မယ်"

ဆိုပြီး လှေကားကို တစ်ထစ်ချင်း ဖြည်းဖြည်း တက်သွားတော့ ကုန်းပတ်ပေါ် ရောက်ခါနီးမှာ ကောင်လေးက စိတ်ဆိုးဖြတ်ပြီးဟန်နဲ့ ဘီလ်ကို ကမန်းကတန်း လှမ်းခေါ်တယ်။ ဘီလ်က မကြားချင်ဟန်ဆောင်ပြီး ဆက်သွားတော့ ကောင်လေးက နောက်က အပြေးအလွှား လိုက်သွားတယ်။ မကြာခင်မှာဘဲ နှစ်ယောက်စလုံး အောက်ပြန်ဆင်းလာကြတယ်။ အခန်းထဲ ပြန်ရောက်တော့ ဘီလ်က ကောင်လေးကို မကြည့်ဘဲ ခေါင်းကို မော့ထားရင်း ..

"မင်းက ငါ့ကို စကားပြောချင်လို့လား"

ကောင်လေးက သူ့လက်ချောင်းလေးတွေ ပတ္တာယှက် လိမ်ရင်း..

"ဟုတ်တယ်၊ ခင်ဗျား ပါးစပ်ပုပ်ကြီးက နှုတ်လုံမယ် ဆိုရင်တော့ ကျွန်တော်တို့ ရှယ်ယာနဲ့ ဝေယူမယ်"

"ဟို.. ဟို.. မင်းပြောတော့ ရေထဲပစ်ချလိုက်ပြီဆို"

ဂျင်မီက ရှက်ကိုးရှက်ကန်း ပြုံးရင်း..

"ပစ်ချလိုက်ပြီ အောက်မေ့တာ၊ နောက်မှ မေ့ပြီး ဘောင်းဘီအိတ်ထဲ ပါလာတာ တွေ့ရတယ်"

"ဒီလိုဆို ခု ဘယ်မှာလဲ"

"ဘယ်မှာလဲဆိုတာ ပြောလည်း အလကားနေမှာပဲ၊ ခင်ဗျား သွားယူနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော် အဝှက် လွှန်သွားတယ်ဗျာ"

"ဘယ်မှာဆိုတာသာ ပြောစမ်းပါ၊ ငါ ရအောင်ယူပြီး သိမ်းထားပေးမယ်၊ မင်းဆီမှာဆိုရင် စိတ်ချရမှာ မဟုတ်ဘူး"

"ဟော.. ခင်ဗျားကိုရော ကျွန်တော်က စိတ်ချရမှာလား"



http://mmteashop.com

"ကဲ.. ရှည်မနေနဲ့ ကောင်လေး၊ တစ်မိနစ်အတွင်းမှာ ငွေ ငါ့လက်ထဲ ရောက်ရင်ရောက်၊ အို.. အနည်းဆုံး ငါ့ရှယ်ယာ ပေါင်နှစ်ရာတော့ ငါ့လက်ထဲ ရောက်မှဖြစ်မယ်၊ ဒီလိုမှ မဟုတ်ရင်တော့ ကပ္ပတိန်ဆီ သွားမယ်ကွာ ကြာတယ်"

ဒီတော့ ကောင်လေးက စိတ်ရှုပ်စွာနဲ့ ခြေထောက်ကို ဆောင့်လိုက်ပြီး ...

"ခင်ဗျားကြီးကလည်း နားဝေးလိုက်တာဗျာ၊ ငွေ ကျွန်တော့်လက်ထဲမှာ မရှိတော့ဘူး ဆိုနေ၊ ဒီဟာလည်း ခင်ဗျားအပြစ်ပဲ၊ ခင်ဗျားက ကျွန်တော့်ကို အတင်းအကျပ် လုပ်နေတော့ ကျွန်တော် ကြောက်ကြောက်နဲ့ လုံခြုံမယ့်နေရာထင်တဲ့ နေရာ သွားဝှက် ထားလိုက်တယ်"

"ဘယ်မှာ ဝှက်ထားသလဲ"

"သဘော် ဒုတိယအရာရှိရဲ့ မွေ့ရာထဲမှာဗျ၊ ကျွန်တော် သူ့အခန်းကို သန့်ရှင်းရေး လုပ်နေတုန်းက မွေ့ရာစောင်းကလေးမှာ ပြဲနေတာတွေ့လို့ အကြံရပြီး၊ ငွေတွေကို အပေါက်ထဲ ထိုးသွင်းပြီး အတွင်းရောက်အောင် တုတ်ချောင်းနဲ့ ထိုးသိပ်ထည့်လိုက်တယ်"

ဘီလ်က သူ့ခေါင်းကို တပြင်းပြင်း ကုပ်ရင်း..

"အဲကွ.. ဒီလိုဆိုရင် မင်း ဘယ့်နယ်လုပ် ပြန်ထုတ်မလဲ"

"ခက်တာက ကျွန်တော်လည်း အရာရှိအခန်းထဲမှာ အလုပ်မလုပ်ရပြန်ဘူးဗျ၊ ထမင်းချက်ဖိုထဲ ပြန်ရောက်နေတော့ အဲဒီအခန်းထဲ ဝင်လို့ မရတော့ဘူး၊ လန်ဒန် ပြန်ရောက်ရင်တော့ ကျွန်တော်တို့ သုံးယောက်ထဲက တစ်ယောက်ယောက်က အဲဒီမွေ့ရာကို ရအောင် သုတ်နိုင်ရင် သုတ်မှပဲ၊ တစ်ခုတော့ ရှိတယ်နော် ဘီလ်၊ ကျွန်တော့်အလစ်မှာ ထွေလီကာလီတော့ လုပ်မယ် မကြံနဲ့၊ ဒီလိုဆိုရင် ကျွန်တော် ကိုယ်တိုင် ဖော်မှာပဲ"

ဒီအချိန်မှာပဲ ထမင်းချက်က လှေကားက ဆင်းလာတာ တွေ့ရတော့ ကျုပ်တို့လည်း ဒီပြင်စကားတွေ ရယ်ရွှန်းပတ်ရွှန်းပြောပြီး လူစုခွဲလိုက်ကြတယ်။ ဘီလ်ဟာ ငွေတွေ ရေထဲ ရောက်မသွားဘူးဆိုတာ သိရလို့ ဝမ်းသာအားရ တကြွကြွ ဖြစ်နေတယ်။ သို့သော် ဒုတိယအရာရှိ အခန်းထဲက မွေ့ရာကို ဘယ်လိုလုပ် ထုတ်ရမလဲဆိုတာ အကြံမရလို့ စိတ်လည်း အိုက်နေတယ်။ အရာရှိကွာတာက ကုန်းပတ်ပေါ်မှာ ရှိနေတယ်။



http://mmteashop.com

ပွဲခန်းကနေ ကြည့်ရင် အားလုံးမြင်ရတာမို့ ကျုပ်တို့ အလစ်ဝင်ဖို့ရာကလည်း မဖြစ်နိုင်ဘူး၊ ကံကြမ္မာထတာကလည်း တော်တော် အံ့သြဖို့ ကောင်းတယ်ဗျ၊ ဒုတိယအရာရှိဟာ ပိန်ပိန်သေးသေး၊ ပုပုညက်ညက်ကလေးနဲ့ ဘယ်တော့မှ ငွေကြေး ချောင်ချောင်လည်လည် မရှိဘူး။ အမြဲတမ်း ဘိုင်ကျနေတာပဲ။ အိမ်ထောင်စုကလည်း ကြီးတယ်လေ။ ဒီတော့ ရတဲလခလေး အိမ်အကုန်ပို့ရသလို ဖြစ်နေရှာတယ်။ ခုတော့ ခမျာမှာ ပေါင် (၆၀၀) ကြီးများတောင် ထည့်ထားတဲ့ မွေ့ရာပေါ်မှာ ညစဉ် အိပ်နေတာတောင် မသိရှာဘူး။ သိများ သွားရင်တော့ဆိုတာ တွေးမိတိုင်း ကျုပ်တို့မှာ ခေါင်းနားပန်း ကြီးမိကြတယ်။ ဒါကို စကားစပ်မိတိုင်း ဘီလ်နဲ့ ဂျင်မီယာလည်း သူ့ကြောင့် ငါ့ကြောင့်နဲ့ အမြဲတစ်ကျက်ကျက် စကားများနေကြတယ်၊ တစ်နေ့တော့ ကောင်လေးက ပြောတယ်။

"ကျွန်တော် အကြံတစ်ခု ရတယ်၊ ဘီလ်က ပွဲကိုင်နေတုန်း နေပူမိလို့ မူးတယ် မူးတယ်ဆိုပြီး ပွဲစင်ထက်က ဆင်းလာ၊ လေ့ကားပေါ်က ဒလိမ့်ခေါက်ကွေကျ၊ ဒီတော့ ကျွန်တော်က သူ့ကို ပြုစုဖို့ အနီးဆုံးဖြစ်တဲ့ ဒုတိယအရာရှိ အခန်းထဲ တွဲခေါ်သွားမယ်လေ"

"ဟေး.. ဒီဟာမဆိုးဘူး၊ ကောင်းတယ် ကောင်းတယ်"

ကျုပ်က ဝမ်းသာအားရ ပြောမိတော့ ဘီလ်က ကျုပ်ကို စားမတတ် ဝါးမတတ် ကြည့်ပြီး..

"ကောင်းရင် မင်းလုပ်ပါလားကွ"

"ခင်ဗျားလုပ်တော့ ပိုကောင်းတာပေါ့ဗျ၊ ခင်ဗျားတို့နှစ်ယောက်ထဲက ဘယ်သူပဲ လေ့ကားကကျကျ ကျွန်တော့်အဖို့တော့ အတူတူပါပဲ၊ ဒီလိုမှ မဟုတ်ရင်လည်း ခေါင်းပန်းလှန်ဗျာ"

ဂျင်မီက အားတက်သရော ပြောတော့ ဘီလ်က ဒေါသထွက်လာပြီး ..

"သွားစမ်း လူသတ်သမားလေး၊ တော်ကြာ ငါ တစ်ခုခု လုပ်မိလိမ့်မယ်"

လို့ ကြိမ်းမာန်ပြီး..

"မင်းတို့ဆီက ဘာအကြံမှ မလိုဘူး၊ ငါ့မှာ ကိုယ်ပိုင်ဉာဏ် ရှိတယ်"



http://mmteashop.com

ဒီလိုနှင့် ကျုပ်တို့ဟာ အင်္ဂလန်နဲ့ ပြင်သစ်ပြည်ကြားက ဒိုဗာရေလက်ကြားထဲ ဝင်လာပြီး တစ်ညမှာ ဒုတိယအရာရှိဟာ ပွဲစင်ပေါ်မှာ တာဝန်ကျနေတုန်း ဘီလ်က အနီးကပ်သွားပြီး ညောင်နာနာအသံနဲ့..

"ဆရာ.. ဒီခရီးဟာ ကျွန်တော့်အတွက် နောက်ဆုံးပတ်.."

လို့ စကားစတယ်၊ ဒုတိယအရာရှိကလည်း စကားများများ ပြောတဲ့လူ မဟုတ်တော့ ဘီလ်ကို ဆတ်ခနဲ တစ်ချက်လှမ်းကြည့်ပြီး..

"အို.. ဟုတ်လား"

ဒီဟာပဲ ပြောတယ်။ ဒီတော့ ဘီလ်က မရို့တရှိနဲ့ လက်ကလေးနစ်ဖက် ယှက်ပြီး..

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီဟာကြောင့် ဆရာ့ဆီမှာ ကျွန်တော့် အသနားခံချင်တာလေး တစ်ခုရှိလို့ပါ"

ဒုတိယအရာရှိက ချောင်းခြောက်တစ်ချက် ဟန့်ပြီး ခြေတစ်လှမ်း နစ်လှမ်း ရွှေ့သွားတယ်။ ဒီတော့ ဘီလ်ကလည်း အားမနာပါးမနာ ရွှေ့လိုက်ရင်း..

"ကျွန်တော် လိုက်ခဲ့တဲ့ သဘော်တွေထဲမှာ ဒီသဘော်ဟာ အပျော်ဆုံးပါပဲခင်ဗျာ၊ ဒီဟာလည်း ဆရာ့ကို သဘောကောင်းတဲ့ စိတ်သဘောထား မွန်မြတ်တဲ့ လူလက်အောက်မှာ အလုပ်လုပ်ရလို့ပါပဲ၊ ကျွန်တော် တစ်ယောက်တည်းတင် မဟုတ်ပါဘူး သဘော်သား အားလုံးကလည်း ဒီလိုပဲ ယူဆကြပါတယ်၊ ဆရာ့ကို အားလုံးက ချစ်ကြောက် ရှိသေကြပါတယ် ဆရာ"

ဒုတိယအရာရှိက ချောင်းတစ်ချက် ဟန့်ပြန်တယ်။ သို့သော် သူ သဘောကျသွားမှန်း ဘီလ်က အကဲဖမ်းလိုက်နိုင်တယ်။ ဒါကြောင့် ဘီလ်က..

"ဒီဟာကြောင့် ကျွန်တော် စဉ်းစားမိတယ် ဆရာ၊ ကျွန်တော် နောက်ထပ် သဘော်မလိုက်တော့ဘူးလို့ ဆုံးဖြတ်လိုက်ကတည်းက ကျွန်တော် ချစ်တဲ့ခင်တဲ့ ဆရာရဲ့ ပစ္စည်းတစ်ခုခုကို အမှတ်တရ သိမ်းဆည်းထားဖို့ပါပဲ၊ ဘယ်လိုပစ္စည်းကို သိမ်းဆည်း သင့်သလဲလို့ တွေးလိုက်တော့ ကျွန်တော်တို့ လူသားတွေဟာ ညဆိုရင် မအိပ်ဘဲ မနေနိုင်ကြပါဘူး၊ ဒီတော့ ဆရာ အခု ခင်းအိပ်နေတဲ့ မွေ့ရာကလေးကိုသာ


http://mmteashop.com

ရလိုက်မယ်ဆိုရင် ညအိပ်တိုင်း ကိုယ်ချစ်တဲ့ဆရာရဲ့ ရင်ခွင်ထဲမှာ ဝင်အိပ်နေရတယ် ထင်ပြီး ဆရာ့ကိုလည်း အမြဲ သတိရနေမိမှာပါ။ ဆရာ့မွေ့ရာလေးသာ ကျွန်တော့်ပေး.."

"ကျုပ်ရဲ့ ဘာ.."

"ဆရာ့မွေ့ရာလေးပါ ဆရာရယ်၊ ဆရာလည်း ဒီမွေ့ရာလေးကို ဝယ်ရတာ ဖြစ်လေတော့ ကျွန်တော် အလကားမတောင်းပါဘူး၊ ရောင်းပါ ဆရာရယ်၊ ကျွန်တော် တစ်ပေါင်ပေးပါ့မယ်"

ဒီတော့ ဒုတိယအရာရှိက ခေါင်းခါပြီး..

"ဝမ်းနည်းပါတယ် ဘီလ်၊ ဒီလောက်နဲ့တော့ မရဘူးကွ၊ ငါဝယ်ထားတာ တော်တော် ပေးရတယ်၊ ဘယ်လောက်ဆိုတာတောင် မေ့နေပြီ၊ မွေ့ရာက အကောင်း စားကွ"

ဘီလ်က ဒုတိယအရာရှိအကြောင်း စင်းစင်းသိပြီးသား။ ဒီလူက အိတ်ထောင်ထဲ တစ်သျှီလင်တောင် ရှိမယ့်လူစား မဟုတ်ဘူး။ ဂျင်မီပြောတော့ ဒီမွေ့ရာဟာ ဆယ့်ရှစ်ပဲနိလောက်ပဲ တန်သတဲ့။ သို့သော် ဘီလ်က ဒီဟာတွေ အထွန့်တက်မနေဘဲ..

"ဆရာပြောတာ ဟုတ်မှာပါ၊ သို့သော် ကျွန်တော့်မှာလည်း မရှိဆင်းရဲသားပါ၊ ဆရာ့ကို ကြည်ညိုလွန်းလို့သာ အသက်အောင့်ပြီး ဝယ်ရတာပါ၊ တစ်ပေါင်နဲ့ မရရင် နှစ်ပေါင်ပေးပါ့မယ် ဆရာရယ်"

ဒုတိယအရာရှိ အင်တင်တင် လုပ်နေသေးတယ်။ ဘီလ်ကလည်း ဒီထက် ပိုပေးမယ် မပြောတော့မှ..

"ကျုပ်ကလည်း ကိုယ်အိပ်နေကျ မွေ့ရာမှ၊ ဒီ့ပြင် ပြောင်းမအိပ်တတ်ဘူး၊ သို့သော် ကိုယ့်ကို လေးစားတဲ့ တပည့်အတွက် ကျေးဇူးပြုချင်လို့သာ၊ ကဲ.. ဘီလ် ဒီမွေ့ရာကို လန်ဒန်ဆိပ်ကမ်း တက်တော့မှယူ၊ ဒီလိုဆိုရင် ဖြစ်တယ်မဟုတ်လား"

ဘီလ် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာသွားပြီး ကမန်းကတန်း..



http://mmteashop.com

"ဖြစ်ပါတယ်ဆရာ.. ဖြစ်ပါတယ်၊ အမယ်လေး.. ကျေးဇူးတင်လိုက်တာ ဆရာရယ်။ ကျွန်တော် သေသည်အထိ သိမ်းထားမှာပါ။ အဲလေ.. ကောင်းကောင်း ခင်းအိပ်မှာပါ။ ငွေနှစ်ပေါင်ကိုလည်း ဆိပ်ကမ်းရောက်လို့ လခ ရှင်းပြီးတာနဲ့ ချက်ချင်း ပေးပါ့မယ်ဆရာ"

"အဲ.. တစ်ခုတော့ ရှိတယ်နော် ဘီလ်၊ ဒီအကြောင်းကို ဘယ်သူမှတော့ မပြောနဲ့၊ တော်ကြာ ဟိုလူက ဒီပစ္စည်းတောင်း၊ ဒီလူက ဟိုပစ္စည်းတောင်းနဲ့ စာရင်း ရှုပ်နေဦးမယ်"

"စိတ်ချပါဆရာ၊ ကျွန်တော် တစ်ခွန်းဆို တစ်ခွန်းမှ မဟပါဘူး"

တကယ်ဆိုတော့ ဒီလို ငယ်သားတွေနဲ့ ပစ္စည်းရောင်းဝယ် လုပ်နေတာကို ကပ္ပတိန် သိသွားမှာ စိုးလို့ပါ။ သူ့လိုလူစားက ပိုက်ဆံသာ ရမယ်ဆိုရင် ဘာမဆို လုပ်မယ့်လူပါ။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့အကြံ အောင်ပြီပဲ။ မွေ့ရာရပြီဖြစ်ကြောင်း ဘီလ်က ပြောတုန်းကများလေ သူဝမ်းသာလွန်းလို့ မျက်ရည်တောင် ကျမတတ်ပါပဲ။ နောက်ပြီး ကျုပ်ကို တိုးတိုးလည်း မှာသေးတယ်။

"မွေ့ရာကို ငါ့ပိုက်ဆံနဲ့ ဝယ်တာနော်၊ ဟိုကောင်လေးနဲ့ ဘာမှ မဆိုင်တော့ဘူး၊ သို့သော် မင်းကတော့ ငါ့အချစ်ဆုံး သူငယ်ချင်း ဖြစ်လို့ တစ်ယောက် ထက်ဝက် ရှယ်ယာပေးမယ်၊ ဒီတော့.. ဟိုနှစ်ပေါင် ကပ္ပတိန်ကို ပေးရတဲ့ ရင်းနှီးငွေက မင်းငါ့ကို တစ်ပေါင် ပြန်ပေးနော်" တဲ့။

ဒီလို စည်းဝါးရိုက်ပြီးတဲ့အခါမှာ ကျုပ်တို့က ကျွန္ဓြေမပျက် နေသော်လည်း ကောင်လေးကတော့ ကျုပ်တို့ကို ကြောင်က ကြွက်ကို ချောင်းသလို ချောင်းနေတာဗျ။ တစ်ချက်မှ အလစ်မပေးဘူး။ ကျုပ်တို့ သင်္ဘောဟာ ရေလက်ကြားကို လေးရက်တိုင်တိုင် ရေဆန်လေဆန် တက်ခဲ့ရတယ်။ ဒီဟာတောင် လမ်းခုလတ်မှာ ဆွဲသင်္ဘောတစ်စီးက ကူဆွဲရသေးဗျ။

ကျုပ်တို့မှာတော့ ကမ်းနဲ့ နီးလာလေလေ ရင်ထဲ တထိတ်ထိတ်နေလေပေါ့။ ဂျင်မီကို 'သင်း' ဝေစု မပေးရအောင် ဘယ်လို လွတ်အောင် ရှောင်ရပါ့မလဲ။ အကြံက မရနဲ့။ ဘီလ်က သူ့အကြံတစ်ခုကိုတော့ ပြောပြပါတယ်။ ဆိပ်ကမ်းရောက်ရင် ကျုပ်က ဂျင်မီကို ခေါ်ထုတ်သွား။ သူက နောက်က လိုက်ခဲ့မယ်ပေါ့။ ပြီး.. ကျုပ်က ဂျင်မီကို တစ်နေရာရာမှာ မျက်ခြည် ဖြတ်ပစ်ခဲ့တဲ့။ သို့သော် ကျုပ်က ဘာရမလဲ။ ကျုပ်က ပြန်ပြောလိုက်တယ်။ ကျုပ်ဝေစု လက်ထဲ မရောက်မချင်း ဘယ်သူ့ကိုမှ မျက်ခြည် မဖြတ်နိုင်ဘူးလို့ ဂျင်မီကလည်း



http://mmteashop.com

အနန်အအမှ မဟုတ်တာ။ ဘီလ်အနား တစ်ချိန်လုံးကပ်ပြီး မွေ့ရာကို ဘယ်လို ရအောင်ယူမလဲ စိုးရိမ်ရှာလို့ ငိုတော့မလို ရယ်တော့မလို ဖြစ်နေရှာတာ။ ဒိုပြင်လူတွေ သိသွားမှာစိုးလို့ တိုးတိုး ကြိတ်ပိတ်မာန်နေရတာကလည်း အလုပ်တစ်ခုပဲ။

ဒီလိုနဲ့ ကျုပ်တို့သဘော် ဆိပ်ကမ်းကပ်၊ သဘော်ကျောက်ချပြီးတဲ့ အခါမှာ ကျုပ်တို့ဟာ အောက်ထပ်ဆင်းပြီး ကုန်းပေါ်တက်ကြဖို့ အဝတ်အစား လဲကြတယ်။ ကျုပ်တို့ လုပ်သမျှကို ဂျင်မီကလည်း အစဉ်တစိုက် လိုက်ကြည့်နေတာပဲ။

နောက်ဆုံးတော့ မအောင့်နိုင်ဘဲ ဘီလ်ကို မေးတော့တယ်။

"ဘယ့်နယ်လဲ ဘီလ်၊ ဘယ်လိုလုပ်မလဲ "

"နေပါဦးကွ၊ မင်းကလည်း ဒိုပြင်လူတွေ ကမ်းပေါ်တက်အောင်ပဲ စောင့်ပါဦး၊ အားလုံးသွားကြတော့မှ တို့ကြည့်လုပ်ကြတာပေါ့၊ ကဲ.. လာ၊ တို့လခ သွားထုတ်ကြရအောင် "

လခထုတ်တော့ ကျုပ်တို့ အလျင်ရကြတယ်။ ဒီတော့ စောင့်နေတဲ့ ဒုတိယအရာရှိက ကျုပ်တို့ကို မျက်ရိပ်ပြပြီး သူ့အခန်းထဲ ခေါ်သွား။ ရောက်တော့ ဘီလ်က ငွေနှစ်ပေါင် ပေးလိုက်တဲ့အခါမှာ သူက ရွက်ဖျင်နဲ့ အသင့်လိပ်ထားတဲ့ မွေ့ရာကို ဘီလ်လက်ထဲ အပ်တယ်။ ဒီမွေ့ရာလိပ် လှမ်းယူတဲ့ ဘီလ်ရဲ့ လက်များဟာ တုန်တောင်ပဲ နေသလားလို့ဗျာ။ ပြီးတော့ ကျုပ်တို့ဟာ ဂျင်မီ တက်မလာခင် ကမ်းပေါ်အရောက် ပြေးမယ်လို့ စိတ်ကူးထားကြတာ။ သူ့ကို တကယ်ကြည်ညိုလို့ ထင်နေတဲ့ ဒုတိယအရာရှိရဲ့ စကားရှည်မှုက သူ့မွေ့ရာလိပ်ကို ဘီလ်လက်ထဲ ကမ်းပေးပြီးတဲ့နောက် အလွန် ကျေနပ်တဲ့ မျက်နှာကြီးနဲ့..

"ကဲ.. ငါ့တပည့်ကြီး လိုအင်ဆန္ဒ ပြည့်ဝပြီ မဟုတ်လား "

ဘီလ်က ခပ်သွက်သွက်ပဲ မြန်မြန်ပြီးပါစေတော့လို့..

"ဟုတ်ကဲ့ ခင်ဗျာ၊ ဟုတ်ကဲ့ "

သို့သော် ဒုတိယအရာရှိက မပြီးသေးဘူး။ ဘီလ် ပခုံးပေါ် လက်တင်တဲ့ပြီး ..

http://mmteashop.com

"ဒီလို ဆရာသမားကို ချစ်ကြည်တဲ့လူဟာ တစ်သက်တာမှာ မဆင်းရဲတတ်ဘူးကွယ့်"

"ဟုတ်ကဲ့ခင်ဗျ"

ဘီလ့်အသံ တိုဆတ်ဆတ်၊ သူ့စိတ်ထဲရှိတာ အကုန်ပြောလိုက်ရင်တော့ (ဒီမွေ့ရာထဲက ပေါင် ၆၀၀ အကုန်ရပြီး ရင်းနှီးစားလိုက်ရရင်ဖြင့် ဘယ်ဆင်းရဲတော့မှာလဲ) ပေါ့။

"ဒီမွေ့ရာလိပ်ကို ဆရာသမားက အလကား မပေးလိုက်ဘူး၊ ငွေနှစ်ပေါင် ယူလိုက်ရတာက ဘာကြောင့်လဲဆိုတာ သိလား"

ဘီလ်က ဘာပြောရမှန်းမသိ၊ တွေနေတုန်း သူကပဲ ဆက်လက်၍..

"ဆရာ့တပည့်ဟာ ဆရာ့ကို ဘယ်လောက်ချစ် ကြည်ညိုသလဲ သိချင်လို့ကွယ့်၊ နားလည်ပလား"

"ဟုတ်ကဲ့.. နားလည်ပါပြီ"

ဘီလ်က ပြီးလွယ်စေကြောင်း ပြောလိုက်သော်လည်း ကိုယ်တော်မြတ်က စကားမဆုံးသေး။ ကျုပ်ဘက် လှည့်လာပြီး..

"မင်းကော ဆရာ့ဆီက ဘာပစ္စည်းများ အမှတ်တရ ယူချင်သလဲ"

အဲ.. ခက်ချည့်။

ကျုပ်က ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ် ဘီလ်က..

"ဩော်.. ဆရာ သူက ဒီသင်္ဘောက ဆင်းမှာ မဟုတ်သေးဘူး ဆရာ့ လက်အောက်မှာပဲ ရှိနေဦးမှာပဲ"

"ဩော်.. ဟုတ်လား၊ ဒီဟာထက် ဘီလ် မင်းကတော့ ဒီသင်္ဘောကဆင်းပြီး ဘယ်သွား ဘာလုပ်မယ် စိတ်ကူးရှိနေလို့လဲ"

ဘီလ်ခမျာ ခေတ္တ ယောင်အအ ဖြစ်နေပြီးမှ..



http://mmteashop.com

"ကျွန်တော့် ဘိုးဘွားဘက် ငွေအမွေလေး ရစရာရှိလို့ ဒီဟာနဲ့ ရင်းနှီးရောင်းဝယ်စားမယ် စိတ်ကူးတယ် ဆရာ"

"အေး.. အေး.. ငါ့တပည့်ကြီး ကြံတိုင်းအောင်လို့ ဆောင်တိုင်း မြောက်ပါစေကွယ်၊ ဘုန်းကြီးလို့ သက်ရှည်ပါစေကွယ်"

ဒီလို ကောင်းချီးပေးနေစဉ်မှာပဲ ဂျင်မီ အပေါ်ထပ် ရောက်လာခဲ့ပြီး ဂျင်မီဟာ ဘီလ် လက်မောင်းကို တင်းတင်း ဖက်ထားတော့တယ်။ ပါးစပ်ကလည်း တဖျစ်တောက်တောက် နဲ့..

"ကျုပ်ကို အသိမပေးဘူး၊ ခင်ဗျားတို့ဟာ ကြောင်စားခွက်ထဲက နို့ကိုတောင် ခိုးသောက်မယ့် လူစားတွေပဲ၊ ဘယ်ရမလဲဗျာ၊ ကျွန်တော့်ရှယ်ယာ မရမချင်း ဒီသဘော်က မခွာဘူး"

"မဟုတ်တာကွာ၊ မင်းကို မပြောတာက ငါက စေတနာနဲ့ မင်းကို ဖြုန်းခနဲ ဒိုင်းခနဲ ဝမ်းသာသွားစေချင်လို့ပါ"

ဘီလ်က မချိပြုံးပြုံးရင်း ပြန်ပြောပေမယ့် ဂျင်မီက..

"ခင်ဗျား စေတနာတွေ မလိုပါဘူးဗျာ၊ လူငယ်ဖြစ်တဲ့ ကျွန်တော်ကပဲ ခင်ဗျားတို့ကို သစ္စာမဖောက်ရဘူး၊ ခင်ဗျားတို့ လူကြီးတွေ လုပ်နေပြီး မရှက်ကြဘူးလား၊ ကဲ.. ဒါတွေ ထားပါတော့၊ မွေ့ရာလိပ်ကို ဘယ်မှာ ဖွင့်မလဲ"

"တို့အခန်းထဲ သွားဖွင့်ကြတာပေါ့ကွာ၊ လူမြင်ကွင်းမှာ လုပ်လို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ ရဲက လုမ်းမြင်လို့ သက်ာမကင်း ဖြစ်နေဦးမယ်၊ ကဲ.. ကွာ၊ ဂျင်မီ လာ အောက်ဆင်းကြမယ်"

"တော်ပြီဗျာ.. ကျွန်တော် အောက်မလိုက်တော့ဘူး၊ ဒီလှေကားထိပ်ကပဲ စောင့်နေတော့မယ်၊ တော်ကြာ ငွေတွေမြင်ပြီး ခင်ဗျားတို့ လောဘထွက်ပြီး ကျွန်တော့ကို ရန်ရှာမယ်ဆိုရင် အောက်ထပ်သဘော် ဝမ်းထဲမှာ ခုအချိန် ကျွန်တော့်ကို ကယ်ဆယ်မယ့် လူ ရှိမှာ မဟုတ်ဘူး၊ ငွေရရင်သာ ကျွန်တော့်ရှယ်ယာကို ကျွန်တော့်ဆီ ပစ်ပေးလိုက်၊ ပြီးတော့ ကျွန်တော့်အလျင် ခင်ဗျားတို့က ကမ်းပေါ်တက်ကြ ဟုတ်လား"



http://mmteashop.com

"ဒါကတော့ မင်းသဘောပေါ့"

ပြောဆိုပြီး ဘီလ်နဲ့ကျုပ်ဟာ အောက်ထပ်ကို မွှေရာပိုက်ပြီး ဆင်းခဲ့ကြတယ်။ ဒီဟာတောင် အခန်းထဲမှာ ရှိုးများတဲ့ သဘော်သား တစ်ယောက် ကျန်နေသေးတယ်။ ငနဲက သဘော်အဆင်းမှာ ကြိုနေမယ့် သူ့ရည်းစားများရှိသလား မသိပါဘူး၊ သူ့ဆံကေသာကို သနေတာက တော်တော်နဲ့ မပြီးနိုင်ဘူး။ ကျုပ်တို့လည်း သူ့ကို စိတ်ထဲက ကျိန်ရင်း ဆဲရင်းနဲ့ စောင့်နေရတာ (၁၅) မိနစ်လောက်တောင်ကြာမှ ကိုယ်တော်မြတ်က ကြွသွားတော်မူတယ်။ သင်း ကုန်းပတ်ပေါ်သို့ နောက်ဆုံးလှေကားထစ် တက်နင်း လိုက်ပြီရင် ဆိုပဲ ဘီလ်ဟာ ချက်ချင်း ခဏမဆိုင်း မွေ့ရာကို ဓားနဲ့ခွဲပြီး ဖြဲရှာတော့တယ်။ ကျုပ်တို့စိတ်ထဲဝယ် ငွေထုပ်ကြီး တွေ့ရတော့မယ်ဆိုပြီး ရင်ထဲ တထိတ်ထိတ်။ သို့သော် မွေ့ရာထဲက အစာတွေသာ မွှမွှကြဲပါရော၊ ငွေစက္ကူနဲ့ တူတာတော့ ဘာမှမတွေ့။ ဒီတော့ ဘီလ်က အသံအက်တက်ကြီးနဲ့ ..

"ဒုတိယအရာရှိများ တွေ့သွားသလားကွာ "

ကျုပ်တို့ မကျေနပ်လို့ ကြက်ယက်သလို ထပ်ရှာလည်း ရှာရှာပဲ၊ ဒီတော့ ဘီလ်က လှေကားရင်းသွားပြီး ဂျင်မီကို လှမ်းခေါ်တယ်၊ သုံးလေးခွန်းခေါ်လည်း ပြန်ထူးသံ မကြားရဘူး။ ဒါနဲ့ ဘီလ်ဟာ စိတ်ဆိုးမာန်ဆိုး လှေကားပေါ် တက်သွားတော့ ကျုပ်လည်း နောက်က တက်လိုက်သွားတယ်။ ကောင်လေးကို ဘယ်နေရာမှ မတွေ့ဘူး။ ဒီအနီးအနားမှာ သူ့ကိုယ်သူ လျှာနဲ့လျက်နေတဲ့ ကြောင်ကလေးတစ်ကောင်ပဲ ရှိတယ်။

အဲဒီကတည်းကစပြီး ဂျင်မီ ကောင်လေးကို ကျုပ်တို့ နောက်ထပ် မတွေ့ရတော့ပါဘူးဗျာ။ အဲဒီနေ့ကပဲ သူ့လခ ထုတ်ပြီးတဲ့နောက် သူ့ပစ္စည်းတွေပါယူပြီး ဒီသဘော်က အပြီးအပိုင် ဆင်းသွားတာပဲဗျ။

* * *

http://mmteashop.com

## သူငယ်ချင်းတစ္ဆေ

"လူတွေဟာ အယူသီးတတ်ကြတယ်ကွ "

ဆိပ်ကမ်းညစောင့် အလုပ်သမားကြီးသည် သူတစ်ယောက်တည်း စကားပြောစရာ လူမရှိ၍ တစ်နေရာရာမှ ရောက်လာသော သူ့ခြေထောက်အကြား ဘောင်းဘီစကို ကိုယ်နှင့် ပွတ်တိုက်နေသော မျက်စိတစ်ဖက်လပ် ကြောင်နက်ကြီး တစ်ကောင်အား အရေးတယူ ပြောဆိုနေလေသည်။

"အထူးသဖြင့် မင်းတို့လို ကြောင်နက်တွေကို တချို့လူတွေက အမင်္ဂလာ ကောင်လို့ ယူဆကြတယ်ကွ၊ သူတို့ စားသောက်မယ်လို့ ပြင်ဆင်ထားတဲ့ အစာအာဟာရ တွေများ ကြောင်နက်တစ်ကောင်က အမှတ်မဲ့ ရောက်လာပြီး အလစ် ဝင်စားလိုက်မယ် ဆိုရင် မကောင်းဆိုးရွား ဝင်နှောက်ပြီရယ်လို့ အားလုံး သွန်ပစ်ကြရော၊ သူတို့ ကံဆိုးမိုးမှောင် ကျပြီလို့လည်း ယူဆကြရော၊ ငါ ကျွဲခေါင်းအရက်ဆိုင် သွားတုန်းက ကြားဖူးခဲ့တာဖြင့် 'လူတစ်ယောက်ဟာ အဲလို ကိုယ့်ဆီလာပြီး ဂျိုဟ်ဆိုးဝင်တဲ့ ကြောင်နက် တစ်ကောင်ကို သတ်လိုက်မိတာနဲ့ သူ့တစ်သက်တာမှာ အဲဒီ ကြောင်နက်တစ္ဆေက အမြဲ လိုက်ခြောက်နေတော့တာပဲ ' တဲ့။ စင်စစ်တော့ အဲဒီလူဟာ သူ့စိတ်နဲ့ သူ ဥပါဒါန် ဖြစ်နေတာပါပဲ"

လို့ ပြောရင်း သူသည် ကြောင်ကြီး၏ လည်ပင်း၊ နားရွက်နောက်နားလေးကို ပွတ်သပ်ပေးကာ..

"ဒီလို အယူသီးပြီး ကြောက်တတ်တဲ့ လူမျိုးတွေဟာ ငါတို့လို ညကြီးမင်းကြီး တစ်ယောက်တည်း ကိုယ့်တာဝန် ထမ်းဆောင်ရတဲ့ ညစောင့် အလုပ်သမားမျိုး ဘယ်ဖြစ်နိုင်ပါ့မလဲနော်၊ ကဲ.. အခုပဲ မင်း ငါ့ဆီလာနေတော့ မင်းကို ငါ မကောင်းဆိုးဝါးလို့ ယူဆရင် မခက်ပါလားကွာ၊ တကယ်တော့ အယူသီးမှုဟာ စိတ်သဘောထား သေးသိမ်နနယ်ခြင်းပါပဲ"

ဟု ပြောပြီး သူသည် ထိုင်ရာမှထ၍ ဆိပ်ကမ်းတံတားပေါ်မှာ လမ်းအနည်းငယ် လျှောက်ရင်း သူ့ဆေးတံကို ဆေးထည့်သည်။ ထိုစဉ် ကြောင်ကြီးက တခြားမသွားသေးဘဲ



http://mmteashop.com

သူ့ခြေကြား ကပ်ပါလာသည်၌ နေရာ သူပြန်ထိုင်၍ ဆေးတံကို မီးညှိကာ ဖွာလိုက်ပြီး ကြောင်ကြီးအား..

“မင်း တခြားမသွားသေးဘူးဆိုရင် ငါ ပြောချင်ပါသေးတယ်၊ အယူသီးမှုဟာ ကောင်းတာလည်းရှိ၊ မကောင်းတာလည်း ရှိသကွ၊ ငါ့မိတ်ဆွေ တစ်ယောက်အကြောင်း ပြောပြမယ်၊ သူ့နာမည်က ဘီလ်ဘာတင်ရှော တဲ့”

အဲ.. ဘာတင်ရှောရဲ့ အမေကိုယ်တိုင်ကလည်း ဘယ်လောက် အယူသီးသလဲ ဆိုရင် လူတွေဟာ သေရင် တစ္ဆေဖြစ်တယ်၊ အဲဒီတစ္ဆေဟာ သူ ခင်မင်တဲ့ အိမ်ကို လာပြီး နှုတ်ဆက်တတ်တယ်၊ ဒါကြောင့် သူ့ဆွေမျိုး မိတ်ဆွေထဲက သေပြီဆိုရင် သူ့အိမ်လာလာပြီး တံခါးခေါက်ကြသတဲ့၊ ညအချိန်မှာ သူ့အိမ်နံရံကို သုံးချက်ခေါက်သံ ကြားရရင်ဖြင့် သူ ခင်မင်တဲ့လူထဲက တစ်ယောက်ယောက် သေပြီဆိုတာ မုချပဲတဲ့။ အဲ တစ်ခါလည်း ညလင်းအားကြီး သုံးနာရီလောက်မှာ နံရံကို တဒေါက်ဒေါက် ခေါက်နေတာ သုံးခါမကဘူး။ ထူးခြားပါတယ်ဆိုပြီး ထပြီး မီးဖွင့်ပြီး..

“ဟဲ့.. ဘယ်သူလဲ၊ ဘယ်ဝါလဲ၊ ကောင်းရာ သုဂတိ သွားပေရော့” ဆိုတော့ တစ်ဖက်ခန်းကလူက “ကျွန်တော့် ဓာတ်ပုံချိတ်ဖို့ သံရိုက်နေတာပါဗျ” လို့ ပြန်ပြောသတဲ့၊ ဟား ဟား..”

အဲဒီမိခင်ရဲ့သား ဘီလ်ဘာတင်ရှောဟာ အချိန်အရွယ်ရောက် လူလားမြောက်တဲ့ အခါမှာ သခေၤာ်သားအလုပ်နဲ့ ပင်လယ်ခရီးမှာ ပါသွားလေတော့ အယူသီးမှုမှာ ပိုမိုဆိုးရွားသတဲ့။ ဒီအဖြစ်ရောက်သွားတာက ဆိုက်လတ်စ်ဝင့်ချ် ဆိုတဲ့ အခြား သခေၤာ်သားတစ်ယောက်နဲ့ ပေါင်းသင်းမိခြင်းပဲကွ။ ဆိုက်လတ်စ်ဟာ မျက်နှာရှည်ရှည်၊ မျက်လုံးပြူးပြူး၊ ပါးစပ်ပြဲပြဲနဲ့ သူ့ ပုံသဏ္ဍာန်ကိုကလည်း သရဲခြောက်နေတာနဲ့ တူတယ်။ သရဲတစ္ဆေ အကြောင်းတွေလည်း အင်မတန် ပြောတတ်တယ်၊ သူကလည်း အပြောကောင်းတော့ သူ့စကား နားထောင်မိပြီဆိုရင် အဖော်သခေၤာ်သားတွေဟာ ညအချိန်မှာဆိုရင် တစ်ယောက်တည်း မနေဝံ့တော့ဘူး။

ဆိုက်လတ်စ်ဟာ သရဲတစ္ဆေကိုလည်း မြင်တတ်တယ်၊ တွေ့တတ်တယ်တဲ့။ တစ်ခါဟာဖြင့် သခေၤာ်သားကြီး ဘင်းဟတ်ဂင်ရဲ့ အိပ်ရာပေါ်မှာ လည်ပင်းပြတ်နေတဲ့ တစ္ဆေကြီး လဲလျောင်းနေတာ သူ မြင်နေရတယ်ဆိုတာနဲ့ ဘင်းဟတ်ဂင်ဟာ သူ့အိပ်ရာပေါ် သူ တက်မအိပ်ဝံ့တော့ဘူး။ ကြမ်းပြင်ပေါ်မှာချည်း အိပ်နေရတာ တစ်ပတ်လောက်



http://mmteashop.com

ကြာတော့ မတတ်နိုင်တော့ဘူး၊ ဆိုက်လတ်စ်ကို ဒေါ်လာဝက်ပေးပြီး အိပ်ရာချင်း လဲအိပ်ရသတဲ့ကွာ၊ ဟား.. ဟား.. ဆိုက်လတ်စ်ဆိုတဲ့ ကောင်က အဲဒီလို လူစား။

ငါ့မိတ်ဆွေ ဘီလ်ဘာတင်ရှောဟာ အဲဒီ ဆိုက်လတ်စ်နဲ့ သူငယ်ချင်းအဖြစ် ပေါင်းသင်းလာခဲ့တာ သူ အိမ်ထောင်ကျပြီး၊ သင်္ဘောသားအလုပ်က ထွက်တော့မှပဲ လူချင်း ကွဲသွားတော့တယ်၊ ဒါပေမဲ့ သူ ဆိုက်လတ်စ်ကို မေ့မရ၊ အမြဲတမ်း စိတ်ထဲတထင့်ထင့်နဲ့ စိုးရိမ်နေရတဲ့ အဖြစ်ကို ဖန်တီးမိခဲ့တယ်။ ဘာလဲဆိုရင် တစ်ညနေ မူးမူးရူးရူးနဲ့ သူတို့နှစ်ယောက်ဟာ အချစ်ဆုံးသူငယ်ချင်း ဖြစ်တဲ့အတွက် နောင် လူချင်းကွဲသွားလို့ ရှိတောင်မှ တစ်ယောက်သေရင် တစ်ယောက်ဆီလာပြီး ကိုယ်ထင်ပြစတမ်းလို့ လက်မောင်းသွေးဖောက် အရက်ထဲ ထည့်သောက်ဖြီး ကတိသစ္စာ ပြုခဲ့ကြသတဲ့ကွ။

ဒါကြောင့် ဘီလ်ဘာတင်ရှောစိတ်ထဲမှာ ဝင့်ချိသေရင် တစ္ဆေဖြစ်ပြီး သူ့ဆီ ဘယ်နေ့ရောက်လာမလဲ စိတ်ထဲတထင့်ထင့်၊ ဆိုက်လတ်စ်ဝင့်ချိရဲ့ တစ္ဆေ အခြောက် မခံရအောင် ဆိုလည်း သူက အရင်သေပြီး ဆိုက်လတ်စ်ဆီ သွားခြောက်ပါမှ၊ မူးမူးရူးရူးနဲ့ ထားခဲ့ကြတဲ့ ကတိသစ္စာဟာ ဘီလ်အတွက် ဘယ်လိုမှ မသက်သာဘူး၊ ဒါကြောင့် သူ အရက်ကိုပဲ ဖိသောက်တော့တယ်။

သူ သောက်နိုင်လောက်အောင်ကလည်း သင်္ဘောသားအလုပ်က ထွက်လာပြီးနောက် ရတဲ့ အလုပ်ဝင်ငွေက တစ်ပတ်ကို နှစ်ပေါင်ဆိုတော့ မနည်းဘူး။ နို့ပြီး သားသမီးကလည်း မထွန်းကားတော့ လင်ကိုယ်မယား နှစ်ယောက်တည်းပဲ။ ဘီလ်မိန်းမ အေမီဟာ ရိုးသားပြီး သဘောကောင်းပါတယ်။ ဘီလ်လည်းပဲ အရက်မမူးခင်ဖြင့် မခုတ်တတ်တဲ့ ကြောင်လိုပဲ၊ သူ့မယားအပေါ်မှာ အင်မတန် သဘောကောင်းပါတယ်။ ရလာတဲ့ငွေကို အကုန်အပ်ပါတယ်။ အဲ.. မူးပြီဆိုရင်တော့ မယားကို ရိုက်လားပုတ်လား လုပ်တတ်တယ်။ သူပေးထားတဲ့ငွေကို ပြန်တောင်းတတ် တယ်။

လောကဓမ္မတာပဲ ဆိုရမယ်။ အရက်သမားတို့ ထုံးစံဟာ လူကြီးလာလေ ကြာလာလေ အရက်ပိုသောက်လေနဲ့ နောက်ဆုံးမှာ ဘီလ်ဟာ ဘယ်လောက် ဆိုးလာသလဲဆိုရင် သူတို့ မင်္ဂလာဦးတုန်းက ဝယ်ထားတဲ့ အိမ်ထောင် ပရိဘောဂတွေကိုပါ ရောင်းပြီး သောက်ပစ်တယ်။ အဲဒီနောက်တော့ သူတို့ညှော်ခန်းမှာ စားပွဲကုလားထိုင်မှ မရှိတော့ သူ ဒီအိမ်မှာ နေချင်စရာ ကောင်းလောက်အောင် မသာယာတော့ဘူး ဆိုပြီး



http://mmteashop.com

အခြားသွား သောက်စားနေရာက အိမ်ကို အချိန်မတော် သန်းခေါင်ကျော်မှ ပြန်လာလေ့ရှိတော့တယ်။

အဲဒီလို ဘီလ်ဟာ အဆိုးသွမ်းဆုံး ဖြစ်နေတဲ့ အချိန်မှာ တစ်နေ့သ၌တော့ ဆိုက်လတ်စ်ဝင့်ချ်ဟာ ဘီလ်အိမ်ကို မေးစမ်းပြီး ရောက်လာတယ်။ စနေနေ့ မွန်းလွဲပိုင်း ဖြစ်လေတော့ ဘီလ် အိမ်မှာမရှိဘူး။ ဘီလ်မိန်းမကို သူဘယ်သူဖြစ်ကြောင်း ပြောပြတော့ အေမီဟာ သူ့လင် မကြာခဏ ပြောဖူးတဲ့အတိုင်း ဆိုက်လတ်စ်ဝင့်ချ်ဆိုတာ သိနေတော့ ဧည့်ခန်းထဲကို နောက်ဖေးက ကုလားထိုင်ဟောင်းတစ်လုံး ယူလာပြီးတော့ ထိုင်စေတယ်။

ဆိုက်လတ်စ်ဟာ ဧည့်ခန်းထဲမှာ ဘာစားပွဲ ကုလားထိုင်မှ မရှိတာ ကြည့်ပြီး..

"ဟော့.. မင်းတို့လင်မယားက ဧည့်ခန်းထဲမှာ ဒီလိုပဲ ရှင်းရှင်းလင်းလင်း နေတတ်သလား"

ဆိုတော့ အေမီက သူ့လင်ရဲ့ လုပ်ပုံကိုင်ပုံ ဖြစ်ကြောင်းကုန်စင်ကို ပြောပြတယ်။

ဒီတော့ ဆိုက်လတ်စ်ရဲ့ မျက်နှာကြီးဟာ ပိုရှည်သွားတယ် ထင်ရပြီး..

"ဟင်း.. ဘီလ်ဟာ ဒီလောက်တောင် ဆိုးနေသလားကွာ၊ ဒီကောင်တော့ ငါ တွေ့ဦးမှပဲ၊ သူ ဘယ်အချိန် ပြန်လာတတ်သလဲ"

ဆိုတော့ အေမီက..

"သူ ပြန်လာမှာကတော့ သန်းခေါင်ကျော်မှပါပဲ၊ ဒါပေမဲ့ ရှင် အဲဒီအချိန်မှာ သူနဲ့တွေ့လို့ မဖြစ်ဘူး ထင်တယ်၊ ဘာကြောင့်လဲဆို သူက မူးရူးလာမှာမို့ ရှင်တို့ချင်း ကတိသစ္စာထားကြတာ သူကျွန်မကို အကုန် ပြောပြထားပါတယ်၊ တစ်ယောက်သေရင် တစ်ယောက်ဆီလာပြီး ကိုယ်ထင်ပြမယ်ဆိုထားတော့ သူက ရှင့်ကိုမြင်ရင် ဖေကွ တစ္ဆေလာပြီး ခြောက်တယ် ထင်တော့မှာပဲ"

အဲဒီအခါမှာ ဆိုက်လတ်စ်ဟာ သူ့ခေါင်းကို ကုတ်ရင်း ခေတ္တ စဉ်းစားပြီး..

"သူက ငါ့ကို တစ္ဆေထင်မယ်၊ အေး.. ဒီလိုဆိုရင် ဟုတ်ပြီ၊ ငါက တစ္ဆေယောင်ဆောင်ပြီး သူ့ကို နောက်ထပ် အရက်မသောက်ဖို့ စကားပြောမယ်၊ အဲဒီလိုဆိုရင် မင်းအဖို့ရော သူ့အဖို့ရော ကောင်းသွားမယ်"

http://mmteashop.com

အေမီဟာ ဆိုက်လတ်စ်စကားကို ရုတ်တရက် နားမလည်သေးဘူး။ နောက်ထပ် ဆိုက်လတ်စ်က ရှင်းပြတော့မှ သဘောပေါက်သွားပြီး သူတို့နှစ်ယောက် အစီအစဉ်ကို တိုင်ပင်ကြတယ်။ နောက်ဆုံးမှာ အေမီက ..

"ဒီလို ရှင့်ကိုယ်ကျိုး မပါဘဲနဲ့ ကျွန်မတို့အတွက် ဆောင်ရွက်ပေးမှာကို အထူးပဲ ကျေးဇူးတင်ပါတယ်ရှင်"

"အို.. ဒါကတော့ အထူးပြောစရာ မလိုပါဘူးကွာ၊ ဘီလ်ဟာ ငါ့အချစ်ဆုံး သူငယ်ချင်းပဲ၊ သူ့အတွက် ငါဘာမဆို ဆောင်ရွက်ပေးရမှာပဲ၊ ဒါဟာ သူ့အတွက် ငါလုပ်ပေးတာ ပထမဦးဆုံးလည်း မဟုတ်ပါဘူး၊ နောက်ဆုံးလည်း မဟုတ်သေးပါဘူးကွယ်"

"ကျေးဇူးပါပဲရှင်၊ ဒါပေမဲ့ မတော်တဆ ရှင် တစ္ဆေ ယောင်ဆောင်တာ ပေါ်သွားရင်ဖြင့် ကျွန်မ ဘာမှမသိဘူး ပြောပါနော်၊ နို့မဟုတ်ရင် သူ ကျွန်မကို အရေဆုတ်ပါလိမ့်မယ်"

"အေး.. ကောင်းပါပြီ၊ နို့ပြီး ငါ့အတွက်လည်းပဲ စိုးရိမ်ရသေးတယ်၊ သူ့အိပ်ရာနားမှာ ဘာ လက်နက်မှ မရှိပါစေနဲ့နော်၊ မင်းတို့ အိပ်ခန်းတံခါးကိုလည်း အသာလေး စေ့ရုံစေ့ထား၊ မီးရောင်ကလည်း မြင်သာရုံ ခပ်မှိန်မှိန်လေး လင်းပစေ၊ (၃) နာရီလောက် ငါလာခဲ့မယ် ကြားလား"

ထိုညဌ ဘီလ်ကား သူ့ထုံးစံအတိုင်း သန်းခေါင်ကျော်လောက်မှ အလွန်အကျွံ မူးကာ လိုက်ပို့သော သူ့အဖော်များနှင့် ရောက်လာလျှင် အိမ်အောက်မှ ရန်းရင်းဆန်ခတ် ဖြစ်ကြပြီးနောက် အိပ်ရာထဲရောက်၍ ဒုန်းခနဲ လဲကျကာ အစန့်သား အိပ်ပျော် သွားလေသည်။

အမူးသမားတို့ မည်သည်မှာ လူအိပ်ပျော်သော်လည်း နှုတ်နှင့် ခြေလက်တို့က အငြိမ်မနေ။ ယောင်ယမ်း လှုပ်ရှားခြင်းတို့ကြောင့် အေမီသည် တော်တော်ကြီးကြာမှ အိပ်ပျော်သွားပြီးနောက် ကြောက်မက်ဖွယ်ကောင်းသော အသံကြီးတစ်ခုကြောင့် လန့်နိုး၍ မျက်စိကို ဖွင့်ကြည့်လိုက်တော့ ခုတင်ခြေရင်း၌ ဆိုက်လတ်စ် သင်္ဘောသား အဝတ်အစားနှင့်၊ သူ့ကိုယ်မှာလည်း ရေတွေရွှဲရွှဲစိုလျက်၊ မျက်နှာတွင် ပြောင်လက်နေသော ဆေးရောင်များ ခြယ်ထားသည်။ ဦးထုပ်ကိုလည်း နောက်သို့ ခပ်လန်လန် ဆောင်းထား၍ နဖူးပေါ်မှ ဖွာရာကျနေသော ဆံပင်တို့မှာလည်း ရေညှိ ရေမှော်များ ကပ်လျက် ..



http://mmteashop.com

ဆိုက်လတ်စ်သည် ဝမ်းခေါင်းသံကြီးနှင့် ညည်းတွားတွား အသံမျိုး အော်လိုက်ပြန်သည်။ အကယ်တန္တ အေမီသည် ကြိုတင် သိရှိမထားဘူး ဆိုပါက ရုတ်တရက် အသက် ထွက်သွားလောက်ပါ၏။ သို့သော် မူးမူးနှင့် အိပ်မောကျနေသော ဘီလ်ကား အသက်ရှူမပျက်။ ဆိုက်လတ်စ်က ဒီအသံမျိုး သုံးခါ ဆက်အော်သော်လည်း နကမ္ပတိ။ ဒီတော့ အေမီက အကြံပေး၏။

"စူးစူးရှရှအသံမျိုး အော်ပါလားရှင့်"

ဆိုက်လတ်စ်သည် အေမီ အကြံပေးသည့်အတိုင်း ငါးခါ အော်၏။ သူ့ အာခေါင်ခြောက်၍ ချောင်းတဟွတ်ဟွတ်သာ ဆိုးလာသည်။ အရက်ရှိန်နှင့် လောကကြီးကို အဆက်ပြတ်နေသော ဘီလ်ကား တုတ်တုတ်မျှ မလှုပ်သေး။ ဒီတော့ အေမီက ..

"ပထမလို အသံကြီးကြီးနဲ့ ခုနလို စူးစူးရှရှ အသံနှစ်မျိုးလုံး တွဲအော်ရှင့်"

ဆိုက်လတ်စ်သည် အေမီကို မျက်စောင်းထိုးပြီး ..

"ငါ့ခြီးတဲ့.. လူကို သံစုံမင်းသားများ အောက်မေ့နေသလား"

ဟု ပြန်ပြောသော်လည်း အေမီ အကြံပေးသည့်အတိုင်းပင် အသံနှစ်မျိုး တွဲအော်ရာ လေးငါးခါလောက်ရှိတော့မှ ဘီလ်သည် သဲ့သဲ့ ကြားဟန်တူ၏။ မျက်လုံးတော့ မဖွင့်ဘဲ အေမီကို တံတောင်နှင့်တွက်၍ -

"ဟော့.. သတိထားစမ်း၊ ဘာတွေ အိပ်မက်ပြီး အော်နေတာလဲ"

အေမီက ဘာမျှပြန်မပြော။ ဆိုက်လတ်စ်က အားတက်လာပြီး တစ်ချီ ကျုံးအော်လိုက်တော့မှ ဘီလ် လန့်ဖျပ်ကာ မျက်လုံးဖွင့်ကြည့်လိုက်မိသည်၌ ခုတင် ခြေရင်းက ဆိုက်လတ်စ်ကို မြင်သည်နှင့် တစ်ပြိုင်နက် အမယ်လေး တစ်ချက်တပြီး စောင်ကို တအားဆွဲဆောင့်ခြုံလျက် သူ့ကိုယ် ပုဝင်သွားတော့၏။

ယင်း၌ ဆိုက်လတ်စ်က ဝမ်းခေါင်းသံကြီးနှင့်..

"ဘီလ်.."

ဘီလ်ကိုယ်သည် အိပ်ရာအောက် ယက်ဝင်တော့မည်ကဲ့သို့ ကျုံ့ဝင်သွားသည်။



http://mmteashop.com

"ဘီလ်.. မင်း ငါ့ခေါ်နေတာကို ဘာလို့ ပြန်မထူးလဲကွ"

ဒီအခါမှာ သူ့အသံက လေးလေး အေးစက်စက်ကြီးဖြင့် -

"ငါကတော့ မင်းနဲ့ ကတိသစ္စာ ထားခဲ့တဲ့အတိုင်း ပစိဖိတ်သမုဒ္ဒရာအောက် သေရွာကနေပြီး ထလာခဲ့ရတယ်၊ မင်း ငါ့ကို နှုတ်မဆက်တော့ဘူးလားကွာ သူငယ်ချင်း"

ဒီတော့ ဘီလ်က စောင်ခြုံအောက်က တုန်လှုပ်သောအသံဖြင့် -

"ဂွဒ်.. ဂွဒ်.. ဂွဒ်ဘိုင်"

ယင်း၌ ဆိုက်လတ်စ်က စိတ်ပျက်သော အသံကြီးနှင့် တစ်ချက် ညည်းညူလိုက်ပြီး..

"ဩော် မင်းက ငါ့ကို ဒီတစ်ခွန်းပဲ ပြောစရာ ရှိတော့သလား၊ ငါဖြင့် သဘော်ပျက်လို့ သမုဒ္ဒရာအောက်ရောက်ပြီး သေသေချင်း ငါ့ကတိအတိုင်း ငါ့အချစ်ဆုံး သူငယ်ချင်းတော့ သွားနှုတ်ဆက်မှပဲလို့ ရေမွန်းပြီး ငါဖက်နေတဲ့ ကပ္ပတိန်ရဲ့ စားပွဲထိုးကလေးအလောင်းကို ခြေနဲ့ကန်ထပြီး မင်းဆီကို လာခဲ့ရတာကွ သိလား"

ဒီအချိန်မှာ ဘီလ်ဟာ အကြောက်လွန်ပြီး အရက်မူးတွေ ပြေနေလျက်..

"ဟုတ်.. ဟုတ်.. ဟုတ်ပါပြီ ဆိုက်လတ်စ်ရယ်၊ မင်း ကတိတည်ပါပေတယ်၊ ကောင်း.. ကောင်း.. ကောင်းရာသုဂတိကို လားပါစေ"

အဲဒီတုန်း ဆိုက်လတ်စ်က ဘာမှပြန်မပြောရမီ အေမီက ကိုယ်ကို ပုတ်လိုက်ပြီး..

"ဘီလ် ဘာတွေ ယောင်နေတာလဲ၊ ရှင် အိပ်မက်နေသလား၊ ဆိုက်လတ်စ်ဆိုတာ ဘယ်သူလဲ၊ ရှင် ဘာတွေ ပြောနေတာလဲ "

ဘီလ် စောင်ခြုံအောက်က သူ့မျက်လုံးကိုတော့ မဖွင့်ဘဲ အေမီကိုယ်ကို ဖျစ်ညှစ်လျက် လေသံတိုးတိုးဖြင့်..

"ငါ အိပ်မက်နေတာ မဟုတ်ဘူးဟဲ့၊ ခုတင်ခြေရင်းမှာ ငါ့သူငယ်ချင်း ဆိုက်လတ်စ်ရယ် မတ်တတ်ရပ်နေတာ နင်မမြင်ဘူးလား"



http://mmteashop.com

"မြင်ပေါင်တော်၊ ရှင်အိပ်မက်ပြီး အရက်မူးမူးနဲ့ စိတ်ကြောင်တောင်တောင် ဖြစ်နေတာပါ"

"နင်တကယ် ဘာမှ မမြင်ဘူးလား"

"မြင်ပါဘူးတော်၊ အိပ်မက်မက်တာပါ၊ ကဲ.. ကဲ.. ပြန်အိပ်တော့ ကျွန်မလည်း အိပ်ချင်လှပြီ၊ တကတဲတော် သရဲကြောက်တဲ့ ကလေးလေး ကျနေတာပဲ၊ စောင်ခြုံထဲ ဝင်ပုပြီး တွေ့ကရာတွေ လျှောက်ပြောနေတယ် "

ထို့နောက် အေမီသည် တစ်ဖက်သို့ လှည့်သွား၍ အိပ်ချင်ယောင် ဆောင်နေလိုက်တော့သည်။ ယင်းမှ ဆိုက်လတ်စ်က အသံသြကြီးနှင့် ..

"ဘီလ်"

ဘီလ်က မသက်သာသော အသံနှင့် ..

"ဗျာ.."

"မင်းမိန်းမဟာ ငါ့ကိုယ်ကို မြင်လည်း မမြင်ရဘူး၊ ငါပြောတာကို ကြားလည်း မကြားရဘူး"

"ဟုတ်ကဲ့ .."

"ငါက မင်းဆီကို လာတာကိုးကွ၊ မင်းနဲ့ငါဟာ သင်္ဘောသားဘဝမှာ အချစ်ဆုံးသော သူငယ်ချင်း ဖြစ်ခဲ့တယ်၊ ပင်လယ်ခရီးများစွာ အတူတကွ သွားခဲ့ကြတယ်၊ တို့ဟာ အဲဒီတုန်းက သောက်အတူ၊ စားအတူ၊ နေအတူနော် ဘီလ်"

"ဟုတ်ပါတယ် "

ဘီလ်သည် စောင်ခေါင်းမြီးခြုံကိုတော့ မဖွင့်ပေ။

"နောက်ဆုံးမှာ တို့လူချင်း ခွဲခွာရသည့်တိုင် မမေ့ကြစတမ်း၊ သေသော်မှ အလျင်သေတဲ့လူဆီကို လာရောက်နှုတ်ဆက်ကြ စတမ်းလို့ တစ်ယောက်လက်မောင်းသွေး တစ်ယောက်ဖောက်ပြီး ကတိသစ္စာပြုခဲ့တယ် မဟုတ်လား ဘီလ်"



http://mmteashop.com

"ဟုတ်ပါတယ် ဆိုက်လတ်စ်"

"အခု ငါက ငါ့ရဲ့ ကတိသစ္စာအတိုင်း ပစိဖိတ်သမုဒ္ဒရာအောက် သေရာက ထလာခဲ့တော့ မင်းကို တွေ့ရတာ ငါ စိတ်မချမ်းသာဘူး။ ဘာကြောင့်လဲဆို မင်းဟာ အရက်ကို အလွန်အကျွံ သောက်တယ်။ အိမ်ကို အချိန်မတော်မှ ပြန်လာတယ်။ အရက်မူးရင် မိန်းမကို ညဉ်းဆဲတယ်။ ပေးထားတဲ့ ပိုက်ဆံကို ပြန်တောင်းတယ်။ နောက်ဆုံး ပိုက်ဆံမရှိတော့ကွာ အိမ်ထောင်ပရိဘောဂကိုတောင် ရောင်းသောက်တယ်။ ဒါတွေကို မင်းမငြင်းပါနဲ့။ ငါက တစ္ဆေတို့ရဲ့ ကမ္ဘာဇိဒ္ဒိ တန်ခိုးနဲ့ သိတာကွ။ ကဲ.. ငါပြောတာတွေ မဟုတ်ဘူးလား။ မင်း ဝန်ခံစမ်း"

ဘီလ်သည် အလွန် တုန်လှုပ်ကြောက်ရွံ့စွာနှင့် ..

"မှန်ပါတယ် သူငယ်ချင်း"

"ဒီတော့ ငါက မင်းရဲ့ မိတ်ဆွေကောင်းပီပီ မင်းရဲ့ကောင်းကျိုးအတွက် ငါ ဆောင်ရွက်ရလိမ့်မယ်။ မင်း လက်ခံမလား ဘီလ်"

"ခံပါ့မယ် သူငယ်ချင်း"

"တခြားတော့ မဟုတ်ပါဘူး။ မင်း ယနေ့ ယခုအချိန်မှစပြီး မူးယစ်စေတတ်သော သေရည်သေရက်မှန်သမျှ ဘာကိုမှ မသောက်ရတော့ဘူး"

ဘီလ်သည် စောင်ခြုံအောက်မှ တုန်လှုပ်စွာနှင့် -

"ဆေးဖြစ် ဝါးဖြစ်ကလေးမှ မသောက်ရဘူးလား"

"တစ်စက်မှ မသောက်ရဘူး။ ခရစ္စမတ်ပွဲမှာတောင် မသောက်ရဘူး ကြားရဲ့လား"

"ကြားပါတယ်"

"ကြားရင် မင်းရဲ့ ညာလက်ကိုမြှောက်"

ဘီလ်သည် သူ့စောင်ခြုံထဲမှ ညာလက်ကို မြှောက်ရသည်။

ဆိုက်လတ်စ်က ..



http://mmteashop.com

"ကတိသစ္စာ ပြုရမယ်။ ငါပြောသလို လိုက်ဆို"

ဟု ပြောပြီး..

"ကျွန်ုပ်အချစ်ဆုံးသော သူငယ်ချင်း"

"ကျွန်ုပ်အချစ်ဆုံးသော သူငယ်ချင်း"

"သေရာမှ ထလာသော"

"သေရာမှ ထလာသော"

"ပစိဖိတ်သမုဒ္ဒရာအောက်မှ တစ္ဆေကြီး"

"ပစိဖိတ်သမုဒ္ဒရာအောက်မှ တစ္ဆေကြီး"

"ဆိုက်လတ်စ်ဝင့်ချ်၏ ဝိညာဉ်အားဖြင့် ကျိန်ဆိုပါသည်"

"ဆိုက်လတ်စ်ဝင့်ချ်၏ ဝိညာဉ်အားဖြင့် ကျိန်ဆိုပါသည်"

"မူးယစ်စေသော"

"မူးယစ်စေသော"

"သေရည် သေရက် မှန်သမျှကို"

"သေရည် သေရက် မှန်သမျှကို"

"ယနေ့ည ယခုအချိန်မှ စပြီး"

"ယနေ့ည ယခုအချိန်မှ စပြီး"

"တစ်စက်ကလေးမျှ မသောက်တော့ပါ"

"တစ်စက်ကလေးမျှ မသောက်တော့ပါ"

"သောက်ခဲ့သည်ရှိသော်"

http://mmteashop.com

"သောက်ခဲ့သည်ရှိသော် "

"တစ္ဆေကြီး ဆိုက်လတ်စ်ဝင့်ချ်သည် "

"တစ္ဆေကြီး ဆိုက်လတ်စ်ဝင့်ချ်သည် "

"စိတ်ဆိုးသဖြင့် "

"စိတ်ဆိုးသဖြင့် "

"တစ်ဖန် ပြန်လာသည်ရှိသော် "

"တစ်ဖန် ပြန်လာသည်ရှိသော် "

"အကြင်တစ္ဆေကြီးကို ဒုတိယအကြိမ် မြင်ရ၍ "

"အကြင်တစ္ဆေကြီးကို ဒုတိယအကြိမ် မြင် ရ၍"

"ထိုကတိသစ္စာ ဖျက်သူသည်"

"ထိုကတိသစ္စာ ဖျက်သူသည်"

"ချက်ချင်းသေစေသတည်း "

"ချက်ချင်းသေစေသတည်း "

"အပွတ် .. အပွတ် "

"အပွတ် .. အပွတ် "

"ဟေ့ .. ဒါမပါဘူးကွ။ ငါက ရေနစ်ပြီး အအေးမိနေလို့ ချောင်းဆိုးနေတာကွ "

အေမီသည် ရယ်ချင်သော်လည်း အောင့်အည်း၍ အိပ်ချင်ယောင်ဆောင်ကာ ဟောက်မြဲ ဟောက်နေရ၏။

ထို့နောက် ဆိုက်လတ်စ်က ဆက်လက်၍ ..



http://mmteashop.com

"အေး.. မင်း ငါ့ကို ဒုတိယအကြိမ် မြင်ရရင်တော့ မင်းကတိသစ္စာအတိုင်း မင်းသေပြီ မှတ်ပေရော့"

"ဒီတော့ မင်းကလည်း ငါ့ခဲစီမှာ တစ်ခါ ကိုယ်ထင်ပြပြီးဆိုတာလည်း သတိထားပါကွာ"

ဘီလ်က ပြန်ပြော၏။

"ကောင်းပြီ။ ဒါနဲ့ ငါမသွားမီ တစ်ခုပြောခဲ့ရဦးမယ်။ အခု ငါသေတော့ ငါ့မိန်းမ မုဆိုးမဖြစ်ပြီး ကျန်ခဲ့တယ်။ ဘယ်သူမှ ကူညီထောက်ပံ့မယ့်လူ မရှိဘူး"

ဘီလ်က စုပ်သတ်၍..

"သွပ်.. သွပ်.. သွပ်.. သနားစရာ"

"ဒီတော့ ငါစဉ်းစားမိတယ်။ ငါသာ မင်းအလျင် သေလို့ မင်းမိန်းမက မုဆိုးမအဖြစ်နဲ့ ကျန်ခဲ့မယ်ဆိုရင် ငါမနေနိုင်ဘူး၊ ကိုယ်တတ်နိုင်သလောက်တော့ ကူညီမှာပဲ"

ဘီလ်သည် ဘာမှပြန်မပြောဘဲ ဆိတ်ဆိတ်နေလိုက်၏။ ဆိုက်လတ်စ်က ဆက်လက်၍ -

"အခု မင်းလောက်သာ ဝင်ငွေရမယ်ဆိုရင် တစ်ပတ်ကို (၁၅) သျှီလင်တော့ မှန်မှန် ပေးနေမှာပဲကွ"

ဒီတော့မှ ဘီလ်က..

"ဘာ တစ်ပတ်ကို (၁၅) သျှီလင်"

"အေးလေ.. မင်းအခု အရက် မသောက်တော့ဘူး ဆိုရင် ဒီလောက်ငွေဟာ ဘာခဲယဉ်းတော့မလဲ"



http://mmteashop.com

အေမီသည် သူနှင့် မူလအစီအစဉ်တွင် ဤကိစ္စမပါသဖြင့် မျက်လုံးပြူးသွားသည်။ သို့သော် ဝင်၍ဖြင့် မဖြစ်တော့။ သူ့ယောက်ျား ဘာပြန်ပြောမလဲဟု နားထောင်နေစဉ် ဘီလ်က..

"ကောင်းပြီလေ။ မင်းမိန်းမကို ငါသွားကြည့်ပေါ့မယ်"

ယင်း၌ ဆိုက်လတ်စ်က တင်းမာသော လေသံနှင့်..

"အိုး.. ဒါကို ပြင်းထန်စွာ တားမြစ်တယ်။ ငါ့အမျိုးသမီးဆီကို မသွားလင့်။ သူမသည် ငါသေသည်ကို မသိသေး။ မသိစေချင်၊ သိသော် သူမသည် ပြင်းထန်စွာ ပူဆွေးသောက ရောက်လတ္တံ့။ ထို့ကြောင့် ယခင်က သူမဆီ ငါပို့သည့်နည်းတူ တစ်ပတ်ကို (၁၅) သျှီလင် စာတိုက်ကနေပို့ပါ။ နံပါတ် (၁၅)၊ ရှက်ပဲလမ်း၊ မစ္စဝင့်ချ်၊ ဒီလိပ်စာမှတ်မိလား ဘီလ်"

"မှတ်မိပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် သင့်ညာဘက်လက်ကိုမြှောက် ကတိသစ္စာတစ်ဖန်ဆို"

ဟုပြောပြီး ခုနအတိုင်း "မိန်းမထံသို့ တစ်ပတ်လျှင် (၁၅) သျှီလင် စာတိုက်က မှန်မှန်ပို့ပါမည်။ မပို့လျှင် တစ္ဆေကြီး ဆိုက်လတ်စ်ဝင့်ချ် ဒေါသထွက်၍ ဒုတိယအကြိမ် ကိုယ်ထင်ပြလာသည်၌ ဘီလ်သည် ချက်ချင်း သေစေသတည်း" ဟု ကျိန်ဆိုလိုက်ရပြန်၏။ အေမီမှာ အလကားသက်သက် ကိုယ့်လင်ငွေကြေး ထိတော့ မခံမရပ်နိုင် ဖြစ်၏။ သို့သော် အခြေအနေအရ ဘာမျှ မတတ်နိုင်။

မူလက ငွေအနည်းအကျဉ်းချေးရန် ဘီလ်ထံ လာခဲ့သော ဆိုက်လတ်စ်သည် ယခုတစ်ပတ်လျှင် (၁၅) သျှီလင် အရက်ဖိုး ထိုင်စောင့်ယူနေရမည့် အဖြစ်မျိုး ရောက်သည်၌ အားရကျေနပ်သွားကာ..

"ကဲ.. ဒါဖြင့် ငါသွားမယ် ဘီလ်"

"ကောင်းပြီ ဆိုက်လတ်စ်"

"အေး.. မင်း အဲဒီ ကတိသစ္စာ နှစ်ခုကိုတော့ သတိထားနော်၊ တစ်ခုခု ဖျက်မယ်ဆိုရင်တော့ ငါမနေသာဘူး၊ ဒုတိယတစ်ဖန် လာရတော့မှာပဲ"



http://mmteashop.com

"မလာပါနဲ့ သူငယ်ချင်းရယ်..၊ ငါလိုက်နာပါ့မယ်..၊ စိတ်ချပါ"

"အေး.. ဒီလိုဆိုရင်ဖြင့် ငါခု ပစိဖိတ်သမုဒ္ဒရာကြီးရဲ့ အောက်မှာ တာဝန်ငြိမ်းချမ်းစွာ လဲလျောင်းနေရတော့မှာပဲ့ကွာ၊ သွားပြီ.. သွားပြီ၊ အချစ်ဆုံး သူငယ်ချင်းရေ့.."

ဆိုက်လတ်စ်၏အသံ ပျောက်ကွယ် ဆိတ်ငြိမ်သွားပြီ ဖြစ်သော်လည်း ဘီလ်သည် တော်တော်နှင့် မျက်စိမဖွင့်ဝံ့သေးဘဲ နစ်မိနစ်၊ သုံးမိနစ်လောက်ကြာမှ စောင်ခြုံကို ခွာ၍ ကြည့်လိုက်သော် သူ့ ခုတင်ခြေရင်းမှာ ဘာမျှ မမြင်ရတော့ချေ။ သည်တော့မှ သူ သက်ပြင်းကြီး ချလိုက်တော့၏။ အိပ်ချင်ယောင်ဆောင်နေသော သူ့မိန်းမ၏ တခေါ်ခေါ် ဟောက်သံကို ကြားရ၏။

ဘီလ်သည် ဆိုက်လတ်စ် နောက်တစ်ခါ ပြန်လာလျှင် သေရမှာ အလွန်ကြောက်ရွံ့၍ 'မစွက်ဝင့်ချ် (၁၅) ရက်ပဲလမ်း' ဆိုသည့် လိပ်စာကို မမေ့ရန် အထပ်ထပ် ရွတ်ဆိုနေမိလျက် နစ်နာရီလောက် မျက်လုံးကြောင်နေပြီးမှ ပြန်လည် အိပ်ပျော်သွားလေသည်။

နံနက်မိုးသောက်၍ အိပ်ရာထ၍ မျက်နှာသစ်ပြီးသော် အုံ့သြဟန်နှင့် နားထောင်နေသော သူ့ဇနီးအား ညက သူငယ်ချင်းတစ္ဆေလာကာ သူ့အား မှာကြားသွားသည်များကို ပြောကြားပြီးနောက် သူ့လက်ကျန် အိမ်စောင့်အရက်ကလေးကို နမြောလှစွာနှင့် သွန်ပစ်လိုက်ရတော့၏။

ထိုမှ ဘီလ်သည် တကယ်ပင် အရက်ဖြတ်လေရာ (၄-၅-၆) ရက်မျှလောက် စားမဝင် အိပ်မပျော်သော ဝေဒနာကို ခံစားရပြီးနောက် တစ်ပတ်ကျော်သော အခါတွင်မူ လူနာ နာလန်ထသကဲ့သို့ အလွန်စားကောင်း အိပ်ပျော် ဖြစ်သွားလေသည်။

ဒီတော့မှ သူသည် ယခင်က သောက်ခဲ့သော အချိန်တွေ၊ ကုန်ခဲ့သော အရက်ဖိုးတွေ တွေးတွေးပြီး နမြောလျက် သူနှင့်ခင်မင်သော မိတ်ဆွေတို့အား အရက်ဖြတ်ရန် နှိုးဆော်သော အဖြစ်သို့ပင် ရောက်သွားလေသည်။ သူ့ခန္ဓာကိုယ်လည်း အရက်ဖော အရက်ပွ မဟုတ်တော့ဘဲ အသားအရေ ကျစ်လျစ်ကာ လန်းဆန်းစိုပြည်၍ လာသည်။

http://mmteashop.com

သို့ရာတွင် ဘီလ်သည် ကျန်းမာရေး အခြေအနေ ကောင်းမွန်လာသလောက် သူ့ဇနီးအေမီမှာ တစ်နေ့တခြား ပိန်၍လာသည်။ အကြောင်းမှာ ဘီလ်သည် ဆိုက်လတ်စ်ကို ကတိ ပေးထားလိုက်သည့်အတိုင်း အပတ်စဉ်မှန်မှန် အမှတ်(၁၅) ရှက်ပဲလမ်းသို့ ငွေ (၁၅) သျှီလင် ပို့နေရသောကြောင့် "သက်သက် ငါ့လင်လုပ်စာကို ဒီ ဆိုက်လတ်စ်ဆိုတဲ့ကောင် သေချင်ယောင်ဆောင်ပြီး ရိက္ခာယူနေတယ်" ဟု မိန်းမသားပီပီ သဝန်တိုမိသည့်အတွက် ဘီလ် အပတ်စဉ်ငွေရ၍ စာတိုက်ကပို့သော သောကြာနေ့တိုင်း သူ ဒေါသထွက်ပြီး မစားနိုင်၊ မအိပ်နိုင်၊ ခေါင်းကိုက်သော ဝေဒနာကို ခံစားရ၏။

ယင်းသို့ဖြင့် တစ်လမျှ ကြာသောအခါ၌ အေမီမှာ အရိုးပေါ်အရေတင် ဖြစ်လာသည်။ သူ၏ ဝေဒနာရသည့် အကြောင်းကို လင်တော်မောင်အား ဖွင့်ပြော၍ကလည်း မဖြစ်၊ အကယ်တိ ဆိုက်လတ်စ်ညာကြောင်း အမှန်ကို သိသွားခဲ့သော် ဘီလ် အရက်ပြန်သောက်မည်။ နောက်တစ်ချက်က သူကပါ ဆိုက်လတ်စ်နှင့် ပေါင်းပြီး ညာထားသဖြင့် မိမိအား အရိုးကွဲအောင် ရိုက်ပေလိမ့်မည်။

စင်စစ်တော့ ဆိုက်လတ်စ်ကြောင့် ဘီလ် အရက်ပြတ်သွားသည်ကို အေမီက ကျေးဇူးတင်ဖို့ ကောင်းသည်။ ယခင်က ဘီလ် အရက်သောက်ပစ်သည့် ငွေများကို မိမိ ရနေသည်။ ထို့ပြင် လင်ယောကျ်ား၏ အမူးဒဏ်ကိုလည်း မခံရ။ သို့ရာတွင် လူတို့မည်သည် ရလေလိုလေ အိုတစ္ဆေ ဆိုသည့်အတိုင်း ထိုတစ္ဆေ အယောင်ဆောင်က မိမိ လင်ယောကျ်ား၏ လုပ်စာ၊ မိမိပိုင်သည့် ငွေကို လက်ဝေခံ အချောင်စားနေတာ မခံနိုင်ခြင်း၏ ဆင်းရဲသော ဝေဒနာကြောင့် သီတင်း (၆) ပတ်မျှ ကျော်သော်အခါ၌ အေမီမှာ ကျောနှင့်ရင်နှင့် ထိလုခမန်း ဖြစ်လာသည်။

ယင်းသို့ဖြင့် အိပ်မပျော်သော ညများ၌ တစ်ခုသော သန်းခေါင်းကျော်တွင် အေမီသည် သူ့စိတ်ကူးထဲမှ အလွန်ကောင်းသော အကြံတစ်ခုကို ရလေ၏။ ယင်းအကြံကို ဘယ်ပြောင်းညာလှည့်ဖြင့် အထပ်ထပ် အခါခါ စဉ်းစားပြီးနောက် ယခုညပဲ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ချလိုက်ကာ မိမိနံဘေး၌ အိပ်ပျော်နေသော လင်တော်မောင်ကို ကြည့်လိုက်သည်။ ဘီလ်သည် အသက်မှန်မှန်ရှူလျက် သိပ်ပြီး အိပ်ပျော်နေသည် မဟုတ်ချေ။ အနည်းငယ်သော အသံကိုကြားလျှင် နိုးနိုင်သော အခြေတွင် ရှိသည်။



http://mmteashop.com

ထို့ကြောင့် သူ့စိတ်ကူးဉာဏ် အလုပ်ကို စ၏။ အေမီသည် ရုတ်တရက် စူးရှသောအသံဖြင့် ..

"သူပို့ပါတယ်ရှင် သူပို့ပါတယ် "

ဟု အော်လိုက်သည့်၌ အိပ်၍ မပျော့တပျော် ဖြစ်နေသော ဘီလ်နီးကာ အေမီ့ကိုယ်ကို ပုတ်လိုက်ကာ ..

"ဘာလဲ အေမီ .. မင်းဘာတွေ အိပ်မက်ယောင်နေတာလဲ "

သို့သော် အေမီသည် သူ့စကားကို ကြားဟန်မပြဘဲ တစ်စုံတစ်ခုအတွက် စိုးရိမ်သော အသံဖြင့် ..

"သူပို့တယ်၊ သောကြာနေ့တိုင်း မှန်မှန်ပို့ပါတယ်၊ အို... ရှင် သူ့ကိုတော့ နောက်တစ်ကြိမ် ကိုယ်ထင်မပြလိုက်ပါနဲ့ "

ယင်းကို ကြားရသည့်၌ ဘီလ်သည် ဆိုက်လတ်စ် တစ္ဆေကို သတိရကာ ကြောက်ရွံ့တုန်လှုပ်သွား၍ မျက်စိမဖွင့်ဝံ့ဘဲ ဆိတ်ဆိတ်နေတော့၏။

အေမီက ဆက်လက်၍ ..

"သူ ပို့ရိုးတော့ အမှန်ပါ၊ စာတိုက်က တစ်စုံတစ်ခု ချွတ်ယွင်းလို့ ဖြစ်ပါလိမ့်မယ်၊ စောင့်ကြည့်ပါဦး "

အေမီသည် ခေတ္တ ရပ်နေပြီးမှ တစ်ဖန် ဆက်လက်၍ ..

"ကောင်းပြီရှင့်၊ ကျွန်မ ဘီလ်ကိုယ်စား ဆောင်ရွက်ပါ့မယ်၊ ဟုတ်ကဲ့ရှင့် .. ဟုတ်ကဲ့ .. ဘီလ်ကိုယ်တိုင် မသွားစေရပါဘူး .. ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ကျွန်မအားလုံး တာဝန်ယူပါ့မယ်၊ ကောင်းပါပြီရှင် ကောင်းပါပြီ .. မှန်ပါတယ် .. မှန်ပါတယ် .. စိတ်ချလက်ချသာ သွားပါတော့ "

ထို့နောက် အေမီသည် သက်ပြင်းကြီး ချလိုက်ကာ စိတ်သက်သာရာ ရသွားသည့်ပုံနှင့် ဘီလ်ခေါင်းကို သူ့ရင်ခွင်ထဲသွင်း၍ ယုယစွာ ပွေ့ပိုက်လျက် ..



http://mmteashop.com

"အလိုလေး ကံကြီးပေလို့"

ဆိုသည့် ပုံသဏ္ဍာန်မျိုး။

ထိုအခါမှ ဘီလ်က..

"အေမီ.."

"အို.. ရှင်နိုးပြီလား.. ဘီလ်"

"ငါနိုးနေတာ ကြာပြီကွ၊ မင်းဘယ်သူနဲ့ ဘာတွေ ပြောနေတာလဲ"

"ရှင့်သူငယ်ချင်း တစ္ဆေကြီး လာတယ်ရှင့်၊ အမယ်လေး ကြောက်စရာကြီးပါလား၊ သူ့ကိုယ်မှာလည်း ရေစတွေရွှဲရွှဲစိုလို့ သူ့နဖူးမှာလည်း ဆံပင်တွေ စုတ်ဖွားနဲ့ ရေညှိရေမှော်တွေ ကပ်လို့"

ဘီလ်က စိုးရိမ်မကင်းသော အသံနှင့်..

"အခု သူသွားပြီလား"

"သွားပြီ.. သွားပြီ.. ဘယ့်နှယ်တော် ရှင့်ခေါ် နိုးနေဦးမှာစိုးလို့ ကျွန်မနဲ့တင် ကိစ္စပြီးအောင် လုပ်လိုက်ရတာပေါ့"

"မင်း တော်ပါတယ်ကွာ"

ဘီလ်က သူ့မယားကို ကြည်သောအသံနှင့် ..

"သူဘာတွေ ပြောသွားလဲကွ"

"အခုတစ်ပတ် သူ့မယားဆီ ငွေမရောက်ဘူးတဲ့၊ ဒါကြောင့် ဘီလ် သစ္စာဖောက်ဆိုပြီး သူလာတာတဲ့"

"အို.. ငါ ပို့လိုက်သားပဲ"



http://mmteashop.com

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်မက ဘီလ်ဟာ ရှင့်မယားဆီကို အပတ်စဉ် မှန်မှန် ပို့ပါတယ်၊ စာတိုက်က တစ်စုံတစ်ခုကြောင့် ဖြစ်ပါလိမ့်မယ်၊ ကျွန်မကိုယ်တိုင် သူ့မယားဆီကို သွားပို့ပါတဲ့၊ ဒီတော့ ကျွန်မကလည်း သူကျေနပ်အောင် စိတ်ချပါ၊ ကျွန်မ ဆောင်ရွက်ပါ့မယ်လို့ တာဝန်ခံလိုက်ရတယ်"

ဘီလ်က..

"အေး.. မင်းပြောတာ ငါကြားလိုက်ပါတယ်၊ ကောင်းပြီလေ ဒီကိစ္စကို မင်း တာဝန်ယူပေတော့၊ ငါ ငွေမှန်မှန် ပေးပါမယ်"

ဒီအခါမှာ အေမီက အလွန် ရိုသေကျိုးနွံသော အသံနှင့်..

"ကောင်းလှပါပြီ ဘီလ်ရယ်"

ထို့နောက် လင်မယားနှစ်ယောက် ဆိတ်ငြိမ်သွားကြသည်။ အေမီစိတ်ထဲမှာ သူ့အကြံအောင်၍ အကျေနပ်ကြီး ကျေနပ်သည်။ ဘီလ်က သူ့မယား အလိမ္မာကို ချီးမွမ်းမိသည်။

နံနက်လင်းလျှင်ပင် ဘီလ်သည် ယခုအပတ် မရသေးဘူးဆိုသော ငွေ (၁၅) သျှီလင်ကို သွားပို့ရန် အေမီအား ပေးသည်။ ထို့နောက် အပတ်စဉ် မှန်မှန် သောကြာနေ့တိုင်း (၁၅) သျှီလင် (၁၅) သျှီလင်..

အေမီမှာ ယင်းသို့ အပိုငွေမပြတ် ရရနေတော့ သူသုံးချင်ရာသုံး၊ ဝတ်ချင်ရာဝတ်၊ စားချင်ရာစားဖြင့် စိတ်အေးချမ်းသာ ရှိလှ၍ တစ်နေ့တခြား ကျန်းမာဝဖြိုး အလှတိုး၍ လာလေသတည်း။

**သော်တာဆွေ**

* * *

http://mmteashop.com


http://mmteashop.com